# လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း
# သင်တန်းသင်ရိုးညွှန်းတမ်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် - မြန်မာနိုင်ငံ

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေသူ | လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) |
| ထုတ်ဝေသည့်ခုနှစ် | ဇူလိုင် ၂၀၁၂ |
| ဆက်သွယ်ရန်လိပ်စာ | PO Box 67<br>CMU Post Office<br>Chiang Mai 50202<br>Thailand<br>office@nd-burma.org |
| အင်တာနက်ဝက်ဆိုဒ်လိပ်စာ | www.nd-burma.org |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အမှာစာ | ၄ |
| လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းသင်တန်း လက်စွဲစာအုပ်အကြောင်း | ၅ |
| **အခန်း (၁) မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်း အပိုင်း** | |
| မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ် | ၈ |
| သက်သေခံအထောက်အထားများ ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း | ၁၀ |
| သက်သေခံအထောက်အထားများကိုတင်ပြခြင်း | ၁၁ |
| **အခန်း (၂) အချက်အလက်ရှာဖွေမှုအပိုင်း** | |
| ဆက်စပ်အခြေအနေများကိုနားလည်ခြင်း | ၁၈ |
| အချက်အလက်ရှာဖွေခြင်းနည်းလမ်းများ | ၂၁ |
| **အခန်း (၃) အခြေခံ တွေ့ဆုံမေးမြန်းမှု အပိုင်း** | |
| တွေ့ဆုံမေးမြန်းမှုအတွက်အစီအစဉ်ရေးဆွဲခြင်း | ၂၄ |
| မေးခွန်းများ ရွေးချယ်ခြင်း | ၂၈ |
| တွေ့ဆုံမေးမြန်းမှု အစိတ်အပိုင်းများ | ၂၉ |
| မိတ်ဆက်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာမေးခွန်းများ | ၃၀ |
| တွေ့ဆုံမေးမြန်းခြင်း | ၃၀ |
| အမေးခံရသူက ဇာတ်ကြောင်းပြန်ခြင်း | ၃၂ |
| မှတ်တမ်းပြုစုခြင်း နည်းလမ်းများ | ၃၅ |
| တွေ့ဆုံမေးမြန်းမှု နိဂုံးချုပ်ခြင်း | ၃၆ |
| **အခန်း (၄) အဆင့်မြင့် တွေ့ဆုံမေးမြန်းမှု အပိုင်း** | |
| နိဒါန်း | ၄၆ |
| သဘောတူခွင့်ပြုမှု | ၄၈ |
| လျှို့ဝှက်မှု | ၄၉ |
| တွေ့ဆုံမေးမြန်းခြင်း | ၅၀ |
| ဦးတည်မေးခွန်းများ | ၅၃ |
| ဘာသာပြန်များ | ၅၄ |
| တွေ့ဆုံမေးမြန်းမှု နိဂုံးချုပ်ခြင်း | ၅၅ |
| အများယုံကြည်လက်ခံနိုင်မှု | ၅၆ |
| သက်သေထွက်ဆိုမှုကို အကဲဖြတ်ခြင်း | ၅၈ |
| စိစစ်အတည်ပြုမှု | ၅၉ |
| **အခန်း (၅) သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း** | |
| ကလေးများ | ၇၉ |
| အမျိုးသမီးများ | ၈၀ |

# အမှာစာ

လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း သင်တန်းလက်စွဲစာအုပ်ကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma) မှ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေလိုက်ပါသည်။

ဤသင်တန်းလက်စွဲစာအုပ်သည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်နေမှုများကို မှတ်တမ်းတင်နေသည့် အဖွဲ့ (၁၂) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် ND-Burma ၏ ကြိုးပမ်းမှု ရလဒ်တခု ဖြစ်ပါသည်။

ND-Burma အနေဖြင့် ငြိမ်းချမ်း၍ ဒီမိုကရေစီထွန်းကားသော မြန်မာနိုင်ငံအဖြစ် အသွင်ကူး ပြောင်းရေးတွင် အမှန်တရားနှင့် တရားမျှတမှု ရှာဖွေနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်း လူ့အခွင့် အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်လျှက်ရှိသည်။ ထိုသို့ မှတ်တမ်းတင်ခြင်းလုပ်ငန်း လုပ် ဆောင်နိုင်ရန်အတွက် ND-Burma ၏ သင်တန်းအဖွဲ့အနေဖြင့် ကွင်းဆင်းသတင်းကောက်ယူ သူများအား လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်း သင်တန်းများ ပို့ချပေးလျှက်ရှိရာ၊ ND -Burma မှ သင်တန်းဆရာများ အပြင် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်လုပ်ဆောင်နေသည့် ND-Burma အဖွဲ့ဝင် မဟုတ် သည့် အဖွဲ့အစည်းများပါ အသုံးပြု နိုင်ရန်အတွက် ယခုလက်စွဲ စာအုပ်အား ထုတ်ဝေရခြင်းဖြစ်ပါသည်။

ယခုလက်စွဲစာအုပ်အား ပြုစုရာတွင် ပါဝင်အကူအညီပေးခဲ့သည့် ပက်ထရစ်ပီးရာ့စ်၊ ကိုလှမြတ်ထွန်း၊ မော်နီကာ တူချင်စကီ နှင့် ICTJ (Burma Program) မှ အဖွဲ့ဝင်များ၊ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ရန် အကြံဉာဏ်များပေးခဲ့ကြသည့် ND-Burma အဖွဲ့ဝင်များ၊ အင်္ဂလိပ်ဘာသာမှ မြန်မာ ဘာသာသို့ ပြန်ဆိုပေးသည့် ကိုကျော်သူရ၊ ဘာသာပြန်ရန်နှင့် စာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေနိုင်ရန် အကူအညီပေးခဲ့သည့် လန်ဒန်အခြေစိုက် Aegis Trust အဖွဲ့တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)**
၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

# လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းသင်တန်း  လက်စွဲစာအုပ်အကြောင်း

ဤသင်တန်းလက်စွဲစာအုပ်သည် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများ ကောက်ယူစုဆောင်းမည့်သူများအားမှတ်တမ်းတင်ခြင်းလုပ်ငန်း၊ နည်းနာများ၊ သက်သေအထောက်အထားရှာဖွေခြင်း၊ အချက်အလက်ရှာဖွေခြင်း၏ အဓိကအစိတ်အပိုင်း ဖြစ်သည့် တွေ့ဆုံမေးမြန်းမှုပြုရာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်၊ ဆောင်ရန်၊ ရှောင်ရန်များ၊ သတင်းအချက်အလက်ပေးသူအတွက် လုံခြုံရေးစသည့်အပိုင်းများကို မည်သို့သင်ကြားပို့ချရမည်ကို ဖော်ပြထားပါသည်။

**အခန်း(၁)။ မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာသုံးသပ်ခြင်းအပိုင်းတွင်**
သတင်းအချက်အလက် ကောက်ယူခြင်း၊ သိမ်းဆည်းခြင်းနှင့် တင်ပြခြင်း။ ချိုးဖောက်မှု အမှန် တကယ်ဖြစ်ပွားခဲ့ကြောင်း သက်သေခံအထောက်အထားရှာဖွေခြင်း။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ နားလည်သဘောပေါက်မှု မြင့်မားလာစေရန် ချိုးဖောက်မှုများအား တုန့်ပြန်ဆောင်ရွက်ရာတွင် တိုးတက်မှုရှိလာစေရန်နှင့် လှုံ့ဆော်စည်းရုံးရန်နှင့် ချိုးဖောက်မှုဖြစ်ပွားခဲ့သည်ကို ခိုင်လုံစေသည့် သက်သေအထောက်အထားများကို စနစ်တကျ ကောင်းမွန်စွာ မည်သို့ စုစည်းတင်ပြနိုင်ရန် ရေးသားထားပါသည်။

**အခန်း(၂)။ အချက်အလက်ရှာဖွေမှုအပိုင်းတွင်**
လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် နားလည်သဘောပေါက်မှု မြင့်မားလာစေရန်၊ လှုံ့ ဆော်စည်းရုံးရန်နှင့် မှန်ကန်တိကျသည့် သမိုင်းဆိုင်ရာမှတ်တမ်းပြုစုရန်တို့အတွက် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအချက်များ စုဆောင်းခြင်း။

ပိုမိုထိရောက်သည့် အချက်အလက်ရှာဖွေသူဖြစ်လာစေရန်အတွက် အကောင်းဆုံး ဆောင်ရွက်သင့်သည်မှာ မည်သူက တွေ့ဆုံမေးမြန်းမည်၊ မည်သူ့ကိုတွေ့ဆုံမေးမြန်းမည်၊ မည်သည့် မေးခွန်းများမေးမည်နှင့် မည်သည့်နေရာတွင် တွေ့ဆုံမေးမြန်းမှုလုပ်မည် စသည်တို့ကို အစီအစဉ်ရေးဆွဲခြင်း။

အချက်အလက်ရှာဖွေခြင်း နည်းလမ်းများဖြစ်သည့် တွေ့ဆုံမေးမြန်းမှု၊ မှတ်တမ်းမှတ်ရာများ၊ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထား၊ အခင်းဖြစ်ပွားရာ နေရာများသို့သွားရောက်ခြင်း။

**အခန်း(၃)။ အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်းတွင်**
တွေ့ဆုံမေးမြန်းခြင်း၊ အချက်အလက်ရှာဖွေသူအားရွေးချယ်ခြင်းနှင့် ၄င်း၏ အရည်အသွေး၊ တွေ့ဆုံမေးမြန်းခံရမည့်သူ၊ မေးမြန်းမည့် မေးခွန်းများအကြောင်းနှင့် အစီအစဉ်ရေးဆွဲခြင်း။

**အခန်း (၄)။ အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်းတွင်**
လုံခြုံရေး၊ သတင်းအချက်အား လျှို့ဝှက်ထားခြင်း၊ သတင်းအချက်အလက်အား အသုံးပြုရန် သဘောတူခွင့်ပြုမှု၊ မှန်ကန်တိကျသည့် သတင်းအချက်ရရှိမှု၊ သတင်းအချက်အလက်အပေါ် အများယုံကြည်လက်ခံနိုင်မှု၊ ယုံကြည်အားထားရမှုနှင့် စိစစ်အတည်ပြုမှု။

**အခန်း (၅)။ သီးသန့်တွေ့ဆုံရမည့်သူများ** ဟူ၍ အခန်း (၅)ခန်းဖြင့် ပြုစုထားပါသည်။

# အခန်း (၁)
# မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်းအပိုင်း

# အခန်း (၁) မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်း အပိုင်း

**အဓိကအစိတ်အပိုင်းများ**

| | |
|---|---|
| **မှတ်တမ်းတင်ခြင်း –** | သတင်းအချက်အလက်များကောက်ယူခြင်း၊ သိမ်းဆည်းခြင်းနှင့် တင်ပြခြင်း။ |
| **ချိုးဖောက်မှုဖြစ်သည်ဟုသက်သေထူခြင်း –** | ချိုးဖောက်မှုအမှန်တကယ်ဖြစ်ပွားခဲ့ကြောင်း သက်သေခံ အထောက်အထား ရှာဖွေခြင်း။ |
| **လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း၏အရေးပါမှု –** | လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ နားလည်သဘောပေါက်မှု မြင့်မားလာစေရန်၊ ချိုးဖောက်မှုများအားတုံ့ပြန်ဆောင်ရွက်ရာတွင် တိုးတက်မှု ရှိလာစေရန်နှင့် လှုံ့ဆော်စည်းရုံးရန်။ |
| **သက်သေခံအထောက်အထား –** | ချိုးဖောက်မှုဖြစ်ပွားခဲ့သည်ကို ခိုင်လုံစေသည့်အရာ (ဖြစ်ရပ်ကိုပိုပြီးသေချာစေသည့် အတည်ပြုနိုင်သော တွေ့ဆုံမေးမြန်းခန်းအချက်အလက်များ၊ ရုပ်ပိုင်းဆိုင်ရာသက်သေခံအထောက်အထား စသည်ဖြင့်)။ သက်သေခံ အထောက်အထားအား စနစ်တကျကောင်းမွန်စွာ စုစည်းတင်ပြရမည်။ |

## မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်

**ဆွေးနွေးမှု**

**ညှိနှိုင်းအဖြေရှာခြင်း**

သင်တန်းသားတွေကို အုပ်စု ၂ စုကနေ ၄ စုအထိခွဲပါ။ အုပ်စု ၁ က 'မှတ်တမ်းတင်ခြင်းဆိုတာဘာလဲ' ဆိုတဲ့အပေါ် ဆွေးနွေးရမှာဖြစ်ပြီး အုပ်စု ၂ ကတော့ 'ဘာကြောင့်မှတ်တမ်းတင်ရသလဲ' ဆိုတဲ့အပေါ် ဆွေးနွေးရပါမယ်။ ပြီးရင် အဲ့ဒီအုပ်စုတွေက သူတို့ဆွေးနွေးချက်တွေကို သင်တန်းသားအားလုံးသိအောင် တင်ပြရပါမယ်။

'ဘာကြောင့်' ဆိုတာနဲ့ပတ်သက်ပြီး သင်တန်းသားတွေတင်ပြတဲ့အမြင်တွေကို အောက်ပါအချက်တွေနဲ့ နှိုင်းယှဉ်ကြည့်ပါ။

- ချိုးဖောက်မှုများအားတုံ့ပြန်ဆောင်ရွက်ရန်နှင့် အနာဂတ်တွင် ချိုးဖောက်မှုများထပ်မံမဖြစ်ပွားစေရေးအတွက် တားဆီးရန်၊
- တာဝန်ယူမှု၊ တာဝန်ခံမှုအာမခံချက် ရှိစေရန်၊
- ချိုးဖောက်မှု၏ဦးတည်ရာနှင့် ချိုးဖောက်မှုပုံစံတို့ကို ခွဲခြားသတ်မှတ်ရန်၊
- သမိုင်းဆိုင်ရာမှတ်တမ်းပြုစုရန်၊
- စွမ်းဆောင်ရည်များရှိလာစေရန် ပံ့ပိုးခြင်း (Empowerment)။

**သိထားသင့်သည့်အချက်အလက်များ**

မှတ်တမ်းတင်ခြင်းဆိုတာဘာလဲ။

မှတ်တမ်းတင်ခြင်းဆိုတာဟာ အခြေအနေတစ်ခု ဒါမှမဟုတ် ဖြစ်ပွားခဲ့တဲ့အဖြစ်အပျက်တစ်ခုကို သိရှိနားလည်အောင် ဆောင်ရွက်ပြီး အခြားသူတွေကို အသိပေးတဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။

မှတ်တမ်းတင်ခြင်းကို လက်တွေ့ဆောင်ရွက်ခြင်း

လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်တယ်ဆိုတာကို သက်သေထူဖို့ လိုအပ်တဲ့သတင်းအချက်အလက်တွေရှာဖွေတာဟာ အချိန် ယူရတဲ့အပြင် လက်တွေ့ဆောင်ရွက်ရတဲ့ အလုပ်လည်းဖြစ်ပါတယ်။ ချိုးဖောက်မှုတခုရဲ့ အခြေခံအင်္ဂါရပ်တွေဟာ အမြဲတမ်း အလိုအလျောက်ပေါ်လွင်နေတာ မဟုတ်ပါဘူး။ အချက်အလက်ရှာဖွေသူအနေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို နှိုက်ယူနိုင်ရမှာဖြစ်တဲ့အပြင် ကောက်ယူရရှိတဲ့ အချက်အလက်တွေကနေ ချိုးဖောက်မှုရဲ့ အခြေခံအင်္ဂါရပ်တွေကို မှန်မှန်ကန်ကန် ခွဲခြားသတ်မှတ်နိုင်ရမှာဖြစ်ပါတယ်။

**ဆွေးနွေးမှု**

**ညှိနှိုင်းအဖြေရှာခြင်း**

(သင်တန်းသားတွေကို) အောက်ပါအချက်တွေကို ဖြစ်ရပ်ကာလအလိုက် အစီအစဉ်ကျအောင်ပြန်စီခိုင်းပါ။

(က) သတင်းအချက်အလက်ရှာဖွေခြင်း၊
(ခ) သတင်းအချက်အလက်ကိုအသုံးပြုခြင်း၊
(ဂ) အဖြစ်အပျက်၊
(ဃ) သတင်းအချက်အလက်ကိုပိုင်းခြားစိတ်ဖြာခြင်း၊
(င) သတင်းအချက်အလက်ကိုမှတ်တမ်းပြုစုခြင်းနှင့် သိမ်းဆည်းခြင်း၊

အဖြေကို သင်တန်းသားတွေနဲ့ဆွေးနွေးပါ။
အဖြေများ – ဂ၊ က၊ င၊ ဃ၊ ခ

မှတ်တမ်းတင်ခြင်းရဲ့သဘောသဘာဝက လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်လိုမျိုး တုံ့ပြန်ဆောင်ရွက်ဖို့ ဒါမှမဟုတ် ဒီထက်ပိုတဲ့အရေးယူဆောင်ရွက်မှုတွေ လိုအပ်တဲ့အခြေအနေတစ်ခု ဒါမှမဟုတ် အဖြစ်အပျက်တစ်ခုအပေါ် အာရုံစိုက်တာဖြစ်ပါတယ်။

မေးခွန်း။ ဘယ်လိုမျိုးတုံ့ပြန်ဆောင်ရွက်မှုတွေ ဖြစ်လာနိုင်ပါသလဲ။

**နမူနာအဖြေ -**
ဥပမာအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် လူ့အခွင့်အရေး မှတ်တမ်းတင်သူများက သက်ဆိုင်ရာအစိုးရ အား လူ့အခွင့်အရေးကိုလေးစားရန် ဖိအားပေးကောင်းပေးနိုင်သည်။

မှတ်တမ်းတင်တဲ့လုပ်ငန်းစဉ်ဟာ ဖြစ်ရပ်တစ်ခုစီတိုင်းမှာ ကွဲပြားမှုရှိပါလိမ့်မယ်။ ဒီကွဲပြားမှုဟာ မှတ်တမ်းတင်တဲ့အဖွဲ့အစည်းရဲ့ရည်ရွယ်ချက်တွေအပေါ်မှာ မူတည်တဲ့အပြင် အောက်မှာဖော်ပြထားသလိုမျိုး အကြောင်းရင်းနဲ့ ကန့်သတ်ချက်ဘောင်အတော်များများအပေါ်မှာလည်း မူတည်ပါတယ်။

အောက်ပါဇယားကွက်ကို ဗိုက်ဘုတ်ပေါ်မှာကပ်ပြီး ဇယားကွက်အတွင်းလိုအပ်တာတွေကိုဖြည့်ဖို့ သင်တန်းသားတွေ ဆီက အဖြေရယူပါ (သို့မဟုတ်) တစ်ခုချင်းစီကိုနှုတ်အားဖြင့်အပြန်အလှန်ဆွေးနွေးပါ။

| ကန့်သတ်ချက်ဘောင် | ကွဲပြားမှု | ပါဝင်ပတ်သက်မှုများ |
|---|---|---|
| ပထဝီဒေသ | | |
| သတင်းအချက်အလက်ပမာဏ | | |
| အကြောင်းအရာ/ ခေါင်းစဉ်/ အဖြစ်အပျက် | | |
| သတင်းအချက်အလက်အသုံးပြုမှု | | |
| ပစ်မှတ် (Audience) | | |

**နမူနာအဖြေများ -**

| ကန့်သတ်ချက်ဘောင် | ကွဲပြားမှု | ပါဝင်ပတ်သက်မှုများ |
|---|---|---|
| ပထဝီဒေသ | ရွာတရွာတွင်ဖြစ်ပွားခဲ့သော ချိုးဖောက်မှုတစ်ခုအား မှတ်တမ်းတင်ခြင်းနှင့် နယ်မြေတစ်ခုလုံးတွင်ဖြစ်ပွားခဲ့သော ချိုးဖောက်မှု တစ်ခုအား မှတ်တမ်းတင်ခြင်း | အချက်အလက်ရှာဖွေသူအရေအတွက်၊ ခရီးသွားလာရမည့် နေရာအကျယ်အဝန်း၊ အချိန် |
| သတင်းအချက်အလက်ပမာဏ | ဆောင်းပါးတပုဒ်ရေးသားရန်သာ စီစဉ်ခြင်းနှင့် ပြည့်စုံသည့်အစီခံရင်စာ တစောင်ပြုစုရန် စီစဉ်ခြင်း | တွေ့ဆုံမေးမြန်းမှု အရေအတွက် |

| | | |
|---|---|---|
| အကြောင်းအရာ/ ခေါင်းစဉ်/ အဖြစ်အပျက် | အဖြစ်အပျက်တခုကိုသာ မှတ်တမ်းတင်ရန်လိုအပ်ခြင်းနှင့် လူ့အခွင့်အရေး အခြေအနေတစုံလုံးအား မှတ်တမ်းတင်ခြင်း | တွေ့ဆုံမေးမြန်းမှု အရေအတွက်နှင့် အကြောင်းအရာအမျိုးမျိုး အဖုံဖုံနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမည့် သူများ အရေအတွက် |
| သတင်းအချက်အလက်အသုံးပြုမှု | သတင်းအချက်အလက်များအား ဒေသတွင်း သို့မဟုတ် နိုင်ငံတကာတွင် အသုံးပြုခြင်း၊ ချက်ချင်းအသုံးပြုခြင်း သို့မဟုတ် အနာဂတ်တွင်အသုံးပြုရန် သိမ်းဆည်းထားခြင်း | သတင်းအချက်အလက်များအား နိုင်ငံတကာတွင်အသုံးပြုရန်အတွက် ပိုမိုနည်းလမ်းတကျတင်ပြခြင်း၊ ရေရှည်သိမ်းဆည်းသွားမည့် အချက်အလက်များဖြစ်ပါက မှတ်တမ်းတင်ရာနှင့် သိမ်းဆည်းရာတွင် အစွမ်းကုန် ဂရုတစိုက်ဆောင်ရွက်ခြင်း |
| ပစ်မှတ် (Audience) | ဒေသခံပြည်သူလူထုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ | အလားတူ |

**သင်တန်းဆရာများသတိပြုရန်** – မှတ်တမ်းတင်ခြင်းသင်တန်းကာလဟာ လှုပ်ရှားမှုတခုခု (ဥပမာ ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဖို့အစပျိုးနေချိန် ဒါမှမဟုတ် အမျိုးသမီးရေးရာကိစ္စရပ်တွေအတွက် CEDAW ကို အခြားအစားထိုး အစီရင်ခံစာ – Shadow Report – တစ်စောင် ရေးသားတင်ပြဖို့ဆောင်ရွက်နေချိန်) နဲ့ ဆက်စပ်မှုရှိနေရင် အဲ့ဒီ အကြောင်းအရာနဲ့ ပတ်သက်ပြီး သင်တန်းသားတွေကို မိတ်ဆက်ပေးသင့်ပါတယ်။ သူတို့ကို ရှင်းပြတဲ့နေရာမှာလည်း လှုံ့ဆော် စည်းရုံး လှုပ်ရှားမှုဟာ ကောက်ယူရရှိတဲ့အချက်အလက်တွေအပေါ်မှာ ဘယ်လိုအမှီသဟဲပြုရတယ်ဆိုတာကိုပါ ထည့်သွင်း ရှင်းပြသင့်ပါတယ်။

## သက်သေခံအထောက်အထားများ ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း

**သိထားသင့်သည့်အချက်အလက်များ**

လူ့အခွင့်အရေးချိုးဖောက်မှုတွေရဲ့ဦးတည်ရာ ဒါမှမဟုတ် ချိုးဖောက်မှုပုံစံကိုပြဖို့ ဖြစ်နိုင်တဲ့အချိန်မှာ ချိုးဖောက်မှုတွေနဲ့ သက်ဆိုင်တဲ့ သက်သေခံအထောက်အထားတွေကို ပိုမိုအားကောင်းအောင်လုပ်ဆောင်နိုင်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်နိုင်ဖို့ အဖြစ်အပျက်တစ်ခုထက်ကိုပိုပြီး အာရုံစိုက်ဖို့လိုပါတယ်။ ချိုးဖောက်မှုအားလုံးဟာ အရေးပါကြသလို နိုင်ငံတကာရဲ့ အလေးထားမှုနဲ့လည်း ထိုက်တန်ကြပါတယ်၊ ဒါပေမယ့် ဆက်နွယ်မှုရှိတဲ့ချိုးဖောက်မှုတွေ အရေအတွက် အတော်များများ ဖြစ်ပွားတယ်ဆိုရင်တော့ နိုင်ငံတကာက တုံ့ပြန်အရေးယူဆောင်ရွက်တာတွေ ပိုပြီးဖြစ်လာနိုင်ပါတယ်။ ဥပမာအနေနဲ့ အာဏာပိုင်တွေရဲ့ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခံရတဲ့ လူမျိုးစုတစ်စုအတွင်းက လူ ၅၀ ရဲ့ဖြစ်ရပ် အပေါ် အခြေခံထားတဲ့ အစီရင်ခံစာတစောင်ဟာ ချိုးဖောက်မှုပုံစံဘာလဲဆိုတာကို မပြနိုင်တဲ့ သီးခြားအဖြစ်အပျက်တွေထက် ပိုမို ကြီးမားတဲ့အကျိုးသက်ရောက်မှု ရှိနိုင်ပါလိမ့်မယ်။

ဒါကြောင့် သက်သေခံအထောက်အထားတွေကို အကဲဖြတ်သုံးသပ်တဲ့အခါမှာ ချိုးဖောက်မှုတွေဟာ သီးခြားအဖြစ်အပျက်တွေလား ဒါမှမဟုတ် တခုနဲ့တခုအဆက်အစပ်ရှိတဲ့ ခပ်ဆင်ဆင်အဖြစ်အပျက်တွေလားဆိုတာကို စဉ်းစား ဆုံးဖြတ်ဖို့အရေးကြီးပါတယ်။ ဥပမာအနေနဲ့ –

- ချိုးဖောက်မှုဟာ လူအမျိုးအစားတမျိုးကိုပဲ ပစ်မှတ်ထားခဲ့တယ်၊ ဥပမာ – နိုင်ငံရေးပါတီတစ်ခုထဲကပါတီဝင်တွေ ဒါမှမဟုတ် လူမျိုးစုတစ်စုထဲကပြည်သူတွေ။
- ကျူးလွန်ခဲ့တဲ့ချိုးဖောက်မှုအမျိုးအစားဟာ အတူတူဖြစ်တယ်၊ ဥပမာ – ဒေသတစ်ခုမှာထဲမှာပဲ တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းမှုတွေ အများကြီးဖြစ်ပွားခဲ့တာမျိုး။
- ချိုးဖောက်မှုကျူးလွန်တဲ့အတွက်တာဝန်ရှိသူဟာ လူအမျိုးအစားတစ်မျိုးပဲဖြစ်တယ်၊ ဥပမာ – တပ်ဖွဲ့တဖွဲ့က လူတစ်စုကိုပဲ တောက်လျှောက်ပစ်မှတ်ထားတာမျိုး။
- အစိုးရက ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး တမျိုးပဲတုံ့ပြန်တယ်၊ ဥပမာ – တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းမှုတွေကို မသိပါဘူးဆိုပြီး ထပ်တလဲလဲဖုံးကွယ်တာမျိုး။

အစိုးရအနေနဲ့ ချိုးဖောက်မှုတွေထဲမှာ ဦးဆောင်တဲ့ကဏ္ဍကနေပါဝင်ခဲ့သလားလို့ ဆုံးဖြတ်ရာမှာ ဒီပုံစံတွေက အထောက်အကူပေးနိုင်ပါတယ်။ ဒါ့ပြင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုတွေကို အသိအမှတ်ပြုပြီး နိုင်ငံတကာက အရေးယူ ဆောင်ရွက်နိုင်ဖို့အတွက် ပိုမိုအားကောင်းတဲ့အချက်အလက်တွေတင်ပြရာမှာလည်း ဒီပုံစံတွေက အထောက်အကူပေးနိုင်ပါသေးတယ်။

လေ့ကျင့်ခန်း

ဖြစ်ရပ်လေ့လာခြင်း

**မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်းအပိုင်း၊ စာစဉ် - ၁ ကို အသုံးပြုပါ။** အစက်ချထားတဲ့လိုင်းအတိုင်းဖြတ်ပြီး သင်တန်းသားတဦးစီ ဒါမှမဟုတ် နှစ်ယောက်တတွဲစီကို ပေးပါ။ သူတို့ဆီမှာရှိတဲ့သက်သေခံအထောက်အထားကို ပိုမိုအားကောင်းလာအောင်လုပ်နိုင်တဲ့အခြေအနေတွေရှာဖွေဖို့ သင်တန်းသားတွေကို သင်တန်းခန်းမထဲမှာ လှည့်လည်သွားလာ ခွင့်ပေးပါ။

ဖြစ်ရပ်လေ့လာခြင်း

**မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်းအပိုင်း၊ စာစဉ် - ၂ ကို အသုံးပြုပါ။** သင်တန်းသားတွေအနေနဲ့ နိုင်လင်းထွန်း ကို တွေ့ဆုံမေးမြန်းရလိမ့်မယ်လို့ စိတ်ကူးရပါမယ်။ ပထမဆုံးသူတို့လုပ်ရမှာက နိုင်လင်းထွန်းပြောပြချက်တွေထဲက ချိုးဖောက်မှုတွေကို ခွဲခြားသတ်မှတ်ရပါမယ်။ ပြီးတဲ့အခါ အဲ့ဒီချိုးဖောက်မှုတွေအတွက် သက်သေခံအထောက်အထားတွေကို သူ့ပြောပြချက်ထဲမှာပဲ ရှာရပါမယ်။ နောက်ဆုံးအနေနဲ့ အဲ့ဒီပြောပြချက်ထဲက ချိုးဖောက်မှုတွေနဲ့ပတ်သက်တဲ့ သက်သေခံအထောက်အထားတွေကို ဘယ်လိုပိုအားကောင်းအောင်လုပ်နိုင်မလဲ ဆွေးနွေးရပါမယ်။

နမူနာအဖြေများ –

၁။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခွင့်အရေးချိုးဖောက်ခြင်းနှင့် အဓမ္မလုပ်အားပေးစေခိုင်းခြင်း၊
၂။ ချိုးဖောက်မှုအခြေခံအင်္ဂါရပ်များ၊ အမည်နှင့် ရက်စွဲများ၊
၃။ သက်သေခံအထောက်အထားများအား ပိုပြီးသေချာအောင်လုပ်ခြင်းဖြင့် ပိုမိုအားကောင်းအောင် ကနဦး ဆောင်ရွက်နိုင်သည် (ပြောပြချက်တွင်ပါရှိသောကျေးရွာများမှရွာသားများမှအစ လေ့ပိုင်ရှင်များအထိ တွေ့ဆုံစကားပြောခြင်းဖြင့်)။ အလားတူချိုးဖောက်မှုပုံစံမျိုးဖြစ်မဖြစ် သိနိုင်ရန်အတွက် အနီးတဝိုက်ရှိ အခြားရွာများတွင်လည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပါ။

## သက်သေခံအထောက်အထားများကိုတင်ပြခြင်း

**သိထားသင့်သည့်အချက်များ**

အပြောင်းအလဲအတွက်တိုက်တွန်းဖို့ ဒါမှမဟုတ် အခြေအနေတွေတိုးတက်လာရေးအတွက်အရေးယူဆောင်ရွက်ဖို့ လူ့အခွင့်အရေးဆိုင်ရာသတင်းအချက်အလက်တွေကို ဆွဲဆောင်မှုရှိရှိနဲ့ တင်ပြတာဟာ ဘယ်လူ့အခွင့်အရေးအဖွဲ့ အစည်းအတွက်ပဲဖြစ်ဖြစ် နောက်ဆုံးရည်မှန်းချက်ဖြစ်တတ်ပါတယ်။ ချိုးဖောက်မှု ဒါမှမဟုတ် ချိုးဖောက်မှုတွေအတွက် သက်သေခံအထောက်အထားကို ကောက်ယူတာ၊ စနစ်တကျစုစည်းတာနဲ့ ပိုင်းခြားစိပ်ဖြာတာတွေ ဆောင်ရွက်ပြီးတာနှင့်တပြိုင်နက် အဲ့ဒီအဖွဲ့အစည်းတွေဟာ သူတို့ချမှတ်ထားတဲ့ လှုံ့ဆော်စည်းရုံးမှု ပန်းတိုင်ဆီရောက်ဖို့ ဒါမှမဟုတ် ရည်ရွယ်ချက်အထမြောက်စေဖို့ သတင်းအချက်အလက် တွေကို ပစ်မှတ်တစ်ခု ဒါမှမဟုတ် ပစ်မှတ်တွေဆီ တင်ပြကြပါတယ်။

လူ့အခွင့်အရေးဆိုင်ရာသတင်းအချက်အလက်တွေကို လက်ခံပြီးအရေးတယူဆက်လက်ဆောင်ရွက်နိုင်တဲ့ အလားအလာရှိတဲ့ ပစ်မှတ်တွေ မရေမတွက်နိုင်အောင် များပြားလှပါတယ်။

**ဆွေးနွေးမှု**

ညှိနှိုင်းအဖြေရှာခြင်း

ဘယ်လိုပစ်မှတ်အမျိုးအစားတွေက လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို လက်ခံနိုင်သလဲ၊ ဒါမှမဟုတ် အဲ့ဒီအချက်အလက်တွေအပေါ် အရေးတယူဆက်လက်ဆောင်ရွက်နိုင်သလဲ၊ ဒါမှမဟုတ် အဲ့ဒီအချက်အလက်တွေကိုလက်ခံပြီး အရေးတယူဆက်လက်ဆောင်ရွက်နိုင်သလဲ။

နမူနာအဖြေများ –

- ဒေသခံပြည်သူများ (ဥပမာ – ကရင်ပြည်သူများ၊ ဒုက္ခသည်များ)၊
- ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ NGO များ (ဥပမာ – အာရှလူ့အခွင့်အရေးကော်မရှင် – Aisa Human Rights Commission (AHRC)၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ – Amnesty International (AI)၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ – Human Rights Watch (HRW)၊
- အစိုးရအရာရှိများ သို့မဟုတ် အစိုးရအေဂျင်စီများ (ဥပမာ – မြန်မာအစိုးရ၊ ထိုင်းအစိုးရ၊ အမေရိကန်သမ္မတ)၊
- နိုင်ငံတကာမိသားစုဝင်များ (ဥပမာ – ဥရောပနိုင်ငံသားများ၊ အမေရိကန်နိုင်ငံသားများ၊ စင်ကာပူနိုင်ငံသားများ)၊
- ကုလသမဂ္ဂအရာရှိများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ (ဥပမာ – နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာအထူးအစီရင်ခံအရာရှိ၊ ကုလသမဂ္ဂအလုပ်အဖွဲ့များ၊ လူ့အခွင့်အရေးကောင်စီ – Human Rights Council)။

ပစ်မှတ်တစ်ခုစီမှာ သတင်းအချက်အလက်အပေါ်ဘယ်လိုမြင်တယ်၊ အဲ့ဒီသတင်းအချက်အလက်က သူ့ကိုဘယ်လောက်ထိဆွဲဆောင်နိုင်တယ် ပြီးတော့ရရှိတဲ့သတင်းအချက်အလက်ကို ဘယ်လိုသုံးမယ်ဆိုတာတွေနဲ့ပတ်သက်ပြီး ကွဲပြားမှုရှိပါတယ်။ သတင်းအချက်အလက်ကို အထိရောက်ဆုံးတင်ပြနိုင်ရင်တောင်မှပဲ ဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိမလဲဆိုတာက မိမိတင်ပြတဲ့ ပစ်မှတ်အပေါ် မူတည်ပါလိမ့်မယ်။ ဒါကြောင့် ကိုယ့်ရဲ့ သက်သေခံအထောက်အထားကို ဘယ်လိုတင်ပြမလဲလို့ စဉ်းစားဆုံးဖြတ်တာမလုပ်ခင်မှာ ကိုယ့်ပစ်မှတ်က ဘယ်သူဆိုတာကို ကြိုတင်စဉ်းစားဆုံးဖြတ်တာဟာ ကောင်းမွန်တဲ့အယူအဆတစ်ရပ်ဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကိုင်တွယ်ဆောင်ရွက်ရာမှာ ကုလသမဂ္ဂဟာ ဆက်စပ်ဆောင်ရွက်ဖို့ အထူးအရေးပါတဲ့ ပစ်မှတ် တခုဖြစ်ပါတယ်။ ကုလသမဂ္ဂထံတင်ပြခြင်းအားဖြင့် လူ့အခွင့်အရေးအဖွဲ့အစည်းတွေအနေနဲ့ ချိုးဖောက်မှုတွေကို နိုင်ငံတကာမိသားစုက ပိုပြီးသိမြင်လာအောင် ဆောင်ရွက်နိုင်ပါတယ်။ အဲ့ဒီလိုသိမြင်လာခြင်းဟာ မိမိတို့ ပစ်မှတ်ထားတဲ့အစိုးရကို ဖိအားတွေပိုပေးဖို့ အထောက်အကူဖြစ်စေပါတယ်။ တရားလက်လွတ်ဖမ်းဆီးတာနဲ့ ထိန်းသိမ်းတာလိုမျိုး ချိုးဖောက်မှုတွေကို တုံ့ပြန်ဆောင်ရွက်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတချို့ရှိပါတယ်။

**ဆွေးနွေးမှု**

သတင်းအချက်အလက်တွေကို အစီရင်ခံတင်ပြရာမှာ မတူတဲ့ပစ်မှတ်တွေဆီ ဘယ်လိုခွဲခြားပြင်ဆင်တင်ပြမလဲ။

နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အစိုးရတွေ ဒါမှမဟုတ် ကုလသမဂ္ဂထံ အစီရင်ခံတင်ပြမယ်ဆိုရင် တင်ပြချက်ဟာ သိပ်ကိုနည်းလမ်းတကျ ဖြစ်ရပါမယ်၊ ပြီးတော့ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်တွေနဲ့အညီ အစီရင်ခံတင်ပြရမယ်။

မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်းအပိုင်း
စာစဉ် - ၁

၁။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလမှာ အသက် ၁၆ နှစ်အရွယ် မောင်ဆန်းဟာ တရာကျောင်းရွာသား ဦးကျော်ထွန်းက သိမ်ကျင်းရဲ စခန်းမှာ အစောင့်ရဲအဖြစ်နေရာချထားပေးမယ်လို့ပြောပြီး အယုံသွင်းခံရပါတယ်။ ဦးကျော်ထွန်းဟာ အစိုးရ စစ်တပ်ရဲ့ တပ်သားသစ်စုဆောင်းရေးဌာနစိတ်က ဖြစ်ပါတယ်။ တပ်သားသစ်အဖြစ် စုဆောင်းခံရပြီးတဲ့နောက်မှာ မောင်ဆန်းဟာ ၄ လကြာ စစ်သင်တန်းတက်ရပါတယ်။ သင်တန်းတက်ပြီးတဲ့နောက် မောင်ဆန်းတစ်ယောက် အခုအ ချိန်မှာ အစောင့်ရဲအဖြစ် တာဝန် ပေးခံနေရပါပြီ။

---------------------------------------------

၂။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှာ ရယကဥက္ကဋ္ဌ ဦးညီခမ်းဟာ မောင်လုမ်စန်းအောင်ကို ခလရ ၁၃၀ စခန်းဆီ ပို့ လိုက်ပါ တယ်။ သူက 'မင်းဒီတပ်ဖွဲ့ကိုဝင်ရမယ်' လို့ မောင်လုမ်စန်းအောင်ကို ပြောပါတယ်။ 'မင်းမိဘတွေကို ငါ ငွေ ၃ သိန်း လောက်နဲ့ စပါးတင်း ၁၀၀ ထောက်ပံ့ပေးမယ်' လို့လည်း မက်လုံးပေးပြီး မောင်လုမ်စန်း အောင်ကို သူတို့တပ်စခန်းမှာ စစ်သားဖြစ်လာစေဖို့ အတင်းဖိအားပေးပါတယ်။

---------------------------------------------

၃။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှာ အသက် ၁၅ နှစ်အရွယ် မောင်ဉာဏ်လင်းဖြိုးတယောက် ပန်းဝေကုံးဘူတာရုံမှာ တပ်သား သစ်အဖြစ် စုဆောင်းခံရပါတယ်။ အဲ့ဒီနောက် စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ်မှာရှိတဲ့ ခမရ ၁၁၁ ဆီ ခေါ်သွား ခံရပါတယ်။

---------------------------------------------

၄။ ၂၀၀၉ ခုနှစ် မေလ ၁၆ ရက်နေ့မှာ ဒေသခံတပ်က တပ်သားသစ်စုဆောင်းရင်း ၁၄ နှစ်အရွယ်လူငယ်လေး တယောက် ကို သေနတ်နဲ့ပစ်ခဲ့ပါတယ်။ အဖြစ်အပျက်က လူငယ် ၂ ယောက်ဟာ ညအချိန်မှာ ထမင်းထွက်စားတုန်း စစ်သားတွေက ဖမ်းဆီးတာကိုခံလိုက်ရပါတယ်။ တပ်ထဲဝင်ချင်လားလို့ စစ်သားတွေက အဲ့ဒီလူငယ်တွေကို မေးပါတယ်။ လူငယ်တ ယောက်ကထွက်ပြေးဖို့ကြိုးစားတာမို့ သေနတ်နဲ့အပစ်ခံရတာ ဖြစ်ပါတယ်။ နောက်တော့ ညတွင်းချင်းပဲ အဲ့ဒီ လူငယ် သေဆုံးသွားပါတယ်။

---------------------------------------------

၅။ ၁၄ နှစ်အရွယ် ယောက်ျားလေးတယောက် နွားထိုးကြီး မြို့နယ်မှာ ပျောက်ဆုံးသွားခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် မေလ ၂၀ ရက်နေ့မှာ ပျောက်ဆုံးသွားတာပါ။ သူ့မိဘတွေက သူ့ကို ဆက်တိုက်ရှာဖွေနေခဲ့ပါတယ်။ နောက် ပိုင်းမှာ မိဘတွေက သူတို့ရဲ့သားလေးဟာ စစ်တပ်ရဲ့ တပ်သားသစ်စုဆောင်းရေးစခန်းမှာ ရောက်နေတယ်ဆိုတာကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။

---------------------------------------------

၆။ အသက် ၁၄ နှစ်အရွယ် ကျော်မင်းဦးဟာ ၂၀၀၉ ခုနှစ် ဩဂုတ်လမှာ သူ့အဖေနဲ့အတူ မန္တလေးကိုသွားပါတယ်။ သူတို့တွေ မန္တလေးဘူတာရုံမှာ အိမ်ပြန်ဖို့ ရထားစောင့်နေတုန်း ကျော်မင်းဦးတယောက် ပြန်ပေးဆွဲခံ ရပြီး စစ်သားအဖြစ် သွတ်သွင်းခံရပါတယ်။ သူ့အဖေက သူ့ကိုဘူတာရုံအနှံ့နဲ့ မန္တလေးမြို့နေရာ အနှံ့မှာ လိုက်ရှာပေမယ့် မတွေ့ခဲ့ပါဘူး။ လအနည်းငယ်ကြာပြီးနောက်မှာတော့ အဖေဖြစ်သူဟာ ကျော်မင်းဦး ဆီကနေ စာတစောင် လက်ခံရရှိခဲ့ပါတယ်။ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့နယ်မှာရှိတဲ့ အမှတ် ၄ အခြေခံစစ် ပညာသင်တန်းကျောင်းမှာ သူရှိနေတဲ့အကြောင်း အဖေ့ကို အသိပေးတဲ့စာပါ။ အဖေက သူ့သားကိုပြန်ရဖို့ ကြိုးစားပါတယ်၊ ဒါပေမယ့် တပ်က သူ့သားကို ပြန်ခွင့်ပေးဖို့ ငြင်းဆန်ပါတယ်။

---------------------------------------------

၇။ ခလရ ၂၅၀ ကစစ်သားတွေဟာ ၂၀၀၉ ခုနှစ် ဩဂုတ်လထဲမှာ အသက် ၁၆ နှစ်အရွယ် ခူးရယ်ကို သူ့ သဘောဆန္ဒမပါပဲ တပ်ထဲအတင်းဝင်ခိုင်းပါတယ်။ ခူးရယ်ဟာ ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဌေးသမ ကျေးရွာအုပ်စုက ဌေးသမရွာမှာ နေထိုင်နေသူဖြစ်ပါတယ်။

---------------------------------------------

၈။ ဦးညိုမော်ရဲ့သား ၂ ယောက်ဖြစ်တဲ့ အသက် ၁၇ နှစ်အရွယ် ကျော်နိုင်ဝင်းနဲ့ သူ့ညီဖြစ်သူဟာ စစ်သားနှစ်ယောက်က စစ်သားအဖြစ်သွတ်သွင်းတာ ခံရပါတယ်။ စစ်သားအဖြစ်သွတ်သွင်းခံရချိန်မှာ ကျော်နိုင်ဝင်းဟာ အသက် ၁၇ နှစ်ကျော်ပါပြီ။ ကျော်နိုင်ဝင်းတယောက် အလုပ်ရှာဖို့ သူ့ညီနဲ့အတူ ရန်ကုန်ကို သွားပါတယ်။ အဖမ်းမခံရခင် လေးမှာ သူတို့နှစ်ယောက်ဟာ သူတို့ရွာကိုပြန်လာဖို့ ဘူတာရုံမှာ ရထားစောင့်နေကြပါတယ်။ စောင့်နေရင်း သူတို့လည်း အိပ်ပျော်သွားပါတယ်။ အဲ့ဒီအ ချိန်မှာ စစ်သားတွေရောက်လာပြီး မှတ်ပုံတင်မပြနိုင်တာမို့ အဖမ်းခံရတာဖြစ်ပါတယ်။ ပြီးတော့ သံလျင်မြို့နယ်နားက တပ်ရင်းတခုဆီ အပို့ခံရပါတယ်။ တပ်ရင်းမှာ တပ်ကြပ်ကြီးစိုးနိုင်က သူတို့ကို တပ်သားအဖြစ် စာရင်းသွင်းပါတယ်။ အဲ့ဒီနောက် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်က ဖောင်ကြီးစစ်သင်တန်းကျောင်းကို အပို့ခံရပါတယ်။

---------------------------------------------

၉။ ဓာတ်ငွေ့ပိုက်လိုင်းလုံခြုံရေးတာဝန်ယူထားတဲ့ ခလရ ၃၂ ကနေ ရွာသူကြီး အမိန့်စာတစောင် လက်ခံရရှိခဲ့တယ်လို့ ဝဲခမိရွာမှာနေတဲ့ အသက် ၅၀ အရွယ် ကရင်အမျိုးသား ဦးတာက သတင်းပို့လာပါတယ်။ အမိန့်စာထဲမှာ ပိုက်လိုင်း ထိန်းသိမ်းဖို့အတွက် ရွာကတာဝန်ယူရမယ်လို့ဆိုထားပါတယ်။ ဝဲခမိရွာမှာ ပိုက်လိုင်းအလုပ်အတွက် အိမ်တိုင်း တစ်အိမ်တစ် ယောက်ပေးရမယ်လို့ အမိန့်ထုတ်ခံရပါတယ်။ အလုပ်သမားတိုင်း ပိုက် လိုင်းကိုဖုံးဖို့နဲ့ ခြုံစည်းရိုးခတ်ဖို့အတွက် ဝါး၊ အုန်းလက် စသဖြင့် ကိုယ့်ပစ္စည်းနဲ့ကိုယ်လုပ်ရမယ်လို့လည်း ညွှန်ကြားထားပါတယ်။ အလုပ်တရက်ပျက်ပါက ကျပ် ၃၀၀၀ ဒဏ်ငွေတပ်ခံရပါတယ်။

--------------------------------------------

၁၀။ သူ့ရွာက ယောကျ်ားရောမိန်းမပါ ဓာတ်ငွေ့ပိုက်လိုင်းအတွက် အလုပ်လုပ်ပေးဖို့ အတင်းဖိအားပေးခံနေရ တယ်လို့ ဝဲယက်ရွာသူ မိအေးကြည်က ပြောပါတယ်။ ရွာသားအတော်များများဟာ သူတို့ကလေးငယ်တွေကို ပိုက်လိုင်းဆီ ခေါ်သွားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်တရက်ပျက်ရင် သံဖြူဇရပ်အခြေစိုက် ခလရ ၃၂ က တပ်ကြပ်ကြီးကို ကျပ် ၃၀၀၀ ဒဏ်ငွေပေးရလို့ဖြစ်ပါတယ်။

--------------------------------------------

၁၁။ အလုပ်က အိန္ဒိယ–မြန်မာနယ်စပ်ဆီသွားတဲ့ လူသွားလမ်းနဲ့ လမ်းကြောင်းတွေရှင်းဖို့ သစ်ပင်တွေ၊ ချုံပုတ်တွေ ခုတ်လှဲရတာပါ။ ချင်းလက်ဝ၊ ကန်ထောက်ဝ၊ ရနိုက်ရွာ၊ ကုန်းပရုန်း၊ ကရမဲ၊ ကုန်းရွာ၊ ကောက်ဂရီဝ၊ သလူဝ၊ ကင်းဝနဲ့ ရွှေလက်ဝရွာတွေက ရွာသားတွေကို စုပေးဖို့ ဗိုလ်စိုးမိုးက ရွာသူကြီးတွေကို အမိန့်ပေးခဲ့ပါတယ်။ ချင်းလက်ဝရွာမှာ အစည်းအဝေးတက်ဖို့ အိမ်တိုင်း တစ်အိမ်တစ်ယောက် လာရပါတယ်။ အိန္ဒိယ–မြန်မာ နယ်စပ်ဆီသွားတဲ့ လူသွားလမ်းနဲ့ လမ်းကြောင်းတွေရှင်းဖို့ သစ်ပင်တွေ၊ ချုံပုတ်တွေ ခုတ်လှဲတဲ့အလုပ် ၅ ရက် လုပ်ရမယ်လို့ ရွာသားတွေ အမိန့်ပေးခံရပါတယ်။

--------------------------------------------

၁၂။ အဓမ္မပေါ်တာဆွဲတာနဲ့ တပ်ရင်းအတွက်ထောက်ပံ့ကြေးပေးရတာတွေအပါအဝင် စစ်တပ်က သူ့ရွာသားတွေ ကို ဖိနှိပ်စော်ကားနေတယ်လို့ အရင်တုန်းက ရယ်မုံညရွာမှာနေခဲ့တဲ့ လက်ရှိ ကျောက်ကဒင်ရွာသားလူငယ် တယောက်က သတင်းပို့လာပါတယ်။ သူ့အနေနဲ့ သစ်ပင်စိုက်တဲ့အလုပ်ကို လွတ်လွတ်လပ်လပ် သွားလုပ်လို့ မရဘူး။ စစ်သားတွေက မော်တော်ဆိုင်ကယ်ကို အငှားစီးပြီး ရွာသားတွေကို ဆီဖိုးပေးခိုင်းတယ်၊ စစ်သားတွေမူးလာတဲ့အခါ ရွာသားတွေကို ရိုက်နှက်တယ်။ ဒါပေမယ့် အဲ့ဒီလိုရမ်းကားတဲ့အတွက် သူတို့အပြစ်ပေးမခံရဘူး လို့လည်း သူကပြောပါသေးတယ်။

--------------------------------------------

၁၃။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှာ တပ်ရင်းမှူးအောင်အောင်လှိုင်ခေါင်းဆောင်တဲ့ ခမရ ၄၃၃ က လယ်ဒိုစိုးမြို့နယ် ကမော်သွေးဒေသမှာရှိတဲ့ ကျေးရွာ ၁၁ ရွာက ရွာသားတွေကို လမ်းတလမ်း ပြန်ပြင်ဖို့အတွက် သူတို့နောက်လိုက်ခဲ့ဖို့ ခေါ်ပါ တယ်။ ဖိအားပေးခံရတဲ့ရွာတွေကတော့ ထီးဘလာ၊ ဝါးရှူခို၊ ကော်ပေါ၊ ကြာဘွဲထ၊ ကော်ပေါ်ခီး၊ ကလားပူ၊ ကမိုင်၊ ကိုစေး၊ နော်ထရှူးဒေါ်၊ ထိုခီးဖိုးနိုးနဲ့ ခေါ်ထီးလိုရွာတွေပဲဖြစ်ပါတယ်။ အလုပ်လုပ်ဖို့ ရွာတိုင်း တရွာကို ၅ ယောက်စီ ၃ ရက်ပေးရပါတယ်။

--------------------------------------------

**မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်းအပိုင်း**

**စာစဉ် - ၂**

ကျွန်တော့်နာမည် နိုင်လင်းထွန်းပါ။ ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၁၀၀ ရှိပါတယ်။ ရွာက ချောင်းကိုခွပြီးတည်ထားတာမို့ ရွာအပေါ်ပိုင်းနဲ့ အောက်ပိုင်းဆိုပြီး ၂ ပိုင်းရှိပါတယ်။ အားလုံးကတော့ တရွာထဲပါ။ ရွာအပေါ်ပိုင်းမှာ ရခိုင်လူမျိုးတွေ အများကြီးရှိပြီး သူတို့က ဆင်းရဲပါတယ်။ အောက်ပိုင်းမှာလည်း ရခိုင်တွေအများကြီးပါပဲ၊ သူတို့ကတော့ နည်းနည်း ချမ်းသာပါတယ်။ ကျွန်တော်က ရွာအပေါ်ပိုင်းမှာနေပါတယ်။ ချင်းလက်ချောင်းလို့ခေါ်တဲ့ စမ်းချောင်းလေးဟာ ရွာအပေါ်ပိုင်းနဲ့ အောက်ပိုင်းကြားမှာ စီးဆင်းနေတာပါ။ ဒီချောင်းက ကုလားတန်မြစ်ရဲ့ လက်တက်တခုဖြစ်ပြီး အဲ့ဒီမြစ်ရဲ့ အနောက်ပိုင်းမှာ တည်ရှိပါတယ်။ ကုလားတန်မြစ်နဲ့ ချင်းလက်ချောင်းတွေဟာ အိန္ဒိယနိုင်ငံ မီဇိုရမ်းပြည်နယ်ထဲကို စီးဝင်ပါတယ်။ မီဇို ရမ်းပြည်နယ်ကတော့ ကျွန်တော့်တို့ရွာကနေ ချင်းလက်ချောင်းအတိုင်း ခြေလျှင် ၂ ရက် ခရီးလောက်မှာ ရှိပါတယ်။

ကျွန်တော်တို့ရွာမှာ တချို့လူတွေက ကုန်ပစ္စည်းရောင်းတဲ့အလုပ်နဲ့ရပ်တည်ကြပြီး တချို့လည်း အိန္ဒိယ–မြန်မာနယ်စပ်မှာ ဝက်တို့ ငါးပိတို့ အရောင်းအဝယ်လုပ်ကြပါတယ်။ အတော်များများကတော့ ခြံစိုက်တာနဲ့ တောင်ယာစိုက်တာတွေ လုပ်ပြီး ရပ်တည်ကြပါတယ်။ ကျွန်တော်က တောင်ယာစိုက်သူတယောက်ပါ။

အရင်တုန်းကဆိုရင် ရဲစခန်းနဲ့ တပ်စခန်းတွေဟာ ချင်းလက်ဝရွာအောက်ပိုင်းမှာ အခြေစိုက်ပါတယ်၊ ဒါပေမယ့် အခု တော့ ရွာအပေါ်ပိုင်းမှာပါ။ ရဲစခန်းမှာ ရဲ ၅ ယောက်လောက်ရှိပြီး တပ်စခန်းမှာတော့ စစ်သား ၁၁ ယောက်ရှိပါတယ်။ အိန္ဒိယ–မြန်မာနယ်စပ်မှာ ကုန်သွယ်ရေးလုပ်ဖို့အတွက် ကျွန်တော်တို့ရွာမှာ စက်တပ်လှေ ၅ စီးလောက်ရှိပါတယ်။ ဒါပေ မယ့် လှေပိုင်ရှင်တွေဟာ သူတို့လှေတွေကို ရဲနဲ့စစ်တပ်အလုပ်တွေမှာသုံးဖို့ အတင်းဖိအားပေးခံရပါတယ်။ အခုလို ရဲနဲ့ စစ် သားတွေက သူတို့အတွက် အလုပ်လုပ်ပေးဖို့ ဖိအားပေးတာကို လှေပိုင်ရှင်တွေ မငြင်းနိုင်ပါဘူး။ ရဲတွေက ဒေသထဲမှာ ရာဇဝတ်မှုတခုကို စုံစမ်းစစ်ဆေးနေတယ်ဆိုရင် သူတို့အလုပ်အတွက် မြစ်ကြောင်းအတိုင်း အပေါ်တက်အောက် ဆင်းလုပ်ဖို့ လှေတစီးစီးကို ဖိအားပေးလေ့ရှိပါတယ်။ လှေပိုင်ရှင်တွေက အဲ့ဒီအချိန်မှာ လှေပိုင်ရှင်တွေက သူတို့ကိုယ်ပိုင်အလုပ်လုပ်ဖို့ လှေလိုတယ်လို့ ပြောရင်တောင်မှပဲ ရဲတွေက ဘယ်လိုအကြောင်းပြချက်ပေးပေး လက်မခံပါဘူး။ သူတို့ဟာ ရဲတွေ၊ ပြည်သူ့ဝန်ထမ်းတွေဖြစ်တာမို့ သူတို့အလုပ်ကို ဦးစားပေးရမယ်လို့ ဆိုပါတယ်။

မကြာခဏဆိုသလိုပဲ သူတို့အတွက်တကယ်သုံးဖို့လိုနေတဲ့အချိန်မှာ သူတို့လှေကို စစ်သားတွေ ဒါမှမဟုတ် ရဲတွေကို ပေးသုံးဖို့ ဖိအားပေးခံရတယ်လို့ လှေပိုင်တဲ့ ကျနော့်ညီမဆီကနေ အမြဲတမ်းကြားရပါတယ်။ လှေကိုသုံးတဲ့ အတွက် ဆီဖိုး ဒါမှမဟုတ် လှေငှားခအတွက် ဘာမှမရဘူးလို့လည်း ကျနော့်ညီမက ညည်းပါတယ်။ ရဲတပ်ဖွဲ့သုံးဖို့အတွက် ငွေတပြားမှမယူပဲ အသုံးပြု ခွင့်ပေးရမယ်၊ တကယ်လို့ ပေးမသုံးဘူးဆိုရင် လှေကိုသူတို့ အပိုင်သိမ်းမယ်လို့ ရဲတွေက ခြိမ်းခြောက်တာလည်း ခံရပါသေးတယ်။ လှေကိုအဆုံးရှုံးမခံနိုင်တာမို့ သူ့အနေနဲ့ ရဲတွေရဲ့အမိန့်ကို နာခံရပါတယ်။

အလုပ်ကတော့ အိန္ဒိယ–မြန်မာနယ်စပ်ဆီသွားတဲ့ လူသွားလမ်းနဲ့ လမ်းကြောင်းတွေရှင်းဖို့ သစ်ပင်တွေ၊ ချုံပုတ်တွေ ခုတ်လှဲရတာပါ။ ချင်းလက်ဝ၊ ကန်ထောက်ဝ၊ ရနိုက်ရွှ၊ ကုန်းပရုန်း၊ ကရမဲ၊ ကုန်းရွှ၊ ကောက်ဂရီဝ၊ သလူဝ၊ ကင်းဝနဲ့ ရွှေလက်ဝရွာတွေက ရွာသားတွေကို စုပေးဖို့ ဗိုလ်စိုးမိုးက ရွာသူကြီးတွေကို အမိန့်ပေးခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် ဩဂုတ် လ ၁၅ ရက်နေ့ ချင်းလက်ဝရွာအစည်းအဝေးကို အိမ်တိုင်း တစ်အိမ်တစ်ယောက်လာဖို့ ဗိုလ်စိုးမိုးက ခေါ်ထားတယ်လို့ ကျနော်တို့ရွာသူကြီးကပြောပါတယ်။ အဲ့ဒါနဲ့ကျနော်လည်း အဲ့ဒီအစည်းအဝေးကို သွားတက်ခဲ့ပါတယ်။ အစည်းအဝေး မှာ ဗိုလ်စိုးမိုးက အိန္ဒိယ–မြန်မာနယ်စပ်ဆီသွားတဲ့ လူသွားလမ်းနဲ့ လမ်းကြောင်းတွေရှင်းဖို့ သစ်ပင်တွေ၊ ချုံပုတ်တွေ ခုတ်လှဲတဲ့အလုပ်ကို ၅ ရက် လုပ်ရမယ်လို့ တက်ရောက်လာသူတွေကို အမိန့်ပေးပါတယ်။

စစ်သားတွေအတွက် ကျွန်တော်ဘယ်လို အဓမ္မအလုပ်လုပ်ပေးခဲ့ရသလဲဆိုတာကို ရှင်းပြပါမယ်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၆ ရက်ကနေ ၂၀ ရက်နေ့အထိ အလုပ်လုပ်ရပါတယ်။ အလုပ်က အိန္ဒိယ–မြန်မာနယ်စပ်ဆီသွားတဲ့ လူသွားလမ်းနဲ့ လမ်းကြောင်းတွေရှင်းဖို့ သစ်ပင်တွေ၊ ချုံပုတ်တွေ ခုတ် လှဲရတာပါ။ ချင်းလက်ဝ၊ ကန်ထောက်ဝ၊ ရနိုက်ရွှ၊ ကုန်းပရုန်း၊ ကရမဲ၊ ကုန်းရွှ၊ ကောက်ဂရီဝ၊ သလူဝ၊ ကင်းဝနဲ့ ရွှေလက်ဝရွာတွေက ရွာသားတွေကို စုပေးဖို့ ဗိုလ်စိုးမိုးက ရွာသူကြီးတွေကို အမိန့်ပေးခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ ချင်းလက်ဝရွာအစည်းအဝေး ကိုအိမ်တိုင်း တစ်အိမ်တစ်ယောက်လာဖို့ ဗိုလ်စိုးမိုးကခေါ်ထားတယ်လို့ ကျနော်တို့ရွာသူကြီးကပြောပါတယ်။ အဲ့ဒါနဲ့ ကျွန်တော်လည်း အဲ့ဒီနေ့အစည်းအဝေးကို သွားတက်ခဲ့ပါတယ်။ အစည်းအဝေးမှာ ဗိုလ်စိုးမိုးက အိန္ဒိယ–မြန်မာနယ်စပ် ဆီသွားတဲ့ လူသွားလမ်းနဲ့ လမ်းကြောင်းတွေရှင်းဖို့ သစ်ပင်တွေ၊ ချုံပုတ်တွေ ခုတ်လှဲတဲ့အလုပ်ကို ၅ ရက် လုပ်ရမယ်လို့ တက်ရောက်လာသူတွေကို အမိန့်ပေးပါတယ်။ ဒစခမ္မူးက အိန္ဒိယနဲ့မြန်မာ ၂ နိုင်ငံကြားက နယ်စပ်ကျောက်တိုင်ကို ဒီလ ကုန်ပိုင်းမှာ လာကြည့်မယ်လို့လည်း သူကပြောပါတယ်။ အချိန်ကသိပ်ကပ်နေတာမို့ နောက်တနေ့မနက်ကစပြီး လုပ်ကြဖို့နဲ့ အမြန်လုပ်ကြဖို့ ဗိုလ်စိုးမိုးက ကျနော်တို့ကို အမိန့်ပေးပါတယ်။ ကျွန်တော်တို့အားလုံး ၅ ရက်စာရိက္ခာ အလုံအလောက်နဲ့ အလုပ်လုပ်ဖို့ ကိုယ်ပိုင်တန်ဆာပလာတွေ သယ်သွားရမယ်၊ ကျွန်တော်တို့အတွက် ရိက္ခာအပိုရှိမှာ မဟုတ် ဘူးလို့ သူကဆိုပါတယ်။ လမ်းကြောင်းကို ၅ ရက်အတွင်း ပြီးအောင် လုပ်ရမယ်လို့လည်း သူကပြောပါသေးတယ်။

ဒါနဲ့ကျွန်တော်လည်း အလုပ်ခွင်သွားဖို့ ၅ ရက်စာရိက္ခာ ပြင်ဆင်ပါတယ်။ နောက်တနေ့မနက်မှာ ချင်းလက်ဝရွာက တခြားရွာသားတွေနဲ့အတူ ကျွန်တော်အလုပ်သွားပါတယ်။ အလုပ်ခွင်မှာ ချင်းလက်ဝ၊ ကန်ထောက်ဝ၊ ရနိုက်ရွှ၊ ကုန်းပရုန်း၊ ကရမဲ၊ ကုန်းရွှ၊ ကောက်ဂရီဝ၊ သလူဝ၊ ကင်းဝနဲ့ ရွှေလက်ဝရွာတွေက ရွာသားတွေအများကြီးနဲ့ ဆုံပါတယ်။ အလုပ်လုပ် နေချိန်မှာ လမ်းကြောင်းရှင်းဖို့ ချင်းလက်ဝချောင်းတလျှောက် ဘယ်နေရာမှာ သစ်ပင်တွေ၊ ချုံပုတ်တွေ ခုတ်လှဲရမယ် ဆိုတာကို ဗိုလ်စိုးမိုးနဲ့ သူ့နောက်လိုက် စစ်သား ၆ ယောက်က ကြီးကြပ်ပါတယ်။

ဗိုလ်စိုးမိုးပြောခဲ့သလိုပါပဲ စစ်သားတွေက ကျွန်တော်တို့ကို ဘာစားစရာမှ မပေးပါဘူး။ အလုပ်ချိန်က မနက်ပိုင်းမှာ

၈ နာရီကနေ ၁၁ နာရီအထိဖြစ်ပြီး ညနေပိုင်းမှာတော့ မွန်းလွဲ ၁၂ နာရီခွဲကနေ ညနေ ၅ နာရီခွဲအထိဖြစ်ပါတယ်။ အလုပ် မစခင် မနက်စာစားနိုင်ဖို့ ကျွန်တော်မနက်အစောကြီး ၅ နာရီခွဲမှာ စတင်ချက်ပြုတ်ရပါတယ်။ ဒစခမှူးလာချိန်က အရမ်း ကပ်နေတာမို့ အလုပ်ချိန်မှာ သူတို့ခွင့်ပြုချက်မရဘဲ ဘယ်သူမှနားလို့မရဘူးလို့ စစ်သားတွေက ကျွန်တော်တို့ကို ပြောပါ တယ်။ သူတို့က ကျွန်တော်တို့ကို အရမ်းမြန်မြန်အလုပ်လုပ်ခိုင်းတာမို့ ကျွန်တော်သိပ်ပင်ပန်းပါတယ်။ အလုပ်က နားချိန်လုံးဝ မရှိတဲ့အလုပ်ပါ။ ပြီးတော့ ကျွန်တော်တို့ အစားကောင်းကောင်းလည်း မစားရပါဘူး၊ အနပ်တိုင်း အသီး အရွက်ပဲစားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ ချောင်းထဲငါးဆင်းဖမ်းချိန်မရှိလို့ပါ။ အလုပ်လုပ် နေတဲ့ကာလမှာ ချောင်းဘေးတစ်လျှောက် ကျွန်တော်တို့ဆောက်ရတဲ့ ယာယီတဲလေးတွေထဲမှာပဲ နေရပါတယ်။ တစ်ရက်ပြီးတစ်ရက် သစ်ပင်တွေ၊ ချုံ ပုတ်တွေ ခုတ်လှဲတဲ့အလုပ်ကိုလုပ်ရင်း ရွှေ့ရွှေ့သွားရတာမို့ နေစရာအသစ်လည်း ရွှေ့ဆောက်ရပါတယ်။ တစ်နေရာ ထဲမှာ ၅ ရက်စလုံးနေလို့ မရပါဘူး။

နယ်စပ်ကျောက်တိုင်ဟာ ကျွန်တော့်ရွာကနေ အရမ်းဝေးပါတယ်။ အဲ့ဒီကိုရောက်ဖို့ လမ်းလျှောက်သွားရင် ၂ ရက် လျှောက်ရပါတယ်။ သစ်ပင်တွေ၊ ချုံပုတ်တွေကို နောက်ဆုံး နယ်စပ်ကျောက်တိုင်ရောက်တဲ့အထိ ၅ ရက်ကြာအောင် ကျွန်တော်တို့ ခုတ်လှဲရပါတယ်။ မြေပြင်ကနေ ၂ ပေခွဲလောက်မြင့်ပြီး ၂ ပေပတ်လည် လေးထောင့်ပုံ ကျောက်တိုင်ဟာ အိန္ဒိယနယ်စပ်ရွာဖြစ်တဲ့ ကရီးကုန်းရွာနဲ့ သိပ်နီးပြီး အဲ့ဒီရွာအစွန်မှာ တည်ရှိတာဖြစ်ပါတယ်။

ဗိုလ်စိုးမိုးဟာ ကျွန်တော်အပါအဝင် ဘယ်အလုပ်သမားကိုမှ ပိုက်ဆံတစုံတရာ မပေးခဲ့ပါဘူး။ ကျွန်တော်တို့လုပ်ရတဲ့ အလုပ်က စေတနာ့ဝန်ထမ်းအလုပ်လို့ သူကဆိုပါတယ်။

နောက်ဆုံးမှာတော့ နယ်စပ်ကျောက်တိုင်ကိုကြည့်ဖို့ ဒစခမှူးက စစ်သား ၄၀ လောက်နဲ့အတူ အိန္ဒိယ–မြန်မာ နယ်စပ်ဆီ သွားတာကို ကျွန်တော်တွေ့လိုက်ရပါတယ်။ အဲ့ဒီနေ့က ၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ပါ။ ဗိုလ်စိုးမိုးလည်း သူတို့နောက်ကို လိုက်သွားပါတယ်။

# အခန်း (၂)

# အချက်အလက်ရှာဖွေမှုအပိုင်း

# အခန်း (၂) အချက်အလက်ရှာဖွေမှုအပိုင်း

**အဓိကအစိတ်အပိုင်းများ**

| | |
|---|---|
| **အချက်အလက်များနှင့် အချက်အလက်ရှာဖွေခြင်း –** | လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် နားလည်သဘော ပေါက်မှု မြင့်မားလာစေရန်၊ လှုံ့ဆော်စည်းရုံးရန်နှင့် မှန်ကန် တိကျသည့် သမိုင်းဆိုင်ရာမှတ်တမ်းပြုစုရန်တို့ အတွက် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သော သတင်းအ ချက်အလက်များစုဆောင်းခြင်း။ |
| **အစီအစဉ်ရေးဆွဲခြင်း –** | ပိုမိုထိရောက်သည့် အချက်အလက်ရှာဖွေသူဖြစ်လာစေရန်အတွက် အကောင်းဆုံးဆောင်ရွက်သင့်သည်မှာ မည်သူကတွေ့ ဆုံမေးမြန်းမည်၊ မည်သူ့ကိုတွေ့ဆုံမေးမြန်းမည်၊ မည်သည့် မေးခွန်းများမေးမည်နှင့် မည်သည့်နေရာတွင် တွေ့ဆုံမေးမြန်းမှု လုပ်မည် စသည်တို့ကို အစီအစဉ်ရေးဆွဲခြင်းပင်ဖြစ်သည်။ |
| **အချက်အလက်ရှာဖွေခြင်း နည်းလမ်းများ –** | တွေ့ဆုံမေးမြန်းမှု၊ မှတ်တမ်းမှတ်ရာများ၊ ရုပ်ပိုင်းဆိုင်ရာသက်သေခံ အထောက်အထား၊ အခင်းဖြစ်ပွားရာနေရာများသို့ သွားရောက်ခြင်း။ |

**ဆွေးနွေးမှု**

ညှိနှိုင်းအဖြေရှာခြင်း

သင်တန်းသားတွေကို အောက်ပါမေးခွန်းတွေမေးပါ။ သင်တန်းဆရာအနေနဲ့ သင်တန်းသားတွေဆီကရတဲ့ တချို့ အဖြေတွေကို ဝှိုက်ဘုတ်ပေါ်မှာ ရေးချထားနိုင်ပါတယ်။ ဒီအမေးအဖြေကဏ္ဍအတွက် အချိန်နည်းနည်းပဲ သုံးပါ။

- အချက်အလက်ရှာဖွေခြင်းဆိုတာ ဘာလဲ။
- ဘာကြောင့် အချက်အလက်ရှာဖွေဖို့ လိုအပ်သလဲ။
- အချက်အလက်ကို ဘယ်လိုရှာဖွေနိုင်မလဲ။

**အဖြေများ -**

- အချက်အလက်ရှာဖွေခြင်းဆိုသည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဆက်စပ်သည့် သတင်းအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းစဉ်ဖြစ်သည်။ ရရှိသည့်သတင်းအချက်အလက်များကို လုပ်ငန်းအများအပြားအတွက် အသုံးပြု နိုင်သည်။
- ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုမြင့်မားလာစေရန်၊ အချိုးဖောက်ခံရသူများကိုယ်စား လှုံ့ဆော်စည်းရုံးရန်၊
- မှန်ကန်တိကျသည့် သမိုင်းဆိုင်ရာမှတ်တမ်းပြုစုရန်။

အချက်အလက်ရှာဖွေခြင်း နည်းလမ်းအတော်များများကို ဒီသင်ခန်းစာရဲ့နောက်ဆုံးပိုင်းမှာ ထည့်သွင်းရေးသားထားပါတယ်။

သင်တန်းသားတွေအနေနဲ့ ဒီသင်ခန်းစာကို လေ့လာပြီးတဲ့အခါမှာ အချက်အလက်ရှာဖွေခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းတွေထဲက နောက်ဆုံးမေးခွန်းကို ပိုပြီးကောင်းကောင်းမွန်မွန် ဖြေကောင်းဖြေနိုင်လာပါလိမ့်မယ်။ သူတို့အတွက် လိုအပ်တယ်လို့ယူဆရင် ဒီနောက်ဆုံးမေးခွန်းကို သင်ခန်းစာပြီးတဲ့အချိန်မှာ ပြန်ဖွေးတဲ့အနေနဲ့ မေးနိုင်ပါတယ်။

## ဆက်စပ်အခြေအနေများကိုနားလည်ခြင်း

**သိထားသင့်သည့်အချက်အလက်များ**

အချက်အလက်ရှာဖွေတဲ့လုပ်ငန်းတစုံတရာ မစတင်ခင် ဒါမှမဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ရှာဖွေဖော်ထုတ်ဖို့ တွေ့ဆုံမေးမြန်းမှုမလုပ်ခင်မှာ ချိုးဖောက်မှုတွေဖြစ်ပွားနေရတဲ့ သမိုင်းဆိုင်ရာနဲ့ နိုင်ငံရေးဆိုင်ရာဆက်စပ်အခြေအနေတွေကို နားလည်ဖို့ အရေးကြီးပါတယ်။ အဲ့ဒီအကြောင်းအရာတွေကို နားလည်ခြင်းဟာ အချက်အလက်ရှာဖွေသူအတွက် အနှစ်သာရရှိတဲ့မေးခွန်းတွေ ဖန်တီးနိုင်ဖို့အတွက်သာမက လက်ရှိအခြေအနေကို ထဲထဲဝင်ဝင် သိလာနိုင်ဖို့အတွက်ပါ အထောက်အကူဖြစ်စေပါလိမ့်မယ်။ အချက်အလက် ရှာဖွေတဲ့လုပ်ငန်းစဉ်မစတင်မီ သက်ဆိုင်ရာ နောက်ခံအကြောင်းအရာတွေကို ပြန်လည်ဆန်းစစ်ခြင်းသည် အတွေ့အကြုံရှိပြီးသား အချက်အလက်ရှာဖွေသူ

တွေအတွက်တောင်မှပဲ အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

ပြီးခဲ့တဲ့ဆွေးနွေးမှုထဲမှာ သင်တန်းသားတွေအနေနဲ့ အောက်ပါအချက်တွေကို ထည့်သွင်းဆွေးနွေးတာမျိုး မရှိသေးဘူး ဆိုရင် အောက်ပါအချက်တွေနဲ့ပတ်သက်ပြီး သူတို့မှတ်မိအောင်လုပ်ပေးပါ။

အချက်အလက်ရှာဖွေခြင်းဆိုတာ ဘာလဲ။

- အချက်အလက်ရှာဖွေခြင်းဆိုတာဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ကောက်ယူခြင်းဖြစ်တယ်၊
- အချက်အလက်ရှာဖွေခြင်းဆိုတာဟာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တယ်၊ တစ်ကြိမ်တည်းလုပ်လို့ပြီးတဲ့အလုပ်မဟုတ်ဘူး၊
- အချက်အလက်ရှာဖွေခြင်းဆိုတာဟာ အချိန်သိပ်ယူရတယ်၊ ပြီးတော့ အဲ့ဒီအတွက် အလုပ်တွေလည်း အများကြီးလုပ်ရတယ်၊
- မှန်ကန်တိကျပြီး ပြည့်စုံတဲ့ သတင်းအချက်အလက်တွေ ကောက်ယူနိုင်ဖို့ သတင်းအရင်းအမြစ်အများအပြားကနေ အချိန်အကြာကြီး ကောက်ယူရမယ်၊
- ရရှိတဲ့သတင်းအချက်အလက်တွေကို ကမ္ဘာပေါ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ပတ်သက်ပြီး နားလည်သဘောပေါက်မှုမြင့်မားလာစေဖို့နဲ့ အချိုးဖောက်ခံရသူတွေကိုယ်စား လှုံ့ဆော်စည်းရုံးဖို့ အသုံးပြုနိုင်တယ်။

**အချက်အလက်ရှာဖွေရန် အစီအစဉ်ရေးဆွဲခြင်း**

**ဆွေးနွေးမှု**

အချက်အလက်ရှာဖွေတဲ့ အစီအစဉ်တခုရေးဆွဲချမှတ်ရာမှာ သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ လုပ်ပိုင်ခွင့်၊ လုပ်ငန်း အကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့ လူအင်အား၊ ဘဏ္ဍာငွေကြေးနဲ့ အခြားရုပ်ဝတ္ထုပစ္စည်းအနေအထားအပြင် အချိန်အကန့်အသတ်ကိုပါ ထည့်သွင်းစဉ်းစားဖို့ အရေးကြီးပါတယ်။

သင်တန်းသားတွေထဲက အချက်အလက်ရှာဖွေတာနဲ့ပတ်သက်လို့ အနည်းဆုံးအတွေ့အကြုံရှိသူတချို့ကို သူတို့ဘယ်လိုဆောင်ရွက်ခဲ့သလဲဆိုတာသိနိုင်ဖို့ အောက်ပါမေးခွန်းတွေ ဖြေခိုင်းပါ။ ပြီးတော့ ရလာတဲ့အဖြေတွေအပေါ် သူတို့အားလုံးပေါင်းပြီး ဆွေးနွေးခိုင်းပါ။

၁။ အချက်အလက်ရှာဖွေတဲ့ရည်ရွယ်ချက်က ဘာလဲ၊
၂။ အချက်အလက်ရနိုင်ဖို့ အလားအလာရှိတဲ့ တချို့သတင်းအရင်းအမြစ်တွေက ဘာတွေလဲ၊
၃။ ဘယ်သူတွေက သတင်းအချက်အလက်တွေ ကောက်ခံခဲ့သလဲ၊
၄။ ဘယ်နေရာတွေမှာ အချက်အလက်ရှာဖွေတာကို ဆောင်ရွက်ခဲ့သလဲ၊
၅။ ဘယ်လိုအချိန်မှာ အချက်အလက်ရှာဖွေခဲ့သလဲ၊
၆။ ရလာတဲ့သတင်းအချက်အလက်တွေကို မှန်မမှန် ဘယ်လိုစစ်ဆေးခဲ့သလဲ။

တကယ်လို့ အချက်အလက်ရှာဖွေတာနဲ့ပတ်သက်ပြီး သင်တန်းသားတွေထဲမှာ ဘယ်သူမှအတွေ့အကြုံမရှိဘူးဆိုရင် သင်တန်းဆရာကပဲ အဲ့ဒီမေးခွန်းတွေကို ဖြေပေးပါ။

နမူနာအဖြေများ –

၁။ ဒေသတွင်း ရေကာတာတစ်ခုတည်ဆောက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ စုံစမ်းရန်၊
၂။ ဒေသခံရွာသားများ၊ ဒေသခံအာဏာပိုင်များ၊ မီဒီယာ၊ တရားဝင်အစီရင်ခံစာများ/ထုတ်ပြန်ချက်များ၊
၃။ ဒေသခံကွင်းဆင်းလုပ်သားများ၊
၄။ ရေကာတာတည်ဆောက်မည့်နေရာအနီးတဝိုက်ရှိ ရွာများအတွင်း၊ ယင်းရေကာတာတည်ဆောက်မည့် မြို့အတွင်း၊ ရေကာတာတည်ဆောက်မည့် ဒေသအပြင်ဘက်နှင့် အင်တာနက်၊
၅။ ဒေသခံအာဏာပိုင်များက ရေကာတာတည်ဆောက်မည့်ကိစ္စနှင့်ပတ်သက်၍ ဒေသခံလူထုအားကြေငြာပြီး မကြာမီ၊
၆။ သတင်းအချက်အလက်ကောက်ခံရာတွင် သတင်းအရင်းအမြစ် အမျိုးမျိုးအဖုံဖုံအားအသုံးပြုခြင်း၊ ထို့နောက် ယင်း အချက်အလက်များအား နှိုင်းယှဉ်ကြည့်ခြင်း။

လေ့ကျင့်ခန်း

ဖြစ်ရပ်လေ့လာခြင်း

အောက်ပါဖြစ်ရပ်ကို အသုံးပြုပါ။ သင်တန်းဆရာအနေနဲ့ ဒီဖြစ်ရပ်ကို ပို့က်ဘုတ်ပေါ်မှာ ရေးချနိုင်ပါတယ်၊ ဒါမှ မဟုတ်လည်း သင်တန်းသားတွေကို ဖတ်ပြနိုင်ပါတယ်။

လွန်ခဲ့သည့်နှစ်အနည်းငယ်က ဖောင်ကြီးတွင် ရေကာတာတစ်ခု တည်ဆောက်ခဲ့ပါသည်။ ယင်း ရေကာတာအား မည်သည့်အတွက် တည်ဆောက်သည်ကို ကျွန်တော်/ကျွန်မတို့ မသိခဲ့ပါ။ ယင်းကိစ္စ နှင့်ပတ်သက်၍ ကျွန်တော်/ ကျွန်မတို့ကိုလည်း မည်သူကမျှ မပြောပြခဲ့ပါ။ မိမိတို့ကျေးရွာများမှ တစ်လအတွင်း ထွက်ခွာသွားကြရန်သာ အမိန့်ပေးခံခဲ့ရပါသည်။ ရွာသားများအနေနှင့် ရေကာတာတည်ဆောက်ရေးတွင် လုပ်အားပေးခဲ့ရပါသည်။ လုပ်အားပေးကာလ အတွင်း သစ်တောထဲတွင် ယာယီတဲထိုးနေကြရပြီး ပြောင်းရွှေ့ခံရသည့် နေရာသို့ နေ့စဉ်မပြန်နိုင်ကြပါ၊ အဘယ့်ကြောင့်ဆိုသော် ယင်းနေရာသည် ရေကာတာတည်ဆောက်သည့်နေရာနှင့် ဝေးကွာလှသောကြောင့်ဖြစ် ပါသည်။

ဒီအစီရင်ခံစာထဲမှာပါတဲ့ ချိုးဖောက်မှုတွေကို မှတ်တမ်းတင်နိုင်ဖို့အတွက် သင်တန်းသားတွေကို အချက်အလက်ရှာဖွေရေးအစီအစဉ်ဆွဲခိုင်းပါ။ အစီအစဉ်ဆွဲရာမှာ သူတို့အနေနဲ့ အောက်ပါမေးခွန်းတွေကိုဖြေဖို့ လိုပါလိမ့်မယ်။

၁။ ဒီအခြေအနေအပေါ် အချက်အလက်ရှာဖွေတဲ့ ရည်ရွယ်ချက်ကဘာလဲ။

၂။ အချက်အလက်ရနိုင်ဖို့ အလားအလာရှိတဲ့ အချို့သတင်းအရင်းအမြစ်တွေက ဘာတွေလဲ။

၃။ ဘယ်သူတွေက သတင်းအချက်အလက်တွေ ကောက်ခံသင့်သလဲ။

၄။ ဘယ်နေရာတွေမှာ အချက်အလက်ရှာဖွေတာကို ဆောင်ရွက်သင့်သလဲ။

နမူနာအဖြေများ –

၁။ ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှုများအား ခွဲခြားသတ်မှတ်ရန်နှင့် မှတ်တမ်းတင်ရန်၊

၂။ ပြောင်းရွှေ့ခံရသည့်ရွာသားများ၊ မျက်မြင်သက်သေများ၊ ဒေသခံအရာရှိများ၊

၃။ ယင်းဒေသသို့သွားလာနိုင်ပြီး ဒေသခံများနှင့် တွေ့ဆုံစကားပြောနိုင်သော အချက်အလက်ရှာဖွေသူများ၊

၄။ ယင်းဖြစ်ရပ်တွင် ပါဝင်ပတ်သက်ခဲ့သူများက သူတို့အတွေ့အကြုံကို ပြန်လည်ပြောပြရန်လုံခြုံသည်ဟု ယူဆသော မည်သည့်နေရာတွင်မဆို။

ဆွေးနွေးမှု

အောက်ပါဖော်ပြချက်ကို သင်တန်းသားတွေ သဘောတူ/မတူမေးပါ။ သဘောတူရင် ဘာကြောင့် သဘောတူတာလဲ၊ သဘောမတူရင် ဘာကြောင့် သဘောမတူတာလဲဆိုတာမေးပါ။

'အချက်အလက်မရှာဖွေမီ ကြိုတင်ပြီး အစီအစဉ်တစ်ရပ်ရေးဆွဲခြင်းသည် ကောင်းမွန်သည့်အချက်ဖြစ်သည်။'

နမူနာအဖြေများ –

တွေ့ဆုံမေးမြန်းမှုအတွက် သက်တောင့်သက်သာဖြစ်စေသော သီးသန့်နေရာတစ်ခုကို စီစဉ်ထားပြီး ယင်းတွေ့ဆုံမေးမြန်းမှုအတွက် အသင့်တော်ဆုံးသော (အမေးခံရမည့်သူက တွေ့လိုသည့်ဆန္ဒအရှိဆုံးသော) အချက်အလက်ရှာဖွေသူကို ရွေးချယ်ထားပြီးပါက တွေ့ဆုံမေးမြန်းမှုအား ကြိုတင်စီစဉ်ခြင်းသည် အမေးခံရမည့်သူအား စိုးရိမ်သောကမှ ကင်းဝေးစေရန် အထောက်အကူဖြစ်စေနိုင်သည်။ တွေ့ဆုံမေးမြန်းမှုအား စနစ်တကျကောင်းမွန်စွာစီစဉ်ထားပါက ယုံကြည်မှု တည်ဆောက်ရာတွင် ပိုမိုလွယ်ကူပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အချက်အလက်ရှာဖွေသူအနေနှင့် တွေ့ဆုံ မေးမြန်းမှု၏ ရည်ရွယ်ချက်နှင့် ယင်းတွေ့ဆုံမေးမြန်းမှုမှရရှိသည့် သတင်းအချက်အလက်များကို မည်သို့အသုံးပြုမည်၊ သိမ်းဆည်းသွားမည် စသည်ကို ရှင်းပြရန်အတွက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားနိုင်သောကြောင့်ဖြစ်သည်။ အစီအစဉ်ရေးဆွဲခြင်းသည် တွေ့ဆုံမေးမြန်းမှုအတွက် အသင့်တော်ဆုံးဖြစ်သူ သို့မဟုတ် အခြားသတင်းအရင်းအမြစ်များအား ရှာဖွေရာတွင် အထောက်အကူဖြစ်ပေလိမ့်မည်၊ အချက်အလက်ရှာဖွေသူအနေနှင့်လည်း ဖြစ်နိုင်ခြေရှိသော မေးခွန်းတချို့ကို ကြိုတင်စဉ်းစားနိုင်သည့်အခွင့်အလမ်း ရှိပေလိမ့်မည်။

# အချက်အလက်ရှာဖွေခြင်းနည်းလမ်းများ

**ဆွေးနွေးမှု**

ညှိနှိုင်းအဖြေရှာခြင်း

သင်တန်းသားတွေအနေနဲ့ အချက်အလက်ရှာဖွေတဲ့နည်းလမ်းတွေထဲက ဘယ်နည်းလမ်းတွေကိုသိသလဲလို့ မေးပါ။ သူတို့အဖြေတွေကို ပို့က်ဘုတ်ပေါ်မှာ ရေးချပါ။

နမူနာအဖြေများ – အဖြစ်အပျက်ဖြစ်ပွားရာနေရာများသို့ သွားရောက်ခြင်း၊ တွေ့ဆုံမေးမြန်းမှုများ၊ စာရွက်စာတမ်းများ၊ ရုပ်/သံ မှတ်တမ်းများ၊ သက်သေခံအထောက်အထား။

**ဆွေးနွေးမှု**

အောက်ပါဇယားကွက်ကို ပို့က်ဘုတ်ပေါ်မှာ ကပ်ပြီး ဆွေးနွေးပါ (သို့) တစ်ခုချင်းစီကို နှုတ်ဖြင့်ဆွေးနွေးပါ။ သင်တန်းဆရာအနေနဲ့ အချက်အလက်ရှာဖွေတဲ့ နည်းလမ်းတခုစီအတွက် ဥပမာတွေပေးပါ။

| နည်းလမ်း | ဥပမာ |
|---|---|
| တွေ့ဆုံမေးမြန်းမှု | |
| အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ခြင်း | |
| စာရွက်စာတမ်းများအား သုတေသနပြုခြင်း | |
| ဆေးမှတ်တမ်းနှင့် တရားဝင် (ဥပဒေဆိုင်ရာ) မှတ်တမ်းများ | |
| ရုပ်/သံ မှတ်တမ်းများ | |
| ရုပ်ပိုင်းဆိုင်ရာ သက်သေခံ အထောက်အထား | |

နမူနာအဖြေများ –

| နည်းလမ်း | ဥပမာ |
|---|---|
| တွေ့ဆုံမေးမြန်းမှု | ရဲ၏အရိုက်ခံရသူတဦးအား တွေ့ဆုံစကားပြောခြင်း |
| အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ခြင်း | စစ်သားများ မီးရှို့ဖျက်ဆီးခဲ့သော ရွာတစ်ရွာသို့ သွားရောက်ခြင်း |
| စာရွက်စာတမ်းများအား သုတေသနပြုခြင်း | သတင်းအချက်အလက်သွားရောက်စုဆောင်းမည့် ဒေသအတွင်းဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သည့် အစီရင်ခံစာ |
| ဆေးမှတ်တမ်းနှင့် တရားဝင် (ဥပဒေဆိုင်ရာ) မှတ်တမ်းများ | တွေ့ဆုံမေးမြန်းမည့်သူသည် ခြေကျိုးခဲ့ဖူးသည်ဟူသော ဆရာဝန်ဆေးမှတ်တမ်း |
| ရုပ်/သံ မှတ်တမ်းများ | ဖမ်းဆီးမှုပြုနေသည့် ဓာတ်ပုံ |
| ရုပ်ပိုင်းဆိုင်ရာ သက်သေခံ အထောက်အထား | အသတ်ခံရသူတစ်ဦး၏ အရိုးများ |

# အခန်း (၃)
# အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း

# အခန်း (၃) အခြေခံ တွေ့ဆုံမေးမြန်းမှု အပိုင်း

**အဓိကအစိတ်အပိုင်းများ**

**တွေ့ဆုံမေးမြန်းခြင်း -** လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ အချက်အလက်ရှာဖွေရာတွင် အထိ ရောက်ဆုံးသော ဘုံနည်းလမ်းတခုဖြစ်သည်။

**အချက်အလက်ရှာဖွေသူ -** တွေ့ဆုံမေးမြန်းမှု သို့မဟုတ် အခြားနည်းလမ်းများဖြင့် သတင်းအချက်အလက် စုဆောင်းသူဖြစ်သည်။ အချက်အလက်ရှာဖွေသူ၌ စွမ်းရည်တစုံတရာ ရှိသင့်သည့်အပြင် ဖြစ်ရပ် တစ်ခုချင်းစီအတွက် အချက်အလက်ရှာဖွေသူအား ဂရုတစိုက်ရွေးချယ်သင့်သည်။

**တွေ့ဆုံမေးမြန်းမည့်သူ (အမေးခံရ မည့်သူ) -** သတင်းအချက်အလက်ပေးသည့်ပုဂ္ဂိုလ်။ တွေ့ဆုံမေးမြန်းမည့်သူသည် အဖြစ်အပျက် တွင်ကိုယ်တိုင်ပါဝင်ခဲ့သူဖြစ်ပါက အသင့်လျော်ဆုံးဖြစ်သည်၊ အဖြစ်အပျက်တွင်ပါဝင်ခဲ့သူအား မေးမြန်း၍မရနိုင်ပါက မျက်မြင်သက်သေကို တွေ့ဆုံ မေးမြန်းနိုင်သည်။

**မေးခွန်းအမျိုးအစားများ**

**အဖွင့်မေးခွန်း** (Open-ended) – တွေ့ဆုံမေးမြန်းမည့်သူ၏ အဖြစ်အပျက်များနှင့်ပတ်သက်သည့် သိမြင်နားလည်မှု အပေါ်တွင် ဝင်ရောက်စွက်ဖက်မှုမဖြစ်စေရန်အတွက် မေးမြန်းမည့်မေးခွန်းအများစုသည် အဖွင့်မေးခွန်းများဖြစ်သင့် သည်။

**အသေးစိတ်မေးခွန်း** (Specific) – ဖြစ်ပျက်သည့်အကြောင်းအရာနှင့်ပတ်သက်၍ အသေးစိပ်ပိုမိုသိရှိနိုင်ရန် မေးခွန်းများကိုဂရုတစိုက်အသေးစိတ်မေးကြသည်။

**ဦးတည်မေးခွန်း** (Leading) – ဤသို့သော မေးခွန်းများသည် ပုံမှန်အားဖြင့် ဟုတ်/မဟုတ်၊ မှန်/မမှန် မေးသည့် မေးခွန်းများဖြစ်ကြသည်။ ယင်းမေးခွန်းများကိုမေးခြင်းမှ ရှောင်ရှားသင့်သည်၊ သို့သော် မိမိမေးမြန်းသူ ပြောခဲ့သည်များအား ထပ်မံအတည်ပြုနိုင်ရန်အတွက် တွေ့ဆုံမေးမြန်းမှုအပြီးသတ်ပိုင်းတွင်မူ ယင်းကဲ့သို့သော မှန်/မမှန် မေးခွန်းများကို မေးနိုင်သည်။

**တိကျသေသပ်သောပုံစံ** (Structured)၊ **ထပ်ဆင့်မေးခွန်းမေးနိုင်သည့်ပုံစံ** (Semi-Structured)၊ **မေးခွန်းအတိအကျမရှိ သည့်ပုံစံ** (Unstructured) – ဤအရာများသည် တွေ့ဆုံမေးမြန်းမည့်သူအနေနှင့် မေးခွန်းများကိုဖြေဆိုရာတွင် မည်မျှလွတ်လပ်မှု ရှိ/မရှိ အတိုင်းအတာကို ခွင့်ပြုထားသော တွေ့ဆုံမေးမြန်းမှုအမျိုးအစားများ ဖြစ်ကြသည်။

## တွေ့ဆုံမေးမြန်းမှုအတွက်အစီအစဉ်ရေးဆွဲခြင်း

**သိထားသင့်သည့်အချက်အလက်များ**

ကောင်းမွန်တဲ့တွေ့ဆုံမေးမြန်းမှုတခုဖြစ်အောင် အစီအစဉ်ရေးဆွဲနိုင်ဖို့ အောက်ပါမေးခွန်းတွေကို အစီအစဉ်မဆွဲခင်မှာ ကြိုတင်စဉ်စားသင့်ပါတယ်။

- ဘယ်သူ့ကို တွေ့ဆုံမေးမြန်းမှာလဲ။
- ဘယ်သူက တွေ့ဆုံမေးမြန်မှာလဲ။
- သတင်းအချက်အလက်တွေကို ဘယ်လိုမှတ်တမ်းပြုစုမှာလဲ။
- ဘယ်လိုမေးခွန်းမျိုးတွေ မေးမှာလဲ။

တွေ့ဆုံမေးမြန်းမှုဆိုတာဟာ အချက်အလက်ရှာဖွေတဲ့နေရာမှာ အဓိကကျတဲ့နည်းလမ်းတခုဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ လူတွေမှာ ဖြစ်ပျက်တဲ့အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေ အများအပြားရှိနေလို့ပါ ပဲ။ လူ့အခွင့်အရေးချိုးဖောက်မှုတွေရဲ့ အသေးစိပ်အချက်အလက်တွေကို ပြည့်ပြည့်စုံစုံဖော်ထုတ်နိုင်ဖို့အတွက် အလွန် ထက်မြက်တဲ့ တွေ့ဆုံမေးမြန်းမှုစွမ်းရည်တွေရှိလာအောင်ပျိုးထောင်ပေးနိုင်ဖို့ သိပ်အရေးကြီးပါတယ်။ ကောင်းမွန်တဲ့ တွေ့ဆုံမေးမြန်းမှုစွမ်းရည်တွေမရှိဘူးဆိုရင် တွေ့ဆုံမေးမြန်မှုကရရှိတဲ့ သတင်းအချက်အလက်တွေဟာ မလုံလောက် တာ၊ မပြည့်စုံတာနဲ့ မရှင်းလင်းတာတွေ ဖြစ်ကောင်းဖြစ်နိုင်တဲ့အပြင် အချက်အလက်တွေအပေါ်မှာလည်း အများက ယုံကြည်လက်ခံမှုကင်းမဲ့တဲ့ အနေအထားမျိုးဖြစ်နိုင်ပါတယ်။ ညံ့ဖျင်းတဲ့တွေ့ဆုံမေးမြန်းမှုတခုက မျက်မြင်သက်သေ တွေကို သက်ဆိုင်ရာအဖြစ်အပျက်နဲ့ကင်းကွာစေတာမျိုး၊ ဒါမှမဟုတ် အဖွဲ့အစည်းတခုရဲ့ ဂုဏ်သတင်းကို ထိခိုက်စေတာမျိုး၊ ဒါမှမဟုတ် လူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ကျရောက်စေတာမျိုး ဖြစ်ကောင်းဖြစ်နိုင် ပါတယ်။ ကျွမ်းကျင် တဲ့တွေ့ဆုံမေးမြန်းသူတယောက်ဖြစ်လာဖို့ အချိန်ယူရတဲ့အပြင် လက်တွေ့ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

ဆွေးနွေးမှု

အောက်ပါဇယားကွက်ကို ပိုက်ဘုတ်ပေါ်မှာကပ်ပြီး ဇယားကွက်ပါမေးခွန်းတွေကို ဘယ်လိုဖြေမလဲဆိုတဲ့အပေါ် သင်တန်းသားတွေကို ဆွေးနွေးခိုင်းပါ။

| တွေ့ဆုံမေးမြန်းမှုအတွက်ပြင်ဆင်ရန် | ဘယ်လိုဆုံးဖြတ်မလဲ | ဘာကြောင့်လဲ |
|---|---|---|
| ဘယ်သူ့ကို တွေ့ဆုံမေးမြန်းသင့်သလဲ။ | | |
| ဘယ်သူက တွေ့ဆုံမေးမြန်းသင့်သလဲ။ | | |
| ဘယ်နေရာမှာ တွေ့ဆုံမေးမြန်းမှာလဲ။ | | |
| သတင်းအချက်အလက်တွေကို ဘယ်လို မှတ်တမ်းပြုစုမှာလဲ။ | | |

နမူနာအဖြေများ –

| တွေ့ဆုံမေးမြန်းမှုအတွက်ပြင်ဆင်ရန် | ဘယ်လိုဆုံးဖြတ်မလဲ | ဘာကြောင့်လဲ |
|---|---|---|
| ဘယ်သူ့ကို တွေ့ဆုံမေးမြန်းသင့်သလဲ။ | ဘယ်သူက ချိုးဖောက်ခံရသူလဲ၊ ဘယ်သူက ချိုးဖောက်မှု ကျူးလွန်တာလဲ(ဖြစ်နိုင်ပါက)၊ ဘယ်သူတွေက မျက်မြင်သက်သေ တွေလည်းဆိုတာ ကိုရှာပါ။ ချိုးဖောက်ခံရသူရော (ကျူးလွန်သူကိုပါ) တွေ့ဆုံမေးမြန်းနိုင်ရင် အသင့်တော်ဆုံး ဖြစ်တယ်။ သူတို့ကို မေးမြန်းခွင့်မရနိုင်ဘူးဆိုရင် မျက်မြင်သက်သေ တယောက် ကို တွေ့ဆုံမေးမြန်းပါ။ | အဖြစ်အပျက်ထဲ ကိုယ်တိုင်ပါဝင်တဲ့သူမှာ သတင်းအချက်အလက်အများဆုံး ရှိတယ်။ မျက်မြင်သက် သေတယောက်မှာလည်း အသုံးဝင်တဲ့ သတင်းအချက်အလက် တွေရှိလိမ့်မယ်။ |
| ဘယ်သူက တွေ့ဆုံမေးမြန်းသင့်သလဲ။ | အမေးခံရမယ့်သူနဲ့ ဘာသာစကားတူတဲ့သူ၊ တွေ့ဆုံမေးမြန်းမှု အတွေ့အကြုံရှိသူ၊ ဒါ့အပြင် အဖြစ်အပျက်နဲ့ ဆက်စပ်တဲ့ အခြေအနေတွေအပေါ် ဗဟုသုတရှိသူဖြစ်ရင် ပိုသင့်တော်လိမ့်မယ်။ ဘယ်သူကို မေးမှာလဲဆိုတဲ့ အပေါ်မှာလည်း မူတည်တယ်။ | အမေးခံရသူ ပိုသက်တောင့် သက်သာဖြစ် စေဖို့နဲ့ သတင်း အချက်အလက်အများဆုံး ရနိုင်ဖို့ ဖြစ်တယ်။ မေးခွန်းမေးခံရသူရဲ့ တုံ့ပြန်မှုသည် မေးသူရဲ့ အတွေ့အကြုံနဲ့ အပြုအမူအပေါ် မူတည် တယ်။ |
| ဘယ်နေရာမှာ တွေ့ဆုံမေးမြန်းမှာလဲ။ | တိတ်ဆိတ်ငြိမ်သက်ပြီး သီးသန့်လုံခြုံတဲ့နေရာဟာ အကောင်းဆုံးဖြစ်တယ်။ | လျှို့ဝှက်ထားနိုင်အောင်နဲ့ အမေး ခံရမယ့်သူအနေနဲ့ လုံခြုံတယ်လို့ သူ့စိတ်ထဲမှာခံစားရစေဖို့ဖြစ်တယ်။ |
| သတင်းအချက်အလက်တွေကို ဘယ်လို မှတ်တမ်းပြုစုမှာလဲ။ | လျှို့ဝှက်မှု/လုံခြုံရေးဆိုင်ရာကိစ္စတွေနဲ့ အမေးခံရသူရဲ့ သဘောတူချက်အပေါ် မူတည်တယ်။ | အဖြစ်အပျက်နဲ့ပတ်သက်တဲ့ ရေးသားချက်တွေ မှန်ကန်တိကျစေဖို့ ဖြစ်တယ်။ |

**လေ့ကျင့်ခန်း**

ဖြစ်ရပ်လေ့လာခြင်း

သင်တန်းသားတွေအနေနဲ့ အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၁ ကိုဖတ်ပြီး အဲ့ဒီစာစဉ်ထဲမှာပါတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မှတ်တမ်းတင်နိုင်ဖို့အတွက် တွေ့ဆုံမေးမြန်းမှုတခုလုပ်ဖို့ အစီအစဉ်ဆွဲရပါ မယ်။ သူတို့အနေနဲ့ ဒီလေ့ကျင့်ခန်းကို အစုအဖွဲ့နဲ့ဖြစ်စေ၊ တစ်ယောက်ချင်းဖြစ်စေ ဒါမှမဟုတ်လည်း အားလုံး ပေါင်းပြီးဖြစ်စေ လုပ်နိုင်ပါတယ်။

အစီအစဉ်ဆွဲတာကို ဒီမေးခွန်းတွေဖြေပြီး စလုပ်ကြည့်ပါ။

၁။ ဘယ်သူ့ကို တွေ့ဆုံမေးမြန်းသင့်သလဲ။

၂။ ဘယ်သူက တွေ့ဆုံမေးမြန်းသင့်သလဲ။

၃။ ဘယ်နေရာမှာ တွေ့ဆုံမေးမြန်းမှာလဲ။
၄။ သတင်းအချက်အလက်တွေကို ဘယ်လိုမှတ်တမ်းပြုစုမှာလဲ။

နမူနာအဖြေများ –
၁။ အခွင့်အရေးချိုးဖောက်ခံရတဲ့ မရီရီကို တွေ့ဆုံမေးမြန်းတာဟာ အသင့်တော်ဆုံးဖြစ်တယ်။
၂။ နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ စိတ်ဖိစီးမှုဒဏ်ခံခဲ့ရပေမယ့် အသက်ရှင်ကျန်ရစ်နေသူတွေကို တွေ့ဆုံမေးမြန်းဖူးတဲ့ အတွေ့အကြုံရှိသူဖြစ်ရင် ပိုသင့်တော်လိမ့်မယ်။ ဖြစ်နိုင်တာကတော့ မရီရီအနေနဲ့ သူ့ကိုမေးတဲ့သူက အမျိုးသမီးဖြစ်တယ်ဆိုရင် အမျိုးသမီးအချင်းချင်း သတင်းအချက်အလက်တွေ ပိုပြီးပေးကောင်းပေးနိုင်တယ်။
၃။ အမေးခံရမယ့်သူ သက်တောင့်သက်သာဖြစ်စေမယ့် ဘယ်နေရာမှာမဆို တွေ့ဆုံမေးမြန်းလို့ရတယ်။ ဘယ်မှာတွေ့ရင် အဆင်ပြေမလဲဆိုတာကို မရီရီကို အရင်မေးကြည့်ပါ။
၄။ မေးမြန်းတာတွေကို အသံဖမ်းထားလို့ရမရ မရီရီကို မေးပါ။

**သိထားသင့်သည့်အချက်အလက်များ**

**ဘယ်သူ့ကို တွေ့ဆုံမေးမြန်းမှာလဲ။**

မိမိ တွေ့ဆုံမေးမြန်းမယ့်သူတယောက်ကို ရှာရတာဟာ တခါတလေမှာလွယ်ပေမယ့် တခါတလေမှာလည်း မလွယ်လှပါဘူး။ တွေ့ဆုံမေးမြန်းဖို့ အသင့်တော်ဆုံးသူတွေကတော့ ဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက်ထဲမှာ တိုက်ရိုက်ပါဝင်ပတ်သက် သူနဲ့ အဲ့ဒီအဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သူတွေပါပဲ။

မတရားဖမ်းဆီးမှုတခုနဲ့ပတ်သက်ပြီး အချက်အလက်ရှာဖွေနေတယ်ဆိုရင် တကယ်အဖမ်းခံခဲ့ရသူဟာ တွေ့ဆုံမေးမြန်းဖို့ အသင့်တော်ဆုံးဖြစ်ပါတယ်။ အဖမ်းခံခဲ့ရသူကို မေးမြန်းလို့မရနိုင်ဘူးဆိုရင်တော့ ဒုတိယအသင့်တော်ဆုံး ရွေးချယ်သင့်သူတွေက အဲ့ဒီဖမ်းဆီးမှုကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သူတွေပါပဲ။ အဖမ်းခံရမှုနဲ့ပတ်သက်လို့ တဆင့်စကားတဆင့်ကြားပြီး ပြန်ပြောပြသူတွေဆီကရတဲ့ အချက်အလက်ကတော့ တန်ဖိုးမရှိပါဘူး။

မိမိ တွေ့ဆုံမေးမြန်းမယ့်သူတွေ ပြီးတော့ မိမိသွားမေးမြန်းမယ့်အရပ်ထဲကလူတွေ (Community) နဲ့ ယုံကြည်မှု တည်ဆောက်ဖို့လည်း အရေးကြီးပါတယ်။ တကယ်လို့ ဘယ်သူ့ကို တွေ့ဆုံမေးမြန်းရမယ်ဆိုတာ မသေချာဘူးဆိုရင် လူအမျိုးမျိုးနဲ့ စကားပြောကြည့်ပါ၊ မိမိ အချက်အလက်ရှာဖွေလိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘုန်းကြီးကျောင်း၊ ခရစ်ယာန် ဘုရားကျောင်း၊ ဗလီကျောင်း ဒါမှမဟုတ် အရပ်ထဲမှာ လိုက်မေးကြည့်ဖို့ စဉ်းစားပါ။ မိမိရဲ့ ရည်ရွယ်ချက်နဲ့ မိမိဘယ်သူဆိုတာကိုလည်း ရှင်းပြပါ။

**ဘယ်သူက တွေ့ဆုံမေးမြန်းမှာလဲ။**

အတွေ့အကြုံရှိပြီး ကျွမ်းကျင်တဲ့တွေ့ဆုံမေးမြန်းသူက မေးမြန်းတာဟာ အကောင်းဆုံးပါပဲ၊ ဒါပေမယ့် မေးမယ့်သူကို ရွေးချယ်ဖို့ စဉ်းစားတဲ့အခါ သူရဲ့ ပုဂ္ဂိုလ်ရေး၊ ယဉ်ကျေးမှု ဒါမှမဟုတ် နောက်ကြောင်းအတွေ့အကြုံတွေကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အမေးခံရမယ့်သူဟာ သူနဲ့ နောက်ကြောင်းရာဇဝင် ဒါမှမဟုတ် လိင် (Gender) အရ သင့်လျော်မှုရှိသူက မေးမြန်းမယ်ဆိုရင် ဖြေတဲ့နေရာမှာ ပိုပြီး သက်တောင့်သက်သာ ရှိကောင်း ရှိနိုင်ပါတယ်။

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့ ကြုံခဲ့ရတဲ့ အမျိုးသမီးတယောက်ဟာ အခြားအမျိုးသမီးတယောက်နဲ့ စကားပြောတဲ့အခါမှာ ပိုပြီးသက်တောင့်သက်သာ ရှိကောင်းရှိနိုင်ပါတယ်။
- တစ်ရပ်ကွက်ထဲနေသူ ဒါမှမဟုတ် လူမျိုးတူသူရဲ့ အစော်ကားခံရသူဟာ အခြားရပ်ကွက်ကလူ ဒါမှမဟုတ် အခြားလူမျိုးက တယောက်ယောက်နဲ့ စကားပြောဖို့ ပိုဆန္ဒရှိကောင်း ရှိနိုင်ပါတယ်။
- အမေးခံရမယ့်သူအနေနဲ့ ဘယ်လိုလူမျိုးနဲ့ အမေးအဖြေလုပ်ချင်သလဲဆိုတာကို တွေ့ဆုံမေးမြန်းမှုမလုပ်ခင် မေးကြည့်ပါ။

**ဘယ်နေရာမှာ တွေ့ဆုံမေးမြန်းမှာလဲ။**

- တွေ့ဆုံမေးမြန်းမယ့်နေရာဟာ တိတ်ဆိတ်ငြိမ်သက်ပြီး သက်တောင့်သက်သာရှိတဲ့ သီးသန့်နေရာတခုဖြစ်သင့်ပါတယ်။ တွေ့ဆုံမေးမြန်းတဲ့အခါမှာလည်း အမေးခံရမယ့်သူနဲ့ အချက်အလက်ရှာဖွေသူ (သူနဲ့အတူ ဘာသာပြန်တယောက် ပါကောင်းပါနိုင်) တွေပဲရှိတာ အကောင်းဆုံးပါ။ မေးမယ့်သူနဲ့ အမေးခံရမယ့်သူတွေပဲရှိရင် တွေ့ဆုံမေးမြန်းမှုဟာ စိတ်ချရတယ်လို့ အဓိပ္ပါယ်သက်ရောက်စေမှာ ဖြစ်ပါတယ်။ တကယ်လို့ အမေးခံရမယ့်သူမှာ

ထိလွယ်ရှလွယ် ဒါမှမဟုတ် အန္တရာယ်ရှိတဲ့ သတင်းအချက်အလက်တွေ ဖလှယ်ဖို့ရှိတယ်ဆိုရင် စကားပြောတဲ့နေရာက သီးသီးသန့်သန့်ဖြစ်ဖို့လိုပါတယ်။ သီးသန့်ဖြစ်မှု (Privacy) ဟာ လုံခြုံရေးအတွက် အရေးကြီးပါတယ်။

**ဆွေးနွေးမှု**

အောက်ပါဖော်ပြချက်ကို သင်တန်းသားတွေကြားအောင် ဖတ်ပြပါ။

လုံးလုံးလျားလျား သီးသန့်ဖြစ်နိုင်သည့်အခြေအနေ မရှိပါက အချက်အလက်ရှာဖွေသူအနေနှင့် တွေ့ဆုံမေးမြန်းမှုလုပ်နေစဉ်တွင် အနှောင့်အယှက် နည်းနိုင်သမျှနည်းစေရန်နှင့် တွေ့ဆုံမေးမြန်းမှုအားသိသူ နည်းနိုင်သမျှ နည်းစေရန် ကြိုးစားသင့်သည်။

အောက်ပါမေးခွန်းတွေကို ဆွေးနွေးပါ။

၁။ ဘာဖြစ်လို့ လုံးလုံးလျားလျား သီးသန့် မဖြစ်နိုင်ရတာလဲ။

၂။ အချက်အလက်ရှာဖွေသူက တွေ့ဆုံမေးမြန်းမှုလုပ်မယ့်နေရာရဲ့ ပတ်ဝန်းကျင်အခြေအနေတွေကို အမြဲတမ်း ထိန်းချုပ်နိုင်ပါသလား။ ဘာဖြစ်လို့ ထိန်းချုပ်နိုင်တာလဲ။ ဘာဖြစ်လို့ မထိန်းချုပ်နိုင်တာလဲ။

၃။ တွေ့ဆုံမေးမြန်းမှုတခုလုပ်ဖို့အတွက် ဖြစ်နိုင်တဲ့နေရာတွေက ဘယ်နေရာတွေလဲ။

၄။ တွေ့ဆုံမေးမြန်းမှုနဲ့ဆက်စပ်တဲ့ ပတ်ဝန်းကျင်အခြေအနေတွေကို တိုးတက်ကောင်းမွန်မှုရှိလာအောင် အချက်အလက်ရှာဖွေသူအနေနဲ့ ဘာတွေ လုပ်နိုင်မလဲ။

၅။ တွေ့ဆုံမေးမြန်းမှုနဲ့ဆက်စပ်တဲ့ ပတ်ဝန်းကျင်အခြေအနေတွေကို ဘယ်လိုနည်းနဲ့မှ အပြောင်းအလဲ မလုပ်နိုင်ဘူးဆိုရင် မိမိ (အချက်အလက်ရှာဖွေသူ) အနေနဲ့ ဘာလုပ်သင့်သလဲ။

**နမူနာအဖြေများ -**

အချက်အလက်ရှာဖွေသူတွေအနေနဲ့ ဘယ်နေရာမှာ တွေ့ဆုံမေးမြန်းမှုလုပ်မယ်ဆိုတဲ့အပေါ် တခါတလေမှာ ထိန်းချုပ်နိုင်မှာ မဟုတ်ဘူး။ တွေ့ဆုံမေးမြန်းမှုတွေကို အကျဉ်းထောင်ထဲက အခန်းတခုမှာ၊ ရွာထဲက အိမ်တလုံးမှာ၊ လမ်းပေါ်မှာ စသဖြင့် လုပ်ကောင်းလုပ်ရနိုင်တယ်။ ဒါကြောင့် အချက်အလက်ရှာဖွေသူအနေနဲ့ တွေ့ဆုံမေးမြန်းမှုနဲ့ဆက်စပ်တဲ့ ပတ်ဝန်းကျင်အခြေအနေတွေကို ဂရုစိုက်ပြီး အဲ့ဒီအခြေအနေတွေအောက်မှာပဲ ရနိုင်တဲ့သတင်းအချက်အလက် ဘယ်ဟာ ကိုမဆိုရအောင်ကြိုးစားသင့်တယ်။

သီးသန့်ဖြစ်မှုနဲ့ လုံခြုံရေးရှုထောင့်တွေကကြည့်ရင် တွေ့ဆုံမေးမြန်းမှုတိုင်းဟာ အကောင်းဆုံး (Ideal) ဆိုတဲ့ အနေအထားမျိုး ဖြစ်ချင်မှဖြစ်လိမ့်မယ်။ ဒါပေမယ့် ကိုယ်က အချက်အလက်ရှာဖွေသူဖြစ်တာမို့ ဘယ်လိုအနေအထားမျိုးဟာ အကောင်းဆုံး ဆိုတာကို ခေါင်းထဲထည့်ထားသင့်တယ်၊ ပြီးတော့ တွေ့ဆုံမေးမြန်းမှုနဲ့ဆက်စပ်တဲ့ ပတ်ဝန်းကျင် အခြေအနေတွေကို အကောင်းဆုံးအနေအထားနဲ့ ဖြစ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်အောင် ဘယ်လိုပြုပြင်မလဲဆိုတာကို အမြဲတမ်း စဉ်းစားသင့်တယ်။ လုံခြုံမှု၊ လျှို့ဝှက်မှုနဲ့ သီးသန့်ဖြစ်မှုတွေ များနိုင်သမျှ များများရှိနိုင်အောင် ဘယ်အရာတွေကို ဘယ်လိုပြုပြင်မလဲဆိုတာ စဉ်းစားပါ။ တွေ့ဆုံမေးမြန်းမှုလုပ်ရာတွင် အကောင်းဆုံးမဟုတ်တဲ့အခြေအနေတွေနဲ့ကြုံတဲ့အခါတိုင်းမှာ တွေ့ဆုံမေးမြန်းတဲ့နေရာရဲ့ ပတ်ဝန်းကျင်အခြေအနေဟာ အဲဒီတွေ့ဆုံမေးမြန်းမှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်းကိုအဲ့ဒီ မေးမြန်းမှုမှတ်တမ်းမှာ မှတ်ချက်ရေးပါ။

**သိထားသင့်သည့်အချက်အလက်များ**

ဘာကြောင့် တွေ့ဆုံမေးမြန်းမှုနဲ့ပတ်သက်ပြီး လေ့လာသင်ယူသင့်ပါသလဲ။

- တွေ့ဆုံမေးမြန်းမှုဆိုတာဟာ အချက်အလက်ရှာဖွေတဲ့နေရာမှာ အဓိကကျတဲ့နည်းလမ်းတခုဖြစ်တယ်။
- ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး လူတွေမှာ သတင်းအချက်အလက်တွေ အများအပြား ရှိနေကြတယ်။
- လူ့အခွင့်အရေးချိုးဖောက်မှုတွေရဲ့ အသေးစိပ်အချက်အလက်တွေ ရနိုင်တယ်။
- လုံလောက်တဲ့၊ ပြည့်စုံတဲ့၊ ရှင်းလင်းတဲ့၊ ပြီးတော့ အများယုံကြည်လက်ခံမှုရှိတဲ့ သတင်းအချက်အလက်တွေ ရနိုင်တယ်။
- ညှိဖျင်းတဲ့တွေ့ဆုံမေးမြန်းမှုတခုဆိုတာဟာ သက်ဆိုင်ရာအဖြစ်အပျက်တွေထဲမှာ မျက်မြင်သက်သေတွေမပါတာမျိုး၊ အဖွဲ့အစည်းတခုရဲ့ ဂုဏ်သတင်းကို ထိခိုက်စေတာမျိုး၊ ပြီးတော့ လူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ကို

အန္တရာယ်ကျရောက်စေတာမျိုး ဖြစ်ကောင်းဖြစ်နိုင်တယ်။

- တခါတလေမှာ လူတွေက သတင်းအချက်အလက်အမှားတွေ တမင်တကာ ပေးတတ်ကြတယ်။

ကျွမ်းကျင်တဲ့တွေ့ဆုံမေးမြန်းသူတယောက်ဖြစ်လာဖို့ အချိန်ယူရတဲ့အပြင် လက်တွေ့ဆောင်ရွက်ဖို့လည်း လိုအပ်ပါ တယ်။

**ဆွေးနွေးမှု**

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် - ၂ အသုံးပြုပါ။** ဒီစာစဉ်ကို သင်တန်းသားတွေ ဖတ်ပါစေ၊ ဒါမှမဟုတ်လည်း သင်တန်းဆရာက ဖတ်ပြပါ။ သင်တန်းသားတွေကို မေးခွန်းတခုချင်းရဲ့ အဖြေဟာဘာလဲလို့ ခန့်မှန်းခိုင်းပါ။ ပြီးရင် အောက်က အကြောင်းအရာတွေကို ဆက်သွားပါ။ အခြေခံ တွေ့ဆုံမေးမြန်းမှုအပိုင်း သင်ခန်းစာပြီးသွားတဲ့အခါမှာ တော့ သင်ခန်းစာကိုပြန်နွေးတဲ့အနေနဲ့ ဒီမေးခွန်းတွေကို ပြန်မေးနိုင်ပါတယ်။

အဖြေများ – ၁။ (က) ၂။ (ခ) ၃။ (က) ၄။ (ဂ) ၅။ (ခ) ၆။ (ဂ) ၇။ (က) ၈။ (ဂ) ၉။ (ဂ)

ညှိနှိုင်းအဖြေရှာခြင်း

သင်တန်းသားတွေကို အောက်ပါမေးခွန်းတွေ မြန်မြန်ဖြေခိုင်းပါ။

- ဘာကြောင့် တွေ့ဆုံမေးမြန်းမှုဟာ အချက်အလက်ရှာဖွေတဲ့နေရာမှာ အရေးကြီးတဲ့နည်းလမ်းတခုလို့ ထင်တာလဲ။
- ဘာကြောင့် တွေ့ဆုံမေးမြန်းမှုနဲ့ပတ်သက်ပြီး ကျွမ်းကျင်မှုကောင်းကောင်းရှိဖို့ အရေးကြီးတာလဲ။
- ညံ့ဖျင်းတဲ့ တွေ့ဆုံမေးမြန်းမှုနည်းလမ်းတွေကိုသုံးရင် ဘယ်လိုထိခိုက်နစ်နာမှုမျိုးတွေ ကြုံရနိုင်သလဲ။

နမူနာအဖြေများ –

- လူတွေမှာ သူတို့ပါဝင်ပတ်သက်ခဲ့တဲ့ ဒါမှမဟုတ် မြင်တွေ့ခဲ့တဲ့ အဖြစ်အပျက်နဲ့ပတ်သက်ပြီး သတင်းအချက် အလက် အများကြီးရှိကြတယ်။
- ကိုယ့်အပေါ်လူတွေယုံကြည်မှုရှိလာအောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုသိရင်၊ မေးခွန်းကောင်းကောင်း ဘယ်လို မေးရမယ်ဆိုတာကို သိရင် တွေ့ဆုံမေးမြန်းမှုကနေ သတင်းအချက်အလက် ပိုရမှာဖြစ်တယ်။
- အမေးခံရသူက ကိုယ့်ကိုမယုံဘူးဆိုရင် ကိုယ်မေးတဲ့မေးခွန်းတွေကိုဖြေဖို့ ငြင်းနိုင်တယ်။ ဒါမှမဟုတ်လို့ ကိုယ် မေးတဲ့မေးခွန်းတွေက မရှင်းလင်းတာ၊ ဦးတည်မေးခွန်းတွေဖြစ်နေတာဆိုရင်လည်း အမေးခံရသူက မှန်ကန် တိကျမှုမရှိတဲ့ သတင်းအချက်အလက်တွေ ကိုယ့်ကိုပေးနိုင်တယ်။

## မေးခွန်းများ ရွေးချယ်ခြင်း

**ဆွေးနွေးမှု**

မေးခွန်းတွေရွေးချယ်တယ်ဆိုတာကတော့ နေ့စဉ်ဘဝမှာ တချိန်လုံးဖြစ်ပျက်နေတာထဲက တစုံတယောက်ရဲ့ အတွေ့ အကြုံကိုသိရအောင် မေးခွန်းတွေ မေးသလိုပါပဲ။ လူ့အခွင့်အရေးကိစ္စတွေအတွက် တွေ့ဆုံမေးမြန်းမှုနဲ့ပတ်သက်လို့ မလေ့လာခင်မှာ တယောက်ယောက်အကြောင်း သိချင်ရင် ကိုယ်ဘယ်လိုမေးခွန်းမျိုးတွေ မေးမလဲလို့ အရင် စဉ်းစား ကြည့်ပါ။

ညှိနှိုင်းအဖြေရှာခြင်း

ကောင်မလေးတယောက်နဲ့ ပထမဆုံးအကြိမ် ချိန်းတွေ့တယ်ဆိုပါစို့။ တွေ့တဲ့အခါ ကောင်မလေးကို ဘယ်လိုမေးခွန်းမျိုး တွေ မေးမှာလဲ။ သင်တန်းသားတွေကို အဲ့ဒီလို စိတ်ကူးခိုင်းပြီး သူတို့မေးမယ့် မေးခွန်းတွေကို ပို့က်ဘုတ်ပေါ်မှာ ရေးချ ပါ။ မေးခွန်းတွေ ရေးချပြီးတဲ့အခါ ဘာ့ကြောင့် အဲ့ဒီမေးခွန်းတွေကို ရွေးသလဲ၊ ဘာတွေသိချင်လို့ အဲ့ဒီမေးခွန်းတွေ မေးရသလဲဆိုတာကို ဆွေးနွေးခိုင်းပါ။ ပြီးတဲ့အခါ အဲ့ဒီမေးခွန်းတွေထဲကပဲ တချို့မမေးသင့်တာ ဘာရှိမလဲ သူတို့ကို မေးပါ၊ ဘာကြောင့် မမေးသင့်ဘူးလို့ သူတို့ယူဆသလဲဆိုတာကို ဆွေးနွေးခိုင်းပါ။

**လေ့ကျင့်ခန်း**

'တစ်ယောက်တစ်လှည့်ပြောခြင်း' လေ့ကျင့်ခန်း – အခုလေးတင် ထိုင်းနိုင်ငံထဲရောက်လာတဲ့ Internally Displaced Person (IDP) တစ်ယောက်နဲ့ စကား ပြောဖြစ်တယ်ဆိုပါစို့။ သူ့ကို ဘာမေးခွန်းတွေ မေးမှာလဲ။

သင်တန်းသားတွေအနေနဲ့ (လူ့အခွင့်အရေးအချက်အလက်ရှာဖွေသူတွေအနေနဲ့) အဲ့ဒီ IDP နဲ့ပတ်သက်လို့ ဘာတွေ သိချင်မလဲဆိုတာကို ဆွေးနွေးပါ။ အဲ့ဒီလူကို တွေ့ဆုံမေးမြန်းရတဲ့ရည်ရွယ်ချက်က ဘာလဲဆိုတာကိုမေးပါ။ ပြီးတော့ အဲ့ဒီလူကို မေးခွန်းတွေမေးနေတဲ့အချိန်မှာ ကိုယ့်ရည်ရွယ်ချက်ကိုလည်း ခေါင်းထဲထည့်ထားဖို့ သူတို့ကို သတိပေးပါ။ သင်တန်းသားထဲက တစ်ယောက်ကို မေးခွန်းတွေ လိုက်မှတ်ခိုင်းပါ။

သင်တန်းဆရာက ပထမ ဆုံးမေးခွန်း စမေးပြီး သင်တန်းသားတယောက်ကို မိုက်ကရိုဖုန်း ပေးလိုက်ပါ။ အဲ့ဒီသင်တန်းသားက (အမေးခံရသူအနေနဲ့) ပြန်ဖြေပြီး 'မိုက်' ကို ဘေးကတယောက်ဆီ ဆက်ကမ်းပါ။ ပြီးတော့ သင်တန်းသားတွေအားလုံး တယောက်မေး တယောက်ဖြေဖြစ်အောင် 'မိုက်' ကို ဆက်ပြီး လက်ဆင့်ကမ်းပါ။

အားလုံး အမေးအဖြေလုပ်ပြီးတဲ့အခါ လိုက်မှတ်ထားတဲ့ မေးခွန်းတွေကို ဖတ်ကြည့်ပါ။

## တွေ့ဆုံမေးမြန်းမှု အစိတ်အပိုင်းများ

**သိထားသင့်သည့်အချက်အလက်များ**

အချက်အလက်ရှာဖွေသူနဲ့ အမေးခံရမယ့်သူအကြား အပြန်အလှန်ခင်မင်မှုနဲ့ ယုံကြည်မှုတွေ စတင်တည်ဆောက်ရာမှာ တယောက်အပေါ်တယောက် ပထမဆုံးမြင်တဲ့အမြင်က သိပ်အရေးကြီးပါတယ်။ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မှတ်တမ်းတင်တဲ့အခါမှာ ဒီအမြင်က သိပ်အရေးကြီးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး ချိုးဖောက်ခံရသူတွေကို တွေ့ဆုံမေးမြန်းတဲ့အခါမှာ အမေးခံရသူတွေက လက်စားချေခံရမှာကို ကြောက်တာ ဒါမှမဟုတ်လည်း သူတို့ကိုယ်သူတို့ ဘာမှလုပ်နိုင်စွမ်းမရှိဘူး (Powerless) လို့ ခံစားရတာတွေကြောင့် သတင်းအချက်တွေဖလှယ်ဖို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်ကောင်းဖြစ်နေနိုင်လို့ပါပဲ။ ဒါကြောင့် မေးမြန်းမှုမစခင်မှာ အမေးခံရမယ့်သူကို သက်တောင့်သက်သာဖြစ်အောင် လုပ်ပေးဖို့ သိပ်အရေးကြီးပါတယ်။

အချက်အလက်ရှာဖွေသူတွေအနေနဲ့ ကိုယ်ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘယ်အဖွဲ့အစည်းကို ကိုယ်စားပြုတယ် စသဖြင့် ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်ပြီး တွေ့ဆုံမေးမြန်းမှုကို စတင်သင့်ပါတယ်။ ပြီးတော့ ဘာရည်ရွယ်ချက်နဲ့ အခုလို တွေ့ဆုံမေးမြန်းမှုလုပ်တယ်၊ ရတဲ့ သတင်းအချက်အလက်တွေကို ဘယ်လို အသုံးပြုသွားနိုင်တယ် ဆိုတာတွေကိုလည်း ရှင်းပြသင့်ပါတယ်။ အမေးခံသူအနေနဲ့ မေးတဲ့သူက ဘယ်သူလဲ၊ သူ့အဖွဲ့အစည်းက ဘာတွေလုပ်နိုင်တာလဲ၊ ပြီးတော့ သူရရှိတဲ့ သတင်းအချက်ကို ဘယ်လိုအသုံးပြုဖို့ ရည်ရွယ်ထားသလဲ စတာတွေကို အသေအချာ အပြည့်အဝ နားလည်သဘောပေါက်ဖို့ အရေးကြီးပါတယ်။

လိုအပ်တာတွေ မိတ်ဆက်ရှင်းပြပြီးတဲ့အခါမှာတော့ အချက်အလက်ရှာဖွေသူအနေနဲ့ သတင်းအချက်အလက်ပေးတဲ့အတွက် ဖြစ်လာနိုင်တဲ့ လုံခြုံရေးအန္တရာယ်ကို ရှင်းပြပြီး အချက်အလက်လျှို့ဝှက်မှုကိစ္စတွေကို အမေးခံရမယ့်သူနဲ့ ဆွေးနွေးသင့်ပါတယ်။ အမေးခံရမယ့်သူဆီက သဘောတူခွင့်ပြုချက်ရမှပဲ မေးမြန်းမှုကို ဆက်လုပ်ပါ။ မေးမြန်းနေစဉ်အတွင်းမှာ မှတ်စုလိုက်မယ်ဆိုရင် ဒါမှမဟုတ် အသံဖမ်းစက်သုံးမယ်ဆိုရင်လည်း အဲ့ဒီလို လုပ်ခွင့် ပြု/မပြုကို အမေးခံရမယ့်သူဆီက ခွင့်တောင်းပါ။

**လေ့ကျင့်ခန်း**

အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၃ ကို အသုံးပြုပါ။ အစက်ချထားတဲ့လိုင်းအတိုင်းဖြတ်ပါ။ အောက်ပါ တွေ့ဆုံမေးမြန်းမှု အစိတ်အပိုင်းတွေကို ဝှိုက်ဘုတ်ပေါ်မှာ ရေးချပါ။

၁။ မိမိအကြောင်း၊ မိမိအဖွဲ့အစည်းအကြောင်း မိတ်ဆက်ခြင်း၊
၂။ တွေ့ဆုံမေးမြန်းမှု၏ရည်ရွယ်ချက်ကို ရှင်းပြခြင်း၊
၃။ ရရှိသည့်အချက်အလက်များအား မည်သို့အသုံးပြုသွားမည်ကို ရှင်းပြခြင်း၊
၄။ လျှို့ဝှက်မှုကို ဆွေးနွေးခြင်းနှင့် သဘောတူခွင့်ပြုချက်ယူခြင်း၊
၅။ မှတ်စုလိုက်ရန် ခွင့်တောင်းခြင်း၊
၆။ မိတ်ဆက်ခြင်းအစီအစဉ် နိဂုံးချုပ်ခြင်း။

ဖြတ်ထားတဲ့ စာရွက်ပိုင်းတွေကို သင်တန်းသားဦးရေပေါ်မူတည်ပြီး တစ်ဦးစီ ဒါမှမဟုတ် နှစ်ယောက်တတွဲစီ ပေးပါ။ သင်တန်းသားတွေက ရှေ့ကိုထွက်လာပြီး သူတို့မှာရှိတဲ့ စာရွက်ဖြတ်ပိုင်းတွေကို ပိုက်ဘုတ်ပေါ်မှာ ရေးထားတဲ့ တွေ့ဆုံဆွေးနွေးမှု အစိတ်အပိုင်းတွေထဲက လိုက်လျောညီထွေရှိတဲ့ အစိတ်အပိုင်းဘေးမှာ ကပ်ပေးရပါမယ်။

အဖြေများ –
၁။ (ဂ) ၂။ (ဃ) ၃။ (င) ၄။ (စ) ၅။ (ခ) ၆။ (က)

## မိတ်ဆက်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာမေးခွန်းများ

**ဆွေးနွေးမှု**

တချို့အချက်အလက်ရှာဖွေသူတွေက သူတို့ရဲ့ တွေ့ဆုံမေးမြန်းမှုတွေကို အောက်ပါမေးခွန်းတွေနဲ့ စကြပါတယ်။

- နာမည်အပြည့်အစုံက ဘယ်လိုခေါ်ပါသလဲ။
- ဘယ်တုန်းက မွေးတာလဲ။
- ဘယ်ရွာက လာတာလဲ။
- အိမ်ထောင်ရှိပြီလား။
- ကလေးရော ရှိပြီလား။ ဘယ်နှစ်ယောက် ရှိပြီလဲ။
- ဘာအလုပ်လုပ်ပါသလဲ။

အောက်ပါမေးခွန်းတွေကို ဆွေးနွေးပါ။

- ဘာဖြစ်လို့ အဲ့ဒီလိုမေးခွန်းမျိုးတွေ သူတို့မေးတာလဲ။
- တွေ့ဆုံမေးမြန်းမှုကို ဒီလိုရိုးရိုးမေးခွန်းတွေနဲ့ စတာဟာ ဘာကြောင့် အသုံးဝင်ပါသလဲ။
- ကိုယ်လုပ်ဖူးတဲ့ တွေ့ဆုံမေးမြန်းမှုတွေမှာရော ဒီလိုမေးခွန်းတွေ မေးဖူးပါသလား။ ဘာဖြစ်လို့ မေးတာလဲ။
- ဒီလိုမေးတာဟာ တွေ့ဆုံမေးမြန်းမှုကို ဘယ်လို အကျိုးရှိစေသလဲ။

နမူနာအဖြေများ –
အမေးခံရသူအနေနဲ့ ပိုပြီး အမေးခံရတာ နေသားတကျနဲ့ သက်တောင့်သက်သာဖြစ်လာစေဖို့၊ အချက်အလက် ရှာဖွေသူ (မေးခွန်းမေးသူ) နဲ့လဲ ပိုပြီးရင်းနှီးလာစေဖို့၊ ပြီးတော့ သူတို့နှစ်ယောက်ကြားမှာလည်း ယုံကြည်မှု စတင် တည်ဆောက်နိုင်ဖို့အတွက် ဒီလိုမေးခွန်းတွေနဲ့ တွေ့ဆုံမေးမြန်းမှုကိုစရင် အဆင်ပြေပါတယ်။

## တွေ့ဆုံမေးမြန်းခြင်း

တိကျသေသပ်သောပုံစံ (Structured)၊ ထပ်ဆင့်မေးခွန်းမေးနိုင်သည့်ပုံစံ (Semi-Structured) နှင့် မေးခွန်းအတိအကျမရှိသည့်ပုံစံ (Unstructured) တွေ့ဆုံမေးမြန်းမှုများ

**သိထားသင့်သည့်အချက်အလက်များ**

အဓိပ္ပါယ်ဖွင့်ဆိုချက်များ –

၁။ အဖွင့်မေးခွန်း (Open-ended) – ရှင်းပြသည့်အဖြေလိုသော မေးခွန်းဖြစ်။
  က။ ဘာဖြစ်လို့ အိပ်ယာထနောက်ကျတာလဲ – အဖွင့်မေးခွန်းဖြစ်သည်
  ခ။ ညတုန်းက ရုပ်ရှင်ကြည့်နေလို့ အိပ်ယာထနောက်ကျတာ မဟုတ်လား – အဖွင့်မေးခွန်းမဟုတ်ပါ

၂။ မေးခွန်းအတိအကျပုံစံ– အသေးစိပ်အချက်အလက်အများအပြားပါဝင်ပြီး မေးသူကထိန်းချုပ်သော မေးခွန်း ပုံစံဖြစ် (အဖွင့်မေးခွန်းများမဟုတ်)။

၃။ ထပ်ဆင့်မေးခွန်းမေးနိုင်သည့်ပုံစံ – မေးမည့်သူ၌ မေးခွန်း သို့မဟုတ် မေးမည့်အကြောင်းအရာခေါင်းစဉ် အစုလိုက်ရှိသော်လည်း မေးခွန်းများသည် အဖွင့်မေးခွန်းများဖြစ်၍ ရှင်းပြချက်လိုအပ်သည့် မေးခွန်းများဖြစ်။

၄။ မေးခွန်းအတိအကျမရှိသည့်ပုံစံ – လျော့ရဲရဲမေးခွန်းပုံစံဖြစ်၊ အမေးခံရသူက ပြောလိုသည်ကိုပြောနိုင်။

**လေ့ကျင့်ခန်း**

သင်တန်းသားတွေကို ကောင်မလေးနဲ့ ချိန်းတွေ့တဲ့အကြောင်း ပြန်တွေးခိုင်းပြီး သူတို့ကောင်မလေးနဲ့ ပတ်သက်လို့ ဘာတွေသိချင်တာလဲဆိုတာကို စဉ်းစားခိုင်းပါ။ ပြီးတော့ သူတို့သိချင်တာတွေ သိရဖို့အတွက် ဘာမေးခွန်းတွေ မေးဖို့လိုမလဲ စဉ်းစားခိုင်းပါ။ သင်တန်းသားတွေအနေနဲ့ သူတို့ကောင်မလေးနဲ့ ပထမဆုံးချိန်းတွေ့တဲ့အခါမှာ တွေ့ဆုံမေးမြန်းမှုပုံစံသုံးမျိုး လုပ်ဖို့ အစီအစဉ်ဆွဲရပါမယ်။ ဒီလေ့ကျင့်ခန်းကို သုံးမိနစ်စီလုပ်ဖို့ နှစ်ယောက်တတွဲ တွဲခိုင်းပါ။

**အဖွဲ့ ၁** - (မေးခွန်းအတိအကျပုံစံ) – တစ်ယောက်က စစ်တမ်းကောက်တဲ့ပုံစံ မေးခွန်းတစုံ ဖန်တီးပါ။
**အဖွဲ့ ၂** - (ထပ်ဆင့်မေးခွန်းမေးနိုင်သည့်ပုံစံ) – သိချင်တာတွေအတွက် မေးခွန်းတစုံဖန်တီးပါ၊ အဲ့ဒီမေးခွန်းတွေဟာ အဖွင့်မေးခွန်းတွေဖြစ်ဖို့လိုတဲ့အပြင် ရှင်းပြချက်အဖြေလိုတဲ့ မေးခွန်းတွေလည်း ဖြစ်ဖို့လိုတယ်။
**အဖွဲ့ ၃** - (မေးခွန်းအတိအကျမရှိသည့်ပုံစံ) – အဖွင့်မေးခွန်းတခုပဲရှိပြီး သိပ်လျော့ရဲရဲနိုင်တဲ့မေးခွန်းမျိုး၊ ပြီးတော့ အမေးခံရတဲ့သူ ပြောနေတာရပ်သွားရင်လည်း မေးတဲ့သူက ဝင်ပြောတဲ့ပုံစံ

မေးခဲ့တဲ့မေးခွန်းတွေထဲက တချို့မေးခွန်းတွေနဲ့ပတ်သက်လို့ ဆွေးနွေးပါ။ အချက်အလက်ရှာဖွေသူတွေအနေနဲ့ သူတို့လိုချင်တဲ့အချက်အလက် ရပါသလား။

သင်တန်းသားတွေကို အောက်ပါမေးခွန်းတွေ ဖြေခိုင်းပါ။
ဘယ်လိုအချက်အလက်မျိုးတွေ ရပါသလဲ။
ပုံစံတခုချင်းစီရဲ့ အားသာချက်နဲ့ အားနည်းချက်က ဘာတွေလဲ။
ပုံစံတခုချင်းစီမှာ ဘယ်သူက တွေ့ဆုံမေးမြန်းမှုကို ထိန်းချုပ်သလဲ။
မေးခွန်းအတိအကျရှိတဲ့ပုံစံက ဘယ်လိုအခြေအနေအောက်မှာ အသုံးဝင်သလဲ။

**သိထားသင့်သည့်အချက်အလက်များ**

တိကျသောမေးခွန်းပုံစံ၊ ထပ်ဆင့်မေးခွန်းမေးနိုင်တဲ့ပုံစံနဲ့ မေးခွန်းအတိအကျမရှိတဲ့ပုံစံ တွေ့ဆုံမေးမြန်းမှုတွေကြားက ကွဲပြားခြားနားမှုကို ရှင်းပြဖို့အတွက် 'ချိန်းတွေ့' လေ့ကျင့်ခန်းက ဥပမာတွေကို အသုံးပြုပါ။ အောက်ပါပုံတွေကို အသုံးပြုပြီးတော့ သင်တန်းသားတွေမေးခဲ့တဲ့ မေးခွန်းတွေကို ဇယားကွက်ဆွဲနိုင်ပါတယ်။

တိကျသောမေးခွန်းပုံစံ = မေးခွန်းတွေကျယ်ကျယ်ပြန့်ပြန့်မေးနိုင်တယ်၊ အချက်အလက် ရရှိနိုင်မှု တိမ်တယ်။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|

မေးခွန်းအတိအကျမရှိသည့်ပုံစံ = မေးခွန်းမေးနိုင်မှု ဘောင်ကျဉ်းတယ်၊ ဒါပေမယ့် အချက်အလက်တွေ ထဲထဲဝင်ဝင် ရရှိနိုင်မှုမှာ အားသာတယ်။

| | | | |
|---|---|---|---|

ထပ်ဆင့်မေးခွန်းမေးနိုင်သည့်ပုံစံ = အပေါ်ကပုံစံ နှစ်ခုကြားမှာရှိတယ်၊ ကျယ်ပြန့်မှုမှာရော အချက်အလက် ရရှိမှုမှာပါ အလယ်အလတ်ဖြစ်တယ်။

| | | | | | | |
|---|---|---|---|---|---|---|

အဓိကအချက်များ – ထပ်ဆင့်မေးခွန်းမေးနိုင်သည့်ပုံစံ၏ အားကောင်းချက်များ
- ရည်ရွယ်ချက်ရှိသင့် – ဘာဖြစ်လို့ တွေ့ဆုံမေးမြန်းတာလဲ။

- အမေးခံရသူက ကိုယ့်ကိုဘာပြောမလဲဆိုတာတိုင်းကို မှန်းလို့ရကောင်းရနိုင်မှာမဟုတ်ဘူး၊ ပြီးတော့ ဒီပုံစံက ကိုယ်တခုခုပြောင်းချင်ရင် တစုံတရာပြောင်းခွင့်ပြုထားတယ်။
- ဖြေတဲ့သူအတွက် ပိုပြီး သက်တောင့်သက်သာဖြစ်စေတယ်။

**လေ့ကျင့်ခန်း**

မရီရီ ပြောပြတဲ့ အကြောင်းအရာ (**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ်** - ၁) ဆီ ပြန်သွားပါ။ သူနဲ့ ထပ်ဆင့်မေးခွန်း မေးနိုင် တဲ့ပုံစံ တွေ့ဆုံမေးမြန်းမှုလုပ်နိုင်ဖို့အတွက် မေးခွန်း/အမေးအဖြေလမ်းညွှန်တစုံ ဖန်တီးပါ။

## အမေးခံရသူက ဇာတ်ကြောင်းပြန်ခြင်း

**သိထားသင့်သည့်အချက်အလက်များ**

အချက်အလက်ရှာဖွေသူအနေနဲ့ ကိုယ်မေးနေတဲ့သူက သူသိခဲ့တဲ့အဖြစ်အပျက်တွေအကြောင်း ပြန်ပြောပြတဲ့အခါမှာ ဟိုပြောဒီပြော ဝင်ပြောတာမျိုးမလုပ်ဘဲ သူပြောလိုတာကို လွတ်လွတ်လပ်လပ် ပြောခွင့်ပေးဖို့လိုပါတယ်။ ပြောပြတဲ့ အကြောင်းအရာတွေ ဟိုရောက်လိုက် ဒီရောက်လိုက်ဖြစ်နေတာ၊ လုံးလည်ချာလည်လိုက်နေတာ ဒါမှမဟုတ် ကိစ္စတခုကိုပဲ ထပ်တလဲပြောနေတာ၊ ပြီးတော့ မဆိုင်တာတွေ ပြောနေတာတောင်မှပဲ နည်းနည်းလေး ဝင်ပြောတာကလွဲပြီး သူ့ကို အစကနေအဆုံး ပြောခွင့်ပေးသင့် ပါတယ်။

ကိုယ်မေးပြီးလို့ သူပြောတာကို နားထောင်နေချိန်မှာလည်း အချက်အလက်ရှာဖွေသူအနေနဲ့ သူပြောပြတဲ့အကြောင်း အရာတွေထဲမှာ နားမလည်တာ တစုံတရာရှိတယ်လို့ယူဆရင် အဲ့ဒါကို လိုက်မှတ်ထားပြီး နောက်မှ အဲဒီနားမလည်တဲ့ အချက်တွေကို ထပ်ပြီးမေးခွန်းတွေ မေးသင့်ပါတယ်။

ကိုယ်မေးမယ့်သူက ဇာတ်ကြောင်းပြန်ပြီးရင်တော့ သူပြောခဲ့တာတွေကို 'ဘ' ခြောက်လုံး (ဘယ်သူလဲ၊ ဘာဖြစ်တာ လဲ၊ ဘယ်မှာဖြစ်တာလဲ၊ ဘယ်တော့ဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲနဲ့ ဘယ်လိုဖြစ်တာလဲ) နဲ့ ပြန်စစ်ဖို့အချိန် ရောက်ပါပြီ။ ဘယ်လို လူ့အခွင့်အရေးချိုးဖောက်မှုကိုဖြစ်ဖြစ် စတင်မှတ်တမ်းတင်နိုင်ဖို့ ဒီ 'ဘ' ခြောက်လုံးက အရေး ကြီးပါတယ်။ ကိုယ်မေးတဲ့သူပြောပြတဲ့အထဲမှာ 'ဘ' ခြောက်လုံးအတွက် အဖြေတွေ မပါဘူးဆိုရင် အချက်အလက် ရှာဖွေသူအနေနဲ့ အဖြေရအောင် အဖွင့်မေးခွန်းတွေမေးပြီး အစဖော်ပေးဖို့လိုပါတယ်။

- ဘယ်သူလဲ – အဖြစ်အပျက်မှာ ဘယ်သူတွေ ပါဝင်ပတ်သက်သလဲ။
- ဘာလဲ – ဘာဖြစ်တာလဲ။
- ဘယ်မှာလဲ – ဘယ်မှာဖြစ်တာလဲ။
- ဘယ်အချိန်လဲ – ဘယ်တော့ဖြစ်တာလဲ။
- ဘာကြောင့်လဲ – ဘာကြောင့်ဖြစ်တာလဲ။
- ဘယ်လိုလဲ – ဘယ်လိုဖြစ်တာလဲ။

**လေ့ကျင့်ခန်း**

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် - ၄ ကို အသုံးပြုပါ။** သင်တန်းသားတွေကို အဲ့ဒီတွေ့ဆုံမေးမြန်းမှုထဲက 'ဘ' ခြောက်လုံး (ဘယ်သူလဲ၊ ဘာဖြစ်တာလဲ၊ ဘယ်မှာဖြစ်တာလဲ၊ ဘယ်တော့ဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲနဲ့ ဘယ်လိုဖြစ်တာလဲ) နဲ့ပတ်သက်တဲ့ အဖြေတွေ ရှာခိုင်းပါ။

အဖြေများ –

(ဘယ်သူလဲ) ရွာ့းရယ်နဲ့ စစ်သားတွေ။

(ဘာဖြစ်တာလဲ) ရွာ့းရယ်တယောက် စိုက်ပျိုးရာသီကာလမှာ စစ်တပ်အတွက် တပါတ် အဓမ္မလုပ်အား ပေးခိုင်းစေခြင်းခံခဲ့ရ တယ်၊ အဲ့ဒါပြီးလို့ သိပ်မကြာခင်မှာ နောက်တခါ အခိုင်းခံရပြန်တယ်။ လမ်းကနေ လယ်ဆီ ပြန်ပြေးလာပေမယ့် စစ်သား တွေက သူ့ကို ခြေရာခံမိသွားတယ်။ အဲ့ဒါနဲ့ သူလည်း စစ်သားတွေလက်က လွတ်အောင် ထွက်ပြေးလာခဲ့ရတယ်။

(ဘယ်မှာဖြစ်တာလဲ) အချက်အလက်မရှိ။

(ဘယ်တော့ဖြစ်တာလဲ) ပြီးခဲ့တဲ့ စိုက်ပျိုးရာသီထဲမှာ။

(ဘာကြောင့်ဖြစ်တာလဲ) သီးနှံလည်းဆုံး စစ်သားတွေကလည်း လိုက်ဖမ်းတာမို့ ရှားရယ် ထွက်ပြေးခဲ့ရတာ ဖြစ်တယ်။ (ဘယ်လိုဖြစ်တာလဲ) စစ်တပ်က သူ့ကို ဒုတိယအကြိမ် အဓမ္မလုပ်အားပေးခိုင်းတဲ့အချိန်မှာ ရှားရယ်က လမ်းကနေ သူ့လယ်ဆီ ပြန်ပြေးလာခဲ့တယ်။ စစ်သားတွေက သူ့အနောက်မှာ လိုက်လာတယ်။ ဒါကြောင့် သူ ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးလာခဲ့ရတယ်။

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် - ၄ ကို အသုံးပြုပါ။**
အဖြစ်အပျက်ကို ဖြစ်စဉ်တခုပြီးတခု အစဉ်လိုက်နားလည်နိုင်ဖို့အတွက် အချက်အလက်ရှာဖွေသူအနေနဲ့ 'ပထမဆုံး ဘာဖြစ်တာလဲ၊' 'အဲ့ဒါပြီးတော့ရော၊' 'နောက် ဘာထပ်ဖြစ်သေးလဲ' စတဲ့ မေးခွန်းမျိုးတွေ မေးနိုင်ပါတယ်။ ဒါ့ပြင် ကိုယ်မေးတဲ့သူက သတင်းအချက်အလက် ဘယ်လိုသိသလဲဆိုတာကိုလည်း မေးပါ။

ရှားရယ် ဘာတွေကြုံခဲ့ရတယ်ဆိုတာနဲ့ပတ်သက်ပြီး သင်တန်းသားတွေကို ဖြစ်စဉ်ကာလအလိုက် တခုပြီး တခု စာရင်းလုပ်ခိုင်းပါ။

အဖြေများ –

၁။ တပ်ဝင်း ခြံစည်းရိုးခတ်တဲ့နေရာမှာ အလုပ်လုပ်ပေးဖို့ဆိုပြီး စိုက်ပျိုးရာသီအစပိုင်းမှာ စစ်တပ်က ရှားရယ်ကို ဆင့်ခေါ်ခဲ့တယ်။
၂။ တပါတ်ကြာလို့ အလုပ်ပြီးတဲ့အခါမှာ ရှားရယ်ဟာ သူ့လယ်ဆီ အပြေးအလွှားပြန်သွားခဲ့တယ်။
၃။ စစ်သွားတွေက သူ့လယ်ထဲရောက်လာပြီး သူ့ရွာကနေ နှစ်ရက်ခရီးသွားရတဲ့ တခြားရွာအထိ လမ်းပြလုပ်ပေးဖို့ ခေါ်ပြန်တယ်။
၄။ ရှားရယ်က စစ်သားတွေကို လမ်းတဝက်လောက်ထိပဲ လမ်းပြလုပ်ပေးပြီး သူ့လယ်ဆီ ပြန်ပြေးလာခဲ့တယ်။
၅။ စစ်သားတွေက ရှားရယ်နောက်ကနေ လိုက်လာတယ်။
၆။ ရှားရယ် ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးလာခဲ့တယ်။

**တိကျသောမေးခွန်းများ**

သိထားသင့်သည့်အချက်အလက်များ

အချက်အလက်ရှာဖွေသူအနေနဲ့ ဘာဖြစ်ခဲ့တယ်ဆိုတာကို ခြုံပြီးသိနိုင်ဖို့ အဖွင့်မေးခွန်းတွေကို အရင်ဆုံး မေးရပါတယ်။ ပြီးရင်တော့ အသေးစိတ်အချက်အလက်သိရဖို့နဲ့ မရှင်းတာတွေ မေးဖို့လိုလာပါတယ်။ အသေးစိတ်အချက်အလက်တွေ သိနိုင်ဖို့နဲ့ မရှင်းတာတွေမေးနိုင်ဖို့ တိကျတဲ့ မေးခွန်းတွေ လိုပါတယ်။ တိကျတဲ့မေးခွန်းတွေဆိုတာက သိလိုတဲ့ အချက်အလက်ရရှိအောင် ကိစ္စရပ်တခုတည်းပေါ်မှာပဲ ဦးတည်ပြီးမေးတဲ့ မေးခွန်းတွေဖြစ်ပါတယ်။

ဥပမာ –

- စစ်သားတွေ ဘယ်နှစ်ယောက်ရှိလဲ။
- ရုပ်ပိုင်းဆိုင်ရာ ထိခိုက်တာမျိုးရှိလား။ ဘယ်လိုဖြစ်တာလဲ။
- ဘယ်နေရာကို အထုခံရတာလဲ။
- အဖမ်းခံရပြီးတဲ့နောက် ဘာတွေဆက်ဖြစ်လဲ။
- ထောင်ထဲကက အခြေအနေတွေရော ဘယ်လိုရှိသလဲ။

လေ့ကျင့်ခန်း

အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၄ မှာ ရှားရယ်ကိုမေးတဲ့ မေးခွန်းတွေထဲက တိကျတဲ့မေးခွန်းတွေကို ရှာခိုင်းပါ။

အဖြေများ –

၁။ အဓမ္မလုပ်အားပေးဖို့ ဘယ်နှစ်ကြိမ် အခေါ်ခံခဲ့ရသလဲ။
၂။ အလုပ်အတွက် လုပ်အားခရသလား။
၃။ ဘယ်သူက အလုပ်လုပ်ဖို့ အမိန့်ပေးတာလဲ။
၄။ ခြံစည်းရိုးခတ်တဲ့အလုပ်ကို ဘယ်သူတွေက ကြီးကြပ်သလဲ။

မေးခွန်းများ ပြင်ဆင်ခြင်း

သိထားသင့်သည့်အချက်အလက်များ

ဘာကိစ္စအတွက် တွေ့ဆုံမေးမြန်းမှုလုပ်မယ်ဆိုတာကို ယေဘုယျသိထားတယ်ဆိုရင် တွေ့ဆုံမေးမြန်းမှုမလုပ်ခင်မှာ မေးခွန်းတွေ ကြိုပြင်ထားနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ပြင်ဆင်ထားတာဟာ ပြည့်စုံကောင်းမွန်တဲ့ တွေ့ဆုံမေးမြန်းမှု ဖြစ်လာစေဖို့ အထောက်အကူပြုပါလိမ့်မယ်။

ဒါပေမယ့် အဲ့ဒီပြင်ဆင်ထားတဲ့မေးခွန်းတွေကို တွေ့ဆုံမေးမြန်းမှုလုပ်တဲ့အခါမှာ သိလိုတဲ့အဓိကအချက်တွေ မေးလို့ပြီး/မပြီး သေချာအောင်ပြန်စစ်ဖို့ အကိုးအကားအနေနဲ့ပဲ အသုံးပြုပါ။ အမေးအဖြေလုပ်နေတဲ့အချိန်အတွင်းမှာ ကိုယ်မေးတဲ့သူကပြောပြတဲ့အကြောင်းအရာကို တုန့်ပြန်မေးခွန်းတွေမေးဖို့ လိုပါတယ်။

သိထားသင့်သည့်အချက်အလက်များ

တိကျတဲ့မေးခွန်းပုံစံ၊ ထပ်ဆင့်မေးခွန်းမေးနိုင်တဲ့ပုံစံနဲ့ မေးခွန်းအတိအကျမရှိတဲ့ပုံစံ တွေ့ဆုံမေးမြန်းမှုတွေနဲ့ ပတ်သက်တဲ့ လေ့ကျင့်ခန်းကို သင်တန်းသားတွေ အမှတ်ရအောင် ပြန်ပြောပြပါ။ (တိကျတဲ့မေးခွန်းပုံစံဖြစ်တဲ့ မေးခွန်းတွေက ဟုတ်တယ်/မဟုတ်ဘူး ဆိုတဲ့အဖြေမျိုး ဒါမှမဟုတ်လည်း အကန့်အသတ်ရှိတဲ့ အဖြေမျိုးကိုပဲ ဖြေခွင့်ပြုတာပါ။ ဥပမာ 'ခင်ဗျား/ ရှင်က ကလေးစစ်သားဖြစ်ခဲ့ဖူးတာလား၊' 'ခင်ဗျား/ ရှင် အကြိုက်ဆုံးအရောင်က ဘာအရောင်လဲ။' ထပ်ဆင့်မေးခွန်းမေးနိုင်တဲ့ပုံစံ မေးခွန်းတွေက တိကျတဲ့အကြောင်းအရာတခုအပေါ် ဦးတည်ပြီးမေးတယ်ဆိုပေမယ့် ကိုယ်မေးတဲ့သူကို သူ့ရဲ့ဇာတ်ကြောင်းပါ ပြောခွင့်ပြုတာဖြစ်ပါတယ်။ 'ခင်ဗျား/ ရှင် မြန်မာပြည်ကထွက်လာပြီးနောက်ပိုင်းမှာ ဘာတွေဖြစ်ခဲ့သလဲ၊' 'ခင်ဗျား/ ရှင့်ရဲ့ ထောင်တွင်းအတွေ့အကြုံကရော ဘယ်လိုရှိလဲ။' ) ကိုယ်မေးတဲ့သူက သူတွေ့ကြုံခဲ့ရတဲ့အကြောင်းကို ပြောပြပြီးတဲ့အခါမှာ အချက်အလက်ရှာဖွေသူက တိကျတဲ့မေးခွန်းတွေမေးမှာမို့ အဲ့ဒီမေးခွန်းတွေက တိကျတဲ့မေးခွန်းပုံစံမျိုး ပိုဖြစ်လာပါတယ်။ ဒါပေမယ့် အဲ့ဒီတိကျတဲ့မေးခွန်းတွေဟာ ကိုယ်မေးတဲ့သူက စကားလုံးတလုံးထက်ပိုတဲ့ အဖြေတွေပေးနိုင်အောင် အဖွင့်မေးခွန်းတွေ ဖြစ်နေသင့်ပါတယ်။

လေ့ကျင့်ခန်း (သင်တန်းသားတွေ လေ့ကျင့်ခန်းထပ်လုပ်ဖို့ လိုတယ်လို့ ယူဆမှပဲ ဒီလေ့ကျင့်ခန်းကိုလုပ်ပါ။)

အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၅ ကို အသုံးပြုပါ။ အစက်ချထားတဲ့လိုင်းအတိုင်းဖြတ်ပါ။ သင်တန်း သားတွေကို အဖွဲ့ငယ်လေးတွေဖွဲ့ပြီး အဲ့ဒီဖြတ်ထားတဲ့ အကြောင်းအရာတွေကို ဝေပေးပါ။ ဒါမှမဟုတ်လည်း ဖတ်ပြပါ။ သင်တန်းသားတွေက အကြောင်းအရာတခုချင်းစီအတွက် တိကျတဲ့မေးခွန်းတွေ စာရင်းပြုစုရမှာဖြစ်ပါ တယ်။

နမူနာအဖြေများ –

၁။ (က) ဘာလှုပ်ရှားမှုတွေလုပ်လို့ အဖမ်းခံရတာလဲ။
(ခ) အဲ့ဒါတွေလုပ်တဲ့အတွက် အဖမ်းခံရတာလို့ ဘယ်လိုသိသလဲ။
(ဂ) ထောင်ထဲမှာ ဘယ်လောက်ကြာအောင် နေခဲ့ရသလဲ။
(ဃ) ထောင်ထဲကအခြေအနေတွေရော ဘယ်လိုရှိသလဲ။
(င) ရုပ်ပိုင်းဆိုင်ရာ ထိခိုက်တာမျိုးရှိလား။

၂။ (က) အေးဂျင့်က ဘာတွေ ကတိပေးခဲ့သလဲ။
(ခ) ပိုက်ဆံတစုံတရာ ရလား။
(ဂ) ထွက်ပြေးလို့မရအောင် သူတို့က ဘာတွေလုပ်ထားသလဲ။
(ဃ) လာပျော်ပါးတဲ့လူတွေ ဒါမှမဟုတ် အေးဂျင့်က ရိုက်တာမျိုးရှိခဲ့သလား။
(င) ဘယ်လိုလုပ်ပြီး ထွက်ပြေးနိုင်ခဲ့တာလဲ။

၃။ (က) စစ်တပ်ထဲကို တပ်သားသစ်အဖြစ် စုဆောင်းခံရတုန်းက အသက်ဘယ်လောက်ရှိပြီလဲ။
(ခ) ဘယ်သူတွေက အဓမ္မခေါ်သွားတာလဲ၊ သူတို့က ဘယ်လိုအကျပ်ကိုင်တဲ့နည်းလမ်းတွေ သုံးခဲ့သ လဲ။
(ဂ) တပ်ထဲမှာ ဘာအလုပ်တွေလုပ်ရသလဲ။
(ဃ) ဘာဖြစ်လို့ တပ်ကနေထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့တာလဲ။

၄။ (က) အဓမ္မပြုကျင့်ခံရတဲ့အချိန်တုန်းက ဘယ်မှာရှိနေတာလဲ။
(ခ) အဲ့ဒီမုဒိမ်းကျင့်တဲ့စစ်သားက သူ့ကိုလက်ထပ်ဖို့ ဘယ်လိုလုပ်ခဲ့သလဲ။
(ဂ) ယောက်ျားက ဘယ်နေရာတွေကို ရိုက်တာလဲ။

# မှတ်တမ်းပြုစုခြင်း နည်းလမ်းများ

ဆွေးနွေးမှု

ညှိနှိုင်းအဖြေရှာခြင်း

သင်တန်းသားတွေအနေနဲ့ ဘယ်လိုမှတ်တမ်းပြုစုခြင်းနည်းလမ်းတွေကို သုံးခဲ့ဖူးသလဲ ဒါမှမဟုတ် သုံးလို့ရတဲ့ နည်းလမ်းအဖြစ်နဲ့ သူတို့စိတ်ကူးမိတဲ့နည်းလမ်းက ဘယ်လိုနည်းလမ်းမျိုးလဲဆိုတာ မေးပါ။

သိထားသင့်သည့်အချက်အလက်များ

ကိုယ်မေးတဲ့သူဆီကရတဲ့အချက်အလက်တွေကို မှန်မှန်ကန်ကန် တိတိကျကျ မှတ်တမ်းပြုစုနိုင်ဖို့ တခါတရံမှာ အတော်လေး အခက်အခဲရှိပါတယ်။ မှတ်တမ်းပြုစုခြင်းနည်းလမ်းတွေထဲမှာ တချို့နည်းလမ်းတွေက အခြားနည်းလမ်း တွေထက် ပိုစိတ်ချရပါတယ်။ ဘယ်လိုနည်းလမ်းသုံးမယ်ဆိုတာကတော့ အချက်အလက်ရှာဖွေရဲ့ဆန္ဒ၊ လုံခြုံရေး အခြေအနေနဲ့ အမေးခံရမယ့်သူရဲ့ သက်တောင့်သက်သာဖြစ်မှုအနေအထားတွေပေါ်မှာ မူတည်လေ့ရှိပါတယ်။

အချက်အလက်ရှာဖွေသူတွေ အများဆုံးသုံးတဲ့ နည်းလမ်းတွေကတော့ –

- မှတ်ဉာဏ်၊
- မှတ်စုလိုက်ခြင်း နဲ့ ဒါမှမဟုတ်လည်း
- MP3 ဖြစ်စေ၊ ဗီဒီယိုကင်မရာဖြစ်စေ မှတ်တမ်းပြုစုနိုင်တဲ့ကိရိယာတခုကို အသုံးပြုခြင်းပဲ ဖြစ်ပါတယ်။

ဆွေးနွေးမှု

အောက်ပါပြထားတဲ့ဇယားကွက်ကို ပိုက်ဘုတ်ပေါ်မှာ ဆွဲပါ။ ပြီးတော့ အောက်ပါမေးခွန်းတွေကို သင်တန်းသားတွေနဲ့ ဆွေးနွေးပြီး ဇယားကွက်မှာ ဖြည့်ပါ။

နည်းလမ်းတခုချင်းစီရဲ့ အားသာချက်နဲ့ အားနည်းချက်တွေက ဘာတွေလဲ။

ဘယ်နည်းလမ်းကို ပိုသဘောကျလဲ။

နည်းလမ်းတခုစီအတွက် ဘာတွေလိုအပ်မလဲ။

| နည်းလမ်း | အားသာချက် | အားနည်းချက် | လိုအပ်ချက် |
|---|---|---|---|
| | | | |
| | | | |
| | | | |

နမူနာအဖြေများ –

| နည်းလမ်း | အားသာချက် | အားနည်းချက် | လိုအပ်ချက် |
|---|---|---|---|
| မှတ်ဉာဏ် | သိပ်လုံခြုံ၊ ဘေးကင်း၊ လျှို့ဝှက်မှုရှိ။ ဘာမှသယ် သွားဖို့မလို။ | မှန်ကန်တိကျမှု အများကြီး ရှိမှာ မဟုတ်။ | အချက်အလက်ရှာဖွေ သူရဲ့ မှတ်ဉာဏ်ကောင်း ဖို့ ပဲလိုအပ်။ |
| မှတ်စုလိုက်ခြင်း | မှတ်စုစာအုပ်တအုပ်ကို အလွယ်တကူ သယ်သွား နိုင်။ ပြောတဲ့အတိုင်း လိုက် မှတ်ပါက အချက်အလက် မှန်ကန်တိကျမှုရှိ။ | မှတ်စုလိုက်ဖို့ အချိန်လို။ | ဘောပင်/ခဲတံနဲ့ စာရွက်ပဲ လိုအပ်။ |

| | | | |
|---|---|---|---|
| ရုပ်/ သံ | တွေ့ဆုံမေးမြန်းနေချိန်မှာ မှတ်စု လိုက်ဖို့ မလိုတဲ့ အတွက် အချိန်ပိုမ ကုန် တော့။ | ကိုယ်မေးမယ့်သူရဲ့ လုံခြုံရေး ကို ထိခိုက်ကောင်း ထိခိုက်နိုင်တဲ့ အတွက် သူ့ဆီက သဘောတူ ခွင့်ပြု ချက်ယူဖို့ လိုအပ်၊ ရုပ်/ သံနဲ့ မှတ်တမ်းပြုစုနိုင်တဲ့ ပစ္စည်း ကိရိယာတွေဟာ ဈေးကြီးနိုင် ဒါမှ မဟုတ် သယ်ရတာ လေးလံနိုင်၊ အဲ့ဒီ ပစ္စည်းကိရိယာတွေက ကိုယ်မေးမယ့် သူကို စိတ်မ သက်မသာ ဖြစ်စေနိုင်။ | ရုပ်/ သံနဲ့ မှတ်တမ်းပြု စုနိုင်တဲ့ ပစ္စည်းကိရိ ယာတွေ လိုအပ်။ |

သင်တန်းသားတွေထဲက အချက်အလက်ရှာဖွေတာနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့သူတွေအနေနဲ့ ဒီနည်းလမ်း တစ်ခုချင်းစီကို သူတို့ဘယ်လိုသုံးခဲ့တယ်ဆိုတဲ့ဥပမာတွေ ပြန်ပြောပြခိုင်းပါ။

## တွေ့ဆုံမေးမြန်းမှု နိဂုံးချုပ်ခြင်း

**သိထားသင့်သည့်အချက်အလက်များ**

တွေ့ဆုံမေးမြန်းမှု ပြီးခါနီးတဲ့အခါ –

၁။ တွေ့ဆုံမေးမြန်းခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။

၂။ သူ့အနေနဲ့ ဘာများ ဖြည့်စွက်ပြောချင်ပါသေးသလဲလို့ မေးပါ။

၃။ ကိုယ့်ကိုယ်ရော ဘာများမေးစရာရှိသေးလဲလို့ မေးကြည့်ပါ။ သူမေးတာတွေကို ဖြေနိုင်ရင်ဖြေပါ။ ဒါပေမယ့် ဖြေတဲ့အခါမှာ ရိုးရိုးသားသားပဲဖြေရန်၊ တကယ်လို့ မဖြေနိုင်တာရှိရင် မဖြေဘဲနေလို့ရတဲ့အကြောင်းပြောပြပါ။

၄။ တွေ့ဆုံမေးမြန်းမှုကရတဲ့ သတင်းအချက်အလက်တွေကို ဘယ်လိုအသုံးပြုမယ်ဆိုတာကိုလည်း ပြန်ပြောပြပါ။

၅။ အချက်အလက်တွေကို လျှို့ဝှက်ထားမှုကိစ္စတွေကိုလည်း ပြန်ပြောပြပါ။

၆။ တယောက်နဲ့တယောက် အပြန်အလှန်ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာတွေ အလဲအလှယ် လုပ်ပါ။

ဆွေးနွေးမှု

တွေ့ဆုံဆွေးနွေးမှုတွေ နိဂုံးချုပ်တာနဲ့ပတ်သက်လို့ အပေါ်မှာ ဖော်ပြထားတဲ့ အချက်တွေကို ဆွေးနွေးပါ။ ဘာဖြစ်လို့ အဲ့ဒီအချက်တွေက အရေးကြီးတာလဲ။

နမူနာအဖြေများ –

- အမေးခံရသူအနေနဲ့ သံသယတွေ ပျောက်စေဖို့ ဖြစ်တယ်။
- သူ့ဆီကရရှိလိုက်တဲ့ သတင်းအချက်အလက်တွေကို အတည်ပြုနိုင်ဖို့နဲ့ နားလည်မှုလွဲတာမျိုး လုံးဝမရှိစေဖို့ ဖြစ်တယ်။ ဒါမှမဟုတ် အမေးခံရသူအနေနဲ့ အမေးအဖြေလုပ်နေတဲ့အချိန်မှာ မေ့သွားတာတစုံတရာရှိခဲ့ရင် လည်း ပြန်ပြောနိုင်ခွင့်ပေးဖို့ဖြစ်တယ်။
- အချက်အလက်နဲ့ပတ်သက်ပြီး လိုအပ်တာထပ်ရှိလာရင် ထပ်ပြီးဆက်သွယ်လို့ရမယ့်အခွင့်အလမ်းကို ထိန်းထားဖို့ ဖြစ်တယ်။

လေ့ကျင့်ခန်း

သင်တန်းသားတွေအနေနဲ့ 'တွေ့ဆုံမေးမြန်းမှု နိဂုံးချုပ်ခြင်း' မှာပါတဲ့ အကြံပြုချက်တွေအပေါ်မူတည်ပြီး **အခြေခံ တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် - ၆** က တွေ့ဆုံမေးမြန်းမှုကို ကိုယ်ပိုင်နိဂုံးချုပ်ချက် ထုတ်ရမှာဖြစ်ပါတယ်။ ပြီးတဲ့အခါမှာ ကိုယ့်ရဲ့ နိဂုံးချုပ်ချက်ကို **အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် - ၇** က နိဂုံးချုပ်ချက်နဲ့ ယှဉ်ကြည့်ပါ။

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၁**

ကျမနာမည် မရီရီပါ။ ကျမထောင်ထဲမှာ ရှိစဉ်တုန်းက အလုပ်ကြမ်းလုပ်ရတဲ့အပြင် တခါတရံ ထောင်အပြင်က လမ်းတွေပေါ်မှာ ကျောက်ထုတာ လုပ်ရပါတယ်။ တခါတရံမှာတော့ ထောင်ထဲမှာပဲ ကျောက်ထုရပါတယ်။ အဲ့ဒီလိုလုပ်ခဲ့ရတာကြောင့် အခုဆိုရင် ကျမရဲ့ လက်ကောက်ဝတ်တွေမှာ ဒဏ်ဖြစ်နေပါပြီ။ မနက် ၆ နာရီကစလို့ ညသန်းခေါင်အထိ ကျမတို့ အလုပ်လုပ်ခဲ့ရပါတယ်။ တခါတရံမှာလည်း အရိုက်ခံရပါသေးတယ်။ ထောင်ကလွတ်ပြီးမကြာခင်မှာပဲ ကျမ မြန်မာပြည်ကနေ ထွက်လာခဲ့ပါတယ်။

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၂**

၁။ အဖမ်းအဆီးတခုဖြစ်တယ်ဆိုရင် အဲ့ဒီဖမ်းဆီးမှုနဲ့ပတ်သက်ပြီး တွေ့ဆုံမေးမြန်းဖို့ ပထမဆုံး ဘယ်သူ့ကို ရွေးချယ်မလဲ။

က၊ အဖမ်းခံရသူ၊
ခ၊ အဖမ်းခံရသည်ဟု သတင်းကြားသူ၊
ဂ၊ အဖမ်းခံရသည်ကို မျက်မြင်တွေ့ရှိသူ။

၂။ တွေ့ဆုံမေးမြန်းမှုလုပ်မယ့်သူကို ဘယ်လို ရွေးချယ်မလဲ။

က၊ အမေးခံရမည့်သူနှင့် လိင်တူချင်း (အမျိုးသားချင်း၊ အမျိုးသမီးချင်း) ဖြစ်သူ၊
ခ၊ အမေးခံရမည့်သူကတွေ့ရန် ပိုဆန္ဒရှိသူ (အမေးခံရမည့်သူကို မေးရန်)၊
ဂ၊ အမေးခံရမည့်သူနှင့် တရပ်တရွာတည်းနေထိုင်သူ။

၃။ အောက်ပါဖော်ပြချက်တွေထဲမှာ ဘယ်အချက်ကို သဘောတူပါသလဲ။

က၊ တွေ့ဆုံမေးမြန်းမှုများအား သီးသန့် (Private) လုပ်ဆောင်ခြင်းသည် အကောင်းဆုံးဖြစ်သည်၊
ခ၊ တွေ့ဆုံမေးမြန်းမှုများအား အကျဉ်းထောင်အခန်းထဲတွင် မည်သည့်အခါမျှ မလုပ်ဆောင်ပါနှင့်၊
ဂ၊ တွေ့ဆုံမေးမြန်းမှုတိုင်းအတွက် အနည်းဆုံး မျက်မြင်သက်သေတဦးရှိရန် အရေးကြီးသည်။

၄။ အောက်ပါဖော်ပြချက်တွေထဲမှာ ဘယ်အချက်ကို သဘောတူပါသလဲ။

က၊ မေးခွန်းတစ်ခုတည်းအား ပုံစံအမျိုးမျိုးဖြင့်လှည့်ပတ်မေးမြန်းခြင်းသည် အဓိပ္ပါယ်မရှိပါ၊
ခ၊ စိတ်ဖိစီးမှုဒဏ် (Trauma) ကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်နေသူအား မည်သည့်အခါမျှ မယုံပါနှင့်၊
ဂ၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် အခြား အကြောင်းရင်းများက တွေ့ဆုံမေးမြန်းမည့်သူနှင့် ဆက်စပ်ဆောင်ရွက်မှုအပေါ်တွင် အကျိုးသက်ရောက်မှု ရှိကောင်းရှိနိုင်သည်ကို သတိထားပါ။

၅။ မှတ်တမ်းပြုစုခြင်း (Recording) နည်းလမ်းတွေနဲ့ပတ်သက်ပြီး အောက်ပါဖော်ပြချက်တွေထဲမှာ ဘယ်အချက်ကို သဘောတူပါသလဲ။

က၊ တွေ့ဆုံမေးမြန်းမှုများအတွက် မိမိမှတ်ဉာဏ်ကို မည်သည့်အခါမျှ အားကိုးအားထားမပြုပါနှင့်၊
ခ၊ အသံဖမ်းခြင်း/ဗွီဒီယိုရိုက်ခြင်းသည် တွေ့ဆုံမေးမြန်းမှုအား မှတ်တမ်းပြုစုရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်၊
ဂ၊ မိမိမှတ်ဉာဏ်အပေါ် အားကိုးအားထားပြုရမည့် အခြေအနေများ ရှိကောင်းရှိနိုင်သည်။

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၃**

က။ ကျနော်တို့ တွေ့ဆုံမေးမြန်းမှုမစခင်မှာ လူကြီးမင်း (ဒါမှမဟုတ် သင့်တော်သည့်အခေါ်အဝေါ်တခု အသုံးပြုနိုင်) အနေနဲ့ မေးစရာမေးခွန်း တစုံတရာရှိပါသလား။
-------------------------------------------------

ခ။ ကျနော့်ရဲ့အစီရင်ခံစာအတွက် လူကြီးမင်းဆီကနေ သတင်းအချက်အလက် အများကြီး လိုအပ်ပါလိမ့်မယ်၊ ဒါပေမယ့် ကျနော့်အနေနဲ့ လူကြီးမင်းပြောပြတာအားလုံးကို သတိရဖို့ အခက်အခဲရှိကောင်းရှိပါလိမ့်မယ်။ ဒါကြောင့် လူကြီးမင်း ပြောပြတာတွေထဲက ဘာကိုမှ မမေ့ရအောင် အခုတွေ့ဆုံမေးမြန်းမှုကို မှတ်စုလိုက်တာ/မှတ်တမ်းပြုစုတာ လုပ်ချင်ပါတယ်။ အဲ့ဒီလိုလုပ်ဖို့ အဆင်ပြေပါ့မလား၊ ခွင့်ပြုနိုင်ပါ့မလား။
-------------------------------------------------

ဂ။ ကျနော့်နာမည် မျိုးအောင်ပါ၊ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ (Burma Human Rights Organization – BHRO) မှာ အလုပ်လုပ်ပါတယ်။ BHRO ဟာ မြန်မာနိုင်ငံက ပြည်သူတွေကို သူတို့ကိုယ်စား စည်းရုံးလှုံ့ဆော်မှုတွေလုပ်ပြီး အကူအညီပေးနေတဲ့ အဖွဲ့ဖြစ်ပါတယ်။
-------------------------------------------------

ဃ။ မြန်မာနိုင်ငံမှာ အခြေအနေတွေအရမ်းဆိုးနေတယ်ဆိုတာကို နားလည်တာမို့ ကျနော် ဒီနေရာကို ရောက်လာတာ ပါ။ ကျနော့်အနေနဲ့ မြန်မာပြည်က လူကြီးမင်းရဲ့ ဘဝအကြောင်းနဲ့ လူကြီးမင်း ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ ကို စိတ်ဝင်စားတာမို့ အဲ့ဒါတွေကို ပိုမိုသိရှိရအောင် မေးမြန်းလိုပါတယ်။
-------------------------------------------------

င။ ကျနော့်အနေနဲ့ မြန်မာနိုင်ငံကပြည်သူတွေ အခြေအနေနဲ့ပတ်သက်ပြီး အစီရင်ခံစာတစောင်ရေးသားဖို့ ပြင်ဆင်တဲ့ နေရာမှာ လူကြီးမင်းပေးတဲ့ သတင်းအချက်အလက်တွေကို လူကြီးမင်းရဲ့ ခွင့်ပြုချက်နဲ့ အသုံးပြုမှာဖြစ်ပါတယ်။ မြန်မာပြည်သူတွေရဲ့ဘဝ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကမ္ဘာကနားလည်လာအောင် လူကြီးမင်းရဲ့အကြောင်းကို ဒီအရင်ခံစာထဲမှာ ကျနော် ကြိုးစားတင်ပြသွားမှာဖြစ်ပါတယ်။ အဲ့ဒီလိုတင်ပြရာမှာ အစိုးရအရာရှိတွေ၊ မူဝါဒချမှတ်သူတွေ၊ နိုင်ငံတကာမိသားစုဝင် တွေအနေနဲ့ မြန်မာပြည်သူတွေကို ကူညီဖို့လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သွားကြဖို့ကိုလည်း ကျနော် တောင်းဆိုတိုက်တွန်းသွားမှာဖြစ်ပါတယ်။ ဒ့ါပြင် အနာဂတ်မှာ ထပ်မံအသုံးပြုကောင်း အသုံးပြုနိုင်ဖို့အတွက် လူကြီးမင်းဆီကရတဲ့ သတင်းအချက်အလက်တွေကို BHRO ရဲ့ ကွန်ပျူတာတွေထဲမှာ သိမ်းဆည်းသွားမှာဖြစ်ပါတယ်။ လူကြီးမင်းအနေနဲ့ ဒီအဆင့်ထိ မရှင်းတာ၊ မေးခွန်းမေးစရာ တစုံတရာရှိပါသလား။
-------------------------------------------------

စ။ ကျနော့်အနေနဲ့ လူကြီမင်းရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်တွေကို အများကြီး မေးမြန်းမှာဖြစ်ပါတယ်။ ခုနက ပြောခဲ့သလိုပါပဲ လူကြီးမင်းပေးတဲ့ သတင်းအချက်အလက်တွေကို အစီရင်ခံစာထုတ်ဝေဖို့ ကျနော် အသုံးပြုလိုပါတယ်၊ အဲ့ဒီအစီရင်ခံစာကို အင်တာနက်ပေါ်မှာတင်မှာဖြစ်သလို ကမ္ဘာတဝှမ်းမှာလည်း ဖြန့်ဝေသွားမှာပါ။ အခုတွေ့ဆုံမေးမြန်းမှုအကုန်လုံး ဒါမှမဟုတ် မေးမြန်းမှုရဲ့ တချို့အပိုင်းတွေကိုလည်း ကျနော်တို့ ဝက်ဘ်ဆိုဒ်ပေါ်မှာ တင်ထားမှာဖြစ်တဲ့ အတွက် ဘယ်သူမဆို ကြည့်ရှုနိုင်၊ မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် တချို့အချက်အလက်တွေ ဥပမာ – လူကြီး မင်းရဲ့နာမည် ဒါမှ မဟုတ် တခြား လူပုဂ္ဂိုလ်နဲ့ဆက်စပ်ပြီးသိလွယ်မြင်လွယ်ဖြစ်စေမယ့် ဘယ်လိုသတင်းအချက်အလက် ကိုမဆို လျှို့ဝှက်ထား နိုင်ပါတယ်။ လိုအပ်ရင် လူကြီးမင်းကို ထပ်ပြီးဆက်သွယ်နိုင်ဖို့ လူကြီးမင်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေကိုလည်း BHRO မှာ သိမ်းဆည်းသွားမှာဖြစ်ပါတယ်။ အခုလို သတင်းအချက်အလက်ပေးတာကို မြန်မာအစိုးရထဲက တာဝန်ရှိသူတွေ သိသွားရင် လူကြီးမင်းအတွက် အန္တရာယ်ရှိကောင်းရှိနိုင်တယ်ဆိုတာကို ကျနော်သိပါတယ်။ လူကြီးမင်းရဲ့ လုံခြုံရေးဟာ ကျနော့်အတွက် ပထမဦးစားပေးအရာ ဖြစ်ပါတယ်။

- လူကြီးပေးတဲ့ သတင်းအချက်အလက်တွေကို အခုပြောခဲ့တဲ့အလုပ်တွေအတွက် ကျနော်သုံးခွင့်ရှိပါသလား။
- ကျနော့်အနေနဲ့ လူကြီးမင်းရဲ့နာမည်ကို အစီရင်ခံစာထဲမှာ ဒါမှမဟုတ် ဝက်ဘ်ဆိုဒ်ပေါ်မှာ သုံးမယ်ဆိုရင် ပြဿနာရှိပါသလား။
- ကျနော့်အနေနဲ့ လူကြီးမင်းရဲ့ ဓာတ်ပုံကို အစီရင်ခံစာထဲမှာ ဒါမှမဟုတ် ဝက်ဘ်ဆိုဒ်ပေါ်မှာ သုံးမယ်ဆိုရင်

ပြဿနာ ရှိပါသလား။

- လူကြီးမင်းအနေနဲ့ ကျွန်တော်တို့ အစီရင်ခံစာထဲမှာဖြစ်ဖြစ် ဒါမှမဟုတ် ဝက်ဘ်ဆိုဒ်ပေါ်မှာဖြစ်ဖြစ် မသုံးစေချင်တဲ့ အချက်အလက် တစုံတရာများရှိပါသလား။

---

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၄**

အချက်အလက်ရှာဖွေသူ။ ရှားရယ်အနေနဲ့ ဘာတွေဖြစ်ခဲ့လို့ မြန်မာပြည်ကနေထွက်လာဖို့ ဆုံးဖြတ်ချက်ချခဲ့ရသလဲ ဆိုတာကို ပြောပြနိုင်မလား။
ရှားရယ်။ မြန်မာပြည်မှာ ကျနော့်မိသားစုကို ဘယ်လိုမှထပ်ပြီး ရှာမကျွေးနိုင်တော့လို့ ထွက်လာခဲ့တာ။ ကျနော်က လယ်သမား၊ ဒါပေမယ့် စစ်တပ်က ကျနော့်ကို အဓမ္မလုပ်အားပေး ဆက်တိုက်ခေါ်တာမို့ လယ်သမားဆိုပေမယ့် လယ် ကို အာရုံမစိုက်နိုင်ဘူး။ ဒီပြီးခဲ့တဲ့ စိုက်ပျိုးရာသီတုန်းကလည်း စစ်တပ်ဝင်းတခုလုံး ပတ်ပတ်လည် ခြံစည်းရိုးခတ်ဖို့ ခေါ် သွားခံရတယ်။ တပါတ်ကြာပြီးလို့ ကျနော်လယ်ထဲပြန်ရောက်တော့ စပါးခင်းတွေတဝက်လောက် ပျက်စီးနေတာကို တွေ့ရတယ်။

အချက်အလက်ရှာဖွေသူ။ အဓမ္မလုပ်အားပေး ဘယ်နှစ်ကြိမ် အခေါ်ခံခဲ့ရပါသလဲ။
ရှားရယ်။ အများကြီးပဲ။ ဘယ်နှစ်ကြိမ်မှန်းတောင် မရေနိုင်တော့ဘူး။ ကျနော်တို့ကို စစ်တပ်က သူတို့အတွက် အလုပ် လုပ်ပေးဖို့ တနှစ်ကို လေးငါးခေါက်ခေါ်တယ်။ ပြီးခဲ့တဲ့ စိုက်ပျိုးရာသီမှာဆိုရင် တပါတ်လုပ်အားပေးခေါ်ခံရတယ်။ အဲ့ဒါ ပြီးတော့ ကျနော်တို့ ရွာကနေ နှစ်ရက်သွားရတဲ့ရွာကို စစ်သားတွေအတွက် လမ်းပြလုပ်ပေးဖို့ ထပ်ခေါ်ခံရတယ်။ အဲ့ဒီအချိန်မှာ ကျနော်ထွက်ပြေးလာတာပဲ။

အချက်အလက်ရှာဖွေသူ။ ပထမအကြိမ် လုပ်အားပေးခေါ်ခံရတုန်းက ဘာတွေဖြစ်ခဲ့ပါသလဲ။
ရှားရယ်။ အဲ့ဒီအချိန်က စိုက်ပျိုးရာသီဆိုတော့ ကျနော် လယ်ထဲမှာရှိနေဖို့ လိုတယ်လေ။ ဒါပေမယ့် စစ်တပ်က အလုပ် အတွက် တအိမ်တယောက် သတင်းပို့ရမယ်လို့ အမိန့်ထုတ်ထားတဲ့အကြောင်း ရွာလူကြီးကလာပြောတယ်။ ကျနော့် အိမ်မှာက အလုပ်လုပ်နိုင်သူဆိုလို့ ကျနော်တယောက်ပဲရှိတာမို့ သွားရုံအပြင် အခြားရွေးစရာလမ်းမရှိဘူး။

အချက်အလက်ရှာဖွေသူ။ ဘယ်လိုအလုပ်မျိုး လုပ်ခဲ့ရပါသလဲ။
ရှားရယ်။ သူတို့က ကျနော်တို့ကို စစ်တပ်ဝင်းတခု ပတ်ပတ်လည် ခြံစည်းရိုးခတ်ခိုင်းတယ်။ တပါတ်အလုပ်လုပ်ရတယ်၊ နည်းနည်းလေးပဲ နားရတယ်။

အချက်အလက်ရှာဖွေသူ။ အလုပ်အတွက် လုပ်အားခရပါသလား။
ရှားရယ်။ မရဘူး။ အလုပ်က စေတနာနဲ့လုပ်ပေးရတဲ့ အလုပ်လို့ သူတို့ကပြောတယ်၊ ဒါပေမယ့် တကယ်တမ်းကျတော့ လုပ်အားခ ရရမရရ ကျနော်တို့မှာ ရွေးစရာလမ်းမရှိဘူး။

အချက်အလက်ရှာဖွေသူ။ မလုပ်ဘူးလို့ ငြင်းလိုက်မယ်ဆိုရင် ဘာဖြစ်မလဲ။
ရှားရယ်။ ငြင်းဖို့ မဖြစ်နိုင်ဘူး။ ဘယ်သူပဲဖြစ်ဖြစ် ငြင်းရင် အဖမ်းခံရလိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း အဲ့ဒီထက်ဆိုးတာ ခံရလိမ့်မယ်။ အလုပ်လုပ်နေရင်းနဲ့တောင် တကယ်ကြိုးကြိုးစားစားမလုပ်တဲ့သူတွေဆိုရင် အရိုက်ခံရတာလေ။ ကျနော် ခြံစည်းရိုးခတ်နေတုန်းက အလုပ်လုပ်ဖို့အားမရှိတဲ့ အဖိုးကြီးတယောက်ကို စစ်သားတယောက်ကရိုက်နေတာ တွေ့ တယ်။ သေတဲ့အထိ ရိုက်လိုက်တယ်ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ပိုင်းမှာ စစ်သားနှစ်ယောက်က အဲ့ဒီအဖိုးကြီးကို တရွတ်တိုက်ဆွဲသွားတာ တွေ့လိုက်တယ်။

အချက်အလက်ရှာဖွေသူ။ ရှားရယ်ရော အလုပ်လုပ်နေတုန်းမှာ အရိုက်ခံရတာ ဒါမှမဟုတ် ခြိမ်းခြောက်ခံရတာ ရှိပါ သလား။
ရှားရယ်။ ကျနော်တို့တော့ တချိန်လုံး ခြိမ်းခြောက်ခံနေရတာပဲ။ သူတို့က ကျနော်တို့ကို ပျင်းတွေလို့ပြောတယ်၊ ပြီး တော့ ကျနော်တို့နာမည်မခေါ်ပဲ မကောင်းတဲ့နာမည်တွေခေါ်တယ်။ စစ်သားက အဖိုးကြီးကိုရိုက်နေတာတွေ့တုန်းက

ကျနော် အဲ့ဒီစစ်သားကို တားဖို့ကြိုးစားသေးတယ်။ ဒါပေမယ့် သူက ကျနော့်နံကြားကို သူ့သေနတ်ဒင်နဲ့ ထောင်း တယ်။ ကျနော့်နံရိုးတချို့ ကျိုးသွားတယ်ထင်တာပဲ။ သူသေနတ်နဲ့ ထောင်းတဲ့နေရာက အခုထိနာနေတုန်းလေ။

အချက်အလက်ရှာဖွေသူ။ နံရိုးနာနေတာကို ဆရာဝန်နဲ့ သွားပြကြည့်သေးလား။
ရှားရယ်။ မြို့က အခမဲ့ဆေးခန်းမှာ သွားပြကြည့်တယ်။ သူတို့ပြောတာက နံရိုးနှစ်ချောင်း အတွင်းကြေ ကြေသွားသလို ရှိတယ်၊ ကျိုးကောင်းကျိုးသွားနိုင်တယ်တဲ့။ ဒါပေမယ့် သေချာအောင် ဒီထက်ပိုအဆင့်မြင့်တဲ့ဆေးခန်းကို သွားပါတဲ့။

အချက်အလက်ရှာဖွေသူ။ ရှားရယ်ရဲ့ဒဏ်ရာနဲ့ပတ်သက်တဲ့ ဆေးမှတ်တမ်းအတွက် အဲ့ဒီဆေးခန်းကို ကျနော်/ကျမ ဆက်သွယ်လို့ရမလား။
ရှားရယ်။ ရတယ်၊ ပြဿနာမရှိဘူး။

အချက်အလက်ရှာဖွေသူ။ ရှားရယ်တို့ လုပ်အားပေးဖို့ ဘယ်သူက အမိန့်ပေးတာလဲ။
ရှားရယ်။ ကျနော်တို့ရွာနားမှာရှိတဲ့ စစ်တပ်အခြေစိုက်စခန်းကလို့ ထင်တာပဲ။ တပ်နံပါတ်တော့ သေသေချာချာ မမှတ်မိ တော့ဘူး။ ပုံမှန်ဆိုရင် ရယကက စစ်တပ်အမိန့်ကိုလက်ခံပြီး လိုအပ်သလိုစီစဉ်တာပဲ။

အချက်အလက်ရှာဖွေသူ။ ခြံစည်းရိုးခတ်တာကို ဘယ်သူတွေက ကြီးကြပ်ပါသလဲ။
ရှားရယ်။ စစ်သားတွေပေါ့။

အချက်အလက်ရှာဖွေသူ။ အမိန့်အတိုင်း ခြံစည်းရိုးခတ်တဲ့အလုပ် တပါတ်လုပ်ပြီးတဲ့နောက်မှာ ဘာတွေဖြစ်ခဲ့ပါသလဲ။
ရှားရယ်။ စိုက်ထားတာတွေထဲက ကျန်နေတာလေးတွေမဆုံးရအောင် ကြိုးစားဖို့ လယ်ဆီ တက်သုတ်ရိုက်တာပေါ့။ ကျနော် လယ်ထဲမှာအလုပ်လုပ်နေတုန်း စစ်သားတချို့ရောက်လာပြီး ကျနော်တို့ရွာကနေနှစ်ရက်သွားရတဲ့ တခြားရွာ တရွာအထိ အတင်းလမ်းပြလုပ်ခိုင်းပြန်တယ်။ ကျနော်လည်း သူတို့ကို လမ်းတဝက်လောက်ထိ လိုက်ပို့ပြီး လယ်ဆီပြန် ပြေးလာခဲ့တယ်၊ သူတို့ ကျနော့်အနောက်ကို လိုက်မလာလောက်ဘူးလို့ မျှော်လင့်တာပေါ့။ ဘယ်ဟုတ်ပါ့မလဲ၊ ကျနော့် အနောက်ကို လိုက်လာတယ်လေ။ ဒါနဲ့ ကျနော်လည်း သူတို့ဖမ်းမှာကို ကြောက်တာနဲ့ ဒီဘက်ထွက်ပြေးလာတာ။

အချက်အလက်ရှာဖွေသူ။ ရှားရယ်အခုလိုဖြစ်ခဲ့တယ်ဆိုတာကို သိတဲ့ထဲက စကားပြောနိုင်တဲ့သူ တ ယောက်ယောက်များ ရှိမလား။ သူနဲ့ ကျွန်တော်/ကျွန်မ စကားပြောလို့ရနိုင်မလား။
ရှားရယ်။ မကြာခင်ကပဲ နယ်စပ်ကိုထွက်လာတဲ့ ကျနော့်ရွာက မိတ်ဆွေတွေရှိတယ်လေ။ သူတို့ ကျနော့်အကြောင်း သိတာပေါ့၊ ခင်ဗျားနဲ့လည်း သူတို့စကားပြောချင်မယ်ထင်တယ်။

အချက်အလက်ရှာဖွေသူ။ ဟုတ်လား၊ အဲ့ဒီလိုဆို သိပ်ကောင်းတာပေါ့။ ရှားရယ်အနေနဲ့ တခြားဘာများ ထပ်ဖြည့် ပြောချင်ပါသေးသလဲ၊ ဒါမှမဟုတ် ကျနော့်/ကျမကို မေးစရာမေးခွန်း တစုံတရာရှိပါသလား။
ရှားရယ်။ မြန်မာပြည်မှာ ကျန်ခဲ့တဲ့ ကျနော့်မိသားစုအတွက် စိုးရိမ်တယ်။ အခုဆိုရင် ကျနော့်မိန်းမ ဗိုက်ကြီးသည်နဲ့ ၃ နှစ်သမီးလေးပဲ အိမ်မှာရှိတာ။ လယ်ကိုဂရုစိုက်မယ့်သူ ဘယ်သူမှမရှိဘူး၊ သူတို့ကို ကြည့်ရှုစောင့်ရှောက်မယ့်သူလည်း ဘယ်သူမှမရှိဘူး။ အခု ကျနော် သူတို့ကိုဒီခေါ်ဖို့ ငွေကြိုးစားရှာနေတယ်။ အဲ့ဒီလိုမှမလုပ်ရင် သူတို့ ဘယ်လိုအသက် ရှင်မလဲ ကျနော်မသိဘူး။ သူတို့ အကြောင်းစဉ်းစားရတာ အတော်မလွယ်ဘူး။

အချက်အလက်ရှာဖွေသူ။ အခုလို အတွေ့အကြုံတွေ ဖလှယ်ပေးတဲ့အတွက် ရှားရယ်ကို အထူးကျေးဇူးတင်ပါတယ်။ ဒီကိစ္စတွေဟာ ပြောပြဖို့သိပ်ခက်တယ်ဆိုတာ ကျနော်/ကျမသိပါတယ်။ ရှားရယ်သာ ဆန္ဒရှိမယ်ဆိုရင် ရှားရယ်ရဲ့ စဉ်းစားချက်တချို့ အကောင်အထည်ပေါ်လာအောင် အကူအညီပေးကောင်းပေးနိုင်သူတွေနဲ့ တွေ့ဆုံစကားပြောလို့ ရအောင် ကျနော်/ကျမ လမ်းညွှန်ပေးနိုင်ပါတယ်။
ရှားရယ်။ ပြောချင်တာပေါ့။

အချက်အလက်ရှာဖွေသူ။ ကျနော်/ကျမ ရှားရယ်နဲ့ ထပ်စကားပြောဖို့လိုအပ်ရင် ရှားရယ်ကို ဘယ်လိုဆက်သွယ်လို့ ရမလဲ။
ရှားရယ်။ ကျနော် မြို့ထဲကဈေးမှာ အလုပ်လုပ်နေတယ်။ ကျနော် ဒီမှာမရှိဘူးဆိုရင် မြို့ထဲကအလုပ်မှာ သွားရှာလို့

ရတယ်။

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၅**

၁။ ကိုအောင်ကျော်စိုးတယောက် နိုင်ငံရေးနဲ့ ပါဝင်ပတ်သက်မှုရှိလာတာ နှစ်အတော်ကြာပါပြီ။ သူက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အဖွဲ့ဝင်တယောက်ပါ။ နိုင်ငံရေးဆောင်ရွက်ချက်တချို့ကြောင့် သူအဖမ်းခံရပြီး ထောင်ထဲမှာ လအနည်းငယ် နေခဲ့ရပါတယ်။ သူထောင်ကလွတ်လာပြီးတဲ့နောက် အားပြန်ပြည့်လာပြီး မကြာ ခင်မှာပဲ မြန်မာပြည်ကနေ ထွက်ခွာလာခဲ့ပါတယ်။

---

၂။ မိပကောင်းရော့တယောက် အိမ်ဖော်အလုပ်လုပ်ဖို့ ရန်ကုန်ကို အလုပ်ရှာပေးတဲ့ကိုယ်စားလှယ် (Agent) နဲ့ အတူ သွားခဲ့ပါတယ်။ ဒါပေမယ့် ရန်ကုန်ရောက်တဲ့အခါ အခန်းတခုထဲ သော့ပိတ်ခံရပြီး ယောက်ျားတွေနဲ့ လိင်ဆက်ဆံဖို့ အဓမ္မဖိအား ပေးခံခဲ့ရပါတယ်။ နောက်ဆုံးမှာတော့ အဲ့ဒီဘဝက လွတ်မြောက်အောင် ကြိုးစား နိုင်ခဲ့ပြီး နိုင်ငံကနေ ထွက်ခွာလာခဲ့ပါတယ်။

---

၃။ တနေ့ ကျောင်းကနေ အိမ်အပြန်မှာ မောင်ဝင်းတယောက် အတားခံရပြီး တပ်ထဲဝင်ဖို့ အကျပ်ကိုင်ခံခဲ့ရပါ တယ်။ တပ်သားသစ်အဖြစ်နဲ့ စုဆောင်းခံရပြီးတဲ့နောက် ပထမဆုံး စစ်သင်တန်းတက်ခဲ့ရပါတယ်။ စစ် သင်တန်းဟာ တကယ့်ကို ခက်ခဲကြမ်းတမ်းဆိုတာကို သူတွေ့ခဲ့ရပါတယ်။ သင်တန်းပြီးတဲ့အခါ တိုက်ပွဲဝင်ဖို့ ရှေ့တန်းကို အပို့ခံခဲ့ရပြန်ပါတယ်။ တချိန်မှာ တိုက်ပွဲကြားကနေ တောထဲကိုထွက်ပြေးပြီး သူ့တပ်ရင်းကနေ လွတ်မြောက်အောင် ကြိုးစားနိုင်ခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ထိုင်းနိုင်ငံရောက်အောင် သူ့ထွက်ပြေးလာခဲ့ ပါတယ်။

---

၄။ အားဒင်ဟာ စစ်သားတယောက်က အဓမ္မပြုကျင့်တာကို ခံခဲ့ရပြီးတဲ့နောက် အဲ့ဒီစစ်သားက သူ့ကိုလက်ထပ်ဖို့ အကျပ်ကိုင်တာကိုလည်း ခံခဲ့ရပါတယ်။ လက်ထပ်ပြီးတဲ့အခါမှာ စစ်သားက သူ့ကို မကြာမကြာ ရိုက်နှက်ခဲ့ ပြန်ပါတယ်။ နောက်ဆုံးမှာတော့ သူ့အမျိုးသား အဝေးကိုရောက်နေချိန်မှာ အားဒင်တယောက် အဲ့ဒီဘဝက ရုန်းထွက်ပြီး ထိုင်းနိုင်ငံရောက်အောင် သူ့ထွက်ပြေးလာခဲ့ပါတယ်။

---

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၆**

မေး။ ဘာကြောင့် မြန်မာပြည်ကနေ ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့တာလဲ။
ဖြေ။ ကျွန်တော် မြန်မာပြည်ကနေ ထွက်မှုဖြစ်မှာလေ။ ထပ်အဖမ်းခံမှာကို ကျွန်တော် ကြောက်တယ်၊ ပြီးတော့ ထပ်ပြီး အထိန်းသိမ်းခံရမယ်ဆိုရင် အသက်ရှင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။

မေး။ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို ပြောပြလို့ရမလား။
ဖြေ။ ဟုတ်ကဲ့၊ NLD မှာ ကျွန်တော် ပါဝင်ဆောင်ရွက်ခဲ့တာကြောင့် အရင်တုန်းကတစ်ကြိမ် အဖမ်းခံခဲ့ရပါတယ်။ ကျနော်က ကျွန်တော်တို့မြို့မှာ NLD လူငယ်ခေါင်းဆောင်တယောက်ပါ။ ၂၀၀၅ ခုနှစ်မှာ ပထမဆုံးအဖမ်းခံရပြီး နှစ်နှစ်နီးပါး အထိန်းသိမ်းခံခဲ့ရပါတယ်။ ထောင်ကလွတ်ပြီးတဲ့နောက် နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်း နေခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့် သူငယ်ချင်းတွေကတော့ အစည်းအဝေးတွေ ဆက်ပြီးစီစဉ်ကြပါတယ်။ ပြီးခဲ့တဲ့လမှာ NLD အဖွဲ့ဝင်တွေဖြစ်တဲ့ ကျွန်တော့် သူငယ်ချင်းအရင်း ၅ ယောက် အဖမ်းခံရပါတယ်။ အာဏာပိုင်တွေက ကျွန်တော့်ကို ရှာနေတယ်လို့လည်း ကြားရပါတယ်၊ ဒါပေမယ့် သူတို့ ကျနော့်ကိုရှာမတွေ့ခင် ကျွန်တော်ထွက်ပြေး လာခဲ့တာပါ။

မေး။ ၂၀၀၅ ခုနှစ် အဖမ်းခံရတဲ့အချိန်မှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို နည်းနည်းပိုပြီး ပြောပြလို့ရမလား။

ဖြေ။ ဟုတ်ကဲ့ ရပါတယ်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှာ ကျွန်တော် အဖမ်းခံရတာပါ။ ယူနီဖောင်းဝတ် စစ်သား ၄ ယောက် ကျွန်တော့်အိမ်ကိုလာတယ်၊ ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်တယ်၊ ကျွန်တော့်ခေါင်းကို ခေါင်းစွပ်စွပ် တယ်၊ ပြီးတော့ ရန်ကုန်အပြင်က ထိန်းသိမ်းရေးစခန်းတခုကို ခေါ်သွားတာပါပဲ။

မေး။ အဲ့ဒီနောက်ရော ဘာတွေဖြစ်သေးသလဲ။
ဖြေ။ သူတို့က ကျွန်တော့်ကို တိုက်ခန်းတခုထဲမှာ ထည့်ထားပါတယ်။ ပထမနေ့မှာ သူတို့ ကျွန်တော့်ကို နာရီပေါင်း များစွာ စစ်ဆေးမေးမြန်းပါတယ်၊ ပြီးတော့ ကျွန်တော့်တကိုယ်လုံးကို သေနတ်ဒင်နဲ့ ရိုက်ပါတယ်။ ကျွန်တော့်တ ကိုယ်လုံး ဖူးယောင်သွားတော့တာပါပဲ။ အဲ့ဒီလို စစ်ဆေးမေးမြန်းပြီးတော့ ကျွန်တော့်ကို အခန်းတစ်ခန်း ထဲမှာသော့ခတ်ပြီး တစ်ယောက်တည်း ထားပါတယ်။ နောက်ပိုင်းမှာ အစောင့်တွေ ကျွန်တော့်ဆီ တနေ့တခေါက်ပဲလာပြီး ပုံစံခွက်နဲ့ စားစရာ လာပို့ပါတယ်။ ဒါပါပဲ။

မေး။ ထိန်းသိမ်းရေးစခန်းတွင်းအခြေအနေတွေက ဘယ်လိုမျိုးရှိပါသလဲ။
ဖြေ။ တကယ့်ကို စက်ဆုပ်စရာပါ။ ကျွန်တော့်ကို တယောက်တည်း အခန်းလေးတစ်ခု ထဲမှာ ပိတ်လှောင်ထားပါတယ်။ ဘယ်သူမှလည်း ကျွန်တော့်ဆီ အလည်လာခွင့်မရှိပါဘူး။ ကျွန်တော့်ကို နေ့တိုင်း တနေ့တခါပဲ အစာနည်းနည်း ပေးပါတယ်၊ ဒါပေမယ့် ပေးတဲ့အစာက စားလို့ရတယ်ဆိုရုံပါ။ ကျွန်တော့်မှာ သောက်ဖို့ ဒါမှမဟုတ် ဆေးကြောဖို့ ရေအလုံအ လောက်မရှိတဲ့အပြင် အိမ်သာသွားခွင့်လည်း လုံးဝမရှိပါဘူး။ အဲ့ဒီအခြေအနေတွေကြောင့် ကျွန်တော်အတော့်ကို နေမ ကောင်းဖြစ်ခဲ့ပေမယ့် ဆရာဝန်နဲ့လည်းတွေ့ခွင့် မပေးခဲ့ပါဘူး။

မေး။ ဘာ့ကြောင့် အဖမ်းခံရတာလဲ။
ဖြေ။ ဘာ့ကြောင့် အဖမ်းခံရတယ်ဆိုတာကို ဘယ်သူကမှ ကျွန်တော့်ကို တိတိကျကျမပြောခဲ့ဘူးပါဘူး၊ ဒါပေမယ့် NLD မှာ ပါဝင်ဆောင်ရွက်တဲ့အတွက် အဖမ်းခံရတယ်လို့ထင်ပါတယ်။ အစောပိုင်းမှာ ပြောခဲ့သလိုပါပဲ ကျွန်တော်က ကျွန်တော့်မြို့မှာ NLD လူငယ်ခေါင်းဆောင်တယောက်ပါ၊ ပြီးတော့ အဖမ်းမခံရခင် နှစ်ပါတ်မှာ မြန်မာပြည်ရဲ့ နိုင်ငံရေးအခြေအနေကိုဆွေး နွေးကြဖို့ အစည်းအဝေးတခု ကျနော်စီစဉ်ခဲ့ပါတယ်။ အဲ့ဒီအစည်းအဝေးက လျှို့ဝှက်အစည်းအဝေးပါ၊ ဒါပေမယ့် အာဏာ ပိုင်တွေက တနည်းနည်းနဲ့ အဲ့ဒီကိစ္စကို သိသွားပါတယ်။ စစ်ကြောရေးမှာတုန်းကလည်း ကျွန်တော်တို့မြို့က NLD အစည်းအဝေးတွေ စီစဉ်တဲ့ကိစ္စမှာ ကျွန်တော်တာဝန်ရှိလားလို့ သူတို့ကကျွန်တော့်ကို ဆက်တိုက်မေးပါတယ်။ နောင်ကို ဘယ်တော့မှ နိုင်ငံရေးအစည်းအဝေးတွေ မစီစဉ်ဖို့ ဒါမှမဟုတ် မတက်ဖို့လည်း ကျွန်တော့်ကို သတိပေးပါသေးတယ်။

မေး။ ၂၀၀၅ မှာ တခြား ဘယ်လောက်များများ အဖမ်းခံရပါသေးသလဲ။
ဖြေ။ အဲ့ဒီအချိန်တုန်းက ကျွန်တော်တယောက်တည်းပဲ အဖမ်းခံရတာပါ။

မေး။ ဘယ်လို ပြန်လွတ်လာတာလဲ။
ဖြေ။ နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်မှု မလုပ်ပါဘူးလို့ သဘောတူခံဝန်ချက် လက်မှတ်ထိုးခဲ့ရပါတယ်။ ဒဏ်ငွေ ၂ သိန်းလည်း ပေးရပါတယ်။ ကျွန်တော့်မိသားစုက အဲ့ဒီငွေကို အိမ်နီးချင်းတယောက်ဆီကနေ ချေးခဲ့တာပါ။ ၂၀၀၈ ခုနှစ် စက်တင်ဘာလမှာ ကျွန်တော်ပြန်လွတ်လာပါတယ်။

မေး။ လွတ်လာပြီးတဲ့နောက် ဘာတွေ ဖြစ်ခဲ့ပါသလဲ။
ဖြေ။ NLD မှာ ပါဝင်ဆောင်ရွက်တာကို ကျွန်တော် ရပ်နားခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်သူငယ်ချင်းတွေကတော့ အစည်းအဝေးတွေ ဆက်စီစဉ်နေဆဲပါ။ အစည်းအဝေးတွေတက်ဖို့ သူတို့ ဖိတ်ပေမယ့် ကျွန်တော့်ကတော့ တက်ဖို့ သိပ်ကြောက်နေခဲ့ပါတယ်။ ပြီးခဲ့တဲ့လက သူတို့အစည်းအဝေးပြီးပြီးချင်းလေးမှာပဲ NLD က ကျွန်တော့်သူငယ်ချင်း ၅ ယောက် အဖမ်းခံရပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော့်အမေ ဈေးမှာရှိနေပြီး စစ်သား ၃ ယောက်က ကျွန်တော်ဘယ်မှာရှိသလဲလို့ အမေ့ကို ချဉ်းကပ်မေးမြန်းပါတယ်။ အမေကတော့ သူမသိဘူးဆိုပြီး လိမ်ပြောခဲ့ပါတယ်။ အဲ့ဒါပြီးတာနဲ့ အမေလည်း အိမ်ကို အပြေးအလွှားရောက်လာပြီး ကျွန်တော့်ကို အကြောင်းစုံ ပြောပြပါတယ်။ ကျွန်တော်လည်း အဲ့ဒီနေ့မွန်းလွဲမှာပဲ အိမ်ကနေ ထွက်လာခဲ့ပါတယ်။

မေး။ သူငယ်ချင်းတွေ အဖမ်းခံရတယ်ဆိုတာကို ဘယ်လိုသိပါသလဲ။
ဖြေ။ ကျွန်တော့်ရဲ့ တခြားသူငယ်ချင်းတွေ အိမ်ရောက်လာပြီး သတင်းဆိုးကို ပြောပြတာပါ။ စစ်သားတွေက အဖမ်းခံ

ရတဲ့ သူငယ်ချင်းတွေကို သူတို့အိမ်တွေကနေ တရွတ်တိုက်ဆွဲသွားတာ တွေ့တယ်လို့ ကျွန်တော့်ကို ပြောပြကြပါ တယ်။

မေး။ ကိုအောင်ကျော်စိုးရဲ့ သူငယ်ချင်းတွေ အခုဘာဖြစ်နေကြပါသလဲ။
ဖြေ။ သူတို့နဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှထပ်မကြားရသေးပါဘူး။

မေး။ ကိုအောင်ကျော်စိုး ဘာဖြစ်ခဲ့သလဲဆိုတာကို သိတဲ့ထဲက ကျွန်တော်/ ကျွန်မ စကားပြောနိုင်တဲ့သူ တယောက် ယောက်များ ရှိမလား။
ဖြေ။ ကျွန်တော့်အဖေနဲ့ စကားပြောနိုင်ပါတယ်။ သူကျွန်တော်နဲ့အတူ ဒီမှာရှိပါတယ်၊ ၂၀၀၅ ခုနှစ် ကျွန်တော်အဖမ်းခံရချိန်က သူ မြန်မာပြည်မှာပါ။ ကျွန်တော်လွတ်ဖို့အတွက် ဒဏ်ငွေကိုလည်း သူပဲပေးခဲ့တာဖြစ်ပါတယ်။

**အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၇**

တွေ့ဆုံဆွေးနွေးမှု နိဂုံးချုပ်ခြင်း – ဥပမာ
အခုလို အချိန်ပေးတဲ့အတွက်ရော အတွေ့အကြုံတွေ ဖလှယ်ပေးတဲ့အတွက်ပါ ကိုအောင်ကျော်စိုးကို ကျေးဇူးအများကြီးတင်ပါတယ်။ တခြားဘာများ ထပ်ဖြည့်ပြောချင်ပါသေးသလဲ။
– ထောင်ကတော့ သိပ်ဆိုးဝါးလွန်းပါတယ်။ အသက်ရှင်လမ်း လုံးဝမရှိပါဘူး။ ကျွန်တော် ထောင်ထဲမှာ တိရိစ္ဆာန်တကောင်လို ဆက်ဆံခံခဲ့ရတာပါ။ ကျွန်တော် ရာဇဝတ်သားမဟုတ်ပါဘူး။ လွတ်လွတ်လပ်လပ်နဲ့ ကြောက်ရွံ့မှုမ ရှိဘဲ အသက်ရှင်နေနိုင်ဖို့ကိုသာ အလိုရှိသူဖြစ်ပါတယ်။

ကျေးဇူးပါ။ ကိုအောင်ကျော်စိုးမှာ ကျွန်တော်/ကျွန်မ အဖြေပေးနိုင်မယ့် တခြားမေးခွန်း တစုံတရာ ရှိပါသေးသလား။
– ကျွန်တော် မြန်မာပြည် ပြန်နိုင်လိမ့်ဦးမယ်လို့ ထင်ပါသလား။

ဒီမေးခွန်းအတွက် အဖြေမပေးနိုင်တဲ့အပေါ် ကျွန်တော်/ကျွန်မ အနေနဲ့ စိတ်မကောင်းဖြစ်မိပါတယ်။ အိမ်ပြန်ချင်ပေမယ့် ပြန်လို့မရနိုင်တဲ့ ကိုအောင်ကျော်စိုးလို အခြေအနေမျိုး လူတွေအများကြီး ရှိနေတယ်ဆိုတာကို သိပါတယ်။ တနေ့မှာ ပြန်လို့ရနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လောလောဆယ်မှာတော့ ကိုအောင်ကျော်စိုးရဲ့ ဖြစ်စဉ်ကို အစီရင်ခံစာထဲမှာ ကျွန်တော်/ကျွန်မ ထည့်ရေးပါမယ်၊ အစီရင်ခံစာကို တခြား လူအတော်များများဆီကို ဖြန့်ဝေမှာဖြစ်ပါတယ်။ အဲ့ဒီလိုလုပ်မယ်ဆိုရင် ကိုအောင်ကျော်စိုးအတွက် အဆင်ပြေပါ့မလား။
– ဟုတ်ကဲ့ အဆင်ပြေပါတယ်။ ပြဿနာမရှိပါဘူး။

ပြီးတော့ ကိုအောင်ကျော်စိုး မေတ္တာရပ်ခံခဲ့သလိုပဲ ကျွန်တော်/ကျွန်မ အနေနဲ့ ကိုအောင်ကျော်စိုးရဲ့နာမည်၊ ဓာတ်ပုံ ဒါမှမဟုတ် တခြား လူပုဂ္ဂိုလ်နဲ့ဆက်စပ်ပြီးသိလွယ်မြင်လွယ်ဖြစ်စေမယ့် ဘယ်လိုသတင်းအချက်အလက်ကိုမဆို အစီရင်ခံစာထဲမှာ ထည့်သွင်းမှာမဟုတ်ပါဘူး။ ဒီအချက်အလက်တွေကို လျှို့ဝှက်ထားနိုင်ဖို့ ကျွန်တော်/ကျွန်မ အစွမ်းကုန်ကြိုးစားပါ့မယ်။ အစီရင်ခံစာထဲမှာ မထည့်ဘဲချန်ထားချင်တဲ့ တခြားအချက်အလက် ရှိပါသေးသလား။
– ရှိပါတယ်။ ကျွန်တော့် ရွာနာမည် မထည့်ဘဲထားလို့ရမလား။

သိပ်ရတာပေါ့။ နောက်ဆုံးအနေနဲ့ ကိုအောင်ကျော်စိုးကို ထပ်ဆက်သွယ်ချင်ရင် ဘယ်လိုဆက်လွယ်လို့ရမလဲ သိ ချင်ပါတယ်။
– ကျွန်တော့် လက်ကိုင်ဖုန်းနံပါတ်ကို ဆက်နိုင်ပါတယ်။ ကျွန်တော်ဒီနေရာက ထွက်သွားဖို့ လောလောဆယ် ဘာအစီအစဉ်မှ မရှိပါဘူး။

# အခန်း (၄)
# အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း

# အခန်း (၄) အဆင့်မြင့် တွေ့ဆုံမေးမြန်းမှု အပိုင်း

**အဓိကအစိတ်အပိုင်းများ**

| | |
|---|---|
| **လုံခြုံမှု -** | အချက်အလက်ရှာဖွေမှုလုပ်ငန်းစဉ်သည် တွေ့ဆုံမေးမြန်းမည့်သူ (အမေးခံရမည့်သူ) အား လုံးဝအန္တရာယ် မရှိစေခြင်း။ |
| **လျှို့ဝှက်မှု -** | တွေ့ဆုံမေးမြန်းမည့်သူနှင့် ပတ်သက်၍ဖြစ်စေ ၎င်းပေးသည့် သတင်းအချက်အလက်ကိုဖြစ်စေ ၎င်းအား ထိခိုက်မည့်အလားအလာရှိသည့်နည်းလမ်းဖြင့် လုံးဝမဖွင့်ဟခြင်း။ |
| **သဘောတူခွင့်ပြုမှု -** | ၎င်းအားမေးမြန်းမှုပြုလုပ်ရန်နှင့် ၎င်းပေးသည့် သတင်းအချက်အလက်အား မှတ်တမ်းပြုစုရန်၊ အသုံးပြုရန်တို့ကို တွေ့ဆုံမေးမြန်းမည့်သူက အပြည့်အဝခွင့်ပြုခြင်း။ |
| **မှန်ကန်တိကျမှု -** | လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သည့် သက်သေထွက်ဆိုချက် မှန်ကန်ခြင်း။ |
| **အများယုံကြည်လက်ခံနိုင်မှု -** | အမေးခံရသူ၏ သက်သေထွက်ဆိုချက်၊ ပြောကြားချက်များ မှန်သည်မမှန်သည်ကို ယုံကြည်လက်ခံနိုင်ခြင်း။ |
| **ယုံကြည် အားထား ရမှု -** | အဖြစ်အပျက်များနှင့်ပတ်သက်၍ အမေးခံရသူ၏ သိမြင်နားလည်မှု မှန်ကန်ခြင်း။ |
| **စိစစ်အတည်ပြုမှု -** | နည်းလမ်းတခုဖြင့် ကောက်ယူခဲ့သည့် သတင်းအချက်အလက်အား အခြားနည်းလမ်းတခုဖြင့် စစ်ဆေးခြင်း သို့မဟုတ် ယင်းအချက်အား အတည်ပြုနိုင်ရေးအတွက် သတင်းအရင်း အမြစ်အချို့ဖြင့် စစ်ဆေးခြင်း။ |

## နိဒါန်း

**လုံခြုံမှု**

ဆွေးနွေးမှု

သင်တန်းသားတွေဆီက အောက်ပါမေးခွန်းတွေအတွက် အဖြေကို မြန်မြန်ရယူပါ။ သူတို့ပေးတဲ့ အဖြေတချို့ကို ပို့က်ဘုတ်ပေါ်မှာ ရေးချပါ။

- လုံခြုံမှုဆိုတာဘာလဲ။
- လူ့အခွင့်အရေးကိစ္စတွေကို တွေ့ဆုံမေးမြန်းတာ၊ မှတ်တမ်းတင်တာတွေဟာ ဘယ်လိုမျိုး လုံခြုံရေးဆိုင်ရာ စဉ်းစားချက်တွေနဲ့ ဆက်စပ်မှုရှိသလဲ။
- လုံခြုံမှုဟာ ဘာကြောင့် အရေးကြီးတာလဲ။

အဖြေများ –

- လုံခြုံရေးနဲ့ပတ်သက်ပြီး အဓိကအလေးထားစရာကတော့ အမေးခံရမယ့်သူ ဒါမှမဟုတ် အချိုးဖောက်ခံရသူအတွက် ဖြစ်တယ်။ သူတို့ကို အန္တရာယ်ပြုစော်ကားခဲ့သူတွေရဲ့ ဘေးအန္တရာယ်နဲ့ ကင်းရဲ့လား။ အခုလက်ရှိ ရှိနေတဲ့နေရာမှာ သူတို့ရဲ့ အခြေအနေ (Status) က ဘယ်လိုရှိလဲ။ သူတို့မိသားစုအတွက် စိုးရိမ်မှုရှိနေလား။
- အချက်အလက်ရှာဖွေသူကိုပေးခဲ့တဲ့ သတင်းအချက်အလက်တွေကို အပြင်လူ လက်လှမ်းမမှီနိုင်အောင် သိမ်းထားရဲ့လား။ တွေ့ဆုံမေးမြန်းမှုလုပ်တဲ့အတွက် အချိုးဖောက်ခံရသူအနေနဲ့ အန္တရာယ်နဲ့ ထပ်ကြုံနိုင်စေနိုင်မှာလား။ အန္တရာယ်နဲ့ကြုံနိုင်တယ်ဆိုတာကိုရော သူတို့နားလည်သဘောပေါက်ရဲ့လား။ ဒီလိုမျိုး ထိခိုက်နစ်နာနိုင်မှုတွေအားလုံးကို ဆွေးနွေးသင့်တယ်၊ ပြီးတော့ ဖြစ်နိုင်တဲ့အခါတိုင်းမှာ အဲ့ဒီထိခိုက်နစ်နာနိုင်မှုတွေ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သင့်တယ်။ အဲဒီလိုမဟုတ်ရင် အချက်အလက်ရှာဖွေသူနဲ့ အမေးခံရမယ့်သူ အကြားမှာရှိတဲ့ ယုံကြည်မှု ပျက်ပြားလိမ့်မယ်။
- သင်တန်းသားတွေအနေနဲ့ အချက်အလက်ရှာဖွေတဲ့အခါ၊ တွေ့ဆုံမေးမြန်းတဲ့အခါ လုံခြုံရေးကိစ္စတွေကို ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့ သူတို့စဉ်းစားချက်နဲ့ အတွေ့အကြုံတွေကို ဆွေးနွေးဖလှယ်ပါ။ အချက်အလက်ရှာဖွေသူက ကိုယ်တွေ့ဆုံမေးမြန်းမယ့်သူရဲ့ လုံခြုံရေးအန္တရာယ်ကို နည်းနိုင်သမျှ အနည်းဆုံး ဖြစ်အောင် ဘယ်လိုဆောင်ရွက်လို့ရမလဲ။

လေ့ကျင့်ခန်း

သင်တန်းသားတွေက ဒီလေ့ကျင့်ခန်းကို အဖွဲ့အလိုက် ဒါမှမဟုတ် အားလုံးပေါင်းပြီး လုပ်ရမှာဖြစ်ပါတယ်။ အချက်အလက်ရှာဖွေရေးလုပ်ငန်းကို အခုမှ စတင်ဆောင်ရွက်မယ့်သူ တစုံတယောက်အတွက် လုံခြုံရေးဆိုင်ရာ အကြံပြုချက် အတိုချုပ်စာရင်းတခု သူတို့ ပြုစုရမှာ ဖြစ်ပါတယ်။

နမူနာအဖြေများ –

- အမေးခံရမယ့်သူရဲ့ လုံခြုံရေးအခြေအနေကို ကျွမ်းကျွမ်းကျင်ကျင် အကဲဖြတ်နိုင်သူတယောက်အဖြစ်နဲ့ ကိုယ်မေးမယ့်သူကို လေးစားမှုပြသခြင်း။
- လုံခြုံရေးအန္တရာယ် အလားအလာနဲ့ အဲ့ဒီအန္တရာယ်တွေ နည်းနိုင်သမျှနည်းအောင်လုပ်နိုင်မယ့် နည်းလမ်းတွေကို အမေးခံရမယ့်သူတွေနဲ့ သုံးသပ်ဆွေးနွေးခြင်း။
- သတင်းအချက်အလက်ကို ဘယ်လိုအသုံးပြုမယ်ဆိုတာနဲ့ပတ်သက်ပြီး ရှင်းပြခြင်း (တွေ့ဆုံမေးမြန်းမှု လုပ်ငန်းစဉ်တခုလုံးကို ပွင့်လင်းမြင်သာမှု ရှိစေခြင်း)။
- ၄င်းပေးတဲ့အချက်အလက်ကိုသုံးဖို့ ကိုယ်မေးတဲ့သူဆီက သဘောတူခွင့်ပြုချက် ရယူခြင်း။
- အမေးခံရသူအတွက် အန္တရာယ်ကျရောက်ဖို့ အလားအလာရှိနိုင်တဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေကို ထိန်းသိမ်းထားခြင်း။

အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၁ ကို ဝေပေးပါ ဒါမှမဟုတ် ဖတ်ပြပါ။ သင်တန်းသားတွေက အဖွဲ့ လိုက် ဒါမှမဟုတ် အားလုံးပေါင်းပြီး အဲ့ဒီအခြေအနေနှစ်ခုကို နှိုင်းယှဉ်ရပါမယ်၊ ပြီးတော့ အခြေအနေနှစ်ခုရဲ့ ကွဲပြားခြားနားမှုကို ဆွေးနွေးရပါမယ်။

နမူနာအဖြေများ –

ကွဲပြားခြားနားမှုကတော့ ပထမဖြစ်ရပ်မှာ ရွာသူကြီးက ချိုးဖောက်မှုဖြစ်ခဲ့တဲ့ ဝန်းကျင်မှာပဲရှိနေသေးတာဖြစ်တယ်၊ ဒါကြောင့် သူ့အနေနဲ့ ထိခိုက်နစ်နာမှုတွေ အန္တရာယ်တွေရှိနိုင်တယ်။ အဲ့ဒါနဲ့မတူတဲ့ ဒုတိယဖြစ်ရပ်မှာတော့ UNHCR ရဲ့ အကာအကွယ်အောက်မှာရှိနေတဲ့ ဒုက္ခသည်ဟာ အန္တရာယ်ရှိတဲ့ဝန်းကျင်ရဲ့ အပြင်မှာရှိနေတာ ဖြစ်တယ်၊ ဒါကြောင့် လက်စားချေခံရမယ့် အန္တရာယ်နဲ့ ကြုံရဖို့နည်းတယ်။ ဒါပေမယ့် အဲ့ဒီဒုက္ခသည်ရဲ့ မိသားစု အတွက်တော့ အန္တရာယ်ရှိကောင်းရှိနေနိုင်တယ်ဆိုတာကို ဂရုပြုပါ။

ဆွေးနွေးမှု

တဦးချင်းလေ့ကျင့်ခန်း (Role-play)

သင်တန်းဆရာက အောက်ပါအခြေအနေတွေကို ဖိုက်ဘုတ်ပေါ်မှာ ရေးချပါ။

က။ ရွယ်ဂျာတယောက် အဓမ္မလက်ထပ်ခံထားရာကနေ ထွက်ပြေးခဲ့ပြီး အခုဆိုရင် ရွှေ့ပြောင်းအလုပ်သမား အဖြစ် ထိုင်းနိုင်ငံမှာ ရှိနေပါတယ်။

ခ။ မောင်မောင်ဟာ ထွက်ပြေးလွတ်မြောက်လာတဲ့ ကလေးစစ်သားတယောက်ဖြစ်ပြီး အခုဆိုရင် မဲဆောက်က လုံခြုံစိတ်ချရတဲ့ အိမ်တလုံးမှာ နေထိုင်လျှက်ရှိပါတယ်။

ဂ။ ထူးသော်ဟာ အရင်တုန်းက ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်တယောက်ဖြစ်ပြီး အခုဆိုရင် ဒုက္ခသည်စခန်းမှာ နေထိုင် လျှက်ရှိပါတယ်။

၁။ သင်တန်းသားတွေက အောက်ပါအကြောင်းအရာတွေအပေါ်မူတည်ပြီး ရွယ်ဂျာ၊ မောင်မောင်နဲ့ ထူးသော်တို့ကို မေးနိုင်မယ့်မေးခွန်းတွေ စဉ်းစားပြုစုနိုင်အောင် ကူညီပေးပါ။

- လုံခြုံရေးအန္တရာယ်အလားအလာကို သုံးသပ်ဆွေးနွေးခြင်း။
- သတင်းအချက်အလက်ကို ဘယ်လိုအသုံးပြုမယ်ဆိုတာနဲ့ပတ်သက်ပြီး ရှင်းပြခြင်း။
- ၄င်းပေးတဲ့အချက်အလက်ကိုသုံးဖို့ ကိုယ်မေးတဲ့သူဆီက သဘောတူခွင့်ပြုချက် ရယူခြင်း။
- အမေးခံရသူ အန္တရာယ်ကျရောက်ဖို့ အလားအလာရှိနိုင်တဲ့ လျှို့ဝှက်သတင်းအချက်အလက် တွေကို ထိန်းသိမ်းထားခြင်း။

နမူနာအဖြေများ

- လောလောဆယ် ခင်ဗျား/ရှင့်မှာ လုံခြုံရေးနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးအန္တရာယ်တွေ ရှိနေသလဲ။

- လုံခြုံရေးအရ ခင်ဗျား/ရှင် အစိုးရိမ်ဆုံးက ဘာလဲ။
- တခုခုကို ကြောက်နေသလား။ ဘာကိုကြောက်နေတာလဲ။
- အချက်အလက်ရှာဖွေသူနဲ့ အခုလိုစကားပြောတာဟာ ခင်ဗျား/ရှင့်အတွက် အန္တရာယ်ပိုများနိုင်တယ်လို့ ထင်ပါသလား။
- ခင်ဗျား/ရှင့်အတွက် အန္တရာယ်ပိုများတာမျိုး မဖြစ်ရအောင် ကျွန်တော်/ကျွန်မတို့ ဘာလုပ်ပေးနိုင်မလဲ။
- ဒီတွေ့ဆုံမေးမြန်းမှုလုပ်ဖို့ ဘယ်နေရာ/နည်းလမ်းက အသင့်တော်ဆုံးလဲ။
- ကျွန်တော်/ကျွန်မတို့အနေနဲ့ ဘယ်သတင်းအချက် (ခင်ဗျား/ရှင့်ရဲ့အကြောင်း ပြောပြခဲ့တဲ့အထဲက) ကို လျှို့ဝှက်ထားသင့်တယ်၊ ဘယ်သတင်းအချက်ကို ဖလှယ်/ထုတ်ပြန်လို့ရတယ်ဆိုတာ ပြောပြပေးပါ။

၂။ သင်တန်းသားတွေက အပေါ်မေးခွန်းတွေကိုအသုံးပြုပြီး တစ်ဦးချင်းလေ့ကျင့်ခန်းလုပ်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်းတွေကို သူတို့တွေ့ဆုံမေးမြန်းမယ့်သူတွေက ဘယ်လိုဖြေမလဲဆိုတာကိုပါ စိတ်ကူးကြည့်ဖို့ လိုပါလိမ့်မယ်။

## သဘောတူခွင့်ပြုမှု

**သိထားသင့်သည့်အချက်အလက်များ**

အမေးခံရသူရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်တွေကို သူ့ရဲ့သဘောတူခွင့်ပြုချက်မရဘဲ အခြားမျက်မြင်သက်သေတွေအပါအဝင် ဘယ်သူ့ကိုမှ (ဘယ်သောအခါမှ) ထုတ်မပြောသင့်ပါဘူး။ အချက်အလက်ရှာဖွေသူတွေအနေနဲ့ ကိုယ်မေးမယ့်သူတွေ လက်မှတ်ထိုးနိုင်တဲ့ သဘောတူခွင့်ပြုချက်ပုံစံတွေကို အသုံးပြုကောင်း ပြုနိုင်ပါတယ်။ ဒါပေမယ့် လုံခြုံရေးအန္တရာယ်တွေရှိတာမို့ အဲ့ဒီပုံစံတွေကို အမြဲတမ်းအသုံးပြုလို့ ရချင်မှရပါလိမ့်မယ်။ အဲ့ဒီလို အသုံးပြုလို့မရဘူးဆိုရင် အခြားနည်းလမ်းတခုအနေနဲ့ ကိုယ်မေးမယ့်သူဆီကနေ နှုတ်အားဖြင့် သဘောတူညီချက် ရယူနိုင်ပါတယ်။

တွေ့ဆုံမေးမြန်းမှုကို စာနဲ့ရေးချပြီးတဲ့အခါမှာ အချက်အလက်ရှာဖွေသူအနေနဲ့ ရရှိလာတဲ့ သတင်းအချက်အလက်တွေ ကို အသုံးပြုဖို့ ကိုယ်မေးခဲ့တဲ့သူဆီကနေ သဘောတူခွင့်ပြုချက်ရပြီးဖြစ်တယ်ဆိုတာကို စာနဲ့ချရေးဖို့ကို ဂရုပြုရပါမယ်။ ဒ့ါပြင် သူပေးတဲ့သတင်းအချက်အလက်ကို ဘယ်လိုအသုံးပြုရမယ်ဆိုတဲ့ ကန့်သတ်ချက်တစုံတရာရှိခဲ့ရင်လည်း အဲ့ဒီ ကန့်သတ်ချက်တွေကို ဂရုပြုရပါမယ်။

အမေးခံရမယ့်သူဆီက သဘောတူခွင့်ပြုချက် (နှုတ်အားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ)ကို တွေ့ဆုံမေးမြန်းမှုလုပ်တိုင်းမှာ ရယူသင့်ပါတယ်။

တွေ့ဆုံမေးမြန်းမှု ပြီးသွားတဲ့အခါမှာ အချက်အလက်ရှာဖွေသူအနေနဲ့ ကိုယ်စုဆောင်းရရှိတဲ့အချက်အလက်တွေဟာ သတင်းပေးသူက ပေးချင်တဲ့အချက်အလက်တွေ ဟုတ်/မဟုတ်သေချာစေဖို့အတွက် ပြန်လည်ဆွေးနွေးပြဖို့ လိုအပ်ပါတယ်။ ကိုယ်မေးတဲ့သူဆီကနေ ကောင်းကောင်းမွန်မွန်သိရှိနားလည်တဲ့ သဘောတူခွင့်ပြုချက် (Informed Concent) ရယူနိုင်ဖို့အတွက် အခုလိုဆွေးနွေးပြဖို့ လိုတာဖြစ်ပါတယ်။ သတင်းအချက်အလက်ထုတ်ဖော်မှုနဲ့ ပတ်သက် ပြီးကန့်သတ်ချက်တစုံတရာ ရှိလည်း အဲ့ဒီသတ်မှတ်ချက်တွေကို ပြန်လည်ဆွေးနွေးပြသင့်ပါတယ်။

**ဆွေးနွေးမှု**

အောက်ပါမေးခွန်းတွေကို ဆွေးနွေးပါ။

သဘောတူခွင့်ပြုမှုဆိုတာကို ဘယ်လို နားလည်ပါသလဲ။ သဘောတူခွင့်ပြုမှုဟာ အရေးကြီးပါသလား။ ဘာကြောင့်အရေးကြီးတာလဲ။ ဒါမှမဟုတ် ဘာကြောင့်အရေးမကြီးတာလဲ။

သင်တန်းသားတွေရဲ့ အတွေ့အကြုံပေါ်မူတည်ပြီး သဘောတူခွင့်ပြုမှုနဲ့ပတ်သက်တဲ့ သူတို့အတွေ့အကြုံထဲက ဥပမာတွေကို ပြောပြခိုင်းပါ။

နမူနာအဖြေများ –

သဘောတူခွင့်ပြုမှုဆိုတာကတော့ တွေ့ဆုံမေးမြန်းရာမှာ ကောက်ခံရရှိတဲ့ သတင်းအချက်အလက်တွေကို အသုံးပြုနိုင်ဖို့အတွက် အမေးခံရသူက အပြည့်အဝခွင့်ပြုတာဖြစ်တယ်။ အမေးခံရသူတွေက သဘောတူခွင့်ပြုချက်ပေးတဲ့အခါ

ဘယ်အချက်အလက်တွေကို အစီရင်ခံတင်ပြနိုင်တယ်၊ ဘယ်အချက်အလက်တွေကတော့ လျှို့ဝှက်ထားသင့်တယ် ဆိုတာကို တိတိကျကျ ပြောကြတယ်။ သဘောတူခွင့်ပြုမှုဆိုတာ သိပ်အရေးကြီးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တချို့ အချက်အလက်တွေကို ထုတ်ဖော်မိရင် ကိုယ်မေးခဲ့တဲ့သူက အန္တရာယ်နဲ့ကြုံရနိုင်တာကြောင့်ဖြစ်တယ်။

## လျှို့ဝှက်မှု

လေ့ကျင့်ခန်း

သင်တန်းသားတွေက ဒီလေ့ကျင့်ခန်းကို အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ အားလုံးပေါင်းပြီးဖြစ်စေ လုပ်ရမှာဖြစ်ပါတယ်။ အောက်ပါအမေးခံရမယ့်သူတွေအတွက် လုံခြုံရေးအန္တရာယ်ကို ဆွေးနွေးပါ။ ဘယ်သူတွေက လျှို့ဝှက်မှုအများဆုံး လိုအပ်ပါသလဲ။ ဘယ်သူတွေက တချို့အသေးစိတ်အချက်အလက် တွေကိုဖွင့်ဟဖို့ သဘောတူခွင့်ပြုချက်ပေးမယ့် အလားအလာရှိပါသလဲ။

၁။ ကိုကျော်စိုးဝင်းဟာ ထိုင်းနိုင်ငံမှာနေထိုင်နေတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတယောက် ဖြစ်ပါတယ်။ သူဟာ မဲဆောက်အခြေစိုက် နိုင်ငံရေးအဖွဲ့အစည်းတခုရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်။

၂။ နော်ဖောဝါးဟာ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် တစ်ယောက် ဖြစ်ပါတယ်။ သူ့ရွာကို အစိုးရ တပ်က မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ သူဟာ သူ့မိသားစုနဲ့အတူ လောလောဆယ် တောထဲမှာပုန်း အောင်းနေပါတယ်။

၃။ ထူးစောဟာ အဓမ္မလုပ်အားပေးလုပ်ငန်းခွင်တခုကနေ ထွက်ပြေးလာပြီး ထိုင်းနိုင်ငံမှာရှိတဲ့ ဒုက္ခ သည်စခန်းတခုဆီ ရောက်အောင်လာခဲ့ပါတယ်။ အခု အဲ့ဒီစခန်းမှာပဲ နေထိုင်နေပါတယ်။

၄။ မိပကောင်းရေ့ာဟာ အဓမ္မပြည့်တန်ဆာလုပ်ခိုင်းခံရသူတယောက် ဖြစ်ပါတယ်။ သူဟာ သူ့ကို ဖမ်း ထားသူတွေလက်ကလွတ်မြောက်အောင် ကြိုးစားနိုင်ခဲ့ပြီး အခုချင်းမိုင်မြို့မှာ တရားဝင်နေထိုင်ခွင့် မရှိဘဲ နေနေပါတယ်။

၅။ စိုင်းစိုင်းဟာ တာဆန်ရွာမှာနေထိုင်သူဖြစ်ပါတယ်။ ရေကာတာလုပ်ငန်းခွင်ဆီသွားတဲ့လမ်းဖောက် ရာမှာ အလုပ်လုပ်ဖို့ အစိုးရတပ်က သူ့ကိုအဓမ္မခေါ်ဆောင်သွားခဲ့ဖူးပါတယ်။ သူ့အကြောင်းကို မီဒီယာကို ပြောနိုင်တယ်လို့ သူကဆိုပါတယ်။

အဖြေများ –

၁။ ကိုကျော်စိုးဝင်းဟာနိုင်ငံရေးအရတက်ကြွသူဖြစ်ပြီးသူ့ဆီကအချက်အလက်ကိုအသုံးပြုနိုင်ဖို့သဘောတူခွင့်ပြုမယ့် အလားအလာရှိတယ်။ တကယ်လို့ သူ့မိသားစုအတွက် အန္တရာယ်ရှိ ကောင်းရှိနိုင်တယ်လို့ယူဆရင် နာမည်ဝှက် တခု သုံးနိုင်ပါတယ်။

၂။ နော်ဖောဝါး အခြေအနေက အတော်လေးထိခိုက်လွယ်တဲ့ အနေအထားမှာ ရှိနေသေးတယ်၊ ဘာ ဖြစ်လို့လဲ ဆိုတော့ သူကဒေသအထဲမှာပဲ ပုန်းအောင်းနေဆဲမို့လို့ဖြစ်တယ်။ သူ့ရဲ့ လုံခြုံရေးဆိုင်ရာ ပူပန်စရာတွေက ကြီးမားလွန်းတာမို့ သူနဲ့ပတ်သက်တဲ့ ဘာအချက်အလက်ကိုမှ မဖွင့်ဟသင့်ပါ။

၃။ မိပကောင်းရေ့ာမှာတော့ စစ်တပ်ကတွေ့သွားနိုင်တဲ့ လတ်တလောအန္တရာယ်မရှိဘူး၊ ဒါပေမယ့် ထိုင်းနိုင်ငံမှာ တရားမဝင် နေထိုင်နေတာမို့ သူ့ရဲ့ လုံခြုံရေးဆိုင်ရာပူပန်စရာတွေကလည်း အတော်လေးကြီးတယ်။ ပြီးတော့ အရင်အတွေ့အကြုံကရခဲ့တဲ့ မနှစ်မြို့စရာဒဏ်ရာကလည်း ရှိနေသေးတော့ သူ့အကြောင်းကို သူ့ရွာကပြန်သိ သွားတာမျိုး ဖြစ်ချင်ပုံမရဘူး။

၄။ ကိုကျော်စိုးဝင်း မှာ စစ်တပ်ကအဖမ်းခံရနိုင်တဲ့ လတ်တလောအန္တရာယ်မရှိဘူး၊ ဒါပေမယ့် ထိုင်းနိုင်ငံမှာ တရားဝင် နေထိုင်ခွင့် ရှိချင်မှရှိမှာမို့ မြန်မာပြည်ကိုပြန်ပို့ခံရနိုင်တဲ့ အလားအလာရှိတယ်။ ဒါကြောင့် သူဘယ်သူဘယ်ဝါ ဖြစ်တယ်လို့ တခြားလူက ထုတ်ပြောတာမျိုးကို သူ့အနေနဲ့ အလိုရှိ ချင် ရှိလိမ့်မယ် ဒါမှမဟုတ် အလိုရှိချင်မှလည်း ရှိလိမ့်မယ်။

၅။ ဒုက္ခသည်စခန်းထဲရှိနေတာမို့ ထူးစောမှာ စခန်းရဲ့အကာအကွယ်ရှိနေတယ်။ သူနဲ့ပတ်သက်တဲ့ အကြောင်းကို ဘယ်လောက်အထိဖွင့်ဟပြောဖို့ ပြင်ထားသလဲဆိုတာကတော့ သူ့အပေါ်ပဲမူတည်တယ်။

# တွေ့ဆုံမေးမြန်းခြင်း

**အဓိကအင်္ဂါရပ်များ**

သိထားသင့်သည့်အချက်အလက်များ

တွေ့ဆုံမေးမြန်းမှုလုပ်ငန်းစဉ်မှာ ဆက်စပ်အခြေအနေနဲ့ ဘယ်သူက ဘယ်သူ့ကို ဘာလုပ်ခဲ့တာလဲဆိုတဲ့ အဆင့်ဆင့်ဖြစ်ခဲ့တာတွေအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု ဒါမှမဟုတ် ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး အချက်အလက်တွေ ရနိုင်သမျှစုဆောင်းဖို့ အရေးကြီးပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခု တကယ်ဖြစ်ခဲ့တယ်ဆိုတာကို ထင်ရှားစေဖို့ တွေ့ဆုံမေးမြန်းသူတွေအနေနဲ့ ချိုးဖောက်မှုရဲ့ အဓိကအင်္ဂါရပ်တခုချင်းစီဟာဖြစ်ခဲ့တဲ့ အဖြစ်အပျက်ထဲမှာ ပါဝင်နေတယ်ဆိုတာ မှန်ကန်ကြောင်းသက်သေပြသင့်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုတခုရဲ့ အဓိကအင်္ဂါရပ်တွေဆိုတာကတော့ အဖြစ်အပျက်တစ်ခုကို လူ့အခွင့်အရေးချိုးဖောက်မှုလို့ မှတ်ယူနိုင်ဖို့ အဲ့ဒီအဖြစ်အပျက်မှာ လုပ်ရပ်အဖြစ်ပါဝင်တဲ့ အစိတ်အပိုင်းတွေကို ဆိုလိုတာဖြစ်ပါတယ်။ ဥပမာ – အဓမ္မလုပ်အားခိုင်းစေခြင်းရဲ့ အဓိကအင်္ဂါရပ်တွေအနေနဲ့ (၁) လုပ်အား သို့မဟုတ် ဝန်ဆောင်မှု၊ (၂) ဆန္ဒမပါဘဲ လုပ်အားရယူမှု၊ (၃) အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်မှုနဲ့ (၄) အစိုးရလုပ်ဆောင်မှုတွေ ပါဝင်ပါတယ်။ တကယ်လို့ တပ်မှူးတယောက်က ရွာသားတယောက်ကို တပ်ရင်းအခြေစိုက်စခန်းတစ်ခု ဆောက်တဲ့နေရာမှာအလုပ်လုပ်ဖို့ အမိန့်ပေးတယ်။ ရွာသားက မလုပ်နိုင်ဘူးလို့ပြောရင်လည်း ဘာအပြစ်မှပေးတာခံရမှာ မဟုတ်ဘူး။ ဒါပေမယ့် ခိုင်းတဲ့အတိုင်း အလုပ်လုပ်လိုက်တယ်ဆိုရင် ဒီအဖြစ်အပျက်က လူ့အခွင့်အရေးချိုးဖောက်မှု မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တတိယအင်္ဂါရပ်ဖြစ်တဲ့ 'အပြစ်ပေးဒဏ်ခတ်မည်ဟု ခြိမ်းခြောက်မှု' ဆိုတဲ့ အစိတ်အပိုင်းက အဲ့ဒီအဖြစ်အပျက်မှာ မပါနေလို့ပါပဲ။

လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်ခဲ့တယ်လို့ အခိုင်အမာပြောဆိုတဲ့အခါ အထောက်အကူဖြစ်စေဖို့အတွက် အဓိကအင်္ဂါရပ်တွေဟာ အနိမ့်ဆုံးရယူရမယ့် သတင်းအချက်တွေဖြစ်တယ်ဆိုတာကို သင်တန်းတက်ရောက်နေသူတွေ မှတ်ထားသင့်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုကို သတင်းယူတာဟာ စားစရာချက်ပြုတ်နည်းနဲ့ဆင်ပါတယ်။ ဟင်းတပွဲဖြစ်လာဖို့အတွက် လိုအပ်တဲ့ဟင်းရံရှိဖို့လိုသလို ခေါက်ဆွဲပြုတ်လို့ခေါ်နိုင်ဖို့လည်း ခေါက်ဆွဲပြုတ်အတွက် လိုအပ်တဲ့ ပစ္စည်းတွေ ရှိဖို့လိုပါတယ်။ ဒါပေမယ့် ဟင်းရံတွေပဲရှိရုံလောက်နဲ့တော့ ဟင်းကစားလို့ကောင်းမှာမဟုတ် ပါဘူး။ အရသာ လည်း ရှိမှာမဟုတ်ပါဘူး။ အဲ့ဒီလိုပါပဲ တွေ့ဆုံမေးမြန်းမှုလုပ်နေတဲ့အချိန်မှာ အဓိကအင်္ဂါရပ်တွေ အကြောင်းပဲ ပြောကြ မယ်ဆိုရင် သတင်းအချက်အလက်က စိတ်ဝင်စားစရာကောင်းမှာမဟုတ်ပါဘူး။ အဓိကအင်္ဂါရပ်တွေကို တွေ့ဆုံမေးမြန်းမှုထဲက အခြားအချက်အလက်တွေနဲ့ ပေါင်းစပ်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ခဲ့တယ်ဆိုတာကို အခိုင်အမာပြောနိုင်ဖို့အတွက်တော့ အချက်အလက်ရှာဖွေသူအနေနဲ့ အဓိကအင်္ဂါရပ်တွေအားလုံး အဖြစ်အပျက်ထဲမှာ ပါဝင်ခဲ့တယ်/မပါဝင်ခဲ့ဘူး ဆိုတာကို ရှာဖွေရမှာပါ။

**လေ့ကျင့်ခန်း**

ဒီလေ့ကျင့်ခန်းကို သင်တန်းသားတွေက အဖွဲ့ငယ်လေးတွေဖွဲ့ပြီး လုပ်ရမှာဖြစ်ပါတယ်။ အဖွဲ့တစ်ခုချင်းစီက အကြိုက်ဆုံးအစားအစာတမျိုး ရွေးချယ်ရမှာဖြစ်ပြီး အဲ့ဒီအစားအစာကို ဘယ်လိုချက်မယ်ဆိုတာနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြဖို့ ပြင်ဆင်ရမှာပါ။ သူတို့အနေနဲ့ ဟင်းတစ်မျိုးစီမှာ အဓိကဘာဟင်းရံတွေပါသလဲဆိုတာကို ရွေး ထုတ်ဖို့ လိုပါတယ်။ ပြီးတဲ့အခါမှာ တခြားအဖွဲ့တွေ/သင်တန်းသားတွေကို တင်ပြရမှာဖြစ်ပါတယ်။ သူတို့ရဲ့တင် ပြချက်မှာ ပါသင့်တာတွေကတော့ (၁) ဟင်းနာမည်ဘယ်လိုခေါ်လဲ၊ (၂) အဲ့ဒီဟင်းကိုအရသာရှိစေမယ့် ဟင်းရံ အားလုံးစာရင်း၊ (၃) မရှိမဖြစ်လိုအပ်တဲ့ဟင်းရံစာရင်း (အဲ့ဒီဟင်းဟာ ဘာဟင်းလဲလို့ခေါ်နိုင်ဖို့ လိုအပ်တဲ့ဟင်း ရံတွေဖြစ်) တွေဖြစ်ပါတယ်။ (ဥပမာ – ကြက်သားခေါက်ဆွဲပြုတ်မှာ ကြက်သား၊ ခေါက်ဆွဲနဲ့ ရေ ဒါမှမဟုတ် အရည်တမျိုးမျိုးလိုအပ်တယ်)။ သင်တန်းဆရာအနေနဲ့ သင်တန်းသားတွေကိုအဖွဲ့ခွဲပြီး လေ့ကျင့်ခန်း မလုပ်ခိုင်း ခင်မှာ ဟင်းတမျိုးမျိုးနဲ့ပတ်သက်တဲ့ ဥပမာပေးပြီး ဆွေးနွေးပြသင့်ပါတယ်။

လေ့ကျင့်ခန်းရဲ့ ရည်ရွယ်ချက်ကတော့ ဟင်းမှာပါတဲ့ အဓိကဟင်းရံတွေကို လူ့အခွင့်အရေးချိုးဖောက်မှုတွေရဲ့ အဓိက ' အစိတ်အပိုင်းများ' ဒါမှမဟုတ် လိုအပ်တဲ့အင်္ဂါရပ်တွေနဲ့ နှိုင်းယှဉ်ကြည့်ဖို့ဖြစ်ပါတယ်။

ချက်ပြုတ်နည်းတွေကို တင်ပြတဲ့အခါမှာ သူတို့ရဲ့ 'အဓိကဟင်းရံ' တွေဟာ သူတို့ ချက်မယ့်ဟင်းဖြစ်စေဖို့ တကယ်အဓိ

ကကျရဲ့လားဆိုတာကို နားထောင်နေသူတွေက စစ်ဆေးပါ။ ဥပမာ – ကြက်သားဟင်းချက်မယ်ဆိုရင် ကြက်သား ပါရမှာဖြစ်ပါတယ်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆား၊ ငရုတ်သီး စတဲ့ အခြားဟင်းရံတွေက ဟင်းကိုအရသာရှိစေဖို့ အရေးပါတဲ့အရာတွေဖြစ်နိုင်ပေမယ့် အဲ့ဒါတွေမပါလည်း ကြက်သားဟင်းဖြစ်အောင် ချက်နိုင်ပါတယ်။

**သိထားသင့်သည့်အချက်အလက်များ**

ဟင်းရံအားလုံးဟာ လူ့အခွင့်အရေးအခြေအနေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်အားလုံးလိုပဲ အရေးကြီးတယ် ဆိုတာကို အပေါ်ကလေ့ကျင့်ခန်းကိုကိုးကားပြီး ရှင်းပြပါ။ ပြီးတဲ့အခါမှာ ဟင်းမှာ အဓိကဟင်းရံတွေရှိသလို လူ့အခွင့် အရေးချိုးဖောက်မှုတွေမှာလည်း အဓိကအင်္ဂါရပ်တွေရှိတဲ့အကြောင်း၊ အဲ့ဒီလို အင်္ဂါရပ်တွေရှိမှသာ လူ့အခွင့်အရေး ချိုးဖောက်မှုလို့ ခေါ်နိုင်တဲ့အကြောင်းရှင်းပြပါ။

အဲန်ဒီဘားမားအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အမျိုးအစားအတိအကျ သတ်မှတ်ထားပြီး မှတ်တမ်းတင် နေတာဖြစ်ပါတယ်။ တွေ့ဆုံမေးမြန်းမှုတွေလုပ်တိုင်းမှာ ချိုးဖောက်မှုတွေရဲ့ အဓိကအင်္ဂါရပ်တွေကို ပေါ်လွင်အောင် ဖော်ထုတ်နိုင်ဖို့လိုပါတယ်။

သင်တန်းသားတွေကို အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၂ ကို ကြည့်ခိုင်းပါ။ သင်တန်းသားတစ်ယောက်ကို ပထမဆုံး လူ့အခွင့်အရေးချိုးဖောက်မှုမှာပါတဲ့ အဓိကအင်္ဂါရပ်တွေကို အားလုံးကြားအောင် ဖတ်ပြခိုင်းပါ။ ကျန်တာတွေကိုလည်း တစ်ယောက်ပြီးတစ်ယောက် ဆက်ဖတ်ခိုင်းပါ။ ချိုးဖောက်မှုတစ်ခုချင်းဆီမှာပါဝင်တဲ့ အဓိကအင်္ဂါရပ်တွေကို သင်တန်းသားတွေ နားလည်ရဲ့လားလို့ မေးကြည့်ပါ၊ မရှင်းလင်းတာ တစုံတရာရှိရင် သေသေချာချာ ဆွေးနွေးပါ။

မှတ်ချက်။ လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားတစ်ခုချင်းစီမှာရှိတဲ့ အဓိကအင်္ဂါရပ်တွေက နိုင်ငံတကာမှုဥပဒေ ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေအပေါ်မှာ အခြေခံတာဖြစ်ပါတယ်။ အဲ့ဒီအဓိပ္ပါယ်ဖွင့်ဆိုချက်တွေကို အဲန်ဒီဘားမားရဲ့ လူ့အခွင့် အရေးမှတ်တမ်းတင်ခြင်းလက်စွဲမှာ ကြည့်နိုင်ပါတယ်။

**လေ့ကျင့်ခန်း**

အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၃ ကို အသုံးပြုပါ။ သင်တန်းသားတွေက ချိုးဖောက်မှုအမျိုးအစား တွေကို ဖော်ထုတ်ရမှာဖြစ်တဲ့အပြင် အဓိကအင်္ဂါရပ်အားလုံးပါ/မပါကိုလည်း စစ်ဆေးရမှာဖြစ်ပါတယ်။
ဒီလေ့ကျင့်ခန်းကို အချိန်ရနိုင်တဲ့အပေါ်မူတည်ပြီး အဖွဲ့ငယ်လေးတွေဖွဲ့ပြီးတော့ဖြစ်စေ အားလုံးပေါင်းပြီးဖြစ်စေ လုပ်နိုင်ပါတယ်။ အဖွဲ့ငယ်ဖွဲ့မယ်ဆိုရင် တစ်ဖွဲ့ကို ဖြစ်ရပ်တစ်ခုစီ လေ့လာခိုင်းပါ။

အဖြေများ –

က။ ကလေးစစ်သား

- တပ်သားသစ်စုဆောင်းမှု သို့မဟုတ် တပ်မတော်တွင်တာဝန်ထမ်းဆောင်မှု – တပ်ထဲဝင်ဖို့ သဘော တူတယ်ဆိုရင် ထောင်ကျခံရမယ့်ဘေးက လွတ်နိုင်လိမ့်မယ်လို့ စစ်တပ်အရာရှိက မောင်ဝင်းကိုပြောပြီး တပ်သားသစ်စုဆောင်းရေးဌာနဆီ ခေါ်သွားတယ်။
- အသက် ၁၈ နှစ်အောက်ဖြစ်နေမှု – မောင်ဝင်းဟာ အသက် ၁၅ နှစ်အရွယ် လူငယ်လေးဖြစ်တယ်။
- တပ်မတော်၊ လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ သို့မဟုတ် စစ်ပွဲများအတွင်း ပါဝင်စေမှု – စစ်သင်တန်း တစ်လ တက်ပြီးသွားတဲ့အခါ မောင်ဝင်းဟာ အမှတ် ၃၄၉ ခြေလျင်တပ်ရင်းမှာ တာဝန်ပေးခြင်း ခံရတယ်။ စစ်သားတစ်ယောက်အဖြစ်နဲ့ လေးလံတဲ့စစ်ပစ္စည်းတွေကို အတင်းသယ်ခိုင်းပြီး ခရီးဝေး သွားခိုင်းတာခံရတယ်။

ခ။ လွတ်လပ်စွာထုတ်ဖော်ခွင့်

- လွတ်လပ်စွာထုတ်ဖော်ခွင့် သို့မဟုတ် စုဝေးခွင့်ကို ထိပါးနှောင့်ယှက်မှု – အဝမ္မလုပ်အားခိုင်းစေမှုနဲ့ ပတ်သက်ပြီး မကျေနပ်ချက်ကို ကျယ်ကျယ်လောင်လောင် ထုတ်ပြောမိတာမို့ စစ်ထောက်လှမ်းရေးက ကိုအောင်ခိုင်ကို ဖမ်းဖို့လုပ်တယ်။
- ဥပဒေနှင့်မညီမှု – ဒီလိုပြောတဲ့နေရာမှာ ဘာရည်ရွယ်မှု တိတိကျကျ မပါဘူး၊ အမျိုးသားလုံခြုံရေး ဒါမှ မဟုတ် ပြည်သူလူထုလုံခြုံမှုကိုလည်း ထိခိုက်တာမဟုတ်ဘူး။ ဆူဆူပူပူဖြစ်မှာ ဒါမှမဟုတ် ရာဇဝတ်မှုတွေဖြစ်မှာကို

တားဆီးဖို့၊ ကျန်းမာရေး ဒါမှမဟုတ် ကိုယ်ကျင့်တရားတွေ ကောင်းစေဖို့၊ အခြားသူတွေရဲ့ အခွင့်အရေး ဒါမှမဟုတ် လွတ်လပ်ခွင့်တွေကို ကာကွယ်ဖို့ ပြောတာပဲဖြစ်တယ်။

- အစိုးရ၏လုပ်ဆောင်မှု – သူ့ကို ဖမ်းဖို့လုပ်တဲ့သူတွေက စစ်ထောက်လှမ်းရေးတွေဖြစ်တယ်။

ဂ။ လူကုန်ကူးခြင်း

- လူ (လူများ) ရှာဖွေစုဆောင်းမှု – မိပကောင်းရော့က ရန်ကုန်ကို ပွဲစားနဲ့အတူ သွားခဲ့တယ်။
- နိုင်ထက်စီးနင်းပြုမှု သို့မဟုတ် ကာယကံရှင်သဘောဆန္ဒမပါရှိမှု – မိပကောင်းရော့က ပွဲစားနဲ့သွားဖို့ သဘောတူခဲ့ပေမယ့် လိမ်ညာပြီး ခေါ်သွားခံရတာဖြစ်တယ်။
- အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ရှိမှု – အတင်းလိင်ဆက်ဆံခိုင်းခံရတယ်၊ ပြီးတော့ သူ့ကိုဖမ်းချုပ် ထားသူတွေက ငွေသိမ်းတယ်။
- အစိုးရ၏လုပ်ဆောင်မှု – ရဲကိုတိုင်တဲ့အခါ ခြိမ်းခြောက်ခံရတယ်၊ မောင်းထုတ်ခံရတယ်။

ဃ။ ပြည့်တန်ဆာလုပ်ငန်းသို့ အဓမ္မသွတ်သွင်းခြင်း

- လိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှုတစ်ခုခု – မိပကောင်းရော့ဟာ အတင်းလိင်ဆက်ဆံခိုင်းခံရတယ်။
- နိုင်ထက်စီးနင်းပြုမှု သို့မဟုတ် ကာယကံရှင်သဘောဆန္ဒမပါရှိမှု – အတင်းလိင်ဆက်ဆံခိုင်းခံရတယ်၊ ခြိမ်းခြောက်ခံရတယ်၊ ရိုက်နှက်ခံရတယ်။
- ငွေသား သို့မဟုတ် အခြားပုံစံတမျိုးမျိုးဖြင့် ပေးချေမှု – သူနဲ့ လိင်ဆက်ဆံပြီးရင် သူ့ကိုဖမ်းထားတဲ့ သူတွေကို ပိုက်ဆံပေးတယ်။
- အစိုးရ၏လုပ်ဆောင်မှု – ရဲတွေက သူ့ကိုမကူညီနိုင်ဘူးလို့ ငြင်းတယ်၊ ပြီးတော့ ခြိမ်းခြောက်တယ်။

င။ အဓမ္မရွှေ့ပြောင်းခြင်း

- တစ်စုံတစ်ယောက်အား ၎င်း၏အိမ် သို့မဟုတ် မြေနေရာမှ ဖယ်ရှားမှု – ရွာသားတွေဟာ သူတို့ရွာက ထွက်ပြီး သတ်မှတ်တဲ့နေရာတစ်ခုကို ရွှေ့ပြောင်းဖို့ အမိန့်ပေးခံရတယ်။
- အကြောင်းမဲ့ဖယ်ရှားမှု – စစ်သားတွေက သတိပေးကြော်ငြာထဲမှာပါတဲ့ နောက်ဆုံးပြောင်းရွှေ့ရက် မတိုင်ခင် ရွာသားတွေကို မောင်းထုတ်ခဲ့တယ်။
- နိုင်ထက်စီးနင်းပြုမှု – ရွာသားတွေဟာ နှောင့်ယှက်ခံရတယ်၊ ခြိမ်းခြောက်ခံရတယ်၊ အသတ်ခံရတယ်။ ပြီးတော့ သူတို့အိမ်တွေလည်း မီးရှို့ဖျက်ဆီးခံရတယ်။
- အစိုးရ၏လုပ်ဆောင်မှု – ချိုးဖောက်မှုကို အစိုးရစစ်သားတွေက ကျူးလွန်တာဖြစ်တယ်။

စ။ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို တားဆီးပိတ်ပင်ခြင်း

- လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ထိပါးနှောင့်ယှက်မှု – လမ်းတွေမှာပိတ်ထားခံရတယ်၊ ရွာသား တွေက ခြိမ်းခြောက်ခံရတယ်၊ ဒဏ်ရိုက်ခံရတယ်၊ ပြီးတော့ အဖမ်းခံရတယ်။
- ဥပဒေနှင့်မညီမှု – ဒီလိုလုပ်ဖို့အတွက် ဘယ်စည်းမျဉ်းစည်းကမ်းကမှ ခွင့်ပြုထားတာမရှိဘူး။
- အစိုးရ၏လုပ်ဆောင်မှု – အဲ့ဒါတွေကို အစိုးရစစ်သားတွေက လုပ်တာဖြစ်တယ်။

ဆ။ သတ်ဖြတ်ခြင်း

- လူ့အသက်သတ်မှု – ရွာသားအသတ်ခံရတယ်။
- ဥပဒေနှင့်မညီမှု – သူက ဘာရာဇဝတ်မှုမှ ကျူးလွန်တာမဟုတ်ဘူး၊ သူ့ကို ရုံးတင်တာလည်း မရှိဘူး။
- အစိုးရ၏လုပ်ဆောင်မှု – ယူနီဖောင်းဝတ်ထားတဲ့ စစ်သားတွေက သူ့ကိုသတ်တာဖြစ်တယ်။

ဇ။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း

- ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်မှု – ရွာသားတွေဟာ သူတို့သုံးဖို့လိုအပ်နေတဲ့ အချိန်မှာ တောင် သူတို့ဆန္ဒမပါပဲ သူတို့လှေတွေကို ရဲကိုပေးသုံးဖို့ ဖိအားပေးခံရတယ်။
- ဥပဒေနှင့်မညီမှု – လှေတွေက ရွာသားတွေရဲ့ ကိုယ်ပိုင်လှေတွေဖြစ်တယ်။
- အစိုးရ၏လုပ်ဆောင်မှု – ချိုးဖောက်မှုကို ရွာမှာရှိတဲ့ ရဲစခန်းက ကျူးလွန်တာဖြစ်တယ်။

## ဦးတည်မေးခွန်းများ (Leading Questions)

**သိထားသင့်သည့်အချက်အလက်များ**

အချက်အလက်ရှာဖွေသူတွေအနေနဲ့ ဦးတည်မေးခွန်းတွေ မေးတာကို ရှောင်သင့်ပါတယ်။ ဦးတည်မေးခွန်းတွေဆိုတာကတော့ အဖြေအတိအကျထွက်လာဖို့အတွက် အရိပ်ပြမေးခွန်းတွေဖြစ်ပါတယ်။ ဥပမာ –

- အဲ့ဒီမှာ စစ်သားတွေ အများကြီးရှိလား။
- သူတို့က ယူနီဖောင်းဝတ်ထားလား။
- သူတို့က ခင်ဗျား/ရှင့် ခေါင်းကို ရိုက်တာလား။
- ထောင်ထဲကအခြေအနေတွေကတော့ တကယ့်ကို စက်ဆုပ်စရာပါပဲ၊ ဟုတ်တယ်ဟုတ်။

ဦးတည်မေးခွန်းတွေရဲ့သဘောက ထုံစံအတိုင်း 'ဟုတ်/မဟုတ်၊ မှန်/မမှန်' မေးတာပါ။ ဒီမေးခွန်းတွေရဲ့ပြဿနာကတော့ အသေးစိတ်အဖြေတွေကောက်ယူဖို့ အားပေးသမှုမပြုတာနဲ့ လိုချင်တဲ့တုန့်ပြန်မှုရအောင် အရိပ်အမြွက် ပြတာပါပဲ။ ဦးတည်မေးခွန်းတွေမေးတဲ့အခါ အချက်အလက်ရှာဖွေသူက ကိုယ်မေးတဲ့သူကို ထိန်းချုပ်တာ ဖြစ်ပါတယ်။

ဦးတည်မေးခွန်းတွေအသုံးဝင်နိုင်တာ တစ်ချိန်ပဲရှိပါတယ်၊ အဲ့ဒါကတော့ ကိုယ်မေးတဲ့သူပြောခဲ့တာတွေကို ပြန်ပြီးတော့ ဆန်းစစ်တဲ့ အချိန်ဖြစ်ပါတယ်။ ဥပမာ – အချက်အလက်ရှာဖွေသူအနေနဲ့ ရရှိတဲ့အချက်အလက်တွေကို မှန်မှန်ကန်ကန် တိတိကျကျ နားလည်ရအောင်လို့ 'ခင်ဗျား/ရှင့်ကို စစ်သားတွေက ထိန်းသိမ်းရေးစခန်း ခေါ်သွားတယ်၊ အချုပ်ခန်း ထဲထည့်တယ်၊ ပြီးတော့ ပထမဆုံးအရိုက်ခံရတယ်လို့ ခင်ဗျား/ရှင် ပြောတယ်။ အဲ့ဒါမှန်လား' ဆိုတာမျိုး မေးနိုင်ပါတယ်။

ဆွေးနွေးမှု

- မေးတဲ့သူက ဦးတည်မေးခွန်းတွေအများကြီးသုံးတဲ့ တွေ့ဆုံဆွေးနွေးမှုမှာ ပါဝင်ခဲ့ဖူးပါသလား။
- ဥပမာတခု ပေးလို့ရမလား။
- အဲ့ဒီလိုမေးခွန်းမေးတာက တွေ့ဆုံဆွေးနွေးမှုကို ဘယ်လိုထိခိုက်မှုရှိပါသလဲ။ အမေးခံရတဲ့သူကိုရော ဘယ်လို ထိခိုက်မှုရှိပါသလဲ။
- မေးတဲ့သူကို ဘာအကြံဉာဏ် ပေးနိုင်မလဲ။

နမူနာအဖြေများ –

အချက်အလက်ရှာဖွေသူက ဦးတည်မေးခွန်းတွေမေးတာ သိပ်များလွန်းရင် တွေ့ဆုံမေးမြန်းမှုရလာဒ်ကို အများက ယုံကြည်လက်ခံနိုင်မှု ရှိချင်မှရှိလိမ့်မယ်။ အမေးခံရသူအနေနဲ့လည်း သူ့ကိုမေးတဲ့သူက ဘာကြားချင်မလဲလို့ မှန်းဆပြီး 'မှန်တယ်' ဆိုတဲ့ အဖြေတွေပဲပေးနိုင်တယ်။

**လေ့ကျင့်ခန်း**

ဖြစ်ရပ်လေ့လာခြင်း

အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၄ ကို အသုံးပြုပါ (ဒီစာစဉ်က အခြေခံတွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၆ နဲ့ အတူတူပဲဖြစ်တယ်)။ သင်တန်းသားတွေက စာစဉ်မှာပါတဲ့ တွေ့ဆုံမေးမြန်းမှုကို ဖတ်ကြည့်ပြီး အောက်ပါ မေးခွန်းတွေကို ဖြေရမှာဖြစ်ပါတယ်။

၁။ မေးတဲ့သူက ဘယ်လိုမေးခွန်းအမျိုးအစားတွေ သုံးပါသလဲ။ ဥပမာပေးပါ။
၂။ ဦးတည်မေးခွန်းသုံးတာရော ရှိပါသလား။
၃။ တကယ်လို့ ဒီတွေ့ဆုံမေးမြန်းမှုမှာ ကိုယ်သာ မေးတဲ့သူနေရာမှာရှိခဲ့ရင် မေးမယ့်တခြားမေးခွန်းတွေ စဉ်းစားလို့ရမလား။

နမူနာအဖြေများ –

၁။ အများစုက အဖွင့်မေးခွန်းတွေ ('ဘာဖြစ်တာလဲ' ဆိုတာမျိုး) နဲ့ တိကျတဲ့မေးခွန်းတွေ ('သူငယ်ချင်းတွေ အဖမ်းခံရတယ်ဆိုတာကို ဘယ်လိုသိပါသလဲ' ဆိုတာမျိုး) တွေဖြစ်တယ်။

၂။ မရှိဘူး။

၃။ အမေးခံရသူရဲ့ နောက်ကြောင်းနဲ့ပတ်သက်တဲ့ မေးခွန်းတချို့ ဥပမာ – 'ဘာအလုပ်လုပ်ပါသလဲ' ဆိုတာမျိုးမေးပြီး တွေ့ဆုံမေးမြန်းမှုကို စတင်နိုင်တယ်။ ပြီးတော့ ရရှိတဲ့အချက်အလက်တွေကို ပြန်ဆန်းစစ်တဲ့ အနေနဲ့ တွေ့ဆုံမေးမြန်းမှုရဲ့ အဆုံးပိုင်းမှာ (ဥပမာ – ခင်ဗျား/ရှင် ထောင်ထဲမှာရှိနေတုန်းက ဘယ်သူမှ လာတွေ့လို့မရဘူးဆိုတာဟုတ်ပါတယ်နော် ဆိုတာမျိုး) မေးခွန်းတချို့လည်း ရွေးချယ်မေးမြန်းနိုင်သေးတယ်။ ဒီမေးခွန်းက ဦးတည်မေးခွန်းဆန်တယ်။ ဒါပေမယ့် ကိုယ်ကသူပေးတဲ့ အချက်အလက်ပေါ်မှာ အခြေခံပြီးမေးတာမို့ အဲ့ဒီမေးခွန်းမေးရခြင်းရဲ့ ရည်ရွယ်ချက်က မှတ်ထားပြီးသား ကို သေချာအောင်ပြန်စစ်တာပဲ ဖြစ်တယ်။

## ဘာသာပြန်များ

**ဆွေးနွေးမှု**

ဘယ်လိုအခြေအနေမျိုးမှာ ဘာသာပြန်လိုအပ်ပါသလဲ။

ဘာသာပြန်သုံးခြင်းရဲ့ အားသာချက်နဲ့ အားနည်းချက်တွေက ဘာတွေလဲ။

ဘာသာပြန်ကို ဘယ်လို ရွေးမလဲ။

နမူနာအဖြေများ –

အချက်အလက်ရှာဖွေသူက အမေးခံရမယ့်သူနဲ့ ဘာသာစကားမတူဘူးဆိုရင် ဘာသာပြန်လိုအပ်တယ်။ တကယ်လို့သူက သူမေးမယ့်လူရဲ့စကားကို တစုံတရာပြောတတ်တယ်/နားလည်တယ် ဆိုရင်တောင်မှပဲ နားလည်မှုလွဲတာတွေရှောင်လွှဲနိုင်ဖို့ ဘာသာပြန်တစ်ယောက်ရှိတာ ပိုကောင်းလိမ့်မယ်။

ဘာသာပြန်တစ်ယောက်ပါတဲ့ တွေ့ဆုံမေးမြန်းမှုမှာ ယုံကြည်မှုတည်ဆောက်ဖို့ ပိုခက်ခဲနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အချက်အလက်ရှာဖွေသူက ကိုယ်မေးတဲ့သူကို တိုက်ရိုက်စကားပြောတာ မဟုတ်လို့ဘဲ။ ပြီးတော့ ဘာသာပြန်နဲ့တဆင့်စကားပြောတိုင်းမှာကြုံရသလို တစ်ယောက်ပြောတာကို တစ်ယောက်ကနားမလည်တာ၊ ကိုယ်ပြောချင်သလိုမဖြစ်တာစတဲ့ အခက်အခဲတွေပိုဖြစ်ဖို့များတယ်။ ဒီလိုတွေ့ဆုံမေးမြန်းမှုမျိုးက အမြဲတမ်း လိုအပ်တာထက် အချိန်အတော်များများပိုကြာတယ်။

တဖက်မှာလည်း အချက်အလက်ရှာဖွေသူအနေနဲ့ မေးမယ့်မေးခွန်းတွေကို စဉ်းစားတွေးတောဖို့နဲ့ တွေ့ဆုံမေးမြန်မှုလုပ်နေတုန်းမှာ မှတ်စုလိုက်ရေးဖို့ အချိန်ပိုရတယ်။

ဘာသာပြန်ကို ဘာသာစကားကျွမ်းကျင်မှုပေါ်မှာ မူတည်ပြီးရွေးသင့်တယ်။ အမေးခံရမယ့်သူအတွက် သက်တောင့်သက်သာဖြစ်မယ့်သူမျိုးလည်း ဖြစ်သင့်တယ်။

အောက်ပါအချက်များကို ဆွေးနွေးပါ။ ဒီအချက်တွေကို သင်တန်းသားတွေကြားအောင် ဖတ်ပြပါ။ ပြီးတော့ သူတို့ကို ထင်မြင်ချက်ပေးခိုင်းပါ။

- အချက်အလက်ရှာဖွေသူက သူမေးမယ့်သူရဲ့ ဘာသာစကားကို အကြမ်းဖျဉ်း နားလည်သဘောပေါက်ရင်တောင်မှပဲ မှားပြီးဘာသာပြန်မိမှာတွေ ဒါမှမဟုတ် နားလည်မှုလွဲတာတွေကို ရှောင်နိုင်ဖို့ ဘာသာပြန်အကူအညီယူသင့်ပါတယ်။
- ဘာသာပြန်နဲ့စကားပြောတာရဲ့ အားသာချက်တစ်ခုကတော့ ကိုယ်ပြောတဲ့အရာကို ကိုယ်မေးတဲ့သူအတွက်ဘာသာပြန်နေတဲ့အချိန်မှာ မေးတဲ့သူက သူရဲ့မေးခွန်းတွေကို ပိုကောင်းအောင်လုပ်ခွင့်၊ စဉ်းစားခွင့်နဲ့ ပိုပြီးစေ့စေ့စပ်စပ် မှတ်စုလိုက်ရေးခွင့်ရတာပါပဲ။
- ဘာသာပြန်ဟာ ယုံကြည်လို့ရတဲ့သူ၊ လျှို့ဝှက်မှုရဲ့ အရေးပါမှုကို နားလည်တဲ့သူ ဖြစ်သင့်ပါတယ်။ အမေးခံရမယ့်သူအနေနဲ့လည်း ဘာသာပြန်ရှိနေတဲ့အပေါ် သက်တောင့်သက်သာ ဖြစ်သင့်ပါတယ်။ လျှို့ဝှက်မှုကို ထိန်းသိမ်းနိုင်ဖို့အတွက် အမေးခံရမယ့်သူနဲ့ တရပ်ရွာတည်းနေတဲ့ တစ်ယောက်ယောက်ကို ဘာသာပြန်လုပ်ခိုင်းတာထက်သီးသန့်ဘာသာပြန်အလုပ်လုပ်နေကိုင်သူတစ်ယောက်ကို အသုံးပြုတာက ပိုကောင်းပါတယ်။
- အချက်အလက်ရှာဖွေသူအနေနဲ့ တွေ့ဆုံမေးမြန်းမှုလုပ်နေစဉ်မှာ ကိုယ်မေးတဲ့သူကိုကြည့်ပြီး တိုက်ရိုက်စကားပြောသင့်ပါတယ်၊ ဘာသာပြန်ကိုကြည့်ပြီး မပြောသင့်ပါဘူး။

နမူနာအဖြေများ –
တွေ့ဆုံမေးမြန်းမှုအတွက် ဘာသာပြန်သုံးဖို့စဉ်းစားတဲ့အခါ ဒီအချက်တွေက ခေါင်းထဲထည့်ထားသင့်တာတွေဖြစ် တယ်။ အတွေ့အကြုံ တစုံတရာရှိတဲ့ အချက်အလက်ရှာဖွေသူတွေအနေနဲ့ ဘာသာပြန်တွေနဲ့အလုပ်လုပ်ခဲ့တာတွေ ထဲက စိတ်ဝင်စားစရာကောင်းတာလေးတွေကို ပြောပြကောင်း ပြောပြနိုင်လိမ့်မယ်။

## တွေ့ဆုံမေးမြန်းမှု နိဂုံးချုပ်ခြင်း

**မှန်ကန်တိကျွန်မှု**

သိထားသင့်သည့်အချက်အလက်များ

သတင်းအချက်အလက်မှန်ကန်တိကျွန်မှု အာမခံချက်ရှိအောင် ဘယ်လိုလုပ်မလဲ။

လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မှတ်တမ်းတင်ရခြင်းရဲ့ အဓိကရည်မှန်းချက်တစ်ခုကတော့ အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး မှန်ကန်တိကျတဲ့ မှတ်တမ်းတခုပြုစုဖို့ပါပဲ။ ဒါကြောင့် အချက်အလက်ရှာဖွေသူတွေအနေနဲ့ တွေ့ဆုံ မေးမြန်းမှုတွေကနေရရှိတဲ့ သတင်းအချက်အလက်တွေ မှန်ကန်တိကျစေဖို့ ဂရုစိုက်ရမှာဖြစ်ပါတယ်။ အချက်အလက် မှန်ကန်တိကျမှုဆိုတာကို အများယုံကြည်လက်ခံနိုင်မှု၊ ယုံကြည်အားထားရမှု၊ အသေအချာ စိစစ်အတည်ပြုမှုတွေနဲ့ တွဲဖက်ပြီးဆောင်ရွက်ရပါတယ်။ တချိန်တည်းမှာလည်း ကိုယ်မေးမယ့်သူဟာ အများလက်ခံနိုင်တယ်၊ ယုံကြည်ကိုးစား လို့ရတယ်လို့ စိတ်ချထားပြီး တွေ့ဆုံမေးမြန်းမှုတိုင်းကို စတင်ဖို့အရေးကြီးပါတယ်။

အဖြစ်အပျက်တွေနဲ့ပတ်သက်လို့ အကျိုးအကြောင်း ဆီလျော်မှုရှိရှိနဲ့ ပြည့်ပြည့်စုံစုံ ပြောပြနိုင်တယ်ဆိုရင် အမေးခံရသူ ဟာ အများလက်ခံနိုင်ပြီး ယုံကြည်အားထားလို့ရသူဖြစ်ပါတယ်။

**ယုံကြည်အားထားရမှု**

ယုံကြည်အားထားလို့ရတဲ့ အမေးခံရသူဆိုတာဟာ အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး သူ့ရဲ့ သိမြင်နားလည်မှုကို ရေရေ လည်လည် တိတိကျကျ ပြောဆိုနိုင်တဲ့သူ ဖြစ်ပါတယ်။ လူတွေက ဘာဖြစ်လို့ အဖြစ်အပျက်တွေကို ဖြစ်တဲ့အတိုင်း မမြင်နိုင်ရသလဲဆိုတဲ့ နေရာမှာ အကြောင်းအချက် အများအပြားရှိပါတယ်။ တချို့အကြောင်းအချက် ကျတော့ အဲ့ဒီအဖြစ် အပျက်တွေက သူတို့ကိုရိုက်ခတ်တဲ့ အကျိုးသက်ရောက်မှုအပေါ်မှာ မူတည်ပါတယ်။ ဥပမာ – စိတ်ထိခိုက်မှုဒဏ် (Trauma) ခံစားနေရသူတွေဟာ သူတို့ဘာတွေဖြစ်ခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး အသေးစိတ် ပြောပြနိုင်ဖို့ ပြဿနာ ရှိကောင်းရှိနိုင်ပါတယ်။ စိတ်ထိခိုက်မှုဒဏ်ကြောင့် သူတို့ရဲ့ အဖြစ်အပျက်တွေကို ဖြစ်တဲ့အတိုင်း မြင်နိုင်စွမ်းကို ထိခိုက်စေခဲ့ တာမို့ သူတို့ပြောပြချက်တွေဟာ အကျိုးအကြောင်းမဆီလျော်တာ၊ ဟိုရောက် ဒီရောက်ဖြစ်နေတာ၊ အဆက် အစပ်မရှိတာ ဒါမှမဟုတ် ဗီလာဆန့်ကျင်ဖြစ်နေတာတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အချက်အလက် ရှာဖွေသူတွေအနေနဲ့ စိတ်ထိခိုက်မှုဒဏ်ရဲ့ အကျိုးသက်ရောက်မှုတွေကို နားလည်သဘောပေါက်ဖို့ အရေးကြီးပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မေးသင့်တာက ‘ငါမေးမယ့်သူရဲ့ အမြင်က မှန်ကန်တိကျွန်မယ့်ပုံ ပေါ်ရဲ့လား’ ဆိုတာပါပဲ။

**လေ့ကျင့်ခန်း**

ဖြစ်ရပ်လေ့လာခြင်း

ဒီလေ့ကျင့်ခန်းကို အဖွဲ့ခွဲပြီးတော့ဖြစ်ဖြစ် နှစ်ယောက်တစ်တွဲဖြစ်ဖြစ် လုပ်နိုင်ပါတယ်။ သင်တန်းသားတွေက အဆင့်မြင့် တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၅ မှာပါတဲ့ တွေ့ဆုံမေးမြန်းမှုကိုဖတ်ပြီး ဆွေးနွေးရမှာဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ အောက်ပါမေးခွန်းတွေကို အသုံးပြုပါ။ ဒီတွေ့ဆုံမေးမြန်းမှုဟာ အမေးခံရသူရဲ့ ‘ယုံကြည်အားထားလို့မရတဲ့’ ပြောပြချက်နဲ့ ပတ်သက်တဲ့ ဥပမာတစ်ခုဖြစ်ပါတယ်။ ကိုအောင်ကျော်စိုးအနေနဲ့ သူဘာဖြစ်ခဲ့တယ်ဆိုတာကို ကောင်းကောင်းမွန်မွန် မပြောပြနိုင်ပေမယ့် သူဖြစ်ခဲ့တာကို အမှန်အတိုင်းပြောနေတာ ဖြစ်နိုင်ပါတယ်။

က။ ကိုအောင်ကျော်စိုးပေးတဲ့ သတင်းအချက်အလက်တွေနဲ့ပတ်သက်လို့ ဘယ်လိုထင်ပါသလဲ။
ခ။ အဲ့ဒီအချက်အလက်တွေထဲမှာ ပြဿနာတစုံတရာ တွေ့ရပါသလား။
ဂ။ အချက်အလက်တွေက ယုံကြည်လို့ရပါသလား။ ဥပမာတွေပေးပါ။
ဃ။ ကိုအောင်ကျော်စိုးဟာ ဘယ်လိုမျိုးအခက်အခဲတွေနဲ့ ကြုံတွေ့နေရပါသလဲ။

င။ သူအမှန်အတိုင်းပြောနေတယ်လို့ ထင်ပါသလား။ ဘာကြောင့်ထင်တာလဲ။ ဘာကြောင့် မထင်တာ လဲ။

နမူနာအဖြေများ –

က။ မေးခွန်းအတော်များများကို သူမဖြေနိုင်တာမို့ အချက်အလက်တွေက သိပ်မရှင်းဘူး။

ခ။ သူက တည်တည်ငြိမ်ငြိမ်သိပ်မရှိဘူး၊ ရက်စွဲတွေလည်း တစ်ခုမှမမှတ်မိဘူး၊ သူပြောတာတာတွေနဲ့ ပတ်သက်ပြီး တော့လည်း ဘာမှအတည်ပြုချက်မပေးနိုင်ဘူး။ ဥပမာ – သူ့မိသားစုက သူ့အတွက် ဒဏ်ငွေဆောင်ခဲ့သလား မဆောင်ခဲ့ဘူးလား၊ သူ ဆရာဝန်နဲ့ သွားမတွေ့ခဲ့ဘူး စသဖြင့် မရှင်းဘူး။

ဂ။ သူက စိတ်အနှောင့်အယှက်ဖြစ်နေပုံရတယ်၊ ပြီးတော့ ဘာအထောက်အထားမှလည်း မပေးနိုင်ဘူး။ ဒါပေမယ့် သူ့အတွေ့အကြုံက တကယ်ဆိုးဝါးလွန်းလှတယ်ဆိုတာကိုတော့ ယုံဖို့သိပ်မခက်ဘူး။

ဃ။ သူက အရမ်းစိတ်အနှောင့်အယှက်ဖြစ်နေတယ်၊ ကြောက်လည်းကြောက်နေတယ်။ အချက်အလက် တွေ ပြန်စဉ်းစားပြီးပြောဖို့နဲ့ သူ့အတွေ့အကြုံကို ပြောပြဖို့ အခက်အခဲရှိတယ်။

င။ ဘာအထောက်အထားမှမပြနိုင်ပေမယ့် သူအမှန်အတိုင်းပြောနေတာ ဖြစ်နိုင်တယ် (ဒါပေမယ့် သူ့ကို မေးတဲ့သူက သူ့ခန္ဓာကိုယ်မှာ အမာရွတ်တွေ ဒါမှမဟုတ် အခြား ဒဏ်ရာဒဏ်ချက်တွေရှိ/မရှိ စစ် ဆေးနိုင်တယ်)။ တချို့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေလည်း သူ့လိုပဲပြုမူနိုင်တယ် ဒါမှမဟုတ် သူပြောသလိုမျိုးပဲ ပြောပြနိုင်တယ်။

ဆွေးနွေးမှု

အချက်အလက်ရှာဖွေသူအနေနဲ့ ဒီလိုတွေ့ဆုံမေးမြန်းမှုမျိုးကို ပိုကောင်းအောင် ဘယ်လိုဆက်လုပ်နိုင်မလဲဆိုတာ ဆွေးနွေးပါ။

ကိုအောင်ကျော်စိုးပြောခဲ့တာတွေကို ရှင်းရှင်းလင်းလင်းဖြစ်စေဖို့ ဘယ်လိုမျိုးမေးခွန်းတွေ မေးနိုင်ပါသလဲ။

နမူနာမေးခွန်းများ –

- ကိုအောင်ကျော်စိုးကို ဖမ်းတဲ့သူတွေက ဘာအဝတ်အစား ဝတ်ထားသလဲ။
- ခင်ဗျား/ရှင် အဖမ်းခံရတဲ့အချိန်မှာ ခင်ဗျား/ရှင့်ရဲ့ ကလေးတွေက ဘယ်အရွယ်ရှိပြီလဲ။
- NLD ရဲ့ ဘယ်လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့သလဲ။
- ခင်ဗျား/ရှင် နေခဲ့ရတဲ့ ထောင်နာမည်က ဘယ်လိုခေါ်သလဲ။

ကိုအောင်ကျော်စိုးပေးတဲ့ အချက်အလက်တွေကို အတည်ပြုနိုင်ဖို့အတွက် အချက်အလက်ရှာဖွေသူအနေနဲ့ အခြား ဘယ်သူ့ကို စကားပြောကြည့်လို့ရဦးမလဲ။

နမူနာအဖြေများ –

အချက်အလက်ရှာဖွေသူက ကိုအောင်ကျော်စိုးနဲ့ ဘယ်လိုအဆက်အသွယ်ရလာသလဲဆိုတဲ့အပေါ် မူတည်တယ်။ ဗဟုဏဏ ဒါမှမဟုတ် အခြားတဖွဲ့ဖွဲ့ကနေတဆင့် သူနဲ့တွေ့ခွင့်ရလာတာလား။ အဲ့ဒီလိုဆိုရင်တော့ သူနဲ့ချိတ်ပေးတဲ့အဖွဲ့က လူတွေနဲ့ စကားပြောကြည့်ရင် အကျိုးရှိကောင်းရှိနိုင်တယ်။ သူနဲ့ထောင်ထဲမှာ အတူနေခဲ့တဲ့သူ၊ သူ့ကိုသိတဲ့သူ တစ်ယောက်ယောက်ရှိလား။ သူအဖမ်းခံရတာကိုမြင်တဲ့သူ ဒါမှမဟုတ် အဖမ်းခံရတာနဲ့ပတ်သက်ပြီး တစုံတရာသိသူ တစ်ယောက်ယောက်ရှိလား။ သူမိသားစုနဲ့ သိတဲ့သူတစ်ယောက်ယောက်ကို ဆက်သွယ်လို့ရလား။

ဖြစ်နိုင်ရင်၊ ကိုအောင်ကျော်စိုးကလည်း သဘောတူခွင့်ပြုရင် သူ့ကို နောက်မှထပ်တွေ့ပြီးမေးရင် အကျိုးရှိနိုင်တယ်။ ထောင်ထဲမှာနေခဲ့ပြီး ဒီဘက်ရောက်လာတာလည်း သိပ်မကြာသေးဘူးဆိုရင် လူစိမ်းတွေကို သူ့ရဲ့အတွေ့အကြုံကို ပြောပြဖို့ သူ့အနေနဲ့ အရမ်းကိုစိတ်အနှောင့်အယှက်ဖြစ်နေနိုင်တယ် ဒါမှမဟုတ် အရမ်းကိုကြောက်ရွံ့နေနိုင်တယ်။ သူနဲ့ပိုရင်းနှီး အောင်ကြိုးစားတာဟာ သူ့ဆီက ပိုပြီးယုံကြည်အားထားရတဲ့ သတင်းအချက်အလက်တွေရဖို့ အသုံးဝင် နိုင်တယ်။

## အများယုံကြည်လက်ခံနိုင်မှု

**သိထားသင့်သည့်အချက်အလက်များ**

အမေးခံရသူဟာ အမှန်အတိုင်း ပြောတယ်ဆိုရင် အများက ယုံကြည်လက်ခံနိုင်ပါတယ်။ လိမ်တယ်ဆိုရင်တော့ အများ က ယုံကြည်လက်ခံနိုင်မှာမဟုတ်ပါဘူး။ အချက်အလက်ရှာဖွေသူတွေအနေနဲ့ ‘ဒီလူပြောနေတာတွေဟာ အမှန်တွေ

ချည်းပဲလို့ ငါယုံလို့ရပါ့မလား’ ဆိုတာကို ကိုယ့်ကိုယ်ကိုယ်ပြန်မေးသင့်ပါတယ်။ တကယ်လို့ ကိုယ်မေးတဲ့သူ ပြောတာတွေကို သံသယရှိတယ်ဆိုရင် သံသယရှိတဲ့အရာကို မှတ်ထားပါ၊ ပြီးတော့ အဲ့ဒီအရာနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အတည်ပြုနိုင်ဖို့ မေးခွန်းထပ်မေးပါ။ အများယုံကြည်လက်ခံနိုင်မှုက ချိုးဖောက်မှုကျူးလွန်တယ်လို့ စွပ်စွဲခံရတဲ့သူတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေမှာလည်း အဓိကအကြောင်းရင်းတစ်ရပ်အဖြစ် ရှိနေပါသေးတယ်၊ အကြောင်းကတော့ အဲ့ဒီလူတွေမှာ သတင်းအချက် အလက်အမှားတွေပေးဖို့အတွက် ရှင်းလင်းတဲ့အကြောင်းပြချက်တွေ ရှိနေလို့ပါပဲ။

လေ့ကျင့်ခန်း

ဖြစ်ရပ်လေ့လာခြင်း

အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၆ ကို အသုံးပြုပါ။ သင်တန်းသားတွေက စာစဉ်မှာပါတဲ့ တွေ့ဆုံမေးမြန်းမှုကို ဖတ်ပြီး အောက်ပါမေးခွန်းတွေကို ဆွေးနွေးရမှာဖြစ်ပါတယ်။

က။ မောင်ထက်အောင်ပေးတဲ့ သတင်းအချက်အလက်တွေနဲ့ပတ်သက်လို့ ဘယ်လိုထင်ပါသလဲ။

ခ။ အဲ့ဒီအချက်အလက်တွေထဲမှာ ပြဿနာတစုံတရာ တွေ့ရပါသလား။

ဂ။ အချက်အလက်တွေက အများယုံကြည်လက်ခံနိုင်မှုရှိရဲ့လား။ လက်ခံလို့မရတဲ့ အချက်အလက်တွေ ရှာကြည့်ပါ။

ဃ။ သူအမှန်အတိုင်းပြောနေတယ်လို့ ထင်ပါသလား။ ဘာကြောင့်ထင်တာလဲ။ ဘာကြောင့်မထင်တာလဲ။

နမူနာအဖြေများ –

က။ မောင်ထက်အောင်က အချက်အလက်များများ မပေးဘူး။

ခ။ အချက်အလက်တွေက လုံးဝအသေးစိတ်မဖြစ်တဲ့အပြင် ဟိုရောက်လိုက်ဒီရောက်လိုက်ဖြစ်နေတယ်။ မောင်ထက်အောင်က မေးခွန်းတွေကို တကယ်ဖြေချင်ပုံမရဘူး။

ဂ။ သူပေးတဲ့အချက်အလက်တွေက အများယုံကြည်လက်ခံနိုင်မှု သိပ်မရှိဘူး။ သူက အမှန်အတိုင်း ပြောနေတဲ့ပုံမပေါက်ဘူး။ ဥပမာ – အသက်လိမ်ပြောတယ်၊ ၂၀၁၁ မှာ သူ့အသက် ၁၈ နှစ်ဆိုရင် ၁၉၉၅ မှာမွေးတာ မဖြစ်နိုင်ဘူး။ ပြီးတော့ သူ့တပ်မှူးနာမည်ကို မေ့သွားပြီဆိုတာလည်း မဖြစ်နိုင်ဘူး။ သူ့မှာ အကြောင်းတစုံတရာရှိလို့ သူ့တပ်မှူးနာမည်ကို ထုတ်မပြောချင်တာ ဖြစ်နိုင်တယ်။

ဃ။ သူပြောတာတွေအားလုံး အမှန်အတိုင်း မဖြစ်နိုင်ဘူး။ တချို့အချက်အလက်တွေကို ဖုံးကွယ်ထားဖို့ သူ့မှာ အကြောင်းပြချက် ရှိနိုင်တယ် ဒါမှမဟုတ် အကြောင်းပြချက်ရှိတယ်လို့ သူယူဆထားနိုင်တယ်။ သူပေးတဲ့ ဘယ်သတင်းအချက်အလက်ကိုဖြစ်ဖြစ် အခြားသတင်းရင်းမြစ်တွေနဲ့ တိုက်ကြည့်စစ်ဆေးသင့်တယ်။ ပြီးတော့ သူမရိုးမသားဖြစ်နေတဲ့အချိန်မှာ အဲ့ဒီလိုဖြစ်နေပါလားဆိုတဲ့ သဲလွန်စရအောင် သူ့ခန္ဓာကိုယ် လှုပ်ရှားမှုကို စောင့်ကြည့်တာက အကျိုးရှိတယ်။

ဆွေးနွေးမှု

အချက်အလက်ရှာဖွေသူအနေနဲ့ ဒီလိုတွေ့ဆုံမေးမြန်းမှုမျိုးကို ပိုကောင်းအောင် ဘယ်လိုဆက်လုပ်နိုင်မလဲဆိုတာ ဆွေးနွေးပါ။

မောင်ထက်အောင်ပြောခဲ့တာတွေကို ရှင်းရှင်းလင်းလင်းဖြစ်စေဖို့ ဘယ်လိုမျိုးမေးခွန်းတွေ မေးနိုင်ပါသလဲ။

နမူနာမေးခွန်းများ

– သူတို့ ဘာအဝတ်အစား ဝတ်ထားသလဲ။

– စပါးအသိမ်းခံရတဲ့လယ်ကွင်းက ဘယ်လောက်ကြီးလဲ။

မောင်ထက်အောင်ပေးတဲ့ အချက်အလက်တွေကို အတည်ပြုနိုင်ဖို့အတွက် အချက်အလက်ရှာဖွေသူအနေနဲ့ အခြားဘယ်သူ့ကို စကားပြောကြည့်လို့ ရဦးမလဲ။

လေ့ကျင့်ခန်း

သင်တန်းသားတွေထဲမှာ အနည်းဆုံးတချို့က အတွေ့အကြုံလုံလုံလောက်လောက်ရှိတယ်ဆိုရင် သူ့တို့ရဲ့ အတွေ့အကြုံထဲက ယုံကြည်အားထားလို့လည်းမရ၊ အများလက်ခံနိုင်မှုလည်းမရှိတဲ့ တွေ့ဆုံမေးမြန်းမှု ဥပမာတစ်ခု ပြောပြခိုင်းပါ။ ဒီလေ့ကျင့်ခန်းကို အဖွဲ့ငယ်လေးတွေဖွဲ့ပြီး လုပ်နိုင်ပါတယ်။

## သက်သေထွက်ဆိုမှုကို အကဲဖြတ်ခြင်း

**သိထားသင့်သည့်အချက်အလက်များ**

တွေ့ဆုံမေးမြန်းမှုပြီးတဲ့နောက် တခုခုလုပ်ဖို့ ဆုံးဖြတ်ချက်တစုံတရာမချခင်မှာ သက်သေအထောက်အထားတွေကို အကဲဖြတ်ဖို့ အရေးကြီးပါတယ်။ အချက်အလက်ရှာဖွေသူတွေအနေနဲ့ တွေ့ဆုံမေးမြန်းမှုလုပ်ပြီးတဲ့အခါမှာ သူတို့ မေးမြန်းခဲ့တဲ့သူအပေါ် ဘယ်လိုမြင်တယ်ဆိုတာ ဒါမှမဟုတ် သူတို့မေးမြန်းခဲ့သူနဲ့ပတ်သက်ပြီး တခုခုသတိထားမိတာကို အသေးစိတ်မှတ်ထားဖို့ လိုအပ်ပါတယ်။

တကယ်လို့ အမေးခံရသူက ရက်စွဲအတိအကျ မပြောနိုင်ဘူးဆိုရင် 'အဲ့ဒီအချိန်မှာ ခင်ဗျား/ ရှင့်ကလေးတွေက ဘယ်အရွယ်ရှိပြီလဲ၊' 'အဲ့ဒီအချိန်က ရာသီဥတုအခြေအနေ ဘယ်လိုရှိလဲ၊' 'မိုးရာသီလား၊ နွေရာသီလား၊' ဒါမှမဟုတ် 'အဲ့ဒီအချိန်မှာ စပါးရိတ်ပြီးပြီလား' ဆိုတာမျိုး နားလည်လွယ်တဲ့ မေးခွန်းတွေမေးပြီး သူ့ကိုကူညီပါ။ ဒီလိုမေးခွန်းမျိုးတွေက ဘယ်တုန်းကဖြစ်ခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး ကိုယ်မေးတဲ့သူကို ပိုရှင်းရှင်းလင်းလင်း မှတ်မိအောင် အထောက်အကူပြုနိုင်ပါတယ်။

ရက်စွဲနဲ့ ကိန်းဂဏန်းလိုမျိုး အခြားအချက်အလက်တွေကို ဖြစ်နိုင်သမျှ တိတိကျကျ ရယူတာဟာ အမြဲတမ်း အကျိုးရှိပါတယ်။

အမေးခံရမယ့်သူနဲ့ အချက်အလက်ရှာဖွေသူကြားမှာရှိတဲ့ ယဉ်ကျေးမှုနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ တန်ဖိုးထားမှု ကွာခြားချက်တွေက သက်သေထွက်ဆိုမှုကို ဘယ်လိုအကဲဖြတ်သလဲဆိုတဲ့အပေါ် ထိခိုက်မှုရှိနိုင်ပါတယ်။ ဥပမာ –

- ယဉ်ကျေးမှုခြားနားချက်များ – တချို့ယဉ်ကျေးမှုတွေမှာ စကားပြောနေတုန်း မျက်လုံးကို တည့်တည့်ကြည့်ရင် မလေးစားရာ ရောက်ကောင်းရောက်နိုင်ပါတယ်။ တချို့ယဉ်ကျေးမှုတွေမှာတော့ မျက်လုံးကိုမကြည့်ဘဲ စကားပြောတာကို အမှန်အတိုင်းမပြောဘူး ဒါမှမဟုတ် လိမ်နေတယ်လို့ အဓိပ္ပါယ်ကောက်ယူနိုင်ပါတယ်။
- ပုဂ္ဂိုလ်ရေးခြားနားချက်များ – မေးတဲ့သူက စစ်အစိုးရနဲ့ ဆက်စပ်ဆောင်ရွက်တာကို လုံးဝဆန့်ကျင်တဲ့သူ၊ ရွေးကောက်ပွဲသပိတ်မှောက်တာကို ထောက်ခံခဲ့တဲ့သူ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့ ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သူတယောက်ကို တွေ့ဆုံမေးမြန်းရကောင်း မေးမြန်းရနိုင်ပါတယ်။

**ဆွေးနွေးမှု**

အမေးခံရမယ့်သူနဲ့ အချက်အလက်ရှာဖွေသူကြားမှာရှိတဲ့ ယဉ်ကျေးမှုနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ ခြားနားချက်တွေက တွေ့ဆုံမေးမြန်းမှုကို ဘယ်လိုထိခိုက်နိုင်ပါသလဲ။

နမူနာအဖြေများ –
အမြင်မတူတာတွေက တွေ့ဆုံမေးမြန်းမှုဖြစ်စဉ်ကို အနှောင့်အယှက် ပေးကောင်းပေးနိုင်တယ်။ အချက်အလက်ရှာဖွေသူအနေနဲ့ သူ့ရဲ့ပုဂ္ဂိုလ်ရေးယုံကြည်ချက်တွေကို တွေ့ဆုံမေးမြန်းမှုဖြစ်စဉ်နဲ့ ခွဲထားနိုင်ဖို့နဲ့ တစ်ဖက်လူပြောတာတွေ အပေါ် သဘောမတူရင်တောင်မှဘဲ ပြောတာတွေကို နားထောင်နိုင်ဖို့၊ အကဲဖြတ်နိုင်ဖို့နဲ့ ဓမ္မဓိဋ္ဌာန်ကျကျ မှတ်တမ်း ပြုစုနိုင်ဖို့ အရေးကြီးပါတယ်။

**လေ့ကျင့်ခန်း**

သင်တန်းသားတွေကို အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၅ မှာပါတဲ့ တွေ့ဆုံမေးမြန်းမှုနဲ့ ပတ်သက်ပြီး မှတ်စုရေးခိုင်းပါ၊ သုံးမိနစ် အချိန်ပေးပါ။ ပြီးတဲ့အခါ သူတို့ရေးထားတာတွေကို ပြန်ဖတ်ပြီး အဲ့ဒါတွေထဲမှာ ကိုအောင်ကျော်စိုးပေးတဲ့ အထောက်အထားတွေကို အကဲဖြတ်တဲ့အပေါ် ထိခိုက်စေတဲ့ ဘက်လိုက်မှု ဒါမှမဟုတ် ဝေဖန်ပိုင်းခြားမှု တစုံတရာပါနေသလား စစ်ဆေးခိုင်းပါ။

သင်တန်းသားတွေကို တွေ့ဆုံမေးမြန်းတဲ့အခါ အဟန့်အတားဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ရေး ဒါမှမဟုတ် ယဉ်ကျေးမှု ကွာခြားခြင်းနဲ့ ဆိုင်တဲ့ သူတို့ရဲ့ကိုယ်ပိုင်ဥပမာတွေ ပေးခိုင်းပါ (ကိုယ်ပိုင်အတွေ့အကြုံကပဲဖြစ်ဖြစ်၊ စိတ်ကူးပြီးတော့ပဲဖြစ်ဖြစ် ဥပမာပေးနိုင်တယ်)

နမူနာအဖြေများကို အပေါ်မှာဖော်ပြထားတဲ့ သက်သေထွက်ဆိုမှုကိုအကဲဖြတ်ခြင်းမှာပါတဲ့ စာပိုဒ်တွေထဲမှာ ထည့်ထားပါတယ်။

**ဆွေးနွေးမှု**

သင်တန်းသားတွေအနေနဲ့ အောက်ပါဖော်ပြချက်ကို သဘောတူ/မတူ မေးပါ။

အချက်အလက်ရှာဖွေသူအနေနဲ့ တစ်ဖက်လူကို သဘာမကျဘူး ဒါမှမဟုတ် မယုံဘူးလို့ အဓိပ္ပါယ်ကောက်သွားနိုင်တဲ့ အပြုအမူတွေကို ရှောင်သင့်ပါတယ်။ ဘာကြောင့်ရှောင်သင့်တာလဲ။ ဘာကြောင့် မရှောင်သင့်ဘူးလဲ။

တွေ့ဆုံမေးမြန်းမှုလုပ်တဲ့အခါမှာ ကိုယ်မေးတဲ့သူရဲ့ အဖြေတွေဟာ ယုံကြည်အားထားလို့မရဘူး ဒါမှမဟုတ် အများ ယုံကြည်လက်ခံနိုင်မှု မရှိဘူးလို့ ခံစားရရင် ဒါမှမဟုတ် အဲ့ဒီအဖြေတွေထဲမှာ အခြားပြဿနာတစုံတရာ ရှိနေတယ်လို့ ခံစားရရင် အချက်အလက်ရှာဖွေသူအနေနဲ့ ဘာတွေလုပ်နိုင်မလဲ။

နမူနာအဖြေများ –

အချက်အလက်ရှာဖွေသူအနေနဲ့ ကိုယ်မေးတဲ့သူရဲ့ အဖြေတွေဟာ ဟိုရောက်လိုက်ဒီရောက်လိုက်ဖြစ်နေတယ် ဒါမှ မဟုတ် အမှန်အတိုင်းပြောနေတာမဟုတ်ဘူး၊ ဒါမှမဟုတ် အဖြေတွေထဲမှာ အခြားပြဿနာတစုံတရာရှိနေတယ်လို့ ခံစားရရင် ဘယ်လိုခံစားရတယ်ဆိုတာကို ထုတ်မပြသင့်ပါဘူး၊ ဒါပေမယ့် ကိုယ့်မှတ်တမ်းထဲမှာ အဲ့ဒီအရာတွေကို မှတ် ချက်အနေနဲ့ ထည့်ရေးထားပါ။ နောက်ပိုင်းကျရင် အဲ့ဒီမှတ်ချက်တွေကို အခြားသတင်းအရင်းအမြစ်တွေနဲ့ အသေ အချာတိုက်ဆိုင် စစ်ဆေးကြည့်ပါ။

## စိစစ်အတည်ပြုမှု

**သိထားသင့်သည့်အချက်အလက်များ**

စိစစ်အတည်ပြုမှုဆိုတာက ရလာတဲ့သတင်းအချက်အလက်ကို အခြားသတင်းအရင်းအမြစ်တွေမှာ ရှိနေတာတွေနဲ့ တူ/မတူ တိုက်ကြည့်ပြီး သတင်းအချက်အလက် မှန်ကန်တိကျစေဖို့ ဆောင်ရွက်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ တွေ့ဆုံမေးမြန်းမှု တွေကရရှိခဲ့တဲ့ သက်သေထွက်ဆိုမှုတွေကို စစ်ဆေးအတည်ပြုတာဟာ အဲ့ဒီထွက်ဆိုမှုမှာပါတဲ့ အချက်အလက်တွေကို အများယုံကြည်လက်ခံနိုင်မှုနဲ့ ယုံကြည်အားထားရမှုတွေရှိစေဖို့ ဆောင်ရွက်တဲ့နေရာမှာ ဓမ္မဓိဋ္ဌာန်ကျကျ အထောက်အကူ ဖြစ်စေပါတယ်။

**ဆွေးနွေးမှု**

အချက်အလက်ရှာဖွေသူက အမေးခံရမယ့်သူတစ်ယောက်ကို မေးကောင်းမေးနိုင်တဲ့ အောက်ပါမေးခွန်းတွေကို ဖတ်ပြ ပါ။

- အဖြစ်အပျက်ကို အခြားဘယ်သူတွေ မျက်မြင်တွေ့ခဲ့ပါသေးသလဲ။
- ဒီအကြောင်းကို ခင်ဗျား/ရှင် ဘယ်လိုသိပါသလဲ။
- ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ဘယ်သူ့ကို ပြောပြီးပြီလဲ။
- အဖြစ်အပျက်မတိုင်ခင် ဘယ်မှာရှိနေပါသလဲ။ အဲ့ဒါဖြစ်ပြီးတော့ ဘယ်ကိုသွားပါသလဲ။

သင်တန်းသားတွေကို အောက်ပါမေးခွန်းတွေ မေးပါ။

- အချက်အလက်ရှာဖွေသူအနေနဲ့ အပေါ်ကမေးခွန်းတွေ မေးပြီး ဘာတွေသိရဖို့ ကြိုးစားတာလဲ။
- ဒီလိုမေးခွန်းမျိုးတွေ မေးဖူးပါသလား။
- ဘာဖြစ်လို့ အဲ့ဒီမေးခွန်းမျိုးတွေမေးတာလဲ။
- ဒီလိုမေးခွန်းတွေမေးတဲ့အတွက် ဘယ်လိုသတင်းအချက်အလက်မျိုးတွေ သိရပါသလဲ။

နမူနာအဖြေများ –

ဒီမေးခွန်းတွေအားလုံးဟာ ကိုယ်တွေ့ဆုံမေးမြန်းတဲ့သူပေးတဲ့သတင်းအချက်အလက်တွေအတွက် အတည်ပြုချက်ရဖို့ ရည်ရွယ်တာဖြစ်တယ် (အဖြစ်အပျက်ကို မျက်မြင်တွေ့ခဲ့တဲ့ အခြားသူတွေကို ရှာဖွေဖို့၊ အဖြစ်အပျက်နဲ့ပတ်သက်ပြီး ပြန်စိစစ်တဲ့အခါ အတည်ပြုပေးနိုင်တဲ့ အခြားသတင်းအရင်းအမြစ်တွေကို ရှာဖွေဖို့၊ ကိုယ်မေးနေတဲ့သူဟာ သူပြောတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းသိတယ်၊ အဆက်အစပ်ရှိရှိသိတယ်ဆိုတာ သေချာအတည်ပြု နိုင်အောင် အချက်အလက်အသေးစိတ်တွေ ပိုရရှိဖို့)။ အချက်အလက်ရှာဖွေသူအနေနဲ့ အခြားသတင်းအရင်းအမြစ်တွေ ဘယ်မှာရှာ ရမယ်ဆိုတာကို သိအောင်လုပ်ဖို့လည်းလိုအပ်ပါတယ်။

**လေ့ကျင့်ခန်း**

အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၇ ကို ဝေပေးပြီး အောက်ပါမေးခွန်းတွေကို ဆွေးနွေးခိုင်းပါ။

– က နဲ့ ခ ဟာ တခုနဲ့တခု အပြန်အလှန် အထောက်အကူပြုပါသလား။

– အချက်ရှာဖွေသူတစ်ယောက်အနေနဲ့ ကိုယ့်မှာအချက်အလက်လုံလုံလောက်လောက်ရှိပြီဆိုတာ သေချာစေဖို့ ဘယ်လိုမျိုးအချက်အလက်တွေ ထပ်လိုဦးမလဲ။ ဘယ်လိုမျိုးမေးခွန်းတွေမေးမှာလဲ။ ဘယ်သူ့ကိုမေးမှာလဲ။

နမူနာအဖြေများ –

ရွာသားတွေက သစ်ပင်တချို့စိုက်ဖို့ အမိန့်ပေးခံရတယ်၊ ပြီးတော့ သစ်ပင်စိုက်တဲ့အလုပ်ကိုလုပ်နေတဲ့အချိန် မှာ ကိုယ့်အစားကိုယ်စားရတယ်၊ ကိုယ့်ရေကိုယ်သောက်ရတယ်ဆိုတဲ့ အချက်တွေကို ဖော်ပြချက်နှစ်ခုစလုံး မှာ အတည်ပြု ထားတယ်။ ဒါပေမယ့် သစ်ပင်အရေအတွက်မှာတော့ အဆက်အစပ်မရှိဘူး၊ ပြီးတော့ ပထမ ဖော်ပြချက်ထဲမှာ ဒဏ်ငွေကိစ္စ မပါဘူး။ ဒုတိယဖော်ပြချက်မှာလည်း ဘယ်လောက်ကြာကြာအလုပ်လုပ်ရတယ် ဆိုတာ မပါပြန်ဘူး။ ဒါကြောင့် ဒီသက်သေ ထွက်ဆိုမှုတွေကို လုံးလုံးလျားလျားစိစစ်အတည်ပြုနိုင်ဖို့ အဲ့ဒီ အချက်အလက်တွေ ဆက်လက်ရှာဖွေသင့်တယ်။

အရန်လေ့ကျင့်ခန်း (ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေကို ရှင်းရှင်းလင်းလင်းနားလည်ရအောင် သင်တန်းသားတွေ လေ့ကျင့်ခန်းထပ်လုပ်ဖို့ လိုသေးတယ်လို့ ယူဆမှပဲ ဒီလေ့ကျင့်ခန်းကိုလုပ်ပါ)

အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၈ ကို အသုံးပြုပါ။ အစက်ချထားတဲ့အတိုင်းဖြတ်ပါ။ သင်တန်းသားတွေကို နှစ်ယောက်တစ်တွဲတွဲပြီး မေးခွန်းတစ်ခုစီ ပေးပါ၊ ဒါမှမဟုတ်လည်း အဖွဲ့ငယ်လေးတွေဖွဲ့ပြီး တစ်ဖွဲ့ကို မေးခွန်းတစ်ခု ပေးပါ။ အဲ့ဒီမေးခွန်းတွေအတွက် အဖြေတွေကိုပြင်ဆင်ဖို့ သင်တန်းသားတွေကို အချိန်ငါးမိနစ်ပေးပါ။ ပြီးတဲ့အခါ အဖွဲ့တစ်ခုစီက အဖြေတွေကို ကျန်အဖွဲ့အားလုံးနဲ့ တင်ပြဆွေးနွေးရပါမယ်။

အဖြေများ –

၁။ ယုံကြည်အားထားရမှု၊ အများယုံကြည်လက်ခံနိုင်မှု၊ စိစစ်အတည်ပြုမှု၊ သက်သေခံအထောက်အထားများကို အကဲဖြတ်ခြင်း။

၂။ အများယုံကြည်လက်ခံနိုင်မှုဆိုတာ အမေးခံရသူက အမှန်အတိုင်း ပြောနေသလား/မပြောဘူးလား ဆိုတာနဲ့ ဆက်စပ်တယ်။ သူ့ကို ယုံကြည်လို့ ရရဲ့လား။

၃။ ယုံကြည်အားထားလို့ရတဲ့သူ ဆိုတာဟာ အဖြစ်အပျက်တွေနဲ့ပတ်သက်တဲ့ သိမြင်နားလည်မှု မှန်ကန်တိကျပြီး အဲ့ဒီအဖြစ်အပျက်တွေအပေါ် သူ့ရဲ့အမြင်ကို သေသေချာချာ ပြောဆိုနိုင်သူ၊ အာမခံနိုင်သူ ဖြစ်တယ်။

၄။ ယဉ်ကျေးမှုခြားနားချက်က စကားပြောဆိုတဲ့နေရာမှာ အဆင်မပြေဖြစ်တာမျိုးဆီ ဦးတည်နိုင်တယ် ဒါမှမဟုတ် တစ်ယောက်အပေါ်တစ်ယောက် ယုံကြည်မှုကင်းမဲ့စေတယ်။

၅။ အပြုသဘောမဆောင်တဲ့ အပြုအမူတွေက အမေးခံရသူကို ရိုးရိုးသားသားနဲ့ မခြွင်းမချန်ပြောနေရာကနေ ဟန့်တားလိုက်သလိုမျိုး ဖြစ်သွားနိုင်တယ်။

၆။ စိစစ်ပြီးအတည်ပြုလို့ရတယ်။ စိစစ်အတည်ပြုမှုဆိုတာက ကိုယ်ရရှိတဲ့ သတင်းအချက်အလက်ကို မှန်/မမှန် သေချာအောင် အခြားသတင်းအရင်းအမြစ်တွေနဲ့ တိုက်ဆိုင်မေးမြန်းပြီး စစ်ဆေးကြည့်တာဖြစ်တယ်။

**ပြန်လည်လေ့လာခြင်း**

အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း၊ စာစဉ် – ၉ ကို ဝေပေးပါ။ သင်တန်းသားတွေက မအေးမြတ်မွန်အကြောင်း ကိုဖတ်ပြီး သူ့ကိုတွေ့ဆုံမေးမြန်းမယ့် အခြေအနေတစ်ခုကို စိတ်ကူးပုံဖော်ကြည့်ပါ။ သူတို့နဲ့ အောက်ပါမေးခွန်းတွေကို ဆွေးနွေးပါ။

၁။ လုံခြုံမှု

- မအေးမြတ်မွန်ရဲ့ လုံခြုံရေးအခြေအနေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ။
- သူရဲ့လက်ရှိအခြေအနေမှာ ဘယ်လိုမျိုး လုံခြုံရေးအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်လို့ ထင်ပါသလဲ။
- တွေ့ဆုံမေးမြန်းတဲ့အတွက် သူ့ရဲ့လုံခြုံမှုကို ဘယ်လိုထိခိုက်နိုင်ပါသလဲ။
- (သူ့ကိုတွေ့ဆုံမေးမြန်းဖို့ ပြင်ဆင်တဲ့အနေနဲ့) သူရဲ့လုံခြုံရေးနဲ့ပတ်သက်ပြီး တချို့ဘယ်လိုမျိုးမေးခွန်း တွေ မေးဖို့လိုလိမ့်မလဲ။

၂။ လျှို့ဝှက်မှု

- လျှို့ဝှက်မှုက မအေးမြတ်မွန်အတွက် အရေးကြီးပါသလား။
- သူ့အနေနဲ့ ဘယ်လိုမျိုး သတင်းအချက်အလက်တွေကိုဖွင့်ဟပြောပြဖို့ ပြင်ဆင်ထားမယ်လို့ ထင်ပါသလဲ။
- ဘယ်လိုမျိုး အချက်အလက်တွေကို မေးမြန်းပြီးမှတ်ထားနိုင်ပေမယ့် လျှို့ဝှက်ထားဖို့ လိုမလဲ။
- သူ့ရဲ့ လျှို့ဝှက်ထားသင့်တဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို အများသိသွားရင် ဘယ်လိုမျိုး အန္တရာယ်အလားအလာတွေနဲ့ သူရင်ဆိုင်ရလိမ့်မလဲ။ ဒီနေရာမှာ သူ့နာမည်၊ နေရာတွေနာမည်၊ ရက်စွဲတွေ စသည်ဖြင့် စဉ်းစားပါ။
- သူ့အနေနဲ့ တချို့အချက်အလက်တွေကို လျှို့ဝှက်ထားရတဲ့ အကြောင်းရင်းက ဘာတွေဖြစ်မလဲ။ (သူ့ မွေးရပ်မြို့ကိုပြန်ဖို့ စီစဉ်နေတယ်၊ လောလောဆယ် တရုတ်နိုင်ငံမှာ တရားမဝင်နေထိုင်နေတယ် စတာ တွေကို စဉ်းစားပါ)
- လျှို့ဝှက်မှုနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးအာမခံချက်တွေ သူ့ကိုပေးနိုင်မလဲ။

၃။ သဘောတူခွင့်ပြုမှု

- မအေးမြတ်မွန်ရဲ့ သတင်းအချက်အလက်တွေကို အသုံးပြုဖို့ ဘယ်လို သဘောတူခွင့်ပြုချက် ရယူမလဲ။
- ကာယကံရှင်က သဘောတူခွင့်ပြုချက်မပေးခင် သူ့ကို ဘာတွေပြောဖို့ လိုမလဲ။
- ကာယကံရှင်က ဘယ်လိုမျိုး ကန့်သတ်ချက်တွေနဲ့ သူ့ရဲ့အချက်အလက်တွေကို အသုံးပြုခွင့်ပေးမယ် ထင်ပါသလဲ။
- အချက်အလက်ထိမ်းသိမ်းသူတွေ ဒါမှမဟုတ် သူ့ရဲ့အချက်အလက်တွေကိုအသုံးပြုပြီး လှုံ့ဆော်စည်းရုံးမှု လုပ်မယ့် သူတွေအနေနဲ့ အေးမြတ်မွန်ရဲ့ ဘယ်လိုကိုယ်ရေးအချက်အလက်တွေကို အများမသိသင့်ဘူး ဆိုတာ ဘယ်လိုသိနိုင်မလဲ။

နမူနာအဖြေများ –

၁။ လူကုန်ကူးမှု/လိင်ပိုင်းဆိုင်ရာအသုံးချခံရမှုရဲ့ သားကောင်အဖြစ်နဲ့ နိုင်ငံတစ်ခုမှာ တရားဝင်အထောက်အထား မရှိဘဲ နေနေတာမို့ မအေးမြတ်မွန်ဟာ အန္တရာယ်ပေါင်းစုံနဲ့ကြုံတွေ့နိုင်တဲ့အလားအလာနဲ့ ရင်ဆိုင်နေရတယ် (တရားမဝင်နေထိုင်သူအဖြစ်နဲ့ တရုတ်နိုင်ငံမှာ အဖမ်းခံရနိုင်တာမျိုး ဒါမှမဟုတ် မြန်မာအာဏာပိုင်တွေဆီ ပြန်ပို့ခံရနိုင်တာမျိုး ဒါမှမဟုတ် အဲ့ဒီနှစ်မျိုးစလုံးနဲ့ ကြုံရနိုင်တာမျိုး၊ သူ့ 'ယောက်ျား' သို့မဟုတ် ယောက်ျားရဲ့ လူတွေက လိုက်လံဖမ်းဆီးခံရနိုင်တာမျိုး၊ သူ့မှာငွေကြေးအရ တည်ငြိမ်မှုမရှိတဲ့အတွက် ဒါမှမဟုတ် အကာအကွယ် ဘာမှမရှိတဲ့အတွက် လှည့်စားပြီး ဒါမှမဟုတ် ကြိုးကိုင်ပြီး နောက်တစ်ကြိမ် လူကုန်ကူးခံရနိုင်တာမျိုး)။ တွေ့ဆုံ မေးမြန်းခံရတာက အာဏာပိုင်တွေ ဒါမှမဟုတ် လူကုန်ကူးသူတွေရဲ့ အာရုံစိုက်မှုကိုရအောင် လုပ်မိလိုက် တာမျိုး ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဘယ်သူ့အာရုံစိုက်မှုမှမရှိနိုင်တဲ့ အလုံခြုံဆုံးဖြစ်နိုင်တဲ့နေရာတစ်ခုမှာ တွေ့ဆုံမေးမြန်းနိုင်ဖို့အတွက် သူနဲ့တိုင်ပင်ဖို့ သိပ်အရေးကြီးတယ်။ တချိန်ထဲမှာလည်း သူ့ဆီမှာမျက်မြင်သက် သေရှိတယ်ဆိုတာ သေချာစေဖို့ ဒါမှမဟုတ် လူစိမ်းတွေနဲ့ သီးသန့်နေရာမှာအတူရှိတာကို စိုးရိမ်တယ်ဆိုရင် တွေ့ဆုံ မေးမြန်းတဲ့နေရာကိုလာတဲ့အခါမှာ သူယုံကြည်ရတဲ့ မိတ်ဆွေတစ်ယောက် ခေါ်လာနိုင်တယ် (တကယ်လို့ သူ့မှာအဲ့ဒီလိုမိတ်ဆွေမျိုး ရှိတယ်ဆိုရင်)။ သူ့ကိုမေးမယ့်သူက အမျိုးသမီးဖြစ်မယ်ဆိုရင် သူ့အနေနဲ့ ပိုပြီးသက် တောင့်သက်သာဖြစ်မလား မေးကြည့်ပါ။ ဒီကိစ္စတွေအားလုံးကို သူနဲ့ မဖြစ်မနေဆွေးနွေးပြီး ဘယ်လိုမျိုးဖြစ်စေ ချင်သလဲဆိုတာမေးပါ။

၂။ အဓိကအနေနဲ့ အပေါ်မှာပြောခဲ့တဲ့ လုံခြုံရေးဆိုင်ရာပူပန်စရာတွေရှိတာကြောင့်ရယ်၊ ပြီးတော့ အဓမ္မလက်ထပ်ခံရ တယ်ဆိုတာက သူ့ရဲ့ဂုဏ်သတင်းကို ထိခိုက်နိုင်တာမို့ အဲ့ဒီသတင်း သူ့မွေးရပ်မြို့ဆီ ပြန်ရောက်စေချင်မှာ

မဟုတ်တာကြောင့် လျှို့ဝှက်မှုက သူ့အတွက် အရေးကြီးဆုံးဖြစ်လိမ့်မယ်။ သူ့ရဲ့ လျှို့ဝှက်ထားသင့်တဲ့သတင်းအချက်အလက်တွေကို ဘယ်သူမှမသိအောင် သိမ်းထားမယ်၊ ထုတ်ဝေတဲ့ အစီရင်ခံစာထဲမှာလည်း သူ့နာမည်အစားနာမည်ဝှက်တစ်ခုသုံးမယ်၊ နေရပ်တွေ၊ အဖြစ်အပျက်တွေ ဖြစ်ခဲ့တဲ့နေရာတွေကိုလည်း လိုအပ်သလို နာမည်တွေပြောင်းသုံးမယ်ဆိုရင် အဲ့ဒီအချက်အလက်တွေကို မှတ်တမ်းပြုစုလို့ ရနိုင်မလားဆိုတာကို သူနဲ့ဆွေးနွေးကြည့်ပါ။ ကိုယ့်အဖွဲ့အစည်းရဲ့ လျှို့ဝှက်မှုနဲ့ သတင်းအချက်အလက် သိမ်းဆည်းဖြန့်ဖြူးမှု မူဝါဒကိုလည်း သူ့ကိုပြောပြပါ။ သူ့ရဲ့ လျှို့ဝှက်ထားသင့်တဲ့ သတင်းအချက်အလက်တွေက ကိုယ့်ဆီကနေ (အချက်အလက်ရှာဖွေသူဆီကနေ) ဘယ်ကိုရောက်သွားမလဲ ဆိုတာကိုလဲပြောပြပါ။

၃။ သဘောတူခွင့်ပြုချက်ပုံစံကို လက်မှတ်ထိုးဖို့ သူဆန္ဒရှိပါ့မလား။ ဒါမှမဟုတ် နှုတ်နဲ့ပဲ သဘောတူခွင့်ပြုတာမျိုးကို ပိုဆန္ဒရှိမလား။ တွေ့ဆုံမေးမြန်းဖို့ သဘောတူခွင့်ပြုတဲ့အခါ သူက ဘယ်အချက်အလက်တွေကို တိတိကျကျသဘောတူတာလဲ။ ကိုယ့်အဖွဲ့အစည်းရဲ့ သူ့လုံခြုံမှုပေါ်ထားတဲ့မူဝါဒအပေါ် အခြေခံပြီး ဒီကိစ္စကို သူနဲ့အသေးစိတ်ဆွေးနွေးပါ။ သူနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို အသုံးပြုမှုနဲ့ပတ်သက်ပြီး သူက ကန့်သတ်ချက်တစုံတရာထားတယ်ဆိုရင် အဲ့ဒီ သတ်မှတ်ချက်တွေကို ဂရုတစိုက်မှတ်ထားပါ။

**သိထားသင့်သည့်အချက်အလက်များ**

သတင်းအချက်အလက်တွေက ကောက်ယူပြီးရင် ဘာဖြစ်သွားလဲ။

အချက်အလက်ရှာဖွေသူတွေအနေနဲ့ သူတို့ကောက်ယူခဲ့တဲ့ သတင်းအချက်အလက်တွေကို သူတို့အဖွဲ့အစည်းတွေဆီလွှဲပြောင်းပေးလိုက်ပြီးတဲ့အခါ အဲ့ဒီအချက်အလက်တွေ ဘာဖြစ်သွားသလဲဆိုတာကို တိတိကျကျသိနိုင်ဖို့ အရေးကြီးပါတယ်။

- သတင်းအချက်အလက်တွေ ဘယ်လို သိမ်းသလဲ။
- ဘယ်သူ့ကို ဖြန့်ဝေမှာလဲ။
- အချက်အလက်တွေလက်ခံရရှိတဲ့ အဖွဲ့အစည်းတွေကရော အဲ့ဒီအချက်အလက်တွေကို ဘာလုပ်မှာလဲ။ တခုခုဆက်လုပ်မှာလား။
- လျှို့ဝှက်သတင်းအချက်အလက်တွေကို ဖြန့်ဝေလိုက်မိတာမျိုးမဖြစ်ရအောင် ကိုယ့်အဖွဲ့အစည်းက ဘယ်လိုလုပ်မလဲ။

ဥပမာ – အစီရင်ခံစာတွေ ဖြန့်ဝေတဲ့နေရာမှာ တွေ့ဆုံမေးမြန်းခဲ့သူတွေရဲ့ နာမည်၊နေရပ်တွေနဲ့ အခြားထိလွယ်ရှလွယ်ဖြစ်တဲ့သတင်းအချက်အလက်တွေကိုချန်လှပ်ထားနိုင်ဖို့အတွက်သူတို့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်တွေကိုစကားဝှက်နဲ့ရေးတဲ့စနစ်ရှိလား။

နိဂုံးချုပ်အနေနဲ့ သင်ခန်းစာအစပိုင်းမှာပါတဲ့ 'အဓိကအစိတ်အပိုင်းများ' ကို ပြန်လေ့လာပါ။ သင်တန်းသားတွေကို အဲ့ဒီအစိတ်အပိုင်းတွေနဲ့ပတ်သက်ပြီး ရှင်းပြခိုင်းပါ။ သူတို့မရှင်းတာရှိကောင်းရှိနေသေးရင်လည်း ရှင်းပြပါ။

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၁**

ဖြစ်ရပ် ၁
ရွာတစ်ရွာမှာဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုနဲ့ပတ်သက်ပြီး ရွာသူကြီးတစ်ယောက်ကို တွေ့ဆုံမေးမြန်းပါတယ်။ သူကအခုချိန်မှာ အဲ့ဒီရွာမှာပဲ နေနေဆဲပါ။ ဒီဖြစ်ရပ်မှာဆိုရင် သူ့အပေါ်လက်စားချေတဲ့လုပ်ရပ်တွေ မဖြစ်ပေါ်ရအောင် ရွာလူကြီးရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်တွေ ဒါမှမဟုတ် ရွာနဲ့ပတ်သက်တဲ့ အသေးစိတ် အချက်အလက်တွေကို လျှို့ဝှက်ထားဖို့ လိုအပ်ပါတယ်။

ဖြစ်ရပ် ၂
UNHCR ရဲ့ အကာအကွယ်ပေးမှုအောက်မှာရှိနေတဲ့ ဒုက္ခသည်အမျိုးသားတစ်ယောက်ကို တွေ့ဆုံမေးမြန်းပါတယ်။ သူ့အတွက် ဒါမှမဟုတ် သူမိသားစုဝင်တွေအတွက် အန္တရာယ်လုံးဝမရှိပါဘူး။ ဒီဖြစ်ရပ်မှာဆိုရင် သူ့အနေနဲ့ သူ့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်အသေးစိတ်အားလုံး ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်းကို လူအများသိအောင် ထုတ်ဖော်ဖို့ သဘောတူကောင်းတူပါလိမ့်မယ်။ ဥပမာ – သူက သူ့နာမည်ကိုပဲ ထိန်ချန်ထားဖို့ မေတ္တာရပ်ခံပြီး သူ့ရွာ ဒါမှမဟုတ် မြို့နာမည်ကို အသုံးပြုခွင့်ပေးတာမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၂**

အဓိကအင်္ဂါရပ်များ – လူ့အခွင့်အရေးချိုးဖောက်မှု ၁၆ မျိုး

၁) သတ်ဖြတ်ခြင်း
  - ၁) လူ့အသက်ကိုသေစေခြင်း
  - ၂) တရားဥပဒေမဲ့သတ်ဖြတ်ခြင်း
  - ၃) အစိုးရ၏ လုပ်ဆောင်ချက်

၂) အစအနပျောက်ဆုံးခြင်း
  - ၁) လူပုဂ္ဂိုလ်တစုံတယောက်ကို တရားမဝင်ချုပ်နှောင်ထားခြင်း (သို့) အခြားတပါးသို့ ခေါ်ဆောင်သွားခြင်း
  - ၂) ခေါ်ဆောင်သွားခံရသူ၏ သဘောဆန္ဒမပါရှိခြင်း
  - ၃) အစိုးရ၏လုပ်ဆောင်ချက်
  - ၄) အစဖျောက်ပစ်ခြင်းနှင့်ပတ်သက်၍ အစိုးရ၏ငြင်းကွယ်ချက်

၃) နှိပ်စက်ညှဉ်းပန်းခြင်း
  - ၁) ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်းအလွန်ပြင်းထန်စွာနာကျင်ခံစားစေခြင်း
  - ၂) ရည်ရွယ်ချက်ဖြင့် အနာတရဖြစ်စေခြင်း
  - ၃) ရည်ရွယ်ချက်အကြောင်းတစ်ခုခုရှိခြင်း
  - ၄) အစိုးရ၏လုပ်ဆောင်ချက်

၄) မလျော်မကန်ပြုမူဆက်ဆံခြင်း
  - ၁) ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ပြင်းထန်စွာ နာကျင်ခံစားရစေခြင်း
  - ၂) ရည်ရွယ်ချက်ဖြင့် အနာတရဖြစ်စေခြင်း
  - ၃) အစိုးရ၏ လုပ်ဆောင်ချက်

၅) မုဒိန်းပြုကျင့်ခြင်း
  - ၁) လိင်မှုသဘောသဘာဝအရ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း

၂) နိုင်ထက်စီးနင်းပြုခြင်း (သို့မဟုတ်) ကာယကံရှင်၏သဘောဆန္ဒမပါခြင်း
၃) အစိုးရ၏ လုပ်ဆောင်ချက်

၆) အခြားလိင်ပိုင်းဆိုင်ရာစော်ကားခြင်း
၁) လိင်မှုသဘောသဘာဝအရ ဆောင်ရွက်မှု
၂) နိုင်ထက်စီးနင်းပြုမှု (သို့မဟုတ်) ကာယကံရှင်၏သဘောဆန္ဒမပါရှိခြင်း
၃) အစိုးရ၏ လုပ်ဆောင်ချက်

၇) အတင်းအဓမ္မလက်ထပ်စေခြင်း
၁) နှစ်ဦးနှစ်ဖက် တရားဝင်ပေါင်းဖက်စေခြင်း
၂) နိုင်ထက်စီးနင်းပြုခြင်း (သို့မဟုတ်) အနည်းဆုံး ကာယကံရှင်တစ်ဦးဦး၏ သဘောဆန္ဒမပါရှိခြင်း
၃) အစိုးရ၏လုပ်ဆောင်ချက်

၈) ပြည့်တန်ဆာလုပ်ငန်းသို့ အဓမ္မသွတ်သွင်းခြင်း
၁) လိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှုတစ်ခုခုလုပ်ဆောင်စေခြင်း
၂) နိုင်ထက်စီးနင်းပြုမှု (သို့မဟုတ်) ကာယကံရှင်၏သဘောဆန္ဒမပါရှိမှု
၃) ငွေကြေး (သို့မဟုတ်) တစုံတရာပေးခြင်း
၄) အစိုးရ၏လုပ်ဆောင်ချက်

၉) အဓမ္မလုပ်အားခိုင်းစေခြင်း
၁) လုပ်အား (သို့မဟုတ်) ဝန်ဆောင်မှုကိုရယူခြင်း
၂) ကာယကံရှင်၏ဆန္ဒမပါဘဲ အတင်းအဓမ္မ လုပ်ဆောင်ခြင်း
၃) အပြစ်ပေးဒဏ်ခတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း
၄) အစိုးရလုပ်ဆောင်ချက်

၁၀) ကလေးစစ်သားများ
၁) တပ်သားအဖြစ်စုဆောင်းခြင်း (သို့မဟုတ်) စစ်တပ်အတွင်းတာဝန်ထမ်းဆောင်ရခြင်း
၂) အသက် ၁၈ နှစ်အောက်ဖြစ်ခြင်း
၃) တပ်မတော်၊ လက်နက်ကိုင်တပ်ဖွဲ့တဖွဲ့ သို့မဟုတ် စစ်ပွဲများအတွင်း ပါဝင်စေမှု

၁၁) အဓမ္မရွှေ့ပြောင်းခြင်း
၁) တစ်စုံတစ်ယောက်အား ၄င်း၏အိမ် (သို့မဟုတ်) မြေနေရာမှ ဖယ်ရှားခံရခြင်း
၂) အကြောင်းမဲ့ အတင်းအကျပ် ဖယ်ရှားခြင်း
၃) နိုင်ထက်စီးနင်းပြုခြင်း (သို့မဟုတ်) ကာယကံရှင်သဘောဆန္ဒမပါရှိဘဲလုပ်ဆောင်ခြင်း
၄) အစိုးရ၏လုပ်ဆောင်ချက်

၁၂) ပုဂ္ဂလိကပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း
၁) ပုဂ္ဂလိကပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်း
၂) တရားဥပဒေမဲ့လုပ်ဆောင်ခြင်း
၃) အစိုးရ၏လုပ်ဆောင်ချက်

၁၃) အကြောင်းမဲ့ မတရားဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်း
၁) တစ်စုံတစ်ယောက်အား ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်း
၂) တရားဥပဒေမဲ့လုပ်ဆောင်ခြင်း
၃) ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကိုထိခိုက်စေခြင်း

၄) အစိုးရ၏လုပ်ဆောင်ချက်

၁၄) လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို တားဆီးပိတ်ပင်ခြင်း
၁) လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ထိပါးနှောင့်ယှက်ခြင်း
၂) တရားဥပဒေမဲ့လုပ်ဆောင်ခြင်း
၃) အစိုးရ၏လုပ်ဆောင်ချက်

၁၅) လူကုန်ကူးခြင်း
၁) လူဥဦး (သို့မဟုတ်) လူအများကိုရောင်းဝယ်ခြင်း
၂) နိုင်ထက်စီးနင်းပြုခြင်း (သို့မဟုတ်) ကာယကံရှင်သဘောဆန္ဒမပါရှိခြင်း
၃) ခေါင်းပုံဖြတ်အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ရှိခြင်း
၄) အစိုးရ၏လုပ်ဆောင်ချက်

၁၆) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်တို့ကို တားဆီးပိတ်ပင်ခြင်း
၁) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်တို့ကို ထိပါးနှောင့်ယှက်မှု
၂) တရားဥပဒေမဲ့လုပ်ဆောင်ခြင်း
၃) အစိုးရ၏လုပ်ဆောင်ချက်

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၃**

က။

မောင်ဝင်းဟာ မန္တလေးတိုင်းက အသက် ၁၅ နှစ်အရွယ် လူငယ်လေးတစ်ယောက်ပါ။ တစ်နေ့ သူကျောင်းကိုအသွားမှာ စစ်တပ်အရာရှိတစ်ယောက်က သူ့ကိုတားခဲ့ပါတယ်။ အဲ့ဒီအရာရှိက သူ့မှာမှတ်ပုံတင်ပါလားလို့ မေးပါတယ်။ သူက မှတ်ပုံတင်မရှိဘူးလို့ ဖြေပါတယ်။ မှတ်ပုံတင်မရှိရင် တရားမဝင်ဘူးလို့ အရာရှိက ဆိုပါတယ်။ ပြီးတော့ သူ့လက်မောင်းကိုဖမ်းဆွဲပြီး တရားမဝင်ရင် ဖမ်းရမှာပဲလို့ ပြောလိုက်ပါတယ်။ ဒါနဲ့ မောင်ဝင်းလည်း သိပ်ကြောက်ပြီး ငိုပါတော့တယ်။ အဲ့ဒီအချိန်မှာ အရာရှိက တပ်ထဲဝင်ဖို့သဘောတူတယ်ဆိုရင် ထောင်ကျခွန်မယ့်ဘေးက ရှောင်နိုင်လိမ့်မယ်လို့ သူ့ကို ပြောပါတယ်။ အကျဉ်းထောင်ထဲက ထိတ်လန့်တုန်လှုပ်စရာအခြေအနေတွေကို စိုးရိမ်ကြောက်ရွံ့တာမို့ မောင်ဝင်းဟာ တပ်ထဲဝင်ဖို့ သဘောတူလိုက်ပါတော့တယ်။

အရာရှိက မောင်ဝင်းကို တပ်သားသစ်စုဆောင်းရေးဌာနဆီ ခေါ်သွားပါတယ်။ အဲ့ဒီဌာနမှာ သူနဲ့သက်တူရွယ်သူ တခြား လူငယ်အတော်များများကို တွေ့ရပါတယ်။ သူစစ်သင်တန်းကို အပို့မခံရခင် စစ်သားစုဆောင်းရေးဌာနမှာ နှစ်ပါတ် လောက် နေရပါသေးတယ်။ သင်တန်းကျောင်းမှာ တခြား ၁၈ နှစ်အောက် လူငယ်သုံးယောက်နဲ့ မိတ်ဆွေဖွဲ့ ဖြစ်ပါတယ်။

စစ်သင်တန်းတစ်လပြီးသွားတဲ့အခါမှာတော့ မောင်ဝင်းဟာ အမှတ် ၃၄၉ ခြေလျင်တပ်ရင်းမှာ တာဝန်ပေးခြင်း ခံရပါတယ်။ စစ်သားတယောက်အဖြစ်နဲ့ လေးလံတဲ့စစ်ပစ္စည်းတွေကို အတင်းသယ်ခိုင်းပြီး ခရီးဝေးသွားခိုင်းတာ ခံရပါတယ်။ တခြားရဲဘော်တွေကို အမှီမလိုက်နိုင်ဘူးဆိုပြီးတော့လည်း အရာရှိတွေက ရိုက်နှက်တာနဲ့ ဒုက္ခပေးတာ တွေကို မကြာခဏ ခံရပါသေးတယ်။

ခ။

လွန်ခဲ့တဲ့ ခုနှစ်လက အဓမ္မလုပ်အားပေးနေရတုန်း ကိုအောင်ခိုင်ရဲ့အကိုကို စစ်သားတွေက မညှာမတာ ရိုက်နှက်ခဲ့ ကြတာမို့ ကိုယ်တပိုင်းသေသွားပါတယ်။ အကိုဖြစ်သူ မစွမ်းမသန်ဖြစ်သွားတဲ့အတွက် အကို့ကိုယ်စား လယ်ထဲဆင်းနိုင် ဖို့ ကိုအောင်ခိုင်လည်း ကျောင်းထွက်လိုက်ရပါတယ်။ သူလယ်ထဲမှာ အလုပ်လုပ်နေချိန်ကစလို့ စစ်တပ်က အဓမ္မလုပ် အားပေးခေါ်ခိုင်းခံရတာ ၁၀ ကြိမ်ထက်မနည်း ရှိသွားပါပြီ။

ပြီးခဲ့တဲ့ နှစ်လကတော့ လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့အတူထိုင်နေရင်း ကိုအောင်ခိုင်က သူ့မိသားစုရဲ့ အခြေအနေကို စပြောဖြစ်သွားပါတယ်။ စစ်တပ်က သူ့မိသားစုအပေါ် မတရားစော်ကားခဲ့တာတွေကို ပြောရင်းနဲ့ တဖြည်းဖြည်း သွေးဆူလာပါတယ်။ အဲ့ဒါကြောင့် ပြောရင်းတနေရာရောက်တော့ 'ဒီအစိုးရက ဘာမှမဟုတ်ဘူး၊ လာဘ်စားပြီး အာဏာရူးနေတဲ့ အာဏာရှင်တွေပဲ။ သူတို့က ငါတို့ဘ၀ကို မဖျက်ဆီးခင် ငါတို့တခုခုလုပ်ဖို့လိုနေပြီ' လို့ အသံကျယ်ကျယ်နဲ့ ပြောမိသွားပါတယ်။ သူ့သူငယ်ချင်းက အသံတိုးဖို့ပြောပေမယ့် မတိုးဘဲ 'ငါတို့အားလုံးဟာ မလွတ်လပ်ဘူး။ ငါတို့ဟာ အကျဉ်းသားတွေလိုဖြစ်နေပြီ' လို့ဆက်ပြောပြန်ပါတယ်။ အဲ့ဒီလိုပြောနေတုန်း စစ်သား နှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲဝင်လာမို့ သူပြောတာကို ကြားသွားပါတယ်။ တစ်ယောက်က သူ့ပါးကို ဖြတ်ရိုက်လိုက်ပြီး 'မင်းကအရူးပဲ၊ မင်းပါးစပ်က ရန်သူ့ပါးစပ်လို ဖြစ်နေပြီ၊ မင်းပါးစပ်ကို မင်းမထိန်းနိုင်ရင်တော့ တကယ့်အကျဉ်းသားဆိုတာ ဘယ်လိုဆိုတာကို ငါတို့မင်းကို ပြလို့ရတယ်' လို့ ပြောပါတယ်။ နောက်တစ်ယောက်ကလည်း သူ့ကိုဝင်ရိုက်တာမို့ သူ့လက်ကျိုးသွားပါတယ်။

လက်ဖက်ရည်ဆိုင်ကအဖြစ်အပျက် နောက်ပိုင်းမှာတော့ ကိုအောင်ခိုင်ဟာ သူ့နိုင်ငံအခြေအနေနဲ့ပတ်သက်လို့ ပိုမကျေမနပ်ဖြစ်လာပြီး တစ်ခုခုလုပ်ချင်လာခဲ့ပါတယ်။ ဒါနဲ့ သူလည်း သူ့သူငယ်ချင်း ရှစ်ယောက်ကို မြို့ထဲက ခေါင်ဆွဲဆိုင်တစ်ဆိုင်မှာ တွေ့ဖို့ချိန်းလိုက်ပါတယ်။ သူ့သူငယ်ချင်းအားလုံးဟာ သူလိုပဲ အစော်ကားခံရပြီး ဒုက္ခရောက်သူတွေဖြစ်ပါတယ်။ အဲ့ဒီလိုတွေ့ကြချိန်မှာ အဓွလုပ်အားခိုင်းစေမှုလျှော့ချရေးနဲ့ လွတ်လပ်ခွင့်ပိုမိုရရှိရေးတွေအတွက် တောင်းဆိုဆန္ဒပြပွဲတစ်ခုစီစဉ်ဖို့ သူတို့တွေ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

သူတို့ လေးလေးနက်နက် ဆွေးနွေးနေကြတုန်းမှာ အရပ်ဝတ်နဲ့ လူနှစ်ယောက် သူတို့စားပွဲကို ချဉ်းကပ်လာပါတယ်။ ပြီးတော့ လူငါးဦးထက် ပိုပြီးစုဝေးတာကို ဥပဒေကခွင့်မပြုတာမို့ ချက်ချင်းလူစုခွဲဖို့ သူတို့ကို ပြောပါတယ်။ အဲ့ဒီလူတွေဟာ စစ်ထောက်လှမ်းရေး ဒါမှမဟုတ် ရဲအထူးသတင်းတပ်ဖွဲ့ဝင်တွေ ဖြစ်မယ်လို့ သဘောပေါက်လိုက်တာမို့ ကိုအောင်ခိုင်နဲ့ သူ့သူငယ်ချင်းတွေဟာ ဆိုင်ကနေထွက်သွားဖို့ မြန်မြန်ဆန်ဆန် ထလိုက်ကြပါတယ်။ ဒါပေမယ့် ထောက်လှမ်းရေးတစ်ယောက်က သူ့လက်ကို ကိုအောင်ခိုင်ရဲ့ပခုံးပေါ် တင်လိုက်ပြီး ဆက်ထိုင်နေဖို့ ပြောပါတယ်။ သူငယ်ချင်းတွေ ထွက်သွားတာနဲ့တပြိုင်နက် သူ့အနားမှာရပ်နေတဲ့ ထောက်လှမ်းရေးက ကိုအောင်ခိုင်ကို ပါးရိုက်လိုက်ပါတယ်။ ပြီးတော့ 'ငါတို့က မင်းရဲ့လုပ်ပုံကိုင်ပုံတွေကိုပြောင်းဖို့ သတိပေးခဲ့တယ်၊ ဒါပေမယ့် အခုမင်းတို့ တရားမဝင်အစည်းအဝေးလုပ်နေတာတွေ့ရတယ်။ ဒီအတွက် မင်း အပြစ်ပေးခံရလိမ့်မယ်' လို့ ပြောပါတယ်။

အဖမ်းခံရမှာကိုကြောက်တဲ့အပြင် အချုပ်ထဲမှာ နှိပ်စက်ညှဉ်းပမ်းခံရနိုင်တာကိုလည်း ကြောက်တာမို့ ထောက်လှမ်းရေးတစ်ယောက်က သူ့လက်ကို ကြိုးတုပ်ဖို့လုပ်တဲ့အချိန်မှာ ကိုအောင်ခိုင်က အဲ့ဒီလူကို တွန်းထုတ်လိုက်ပြီး ထွက်ပြေးဖို့ကြိုးစားပါတယ်။ အဖမ်းခံရမယ့်ဘေးက သီသီလေးလွတ်ခဲ့ပါတယ်။ နိုင်ငံထဲမှာဆက်နေရင် သူ့အတွက် မလုံခြုံဘူးဆိုတာကို သိတာမို့ ကိုအောင်ခိုင်လည်း ထိုင်းနိုင်ငံကို ထွက်ပြေးလာခဲ့ပါတော့တယ်။

ဂ။

မိပကောင်းရော့ရဲ့အဖေဟာ စစ်တပ်ကတောင်းတဲ့အခွန်တွေ မပေးနိုင်တော့လို့ လွန်ခဲ့တဲ့တစ်နှစ်လောက်က မွန်ပြည်နယ်မှာရှိတဲ့ သူရဲ့စီးပွားရေးလုပ်ငန်း ပျက်စီးဆုံးရှုံးသွားခဲ့ပါတယ်။ ဒါကြောင့် မိဘနဲ့ မောင်ငယ်၊ ညီမငယ် လေးယောက်ကို အလုပ်လုပ်ပြီး ထောက်ပံ့ဖို့ အသက် ၁၅ နှစ်မှာ သူကျောင်းထွက်လိုက်ပါတယ်။

တစ်နေ့မှာ မိပကောင်းရော့အဖေဟာ လူတစ်ယောက်နဲ့တွေ့ပါတယ်။ အဲ့ဒီလူက လုပ်ငန်းရှင်သူဌေးတွေအတွက် အိမ်ဖေါ်အလုပ်လုပ်ဖို့ အမျိုးသမီးငယ်တွေလိုက်ရှာပြီး ရန်ကုန်ခေါ်သွားမယ့်သူကို သူသိတယ်လို့ပြောပါတယ်။ လုပ်အားခကောင်းတယ်လို့လည်း ဆိုပါတယ်။ အဖေ့ဆီကသတင်းကြားတဲ့အခါ ဒီအလုပ်ကိုလုပ်မယ်ဆိုရင်တော့ မိသားစုကို ထောက်ပံ့နိုင်တဲ့အပြင် သူကျောင်းပြီးအောင်တက်ဖို့အတွက်တောင် ပိုက်ဆံစုလို့ရနိုင်မယ်လို့ မိပကောင်းရော့က ထင်မိပါတယ်။ ဒါကြောင့် ဒီအခွင့်အလမ်းကို ရအောင်ယူဖို့ စိတ်အားထက်သန်မိပါတယ်။

အလုပ်က အိမ်ထောင်စုလေးတစ်ခုအတွက် ထမင်းချက်တာ၊ အိမ်သန့်ရှင်းရေးလုပ်တာတွေပါတယ်လို့ ပွဲစားက ပြောပါတယ်။ အလုပ်ရှင်က လစာအပြင် နေရာထိုင်ခင်းနဲ့ အစားအသောက်ပါပေးမယ်လို့လည်း ဆိုပါတယ်။ မိပကောင်းရော့အနေနဲ့ လုပ်ချင်တယ်ဆိုရင် ရအောင်ဆောင်ရွက်ပေးမယ်လို့လည်းကတိပေးပါတယ်။ ဒါကြောင့် မိပကောင်းရော့ရဲ့ မိဘများတွေကလည်း မိပကာင်းရော့ကို ရန်ကုန်ခေါ်သွားပေးဖို့ ပွဲစားခ ငွေကျပ် ၁၀၀၀၀၀ ပေးပါ့မယ်လို့ သဘောတူခဲ့ကြပါတယ်။

ရန်ကုန်ရောက်ပြီးတဲ့နောက် ပွဲစားက မိပကောင်းရှော့ကို အိမ်အိုကြီးတလုံးဆီ ခေါ်သွားပြီး ညစ်ပတ်နေတဲ့ အခန်းတစ်ခန်းထဲမှာ ပိတ်ထားခဲ့ပါတယ်။ အဲ့ဒီလိုပိတ်ထားတာမို့ ထိတ်လန့်တုန်လှုပ်သွားတဲ့ မိပကောင်းရှော့ဟာ တံခါးကို တဒုန်းဒုန်းထုရင်း သူ့ကိုလွှတ်ပေးပါလို့ ငယ်သံပါအောင်အော်ပါတော့တယ်။ အော်တဲ့အခါ ပွဲစားက တံခါးကိုလာဖွင့်ပြီး သူ့ကို မညှာမတာရိုက်ပါတယ်။

ပွဲစားနဲ့ သူ့အပေါင်းအပါ ကိုကျော်ဝင်းက မိပကောင်းရှော့ကို တခြားယောက်ကျားတွေနဲ့ အတင်းလိင်ဆက်ဆံခိုင်းပါတယ်။ မလုပ်ဘူးလို့ငြင်းရင် ပြင်းပြင်းထန်ထန်ရိုက်ပါတယ်။ သူ့ကို တနေ့ ယောက်ျား သုံးယောက်လောက်နဲ့အထိ အတင်း ဆက်ဆံခိုင်းပါတယ်။ အဲ့ဒီလူတွေက သူတို့ကိစ္စပြီးလို့ တံခါးခေါက်လိုက်ရင် ကိုကျော်ဝင်း ဒါမှမဟုတ် ပွဲစားက တံခါးလာဖွင့်ပေးပြီး ဧည့်သည်တွေဆီက ငွေယူပါတယ်။ သူတို့အထဲက တစ်ယောက်ယောက်ကပဲ မိပကောင်းရှော့အတွက် တနေ့နှစ်ကြိမ် ထမင်းဟင်းတစ်ပန်းကန် ယူလာပေးပါတယ်။ သူ့အနေနဲ့ အခန်းပြင်ထွက်ခွင့် မရှိပါဘူး။ ရေချိုးဖို့နဲ့ အိမ်သာသွားဖို့အတွက်ပဲ သူ့ကိုထွက်ခွင့်ပေးပါတယ်။

ဃ။

နော်ဖေါဝါးတယောက် ခင်ပွန်းဖြစ်တဲ့ စောလုဝင်းနဲ့အတူ လယ်ထဲအလုပ်လုပ်နေချိန်မှာ သူတို့ရွာက မီးခိုးလုံးတွေထွက်လာတာကို ရုတ်တရက်တွေ့လိုက်တာမို့ သယ်လာတဲ့ခြင်းတောင်းကိုချပြီး သူ့ယောက်ကျားကို လှမ်းအော်ပြောလိုက်ပါတယ်။ အဲ့ဒီနောက်တော့ နှစ်ဦးသား ရွာဆီအပြေးပြန်ခဲ့ကြပါတယ်။

နော်ဖေါဝါးနဲ့ သူ့မိသားစုဟာ ကရင်ပြည်နယ်တောင်တန်းတွေပေါ်က ကရင်ရွာတစ်ရွာမှာ နေထိုင်ကြတာပါ။ ပြီးခဲ့တဲ့ နှစ်ပါတ်က သူတို့ရွာထဲကို အစိုးရစစ်သားတွေရောက်လာပြီး ရွာအနှံ့ သတိပေးကြော်ငြာစာတွေ လိုက်ကပ်ကြပါတယ်။ ရွာသားတွေဟာ သူတို့မပိုင်တဲ့မြေပေါ်မှာ နေနေကြတယ်လို့ အဲ့ဒီစာထဲမှာ ရေးထားပါတယ်။ သံလွင်မြစ်မှာ ရေကာတာ ဆောက်ပြီးရင် ဒီဒေသဟာရေလွှမ်းသွားမှာမို့ အခုလကုန်နောက်ဆုံးထားပြီး အိမ်ကနေထွက်ပေးရမယ်လို့လည်း ရေးထားပါသေးတယ်။ ဒါ့ပြင် ရွာသားတွေရွှေ့ပြောင်းဖို့ သတ်မှတ်ထားတဲ့နေရာနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို လည်း အဲ့ဒီစာထဲမှာ ဖေါ်ပြထားပါတယ်။ ရွာသူရွာသားအများစုကတော့ အခုထိ မပြောင်းကြသေးပါဘူး။

နော်ဖေါဝါးနဲ့ သူ့ခင်ပွန်းတို့ ရွာနားကို ချဉ်းကပ်မိတယ်ဆိုရင်ပဲ ရွာထဲက အော်ဟစ်သံတွေနဲ့ သေနတ်သံတချို့ ကြားရပါတယ်။ အိမ်လေးငါးလုံးကတော့ မီးလောင်နေပါပြီ။ ယူနီဖောင်းဝတ်အစိုးရစစ်သားတွေလည်း ရွာထဲမှာ အပြည့်ပါပဲ။ သူတို့နှစ်ယောက် သူတို့အိမ်ကို ရောက်တဲ့အချိန်မှာ အိမ်နီးနားချင်းတစ်ယောက် ရွာလယ်လမ်းမကြီးအတိုင်း ပြေးထွက်သွားပြီး စစ်သားတစ်ယောက်က ပြေးလိုက်သွားတာကို တွေ့ရပါတယ်။ နောက်ကလိုက်တဲ့စစ်သားက ရှေ့ကပြေးနေတဲ့ သူတို့အိမ်နီးချင်းကို သေနတ်နဲ့ပစ်လိုက်တာမို့ လမ်းလယ်ခေါင်မှာ လဲကျသွားတာကိုလည်း တွေ့လိုက်ရပါတယ်။ အဲ့ဒီစစ်သားက 'မင်းတို့ ကရင်စုတ်တွေအားလုံးအတူတူပဲ။ မင်းတို့အားလုံးသေသွားရင် ကမ္ဘာကြီးက တော်တော်နေလို့ ကောင်းသွားမယ်' လို့ ပြောတာကိုလည်း နော်ဖေါဝါး ကြားလိုက်မိပါတယ်။

သူ့မိသားစု စုဆောင်းထားတဲ့ဆန်တွေကို နော်ဖေါဝါးထုတ်ပိုးနေချိန်မှာ အိမ်ရှေ့က တံခါးခေါက်သံ ကြားရပါတယ်။ စောလုဝင်းက တံခါးဖွင့်လိုက်တဲ့အခါမှာတော့ အပေါက်ဝမှာရပ်နေတဲ့ စစ်သားတစ်ယောက်ကို တွေ့ရပါတယ်။ 'မင်းနဲ့ မင်းမိသားစုတစ်စုလုံး အခုချက်ချင်းထွက်ပေးရမယ်။ ဒီရွာက ကရင်သူပုန်တွေကို ရိက္ခာထောက်ပံ့ပေးနေတယ်လို့ ငါတို့ထင်တယ်။' လို့ အဲ့ဒီစစ်သားက ပြောပါတယ်။

ပိုင်ဆိုင်တဲ့ပစ္စည်းတွေထဲက နိုင်သလောက်ပဲသယ်ရင်း နော်ဖေါဝါးနဲ့သူ့မိသားစုဟာ အိမ်ကထွက်ပြီး ပြောင်းရွှေ့ဖို့ သတ်မှတ် ပေးထားတဲ့နေရာဆီ ဦးတည်သွားနေတဲ့ အခြားရွာသားတချို့နဲ့အတူ လိုက်ပါသွားရပါတော့တယ်။ ရွာကနေ ထွက်ခွာ ချိန်မှာ စစ်သားတွေ တချို့အိမ်တွေက ပစ္စည်းတွေလုယူနေတာ တွေ့ရပါတယ်။ တချို့အိမ်တွေ လည်းပြိုကျနေပြီး တခြားအိမ်တွေလည်း မီးစွဲနေပါပြီ။ သူ့အိမ်ဘက်ဆီကို နော်ဖောဝါး လှည့်ကြည့်လိုက်ချိန်မှာတော့ မီးဝိုင်းနေတဲ့သူ့အိမ်ကို တွေ့လိုက်ရပါတယ်။

ရွှေ့ပြောင်းဒေသကိုရောက်တဲ့အခါ အဲ့ဒီနေရာဟာ အစိုးရစစ်တပ်ထိန်းချုပ်နယ်မြေထဲက မတ်စောက်တဲ့တောင်ကုန်း တစ်ခုပေါ်မှာရှိတဲ့ နေရာဖြစ်နေမှန်း ရွာသားတွေ တွေ့လိုက်ရပါတယ်။ အဆောက်အအုံ ဒါမှမဟုတ် နေဖို့ဆောက်ထား

တဲ့အရာလည်း ဘာတစ်ခုမှ မရှိပါဘူး။ မြေပြင်အနေအထားကလည်း သူတို့အတွက် သီးနှံစိုက်ပျိုးဖို့ သိပ်ခက်တဲ့နေရာမျိုး ဖြစ်နေပါတယ်။ ဒ့ါပြင် ကိုယ့်ကိုယ်ပိုင်စိုက်ခင်းတွေဆီပြန်သွားဖို့ကလည်း စစ်တပ်စောင့်နေတဲ့ ဂိတ်တွေကို များများစားစား လာဘ်ထိုးဖို့လိုတာမို့ သွားဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူတို့သယ်လာနိုင်တဲ့ မဖြစ်စလောက်ရိက္ခာနဲ့ပဲ ရွာသားအားလုံး ရပ်တည်ကြရပါတယ်။ နှစ်ရက်အကြာမှာတော့ ဒီလိုအခြေအနေနဲ့ သူရောသူ့မိသားစုပါ ဆက်နေနိုင်မှာမဟုတ်ဘူးဆိုတာကို နော်ဖေါ်ဝါး သဘောပေါက်လာပါတယ်။ ဒါကြောင့် ညသန်းခေါင်ယံမှာ သူ့မိသားစုနှင့်အတူ တောထဲကိုထွက်ပြေးခဲ့ကြပါတယ်။ အဲ့ဒီအချိန်ကစပြီး သူနဲ့သူ့မိသားစုဟာ တောထဲမှာပဲ နေထိုင်လာခဲ့ကြပါတယ်။

င။

အစိုးရစစ်သားတွေဟာ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ထန်းတပင်မြို့နယ်မှာရှိတဲ့ ကလဲလားနဲ့ ခေါ်သေးဒါရွာတွေက ပြည်သူတွေကို ကားလမ်းအတိုင်း တောင်ငူကိုမသွားဖို့ စတင်တားမြစ်ခဲ့ပါတယ်။ အဲ့ဒီရွာနှစ်ရွာ အနီးတဝိုက်က ပြည်သူတွေ အစုလိုက်အပြုံလိုက်ဟာ တုပ်ကွေးနဲ့ တခြားဆောင်းရာသီရောဂါတွေ ခံစားရပြီး ကလဲလားဆေးရုံ ပြည့်လျှံလို့ လူနာလက်မခံနိုင်တော့တဲ့အချိန်မှာ ဒီတားမြစ်မှု ထွက်ပေါ်လာတာပါ။ အခုလို ခရီးသွားခွင့်ကန့်သတ်ချက်တွေ ထုတ်လိုက်တာဟာ ဆေးပေးခန်း ဒါမှမဟုတ် ဆေးဝါးမရှိတဲ့ရွာတွေကပြည်သူတွေ ကလဲလားရွာဆီသွားပြီး ကုသမှုခံယူဖို့ကို တားဆီးလိုက်တာပဲဖြစ်ပါတယ်။ တချိန်တည်းမှာလည်း ကလဲလားရွာမှာရှိနေပြီးသား ပြည်သူတွေ တခြားမြို့ငယ် ဒါမှမဟုတ် မြို့ကြီးတွေဆီသွားပြီး ဆေးရုံတက်ဆေးကုသမှုခံယူဖို့ ဒါမှမဟုတ် ဆေးဝါးရယူဖို့ကို တားဆီးလိုက်တာဖြစ်ပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်ပြီး စစ်တပ်ကတာဝန်ရှိသူတွေကို တင်ပြပေမယ့် ခရီးသွားခွင့် ကန့်သတ်ချက်တွေကို ညှိနှိုင်းပြင်ဆင်ပေးတာ ဒါမှမဟုတ် လျှော့ပေးတာတွေ မလုပ်ခဲ့ပါဘူး။

တောင်ငူခရိုင်က တချို့နေရာတွေ (ဥပမာ – မောနေပွားဒေသ) မှာဆိုရင် ပြည်သူတွေဟာ ခရီးသွားခွင့်ကန့်သတ်ချက်တွေကို ချိုးဖောက်လို့ဆိုပြီး မညှာမတာအပြစ်ဒဏ်တွေ၊ မတန်တဆဒဏ်ငွေတပ်တာတွေ ဆက်လက်ခံနေရဆဲ ဖြစ်ပါတယ်။ ဘယ်လိုအကြောင်းပြချက်နဲ့ပဲချိုးဖောက်ချိုးဖောက် အဲ့ဒီလိုပြစ်ဒဏ်တွေခံရပါတယ်။ ၂၀၀၉ ခုနှစ် ဖွန်လ ၂၄ ရက်နဲ့ ၂၆ ရက်နေ့တွေမှာ ခရီးသွားခွင့်ကန့်သတ်ချက်တွေချိုးဖောက်တဲ့အတွက် စော---- နဲ့ စော---- တို့ကို စစ်သားတွေက ဖမ်းဆီးပြီး တယောက်ကိုဒဏ်ငွေ ငါးသိန်းဆီ တပ်ခဲ့ပါတယ်။ ဒဏ်ငွေ ဆယ်သိန်း ပေးပြီးပေမယ့်လည်း သူတို့နှစ်ယောက်ကို မလွှတ်ပေးသေးဘူးလို့ ရွာသားတွေကပြောပါတယ်။ တောင်ငူခရိုင်ထဲက အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအကြား တိုက်ပွဲဖြစ်ပွားနေတဲ့ဒေသတွေ ဒါမှမဟုတ် အဲ့ဒီဒေသတွေနဲ့ နီးတဲ့နေရာတွေမှာ ဆိုရင်တော့ ခရီးသွားလာခွင့်ကန့်သတ်ချက်တွေကို မလိုက်နာတဲ့ ရွာသားတွေအနေနဲ့ ကြီးလေးတဲ့ဒဏ်ငွေတွေ အတပ်ခံ ရတာ၊ စစ်သားတွေက ဖမ်းဆီးချုပ်နှောင်ပြီး ရုပ်ပိုင်းဆိုင်ရာအရ စော်ကားတာ၊ မြေမြှုပ်မိုင်းတွေကြောင့် ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရရ တာတွေအပြင် ကင်းလှည့်တပ်ဖွဲ့တွေရဲ့ လူမြင်ကွင်းမှာ သေနတ်နဲ့အပစ်ခံရတဲ့ အန္တရာယ်တွေနဲ့ပါ ဆက်လက်ရင် ဆိုင်နေရဆဲဖြစ်ပါတယ်။

စ။

၂၀၀၉ ခုနှစ် ဇန်နဝါရီလမှာ အစိုးရစစ်သားတွေက ဖောတဖရှူးရွာမှာ နေထိုင်ကြတဲ့ ပြည်သူတွေကို တံတားတစ်စင်း ဝိုင်းဆောက်ဖို့နဲ့ လမ်းတစ်လမ်းဝိုင်းဖောက်ဖို့ အမိန့်ပေးခဲ့ပါတယ်။ အဲ့ဒီနေ့ကစလို့ နောက်တစ်လလုံးလုံး ဖောတဖရှူးရွာက ရွာသား ၇၅ ယောက်နဲ့ တခြားရွာလေးရွာက ပြည်သူတွေဟာ နေ့စဉ်နေ့တိုင်း ဆောက်လုပ်ရေး အလုပ်သမားတွေအဖြစ်နဲ့ အလုပ်လုပ်ရပါတယ်။ လုပ်ငန်းခွင်ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) က လာတိုက်မှာ စိုးရိမ်တဲ့အတွက် စစ်သားတွေက ရွာသားတွေနဲ့ပတ်သက်ပြီး သိပ်ကိုတင်းကျပ်တဲ့ ခရီးသွားခွင့်ကန့်သတ်ချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ ရွာအပြင်မှာ ညဖက် ဒါမှမဟုတ် ညနေဖက်တွေ့ရင် တွေ့တဲ့နေရာမှာ အပစ်ခံရမယ်လို့လည်း ရွာသားတွေကို ပြောပါတယ်။ စော--- တယောက် ညနေဖက် သူ့လယ်ကနေ အိမ်အပြန်မှာ သေနတ်နဲ့ အပစ်ခံခဲ့ရပါတယ်။

ဆ။

ချင်းလက်ဝါးရွာအောက်ပိုင်းမှာ ရဲစခန်းတစ်ခုရှိပါတယ်။ အဲ့ဒီစခန်းမှာ ရဲငါးယောက်ရှိပြီး တပ်စခန်းမှာတော့ စစ်သား ၁၁ယောက် ရှိပါတယ်။ မဝင်းက သူ့လှေနဲ့ ရွာထဲကအခြားလူတွေရဲ့ လှေတွေကို ရဲတွေက မကြာခဏ အတင်းအလုပ်လုပ်ခိုင်းတယ်လို့ ပြောပါတယ်။ လှေပိုင်ရှင်တွေမှာ သူတို့ကိုယ်ပိုင်အလုပ်ရှိနေတာတောင်မှပဲ ရဲတွေခိုင်းတာကို ငြင်းလို့မရပါဘူး။ ရဲတွေက သူ့လှေကိုသုံးတဲ့အခါ လှေအတွက် ဆီဖိုး ဒါမှမဟုတ် တခြားတခုခု ဘယ်တော့မရဘူးလို့လည်း မဝင်းက ဆိုပါတယ်။ ဒါပေမယ့် သူလည်း ရဲတွေခိုင်းတာကို ငြင်းဖို့ကြောက်နေသူပါ။

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၄**

မေး။ဘာကြောင့် မြန်မာပြည်ကနေ ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့တာလဲ။

ဖြေ။ကျွန်တော် မြန်မာပြည်ကနေ ထွက်မှဖြစ်မှာလေ။ ထပ်ပြီးတော့အဖမ်းခံမှာကို ကျွန်တော်ကြောက်တယ်၊ ပြီးတော့ ထပ်ပြီးအထိန်းသိမ်းခံရမယ်ဆိုရင် အသက်ရှင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။

မေး။ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို ပြောပြလို့ရမလား။

ဖြေ။ ဟုတ်ကဲ့၊ NLD မှာ ကျွန်တော် ပါဝင်ဆောင်ရွက်ခဲ့တာကြောင့် အရင်တုန်းက တစ်ကြိမ် အဖမ်းခံခဲ့ရပါတယ်။ ကျွန်တော်က ကျွန်တော့်မြို့မှာ NLD လူငယ်ခေါင်းဆောင်တယောက်ပါ။ ၂၀၀၅ ခုနှစ်မှာ ပထမဆုံးအဖမ်းခံရပြီး ၂နှစ်နီးပါး အထိန်းသိမ်းခံခဲ့ရပါတယ်။ ထောင်ကလွတ်ပြီးတဲ့နောက် နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်း နေခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့် သူငယ်ချင်းတွေကတော့ အစည်းအဝေးတွေ ဆက်ပြီးစီစဉ်ကြပါတယ်။ ပြီးခဲ့တဲ့လမှာ NLD အဖွဲ့ဝင်တွေဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်းအရင်း ငါးယောက် အဖမ်းခံရပါတယ်။ အာဏာပိုင်တွေက ကျွန်တော့်ကို ရှာနေတယ်လို့လည်း ကြားရပါတယ်၊ ဒါပေမယ့် သူတို့ ကျွန်တော့်ကိုရှာမတွေ့ခင် ကျွန်တော်ထွက်ပြေးလာခဲ့တာပါ။

မေး။၂၀၀၅ ခုနှစ် အဖမ်းခံရတဲ့အချိန်မှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို နည်းနည်းပိုပြီး ပြောပြလို့ရမလား။

ဖြေ။ဟုတ်ကဲ့ ရပါတယ်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှာ ကျွန်တော်အဖမ်းခံရတာပါ။ ယူနီဖောင်းဝတ် စစ်သားလေး ယောက် ကျွန်တော့်အိမ်ကိုလာတယ်၊ ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်တယ်၊ ကျွန်တော့်ခေါင်းကို ခေါင်းစွပ်စွပ်တယ်၊ ပြီးတော့ ရန်ကုန်အပြင်က ထိန်းသိမ်းရေးစခန်းတခုကို ခေါ်သွားတာပါပဲ။

မေး။ အဲ့ဒီနောက်ရော ဘာတွေဆက်ဖြစ်သေးလဲ။

ဖြေ။ သူတို့က ကျွန်တော့်ကို တိုက်ခန်းတစ်ခုထဲမှာ ထည့်ထားပါတယ်။ ပထမနေ့မှာ သူတို့ ကျွန်တော့်ကို နာရီပေါင်းများစွာ စစ်ဆေးမေးမြန်းပါတယ်၊ ပြီးတော့ ကျွန်တော့်တကိုယ်လုံးကို သေနတ်ဒင်နဲ့ ရိုက်ပါတယ်။ တကိုယ်လုံး ဖူးယောင်သွားတော့တာပါပဲ။ အဲ့ဒီလို စစ်ဆေးမေးမြန်းပြီးတော့ ကျွန်တော့်ကို သော့ခတ်ပြီး တစ်ယောက်တည်း ထားပါတယ်။ နောက်ပိုင်းမှာ အစောင့်တွေကျွန်တော့်ဆီ တစ်နေ့တစ်ခေါက်ပဲလာပြီး ပုံစံခွက်နဲ့ စားစရာလာပို့ပါတယ်။ ဒါပါပဲ။

မေး။ထိန်းသိမ်းရေးစခန်းတွင်းအခြေအနေတွေက ဘယ်လိုမျိုးရှိပါသလဲ။

ဖြေ။တကယ့်ကို စက်ဆုပ်စရာပါ။ ကျွန်တော့်ကို တစ်ယောက်တည်း အခန်းလေးတစ်ခုထဲမှာ ပိတ်လှောင်ထားပါတယ်။ ဘယ်သူမှလည်း ကျွန်တော့်ဆီ အလည်လာခွင့်မရှိပါဘူး။ ကျွန်တော့်ကို နေ့တိုင်း တစ်နေ့တစ်ခါပဲ အစာနည်းနည်း ပေးပါတယ်၊ ဒါပေမယ့် ပေးတဲ့အစာက စားလို့ရတယ်ဆိုရုံပါ။ ကျွန်တော့်မှာ သောက်ဖို့ ဒါမှမဟုတ် ဆေးကြောဖို့ ရေအလုံအလောက်မရှိတဲ့အပြင် အိမ်သာသွားခွင့်လည်း လုံးဝမရှိပါဘူး။ အဲ့ဒီအခြေအနေတွေကြောင့် ကျွန်တော်အတော်နေမကောင်းဖြစ်ခဲ့ပေမယ့် ဆရာဝန်နဲ့တွေ့ခွင့် မပေးခဲ့ပါဘူး။

မေး။ဘာ့ကြောင့် အဖမ်းခံရတာလဲ။

ဖြေ။ဘာ့ကြောင့် အဖမ်းခံရတယ်ဆိုတာကို ဘယ်သူကမှ ကျွန်တော့်ကို တိတိကျကျနဲ့မပြောခဲ့ဘူးပါဘူး၊ ဒါပေမယ့် NLD မှာ ပါဝင်ဆောင်ရွက်တဲ့အတွက် အဖမ်းခံရတယ်လို့ထင်ပါတယ်။ အစောပိုင်းမှာ ပြောခဲ့သလိုပါပဲ ကျွန်တော်က ကျွန်တော့်မြို့မှာ NLD လူငယ်ခေါင်းဆောင်တစ်ယောက်ပါ၊ ပြီးတော့ အဖမ်းမခံရခင် နှစ်ပါတ်မှာ မြန်မာပြည်ရဲ့ နိုင်ငံရေး အခြေအနေကိုဆွေးနွေးကြဖို့ အစည်းအဝေးတစ်ခုကို ကျွန်တော် စီစဉ်ခဲ့ပါတယ်။ အဲ့ဒီအစည်းအဝေးက လျှို့ဝှက် အစည်းအဝေးပါ၊ ဒါပေမယ့် အာဏာပိုင်တွေက တစ်နည်းနည်းနဲ့ အဲ့ဒီကိစ္စကို သိသွားပါတယ်။ စစ်ကြောရေး မှာတုန်းကလည်း ကျွန်တော့်မြို့က NLD အစည်းအဝေးတွေ စီစဉ်တဲ့ကိစ္စမှာ ကျွန်တော်တာဝန်ရှိလား လို့ သူတို့က ကျနော့်ကိုဆက်တိုက်မေးပါတယ်။ နောင်ကို ဘယ်တော့မှ နိုင်ငံရေးအစည်းအဝေးတွေမစီစဉ်ဖို့ ဒါမှမဟုတ် မတက်ဖို့လည်း ကျွန်တော့်ကို သတိပေးပါသေးတယ်။

မေး။၂၀၀၅ မှာ တခြား ဘယ်လောက်များများ အဖမ်းခံရပါသေးသလဲ။

ဖြေ။အဲ့ဒီအချိန်တုန်းက ကျွန်တော်တစ်ယောက်တည်းပဲ အဖမ်းခံရတာပါ။

မေး။ ဘယ်လို ပြန်လွတ်လာတာလဲ။
ဖြေ။ နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်မှု မလုပ်ပါဘူးလို့ သဘောတူခံဝန်ချက် လက်မှတ်ထိုးခဲ့ရပါတယ်။ ဒဏ်ငွေ နှစ်သိန်းလည်း ပေးရပါတယ်။ ကျွန်တော့်မိသားစုက အဲ့ဒီငွေကို အိမ်နီးချင်းတစ်ယောက်ဆီကနေ ချေးခဲ့တာပါ။ ၂၀၀၈ ခုနှစ် စက်တင်ဘာလမှာ ကျွန်တော်ပြန်လွတ်လာပါတယ်။

မေး။ လွတ်လာပြီးတဲ့နောက် ဘာတွေ ဖြစ်ခဲ့ပါသလဲ။
ဖြေ။ NLD မှာ ပါဝင်ဆောင်ရွက်တာကို ကျွန်တော်ရပ်နားခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်သူငယ်ချင်းတွေကတော့ အစည်းအဝေးတွေ ဆက်စီစဉ်နေဆဲပါ။ အစည်းအဝေးတွေတက်ဖို့ သူတို့ ဖိတ်ပေမယ့် ကျွန်တော်ကတော့ တက် ဖို့ သိပ်ကြောက်နေခဲ့ပါတယ်။ ပြီးခဲ့တဲ့လက သူတို့အစည်းအဝေးပြီးပြီးချင်းလေးမှာပဲ NLD က ကျွန်တော့်သူငယ်ချင်း ငါးယောက် အဖမ်းခံရပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော့်အမေ ဈေးမှာရှိနေပြီး စစ်သား သုံးယောက်က အမေ့ကိုချဉ်းကပ်ပြီး ကျွန်တော်ဘယ်မှာရှိသလဲလို့ အမေ့ကို မေးမြန်းပါတယ်။ အမေကတော့ သူမသိဘူးဆိုပြီး လိမ်ပြောခဲ့ပါတယ်။ အဲ့ဒါပြီးတာနဲ့ အမေလည်း အိမ်ကို အပြေးအလွှားရောက်လာပြီး ကျွန်တော့်ကို အကြောင်းစုံပြောပြပါတယ်။ ကျွန်တော်လည်း အဲ့ဒီနေ့မွန်းလွဲမှာပဲ အိမ်ကနေ ထွက်လာခဲ့ ပါတယ်။

မေး။ သူငယ်ချင်းတွေ အဖမ်းခံရတယ်ဆိုတာကို ဘယ်လိုသိပါသလဲ။
ဖြေ။ ကျွန်တော့်ရဲ့ တခြားသူငယ်ချင်းတွေ အိမ်ရောက်လာပြီး သတင်းဆိုးကို ပြောပြတာပါ။ စစ်သားတွေက အဖမ်းခံရတဲ့ သူငယ်ချင်းတွေကို သူတို့အိမ်တွေကနေ တရွတ်တိုက်ဆွဲသွားတာ တွေ့တယ်လို့ ကျွန်တော့်ကို ပြောပြကြပါ တယ်။

မေး။ ခင်ဗျား/ရှင့်ရဲ့ သူငယ်ချင်းတွေ အခုဘာဖြစ်နေကြပါသလဲ။
ဖြေ။ သူတို့နဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှထပ်မကြားရသေးပါဘူး။

မေး။ ခင်ဗျား/ရှင် ဘာဖြစ်ခဲ့သလဲဆိုတာကို သိတဲ့ထဲက ကျွန်တော်/ကျွန်မ စကားပြောနိုင်တဲ့သူ တစ်ယောက် ယောက်များရှိမလား။
ဖြေ။ ကျွန်တော့်အဖေနဲ့ စကားပြောနိုင်ပါတယ်။ သူအခု ကျွန်တော်နဲ့အတူ ဒီမှာရှိပါတယ်၊ ၂၀၀၅ ခုနှစ် ကျွန်တော်အဖမ်း ခံရချိန်တုန်းက သူလဲမြန်မာပြည်မှာပါ။ ကျွန်တော့်လွတ်ဖို့အတွက် ဒဏ်ငွေကိုလည်း သူပဲပေးခဲ့တာဖြစ်ပါတယ်။

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၅**

အချက်အလက်ရှာဖွေသူ။ ကိုအောင်ကျော်စိုး ဘာကြောင့် မြန်မာပြည်ကနေ ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့သလဲဆိုတာကို ပြောပြလို့ရမလား။
ကိုအောင်ကျော်စိုး။ ကျွန်တော် မြန်မာပြည်ကနေ ထွက်မှဖြစ်မှာလေ။ ထပ်အဖမ်းခံမှာကို ကျွန်တော် ကြောက်တယ်၊ ပြီးတော့ ထပ်ပြီး အထိန်းသိမ်းခံရမယ်ဆိုရင် အသက်ရှင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။

အချက်အလက်ရှာဖွေသူ။ ဘာဖြစ်လို့ ထပ်အဖမ်းခံရအုံးမယ်လို့ ထင်တာလဲ။
ကိုအောင်ကျော်စိုး။ ကျွန်တော် အရင်တုန်းက တခါအဖမ်းခံရပြီးပြီလေ၊ အာဏာပိုင်တွေက ကျွန်တော့်ကိုမုန်းတာကိုး။ ကျွန်တော် သူတို့ကို တကယ်ကြောက်ပါတယ်။ အဖမ်းခံရတာလည်း တခြားလူတွေကြောင့် အဖမ်းခံရတာ။ ကျွန်တော် ဘာမှလုပ်ခဲ့တာမဟုတ်ဘူး။ ကျွန်တော်သိပ်ကြောက်တယ်။ ထောင်ထဲမှာလည်း အနှိပ်စက်ခံရပါသေးတယ်။

အချက်အလက်ရှာဖွေသူ။ အဖမ်းခံရတဲ့အချိန်မှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို နည်းနည်းပိုပြီး ပြောပြလို့ရမလား။
ကိုအောင်ကျော်စိုး။ စစ်သားတွေ ကျွန်တော့်အိမ်ကိုလာတယ်၊ ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်တယ်၊ ကျွန်တော့်ခေါင်းကို ခေါင်းစွပ်စွပ်တယ်၊ ပြီးတော့ ထောင်ကိုခေါ်သွားတာပါပဲ။ အဲ့ဒီမှာ ကျွန်တော် အကြာကြီးနေခဲ့ရတယ်၊ ဘယ်လောက်ကြာလဲ ကျွန်တော်မမှတ်မိတော့ဘူး။ ဒါပေမယ့် အချုပ်နှောင်ခံရချိန်မှာ ကျွန်တော် သိပ်ကိုဒုက္ခခံစားခဲ့ရပါတယ်။

အချက်အလက်ရှာဖွေသူ။ ကိုအောင်ကျော်စိုး ဘယ်တုန်းက အဖမ်းခံရတာလဲ။

ကိုအောင်ကျော်စိုး။ ဘယ်နှစ်ကလဲဆိုတာ ကျွန်တော်သေသေချာချာ မမှတ်မိဘူးဗျာ။ သိပ်တော့မကြာသေးပါဘူး။

အချက်အလက်ရှာဖွေသူ။ဘာ့ကြောင့် အဖမ်းခံရတာလဲ။
ကိုအောင်ကျော်စိုး။ ဘာ့ကြောင့် အဖမ်းခံရတယ်ဆိုတာကို ဘယ်သူကမှ ကျွန်တော့်ကို တိတိကျကျွန်မပြောခဲ့ဘူးပါဘူး။ ကျွန်တော်က ဒီမိုကရေစီနဲ့ပတ်သက်တဲ့ လက်ကမ်းစာစောင်တချို့ပဲဖြန့်ဝေခဲ့တာပါ။မြန်မာပြည်မှာ လွတ်လပ်မှုလုံးဝမရှိပါဘူး။ မြန်မာပြည်မှာ ဒီမိုကရေစီရှိဖို့လိုပါတယ်။ အာဏာပိုင်တွေက ကျွန်တော့်ကို မေးခွန်းတွေအများကြီးမေးပေမယ့် ကျွန်တော် ဘာမှမပြောခဲ့ပါဘူး။ အစိုးရရဲ့ လုပ်ဆောင်ချက်တွေအပေါ် ဆန့်ကျင်တာတွေ ကျွန်တော်ရေးသားခဲ့ပါတယ်။ သူတို့ ကျွန်တော့်ကို ပြန်မလွှတ်ခင် နောက်နောင် NLD မှာ ပါဝင်ဆောင်ရွက်မှု မလုပ်ပါဘူးလို့ သဘောတူ ခံဝန်ချက်လက်မှတ် အတင်းထိုးခိုင်းပါတယ်။

အချက်အလက်ရှာဖွေသူ။ဒါဆို ခံဝန်ချက်လက်မှတ်ထိုးခဲ့တာပေါ့။
ကိုအောင်ကျော်စိုး။ လက်မှတ်ထိုးဖို့ ငြင်းခဲ့ပါတယ်။ ဘာကိုမှ လက်မှတ်မထိုးခဲ့ဘူးပါဘူး။

အချက်အလက်ရှာဖွေသူ။ဒါပေမယ့် ခင်ဗျား/ရှင် လွတ်လာတယ်လေ။
ကိုအောင်ကျော်စိုး။ သူတို့ ကျွန်တော့်ကို လမ်းမပေါ်မှာ ပစ်ထားခဲ့တာပါ။ နောက်ပိုင်း ကျွန်တော်လည်း ထွက်ပြေးခဲ့တာပေါ့။

အချက်အလက်ရှာဖွေသူ။ NLD မှာ ပါဝင်ဆောင်ရွက်ခဲ့တာတွေနဲ့ပတ်သက်ပြီး ပြောပြလို့ရမလား။
ကိုအောင်ကျော်စိုး။ ကျွန်တော် ဘယ်တုန်းကမှ NLD မှာ မပါခဲ့ဖူးပါဘူး။

အချက်အလက်ရှာဖွေသူ။ ကိုအောင်ကျော်စိုးကို ဘယ်သူတွေက ဖမ်းတာလဲ။
ကိုအောင်ကျော်စိုး။ စစ်သားတွေပါ။ သူတို့ ကျွန်တော့်အိမ်ကို လာဖမ်းတာ။

အချက်အလက်ရှာဖွေသူ။ သူတို့ဟာ အစိုးရစစ်သားတွေမှန်း ဘယ်လိုလုပ် သိပါသလဲ။
ကိုအောင်ကျော်စိုး။ စစ်သားတွေပဲလို့ စိတ်ထဲမှာ အလိုလိုသိနေတယ်လေ။ ကျွန်တော် သူတို့ကို တကယ်ကြောက်ပါတယ်။ သူတို့နဲ့ ဘယ်တော့မှ ထပ်မတွေ့ရပါစေနဲ့လို့လည်း ဆုတောင်းပါတယ်။

အချက်အလက်ရှာဖွေသူ။အဖမ်းခံရပြီးတဲ့နောက် ဘာတွေဖြစ်ခဲ့ပါသလဲ။
ကိုအောင်ကျော်စိုး။ သူတို့ ကျွန်တော့်ကို အသားကုန်ရိုက်တယ်။ နည်းလမ်းမျိုးစုံနဲ့လည်း နှိပ်စက်တယ်၊ ဘယ်လိုနည်းတွေလည်း ဆိုတာတော့ ကျွန်တော်မပြောချင်ဘူး။ အဲ့ဒီအကြောင်းတွေကို ကျွန်တော် မပြောချင်တော့ဘူး။ ကျွန်တော်လိုချင်တာကတော့ အဲ့ဒီနေရာကို ဘယ်တော့မှ ပြန်မသွားရဖို့ပါပဲ။

အချက်အလက်ရှာဖွေသူ။ထိန်းသိမ်းရေးစခန်းတွင်းအခြေအနေတွေက ဘယ်လိုမျိုးရှိပါသလဲ။
ကိုအောင်ကျော်စိုး။ တကယ့်ကို စက်ဆုပ်စရာပါ။ ကျွန်တော့်ကို တစ်ယောက်တည်း ပိတ်လှောင်ထားပါတယ်။ ဘယ်သူမှလည်း ကျွန်တော့်ဆီ အလည်လာခွင့်မရှိပါဘူး။ စားစရာလည်း မပေးသလောက်ပါဘဲ။ ကျွန်တော်အတော့်ကိုနေမကောင်းဖြစ်ပေမယ့် သူတို့က ဆရာဝန် နဲ့တွေ့ခွင့်မပေးပါဘူး။

အချက်အလက်ရှာဖွေသူ။အဲ့ဒီထိန်းသိမ်းရေးစခန်းမှာ ဘယ်သူတာဝန်အရှိဆုံးလဲ။
ကိုအောင်ကျော်စိုး။ ဘယ်သူမှန်း ကျွန်တော်မသိပါဘူး။

အချက်အလက်ရှာဖွေသူ။သူတို့တွေ ယူနီဖောင်းဝတ်ထားလား။
ကိုအောင်ကျော်စိုး။ ကျွန်တော်မမှတ်မိပါဘူး။ သူတို့အားလုံးက အတူတူတွေလိုပါပဲ။

အချက်အလက်ရှာဖွေသူ။ကိုအောင်ကျော်စိုး ဘယ်လို ပြန်လွတ်လာတာလဲ။
ကိုအောင်ကျော်စိုး။ သူတို့က ကျွန်တော့်ကို ခံဝန်ချက်ထိုးခိုင်းလို့ ထိုးရပါတယ်။ ကျွန်တော့်မိသားစုကိုလည်း ကျွန်တော့်အတွက် ဒဏ်ငွေ အများကြီးဆောင်ခိုင်းလို့ ဆောင်ရပါတယ်။ ဘာကြောင့် သူတို့ ကျွန်တော့်ကို လွှတ်ပေးဖို့ ဆုံးဖြတ်သလဲ ဆိုတာတော့ ကျွန်တော်မသိပါဘူး။

အချက်အလက်ရှာဖွေသူ။ဒဏ်ငွေက ဘယ်လောက်လဲ။
ကိုအောင်ကျော်စိုး။ ကျွန်တော် မမှတ်မိပါဘူး။ အဲ့ဒီအချိန်ကစလို့ ကျွန်တော်လည်း အတော်များများကို မေ့ကုန်ပါပြီ။

အချက်အလက်ရှာဖွေသူ။ဒါဆို ခင်ဗျား/ ရှင့် မိသားစုက ဒဏ်ငွေဆောင်ခဲ့တာပေါ့။
ကိုအောင်ကျော်စိုး။ ကျွန်တော်မသိပါဘူး။ သူတို့မှာ ဘာငွေမှလည်း မရှိပါဘူး။

အချက်အလက်ရှာဖွေသူ။လွတ်လာပြီးတော့ရော ဘာတွေဖြစ်ခဲ့ပါသလဲ။
ကိုအောင်ကျော်စိုး။ ကျွန်တော် အိမ်ပြန်ပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော်နဲ့တွေ့ချင်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်က ဘယ်သူနဲ့ဖြစ်ဖြစ် စကားပြောဖို့ ကြောက်နေတာမို့ အခန်းထဲမှာပဲ နေခဲ့ပါတယ်။ ပြီးတော့ သိပ်မကြာခင်မှာပဲ ကျွန်တော် မြန်မာပြည်ကနေ ထွက်လာတာပါ။

အချက်အလက်ရှာဖွေသူ။လွတ်လာပြီးနောက်ပိုင်း ကိုအောင်ကျော်စိုး ဆရာဝန်နဲ့ သွားပြကြည့်ဖူးပါသလား။
ဆရာဝန်ဆီ မသွားချင်ပါဘူး။ နာတာတော့ အရမ်းကိုနာနေတာပါပဲ။ ဘာဆေးဖြစ်ဖြစ်ဝယ်ဖို့ ကျွန်တော်လည်း မတတ်နိုင်ဘူးလေ။

အချက်အလက်ရှာဖွေသူ။ဘယ်နေရာတွေမှာ နာနေတာလဲ။
ကိုအောင်ကျော်စိုး။ ကျွန်တော်မသိဘူးဗျာ။ တခါတလေ ခေါင်းထဲက အရမ်းနာပါတယ်။

အချက်အလက်ရှာဖွေသူ။ကိုအောင်ကျော်စိုး ဘာဖြစ်ခဲ့သလဲဆိုတာကို သိတဲ့ထဲက ကျွန်တော်/ကျွန်မ စကားပြောနိုင်တဲ့သူ တစ်ယောက်ယောက်များရှိမလား။
ကိုအောင်ကျော်စိုး။ ဒီမှာတော့ ကျွန်တော့်အကြောင်း ကောင်းကောင်းသိတဲ့သူ မရှိပါဘူး။ ကျွန်တော့်အနေနဲ့လည်း ကျွန်တော့် အတွေ့အကြုံတွေကို မပြောပြချင်ပါဘူး။ နောက်ပြီးတော့ ကျွန်တော် သူလျှိုတွေကို ကြောက်ပါတယ်။ ခင်ဗျားကတော့ သူလျှိုမဟုတ်ဘူးလို့ ကျွန်တော်မျှော်လင့်တာပဲ။ ဒီမှာ SPDC သူလျှိုတွေ တပုံကြီး ရှိတယ်လေ။ အဲ့ဒါခင်ဗျား သိလား။ ကျွန်တော့်အကြောင်း နည်းနည်းသိတဲ့လူ တချို့လည်း ရှိပါတယ်။ သူတို့ကတော့ ကျွန်တော်နဲ့အတူအလုပ်လုပ်နေကြသူတွေပါ။

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**
**စာစဉ် - ၆**

အချက်အလက်ရှာဖွေသူ။မောင်ထက်အောင် ဘယ်လိုဖြစ်ပြီး အစိုးရတပ်ထဲကို ရောက်သွားရတာလဲ။
မောင်ထက်အောင်။ ကျွန်တော့်ကို အဓမ္မဝင်ခိုင်းလို့ပါ။

အချက်အလက်ရှာဖွေသူ။ဘယ်လိုဖြစ်တာလဲ။
မောင်ထက်အောင်။ တစ်ညနေမှာ စာကြည့်ဖို့ ကျွန်တော့်သူငယ်ချင်းအိမ်ကို သွားပါတယ်။ အဲ့ဒီကနေ အိမ်အပြန်မှာ အဖမ်းခံရတာပါ။

အချက်အလက်ရှာဖွေသူ။အခု အသက်ဘယ်လောက်ရှိပြီလဲ။
မောင်ထက်အောင်။ ၁၈ နှစ်ပါ။

အချက်အလက်ရှာဖွေသူ။ဘယ်နှစ်ခုနှစ်မှာမွေးတာလဲ။
မောင်ထက်အောင်။ ၁၉၉၅ ခုနှစ်မှာပါ။

အချက်အလက်ရှာဖွေသူ။တပ်မှာတုန်းက မောင်ထက်အောင်ရဲ့တပ်မှူးနာမည် ဘယ်လိုခေါ်လဲ။
မောင်ထက်အောင်။ သူ့နာမည် ကျွန်တော်မေ့သွားပါပြီ။

အချက်အလက်ရှာဖွေသူ။မောင်ထက်အောင်တို့တပ်ရင်းမှာ ၁၈ နှစ်အောက် တခြားရဲဘော်တွေ ရှိသေးလား။
မောင်ထက်အောင်။ ဟုတ်ကဲ့ တချို့ ရှိပါတယ်။

အချက်အလက်ရှာဖွေသူ။သူတို့နာမည်တွေ ဘယ်လိုခေါ်သလဲ။
မောင်ထက်အောင်။ သူတို့နာမည်လည်း ကျွန်တော်မေ့သွားပါပြီ။

အချက်အလက်ရှာဖွေသူ။တပ်ထဲမှာ မောင်ထက်အောင် ဘာတာဝန်တွေ ယူခဲ့ရသလဲ။ တချို့ကို ပြောပြပါလား။
မောင်ထက်အောင်။ ပစ္စည်းတွေသယ်ရတာပဲရှိပါတယ်။

အချက်အလက်ရှာဖွေသူ။တပ်ထဲမှာ ဘယ်လိုဆက်ဆံခံရသလဲ။
မောင်ထက်အောင်။ အိုကေပါပဲ။

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**

**စာစဉ် - ၇**

က။ ကျွန်တော့်မိသားစုစားဝတ်နေရေးက တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာတာမို့ နယ်စပ်ကို ၂၀၀၅ ခုနှစ် မေလမှာ ထွက်လာခဲ့တာပါ။ မထွက်လာခင် ကားလမ်းဘေးမှာ သစ်ပင်တွေ စိုက်ခဲ့ရပါသေးတယ်။ အစတုန်းကတော့ ကျွန်တော်တို့ ရွာဆော်က တစ်အိမ်ကို အပင် ၃၀ စီ စိုက်ရမယ်လို့ ကြေငြာပါတယ်။ နောက်တော့ ရွာလူကြီးက ရွာသားအားလုံးကို ထပ်ခေါ်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာရှင်းပြတယ်၊ ပြီးတော့ စိုက်ဖို့ အမိန့်ပေးပါတယ်။ သစ်ပင်စိုက်ဖို့အမိန့်ဟာ မယက ဆီကလာတာလို့လည်း ရှင်းပြပါတယ်။ ကျွန်တော်တို့သစ်ပင်စိုက်တဲ့အခါမှာ အန္တရာယ် ကိုကာကွယ်ဖို့ ခြံစည်းရိုးလည်း ကာရပါတယ်၊ ပြီးတော့ သစ်ပင်စိုက်ဖို့အတွက်လည်း သီးသန့်မြေတူးရပါတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်တော့်အလုပ်ပြီးဖို့ လေးရက် အချိန်ယူရပါတယ်။ နားလို့မရပါဘူး။ ရွာလူကြီးနဲ့ သေနတ်ကိုင် စစ်သားတွေက ကျွန်တော်တို့ကို ကြီးကြပ်ပါတယ်။ စစ်သားတွေက ကျွန်တော်တို့ကို စားစရာလည်းမပေးသလို ရေလည်း မတိုက်ပါဘူး။
– ရွာသား ၁

ခ။ ကျွန်တော် နယ်စပ်ကို မထွက်လာခင် ၂၀၀၅ ခုနှစ်အစပိုင်းမှာ ကားလမ်းပေါ် သစ်ပင်တွေစိုက်ရပါတယ်။ ကျွန်တော်တို့ ရွာလူကြီးဆီကနေ သစ်ပင် ငါးပင် ဝယ်ရပါတယ်။ တပင်ကို ကျပ် ၂၀၀ ပေးရပါတယ်။ မိသားစုတိုင်းက ရွာလူကြီးဆီမှာ သစ်ပင် ငါးပင် ဝယ်ရမယ်၊ တကယ်လို့ မိသားစုတစုက မဝယ်ဘူးဆိုရင် မိသားစုတိုင်း ဒဏ်ငွေ ၁၀၀၀ လောက်ပေးရမယ်လို့ အမိန့်ထဲမှာပါပါတယ်။ ကျွန်တော် သစ်ပင်စိုက်နေတဲ့ကာလမှာ စားစရာ၊ ရေနဲ့ လုပ်ငန်းသုံး ကိရိယာတွေကို ကိုယ့်ဖာသာကိုယ် သယ်သွားရပါတယ်။ လုပ်ငန်းခွင်ကိုရောက်ဖို့ တနာရီကြာသွားရပါတယ်။
– ရွာသား ၂

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**

**စာစဉ် - ၈**

၁။ တွေ့ဆုံမေးမြန်းမှုတစ်ခုကရတဲ့ သတင်းအချက်အလက်တွေ မှန်ကန်တိကျစေဖို့ ဆောင်ရွက်ရမှာ ဘယ်လိုမေးခွန်းမျိုးတွေ မေးဖို့စဉ်းစားသင့်သလဲ။

\-----------------------------------------------

၂။ အများယုံကြည်လက်ခံနိုင်မှုဆိုတာဘာလဲ။

\-----------------------------------------------

၃။ ယုံကြည်အားထားရမှုဆိုတာဘာလဲ။

\-----------------------------------------------

၄။ မေးသူနဲ့ အမေးခံရသူကြားက ယဉ်ကျေးမှုဆိုင်ရာခြားနားချက်ဟာ တွေ့ဆုံမေးမြန်းမှုရလာဒ်တွေအပေါ် ဘယ်လို အကျိုး သက်ရောက်မှုတွေ ရှိနိုင်ပါသလဲ။

---------------------------------------------------

၅။ အချက်အလက်ရှာဖွေသူအနေနဲ့ အမေးခံရသူက သူနဲ့ သဘောချင်းမတိုက်ဆိုင်ဘူး ဒါမှမဟုတ် သူ့ကို မယုံကြည်ဘူးလို့ ထင်ကောင်းထင်သွားနိုင်တဲ့ အမူအရာမျိုးကို ဘာကြောင့်ရှောင်ရှားသင့်ပါသလဲ။

---------------------------------------------------

၆။ တွေ့ဆုံမေးမြန်းမှုကရတဲ့ သတင်းအချက်အလက်တွေကို ဘယ်လိုအတည်ပြုမလဲ။

---------------------------------------------------

**အဆင့်မြင့်တွေ့ဆုံမေးမြန်းမှုအပိုင်း**

**စာစဉ် - ၉**

| | |
|---|---|
| အမည်။ | အေးမြတ်မွန် |
| အသက်။ | ၂၃ နှစ် |
| ကျား/မ။ | မ |
| လူမျိုး။ | မြန်မာ |
| ကိုးကွယ်သည့်ဘာသာ။ | ဗုဒ္ဓဘာသာ |
| အလုပ်အကိုင်။ | အဝတ်လျှော် |
| မွေးဖွားရာဇာတိ။ | ရန်ကုန် |
| လက်ရှိနေရပ်။ | ရွှေလီမြို့၊ တရုတ်နိုင်ငံ |

ကျွန်မနာမည် အေးမြတ်မွန်လို့ခေါ်ပါတယ်။ ရန်ကုန်ဇာတိပါ။ လွန်ခဲ့တဲ့သုံးနှစ်က တရုတ်–မြန်မာနယ်စပ်မှာနေတဲ့ အမျိုး သမီးတစ်ယောက်နဲ့ တွေ့ခဲ့ပါတယ်။ သူက ကျွန်မတင်မကပဲ တခြားမိန်းကလေးတွေကိုလည်း ရှမ်းပြည်နယ် လားရှိုးမြို့က ကာရာအိုကေဆိုင်မှာ အလုပ်သွားလုပ်ဖို့ ဖျောင်းဖျပါတယ်။ သူ့သူငယ်ချင်း စားသောက်ဆိုင်မှာ ကျွန်မတို့ အတွက် အလုပ်ရှာပေးနိုင်တယ်လို့လည်း ပြောပါတယ်။ ဒါပေမယ့် ကျွန်မတို့အဲ့ဒီကို ရောက်သွားတဲ့အခါမှာတော့ ထင်တာနဲ့ တခြားစီဖြစ်ခဲ့ပါတယ်။ ဆိုင်မန်နေဂျာက ဆိုင်မှာလောလောဆယ် ဘယ်သူမှမလိုသေးဘူးလို့ပြောပါတယ်။

ဒါနဲ့ ကျွန်မတို့လည်း မူဆယ်ရောက်အောင် ကြိုးစားသွားကြပါတယ်။ မူဆယ်မှာ ကျွန်မတို့ တစ်ပါတ်လောက် နေပါတယ်။ အဲ့ဒီတစ်ပါတ်အတွင်းမှာ တချို့လည်းအလုပ်ရှာလို့ရပြီး တချို့လည်းမရပါဘူး။ အလုပ်ရသူတွေလည်း သူတို့ရတာနဲ့ နေစရိတ်မကာမိပါဘူး။ တချို့ အလုပ်မရသူတွေကတော့ သူတို့မှာကျန်သေးတဲ့ လက်ဝတ်လက်စားလေး တွေရောင်းချပြီး မူဆယ်ကနေ အိမ်ပြန်အရောက်ပြန်သွားနိုင်ကြပါတယ်။ ကျွန်မမှာတော့ အလုပ်ရှာမရတဲ့အပြင် စုထားတာလေးတွေလည်း ကုန်လာပြီမို့ နေစရိတ်တောင် မပေးနိုင်တော့ပါဘူး။ ဒီလိုနဲ့ ကျွန်မလည်း ကျွန်မတို့ကို ခေါ်လာတဲ့ အမျိုးသမီး အပေါ် မှီခိုရသူ ဖြစ်လာပါတော့တယ်။ တချို့ ကျွန်မနဲ့အတူပါလာတဲ့ မိန်းကလေးတွေလည်း ကျွန်မလိုပါပဲ။ အနေကြာလေလေ အကြွေးပိုများလာလေလေဖြစ်ပြီး ကျွန်မတို့ ပိုစိတ်ဓာတ်ကျလေလေ ဖြစ်လာခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဘာအလုပ်ပဲ ဖြစ်ဖြစ် ရတဲ့အလုပ်လုပ်မယ်ဆိုပြီး အဲ့ဒီအမျိုးသမီးကို ကျွန်မ ပြောလိုက်ပါတော့တယ်။ ပြောပြီး သုံးလေးရက် အကြာမှာ ကျွန်မအတွက်အလုပ်တွေ့ပြီလို့ အမျိုးသမီးက ပြောပါတယ်။ တစ်ညမှာ သူက ကျွန်မနဲ့တခြား မိန်းကလေး လေးငါးယောက် ကို တရုတ်နိုင်ငံရွှေလီမြို့က ပန်းခြံတစ်ခုဆီ ခေါ်သွားပါတယ်။

ပန်းခြံထဲမှာ အမျိုးသား နှစ်ယောက်က ကျွန်မတို့ကို စောင့်နေပါတယ်။ ကျွန်မတို့ကိုခေါ်သွားတဲ့အမျိုးသမီးနဲ့ မိနစ်အနည်းငယ် တရုတ်လိုပြောကြပြီးတဲ့နောက် သူတို့က အမျိုးသမီးကို ပိုက်ဆံတွေပေးလိုက်ပါတယ်။ နောက်တော့ ကျွန်မကို ဒီ လူနှစ်ယောက်က ငွေ တသန်းခွဲနဲ့ ဝယ်လိုက်ပြီလို့ အမျိုးသမီးက ပြောပါတယ်။ အဲ့ဒီငွေထဲက ငါးသိန်းကို ကျွန်မသုံးဖို့ ဖယ်ထားလိုက်ပြီး ခြောက်သိန်းကိုတော့ သူကနေတဆင့် အိမ်ပြန်ဖို့ပေးဖို့ စီစဉ်ပါတယ်။ ကျန်တဲ့ငွေ ကိုတော့ သူ့အတွက် ပေးလိုက်ပါတယ်။

အဲ့ဒီအချိန်မှာ ကျန်တဲ့မိန်းကလေးတွေက ကျွန်မတို့ ဘာလုပ်လို့လုပ်နေမှန်း ဘယ်သူမှမသိပါဘူး။ ကျွန်မကတော့ ဒီလို လုပ်တာဟာ ကျွန်မအတွက် ဘဝဆုံးပြီဆိုတာကိုသိပေမယ့် သိသိကြီးနဲ့ပဲ ဒီအခြေအနေကို လက်ခံခဲ့ပါတယ်။ ကျွန်မမှာ တခြားရွေးချယ်စရာလမ်းမှ မရှိတာကိုး။

ကျွန်မတို့အားလုံးကို ကားနဲ့ ရွှေလီကနေ ကူမင်းမြို့ဆီ ခေါ်သွားပါတယ်။ ပြီးတော့ ကျွန်မတို့ကို လူခွဲပြီး တနေရာစီ ထား ပါတယ်။ နောက်နှစ်ရက်ကြာတဲ့အခါ တရုတ်အမျိုးသားတွေပေါင်းစုံ ကျွန်မတို့ကို လာကြည့်ကြပါတယ်။ လေးရက် မြောက်တဲ့နေ့မှာတော့ ကျွန်မကို တရုတ်အမျိုးသားတယောက်က ဝယ်လိုက်ပါတယ်။ သူက ကျွန်မကို သူ့အိမ် ခေါ်သွား ပါတယ်။ အပြင်ထွက်ခွင့် မပေးပါဘူး။ သူက တစ်ပါတ်ကို သုံးရက် ဒါမှမဟုတ် လေးရက် ကျွန်မနဲ့ လာအိပ် လေ့ရှိပါတယ်။ သူ့အိမ်မှာ တခြားလူ သုံးယောက် (အစောင့်တယောက်၊ ထမင်းချက်အမျိုးသမီးကြီး တယောက်နဲ့ ကလေးတစ်ယောက်) ရှိပါတယ်။ အိမ်ထဲမှာ လူတွေရှိပေမယ့် ကျွန်မ ဘယ်သူနဲ့ ဘယ်သောအခါကမှ စကားမပြောဖြစ် ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက တရုတ်လို တစ်လုံးမှမပြောတတ်ဘူးလေ။ ကျွန်မရဲ့ 'ခင်ပွန်း' နဲ့လည်း စကားပြော လို့မရတဲ့ အခြေအနေပါ။ အိမ်ကိုလွမ်းတဲ့အပြင် စိတ်ဓါတ်ကျတာမို့ ရူးသွားနိုင်တယ်လို့တောင် ကျွန်မခံစားမိပါတယ်။

တစ်နှစ်ကျော်ကြာပြီးတဲ့အခါမှာတော့ ကျွန်မယောကျ်ားက ကျွန်မအနေနဲ့ သူ့အတွက် သားတစ်ယောက် မွေးပေးလိမ့်မယ်လို့ မျှော်လင့်တဲ့အကြောင်း ပြောလာပါတယ်။ သူက အမူအရာနဲ့ ရှင်းပြတာပါ။ ကလေးရမရက ကံကြမ္မာပေါ် မူတည်တယ်လို့ ကျွန်မလည်း အမူအရာနဲ့ ပြန်ရှင်းပြပါတယ်။ ကျွန်မကျောင်းတက်ချင်လားလို့လည်း သူက မေးပါသေးတယ်။ ကိုယ်ကိုကိုယ် ယုံကြည်စိတ်ချမှုမရှိတာရယ် ဘာသာစကားအားနည်းတာတွေရယ်ကြောင့် မတက်ချင်ဘူးလို့ ကျွန်မ ပြောလိုက်ပါတယ်။ ဒီလိုနဲ့ပဲ နှစ်နှစ်ဆိုတဲ့ကာလ ကုန်ဆုံးသွားခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ ထမင်းချက်နဲ့အတူ ကျွန်မအိမ်ပြင်ထွက်ခွင့် ရလာပါတယ်။

တနေ့မှာ မြို့ထဲက ကုန်တိုက်တခုကို ကျွန်မသွားလည်ခဲ့ပါတယ်။ အဲ့ဒီမှာ မြေညီထပ်က အိမ်သာသုံးဖို့အသွား မြန်မာ စုံတွဲတစ်တွဲနဲ့ ကျွန်မဆုံမိပါတယ်။ ကျွန်မအဖော်က အပေါ်ထပ်မှာဆိုတော့ သူဘာမှ မသိလိုက်ပါဘူး။ ကျွန်မလည်း အရမ်း အံ့သြသွားပါတယ်။ သူတို့ကို နှုတ်ဆက်ပြီး ကျွန်မအခြေအနေကို ရှင်းပြလိုက်ပါတယ်။ သူတို့လည်း ကျွန်မအပေါ် ကရုဏာသက်ပြီး ကျွန်မလိုမိန်းကလေးတွေ အများကြီးရှိတယ်လို့ ပြောပါတယ်။ သူတို့က ကျွန်မထွက်ပြေးနိုင်ဖို့ အထောက် အကူဖြစ်နိုင်တဲ့ အကြံဉာဏ်ပေးပါတယ်။ မြန်မာလိုတတ်တဲ့ ဒရိုင်ဘာတယောက်ဆီ ကိုလည်း လမ်းညွှန်ပေးပါတယ်။

ကျွန်မလည်း သူတို့ပြောတဲ့ဒရိုင်ဘာနဲ့သွားတွေ့ပြီး အခြေအနေကို ပြောပြပါတယ်။ ပတ်စ်ပို့မရှိဘူးဆိုရင် ဘတ်စ်ကားနဲ့ သွားဖို့ခက်တဲ့အတွက် သွားမယ်ဆိုရင်တော့ မှောင်ခိုလမ်းပဲသုံးရလိမ့်မယ်လို့ သူက ကျွန်မကိုရှင်းပြပါတယ်။ ကျွန်မလည်း သူပေးတဲ့အကြံအတိုင်း မှောင်ခိုကားနဲ့လိုက်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ကားရဖို့အရေး နှစ်ရက် စောင့်ရပါတယ်။ ကားစောင့်နေတုန်းမှာ ကျွန်မအိမ်မပြန်တော့ပါဘူး။ တခြားလူတွေရဲ့အိမ်ရှေ့နဲ့ ဆိုင်ရှေ့တွေမှာပဲ အိပ်ခဲ့ပါတယ်။

ကျွန်မ ရွှေလီကို ပြန်ရောက်ဖို့ သုံးရက် ကြာပါတယ်။ ကံကောင်းစွာနဲ့ပဲ ရွှေလီမှာ အမျိုးသမီးတစ်ယောက်နဲ့တွေ့ပြီး သူက ကျွန်မကို အလုပ်ကူရှာပေးပါတယ်။ သူ့အကူအညီနဲ့ တခြားလူတွေအိမ်မှာ အဝတ်လိုက်လျှော်ပေးရတဲ့အလုပ် ရခဲ့ပါတယ်။ တခါတလေမှာ ကျွန်မအလုပ်လုပ်တဲ့ တချို့အိမ်တွေက ကျွန်မကို စားစရာတွေပေးပါတယ်။ အခုထိတော့ ကျွန်မ အဲ့ဒီအမျိုးသမီးကို မှီခိုနေရဆဲပါ၊ ဒါပေမယ့် မနက်ဖြန်ဆိုရင် ကျွန်မ လစာရပါတော့မယ်။ အခုဆိုရင် ကိုယ့်ခြေ နှစ်ချောင်းပေါ် ကိုယ်ရပ်နေနိုင်ပြီလို့ ကျွန်မခံစားမိပါတယ်။ ကျွန်မဇာတိနဲ့ မိဘအိမ်ကို အရမ်းသတိရပါတယ်။ ဒါပေမယ့် ငွေမစုမိသေးဘဲနဲ့တော့ ကျွန်မ အိမ်မပြန်ချင်ပါဘူး။

# အခန်း (၅)
# သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း

## အခန်း (၅) သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း

**မှတ်ချက်။** ဒီအပိုင်းကတော့ (အထူးသဖြင့်) အလွယ်အကူအန္တရာယ်ကျရောက်နိုင်တဲ့သူတွေကို တွေ့ဆုံမေးမြန်းရာမှာ လိုအပ်တဲ့ချဉ်းကပ်မှုတွေအကြောင်းကို အတိုချုပ်လေးပဲမိတ်ဆက်ပြဖို့ ရည်ရွယ်တာပါ။ ကွင်းဆင်းလုပ်သားတွေအနေနဲ့ အောက်မှာဖော်ပြထားတဲ့ တွေ့ဆုံမေးမြန်းမယ့်သူ (အမေးခံရမယ့်သူ) အမျိုးအစားတွေထဲက သူတစ်မျိုးမျိုးနဲ့တွဲပြီး လုပ်ငန်းတွေကိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မယ်ဆိုရင်တော့ ဒီအပိုင်းမှာဖော်ပြထားတာတွေထက် ပိုပြီးပြည့်စုံတဲ့ သင်တန်းမျိုးလိုအပ်ပါလိမ့်မယ်။

**အဓိကအစိတ်အပိုင်းများ**

အထူးအာရုံစိုက်ရန်လိုအပ်သော အမေးခံရမည့်သူ အမျိုးအစားများ –

**အမျိုးသမီးများ -** ပဋိပက္ခအခြေအနေအတွင်းတွင်ရှိနေသော အမျိုးသမီးများသည် အလွယ်တကူအန္တရာယ်ရှိနိုင်ပြီး ၎င်းတို့ရင်ဆိုင်နေရသည်မှာ အများနှင့်မတူသည့် အနေအထားတွင်ရှိသည့်အပြင် ၎င်းတို့လုံခြုံရေးဆိုင်ရာ ပူပန်စရာများမှာလည်း အခြားသူများနှင့်မတူဘဲ ကွဲပြားမှုများရှိကောင်းရှိနိုင်သည်။ အကယ်၍ အမျိုးသမီးတစ်ဦးသည် လိင်ပိုင်း ဆိုင်ရာစော်ကားခြင်းခံခဲ့ရသူဖြစ်ပါက ၎င်းအား တွေ့ဆုံမေးမြန်းသည့်အခါ တွေ့ဆုံမေးမြန်းသူ (မေးမည့်သူ) ကိုရွေးချယ်ရာတွင် အထူးဂရုပြု၍ ဆောင်ရွက်သင့်သည်။

**ကလေးများ -** မေးမည့်သူအနေနှင့် ကလေးစိတ်ပညာနှင့်ပတ်သက်၍ နားလည်မှုတစုံတရာရှိရန်နှင့် ကလေးများအခြေအနေနှင့် အံဝင်ခွင်ကျရှိမည့် ချဉ်းကပ်မှုဖြစ်ရန် လိုအပ်ပေလိမ့်မည်။

**နှိပ်စက်ညှင်းပန်းမှု ခံခဲ့ရသူများ/ စိတ်ဒဏ်ရာ ရခဲ့ကြရသူများ -** စိတ်ဒဏ်ရာရခဲ့ရသူများ၊ ယင်းဒဏ်ကိုခံစားနေရဆဲ သူများ၏ စိတ်ခံစားမှုအခြေအနေသည် မေးမြန်းမှုပြုနေချိန်အတွင်းတွင် ၎င်းတို့၏သတင်းအချက်အလက်များကိုပြန်လည်ပြောပြနိုင်မှုနှင့် ရရှိသည့်အချက်အလက်များ၏ အရည်အသွေးတို့အပေါ်တွင် သက်ရောက်မှုရှိနိုင်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်သည်။

**ဒုက္ခသည်များ -** မေးမြန်းမည့်သူအနေနှင့် အမေးခံရမည့်သူ၏ နေထိုင်မှုအခြေအနေ၊ လုံခြုံမှု၊ အလုပ်အကိုင်စသည့် လတ်တလောအခြေအနေများကို နားလည်သဘောပေါက်ရန် လိုအပ်သည်။

**ချိုးဖောက်မှု ကျူးလွန်သူများ -** ချိုးဖောက်မှုကျူးလွန်သူများအား တွေ့ဆုံမေးမြန်းရာတွင် ပြင်ဆင်မှုများစွာလိုအပ်သည့် အပြင် မေးမြန်းမည့်သူအနေနှင့်လည်း မည်သည့်ဘက်လိုက်မှုမျိုး သို့မဟုတ် ထင်မြင်ယူဆမှုမျိုးကိုမဆို ဖော်ပြခြင်းမှ ရှောင်ရှားရန်လိုအပ်သည်။

**အထိန်းသိမ်းခံရသူများ -** မေးမည့်သူအနေနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ထားမှုဆိုင်ရာကိစ္စရပ်များ ကို အထူးအလေးထားရန်နှင့် မိမိနှင့်အမေးခံရမည့်သူအကြား ယုံကြည်မှုရှိလာစေရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်သည်။

**သိထားသင့်သည့်အချက်အလက်များ**

လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ဆက်စပ်တဲ့ တွေ့ဆုံမေးမြန်းမှုအများစုဟာ ခက်ခဲကြပါတယ်။ အဲ့ဒီတွေ့ဆုံမှုတွေမှာ အများအားဖြင့် ခက်ခဲတဲ့အကြောင်းအရာတွေနဲ့ အဖြစ်အပျက်တွေ ပါဝင်ကြပါတယ်။ ဒါပေမယ့် အလွယ်အကူ အန္တရာယ်ရှိနိုင်တဲ့ အမျိုးအစားတွေထဲက အမေးခံရမယ့်သူတွေနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါမှာတော့ ပိုလို့တောင် ခက်ခဲရှုပ်ထွေးပါတယ်။

**ဆွေးနွေးမှု**

ညှိနှိုင်းအဖြေရှာခြင်း

အောက်ပါမေးခွန်းတွေကို ပို့က်ဘုတ်ပေါ်မှာ ရေးချပါ။ ပြီးတဲ့အခါ သင်တန်းသားတွေအားလုံးပေါင်းပြီး ဖြေခိုင်းပါ။

- သာမန်အခြေအနေနဲ့မတူတဲ့သူတွေ ဒါမှမဟုတ် သီးသန့်လိုအပ်ချက်တွေရှိတဲ့ အမေးခံရမယ့်သူအမျိုးအစား တွေက ဘယ်လိုလူတွေလဲ။
- အမေးခံရမယ့်သူတွေထဲမှာ ဘယ်လိုအမျိုးအစားတွေက အခြားသူတွေထက်ပိုပြီး အလွယ်တကူအန္တရာယ် ကျရောက်နိုင်ချေ ရှိနိုင်ပါသလဲ။

နမူနာအဖြေများ –

ကလေးတွေ၊ နှိပ်စက်ညှင်းပန်းမှုခံခဲ့ရသူတွေနဲ့ စိတ်ဒဏ်ရာရခဲ့ကြရသူတွေ (လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုတွေ အပါအဝင်)၊ ဒုက္ခသည်တွေ၊ ချိုးဖောက်မှုကျူးလွန်တယ်လို့ သံသယရှိသူတွေ၊ အထိန်းသိမ်းခံရသူတွေ။

# ကလေးများ

**ဆွေးနွေးမှု**

ညှိနှိုင်းအဖြေရှာခြင်း

အောက်ပါမေးခွန်းနဲ့ပတ်သက်ပြီး သင်တန်းသားတွေဆီကအဖြေကို အချိန်တိုအတွင်း ရယူပါ။

ကလေးတစ်ယောက်ကို တွေ့ဆုံမေးမြန်းနေတယ်ဆိုပါစို့။ ဘာလုပ်ဖို့လိုပါသလဲ ဒါမှမဟုတ် ဘာတွေကို ပြင်ဆင်ထားဖို့ လိုပါသလဲ။ ဘာတွေကိုအထူးဂရုစိုက်ဖို့လိုပါသလဲ။

နမူနာအဖြေများ

- ကလေးရဲ့အမြင်ကိုလက်ခံဖို့ လိုလိုလားလားရှိပါ။
- ကလေးနားလည်လွယ်တဲ့ လွယ်လွယ်ကူကူ အသုံးအနှုန်းသုံးပါ။
- လိုအပ်ရင် မေးမြန်းနေတာကို ခဏနားပါ။
- ကလေးနဲ့အတူ ကိုယ်စားပြုနိုင်ဖို့ ယုံကြည်ရတဲ့ မိသားစုဝင်တစ်ဦး ဒါမှမဟုတ် အရပ်ထဲကတစ်ဦးဦးကိုဖိတ်ပါ။

ဒီနမူနာအဖြေတွေကို ဝိုက်ဘုတ်ပေါ်မှာရေးချပါ။ ပြီးတော့ အဲ့ဒီအချက်တွေနဲ့ပတ်သက်လို့ သင်တန်းသားတွေကို အဖွဲ့ငယ်လေးတွေဖွဲ့ပြီး ဆွေးနွေးခိုင်းပါ။ တကယ်လို့ တချို့သင်တန်းသားတွေမှာ ကလေးတွေကို တွေ့ဆုံမေးမြန်းဖူးတဲ့ အတွေ့အကြုံရှိတယ်ဆိုရင် သူတို့အတွေ့အကြုံကို ဖလှယ်ခွင့်ပြုပါ။ သင်တန်းသားတွေအနေနဲ့ တခြားအရေးကြီးတဲ့ အချက်တစုံတရာ ထပ်ဖြည့်ဖို့ စဉ်းစားလို့ရပါသလားဆိုတာဆွေးနွေးပါ။

နမူနာဆွေးနွေးချက်

ဆွေးနွေးကြတဲ့အထဲမှာ အောက်ပါအချက်တွေ မပါသေးဘူးဆိုရင် သင်တန်းသားတွေသိအောင် ပြောပြပါ။ ပြီးတော့ အဲ့ဒီအချက်တွေနဲ့ပတ်သက်ပြီး သူတို့ကို ထင်မြင်ချက်ပေးခိုင်းပါ။

- ကလေးတစ်ယောက်ရဲ့အမြင်က လူကြီးတစ်ယောက်ရဲ့အမြင်နဲ့ မကြာခဏ ကွဲပြားလေ့ရှိပါတယ်။ အဖြစ်အပျက်တစ်ခုတည်းဖြစ်ပေမယ့် သူတို့ကအဲ့ဒီအဖြစ်အပျက်အပေါ် မြင်ပုံမတူတာမျိုးရှိနိုင်ပါတယ်။ ကလေးရဲ့အဓိပ္ပါယ်ကောက်ယူမှုကိုလက်ခံဖို့ အသင့်ပြင်ထားပါ။ ကလေးပြောပြတဲ့ သူ့ထင်မြင်ချက်ကို ဘေးဖယ်ထားတာမျိုး ဒါမှမဟုတ် လျစ်လျူရှုတာမျိုး မလုပ်သင့်ပါဘူး။ လူကြီးတွေကို ဆက်ဆံသလိုပဲ ကလေးတွေကိုလည်း လေးလေးစားစား ဆက်ဆံသင့်ပါတယ်၊ လူကြီးတွေလိုပဲတန်ဖိုးရှိတဲ့ သတင်း အချက်အလက်တွေပေးနိုင်သူအဖြစ်နဲ့ ဆက်ဆံသင့်ပါတယ်။
- ကလေးတွေကို တွေ့ဆုံမေးမြန်းတဲ့အခါမှာ ပိုလွယ်ကူတဲ့ ဘာသာစကားအသုံးအနှုန်းကို အသုံးပြုပါ။ ကလေးကတခုခုပြောဖို့ အခက်အခဲရှိတဲ့အခါမှာလည်း အသုံးအနှုန်းကို အကြံမပြုပါနဲ့။ အဲ့ဒီလိုအကြံပြုလိုက်ရင် ကလေးက ကိုယ်လမ်းကြောင်းပေးလိုက်တဲ့ စကားလုံးကိုပဲ သူကိုယ်တိုင်သေသေချာချာ နားမလည်ဘဲနဲ့ သုံးသွား နိုင်ပါတယ်။ ကိုယ်မေးတဲ့မေးခွန်းကို ပိုပြီးရှင်းလင်းတဲ့ပုံစံနဲ့ ပြန်မေးပါ။ ဒါမှမဟုတ် ကလေးအနေနဲ့ သူပြောချင်တာကို ထိထိရောက်ရောက် ပြောလို့ရအောင် ကူညီနိုင်ဖို့ အခြားနည်းလမ်းတစ်ခုရှာပါ။
- ကလေးနဲ့စကားပြောတဲ့အခါ နိုင်ထက်စီးနင်း မပြောပါနဲ့။ ကလေးတွေကိုသီးခံပါ။ ပြီးတော့ သူတို့ကို တွေ့ဆုံမေးမြန်းနေတဲ့အချိန်မှာလည်း ကိုယ်မေးတဲ့မေးခွန်းကိုဖြေချင်အောင် အားပေးပါ။ စကားပြောနေတုန်း ကလေးက မောလာသလား ဒါမှမဟုတ် ငြီးငွေ့လာသလားဆိုတာကို ဂရုတစိုက်စောင့်ကြည့်ပါ။
- ကလေးကိုတွေ့ဆုံမေးမြန်းနေတဲ့အချိန်အတွင်းမှာ အဲ့ဒီကလေးကယုံကြည်ရတဲ့ သူ့မိသားစုဝင်တစ်ယောက် ဒါမှမဟုတ် အခြားတယောက်ယောက်ကို ကလေးနဲ့အတူနေပေးဖို့ မေတ္တာရပ်ခံပါ။ မိသားစုဝင်တစ်ယောက် အတူရှိနေတယ်ဆိုရင် တွေ့ဆုံမေးမြန်းနေတဲ့အချိန်မှာ ကလေးနေနဲ့ပိုပြီး ယုံကြည်စိတ်ချမှုရှိနိုင်တယ်၊ ပြီးတော့ ပိုပြီးလုံခြုံတယ်လို့လည်း ခံစားရနိုင်ပါတယ်။ အဲ့ဒီမိသားစုဝင်ဟာ ကလေးရဲ့အကြောင်းကို ပိုသိနိုင်ပြီး ကလေးက ပုံမှန်အတိုင်းမဟုတ်ဘဲ သူ့အပြုအမူတွေ ထူးခြားနေတယ်ဆိုရင်လည်း အချက်အလက်ရှာဖွေ သူကို ပြောပြပေးဖို့ တောင်းဆိုနိုင်ပါတယ်။

# အမျိုးသမီးများ

**သိထားသင့်သည့်အချက်အလက်များ**

အထူးသဖြင့် တွေ့ဆုံမေးမြန်းမှုက လိင်ပိုင်းဆိုင်ရာချိုးဖောက်ခံရမှုနဲ့ပတ်သက်ပြီး ပြောကြမယ်ဆိုရင် အမေးခံရမယ့် အမျိုးသမီးဟာ အချက်အလက်ရှာဖွေသူ အမျိုးသမီးချင်းနဲ့သာ စကားပြောရတာကို ပိုပြီးသက်တောင့်သက်သာရှိတယ် လို့ခံစားရနိုင်ပါတယ်။ မုဒိန်းကျင့်ခံခဲ့ရတဲ့ အမျိုးသမီးတွေအနေနဲ့ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းပြောဖို့ အခက်အခဲတွေ့ကောင်းတွေ့နိုင်ပါတယ်။ တချို့ဖြစ်ရပ်တွေမှာဆိုရင် အမေးခံရသူက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဟာ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်တာဆိုတာကိုတောင် နားလည်သဘောပေါက်ချင်မှရှိချင်မှ ရှိပါလိမ့်မယ်။

လိင်ပိုင်းဆိုင်ရာချိုးဖောက်ခံခဲ့ရတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ဆုံမေးမြန်တဲ့အခါမှာ အပြန်အလှန်ခင်မင်နားလည်မှုနဲ့ ယုံကြည်မှုတွေရှိလာစေဖို့အတွက် အချိန်များများပိုသုံးရဖို့ လိုကောင်းလိုနိုင်ပါတယ်။ မေးတဲ့သူအနေနဲ့လည်း အောက်မှာဖော်ပြထားတဲ့အရာတွေကို ဆောင်ရွက်သင့်ပါတယ်။

- ထိလွယ်ရှလွယ်ဖြစ်တဲ့ အကြောင်းအရာတွေကို မေးမြန်းတဲ့အခါ နူးညံ့သိမ်မွေ့ပြီး အထိတ်တလန့် မဖြစ်စေနိုင်တဲ့ နည်းလမ်းတွေနဲ့ ချဉ်းကပ်ပါ။
- လျှို့ဝှက်မှုဆိုင်ရာကိစ္စရပ်တွေကို ထပ်ခါတလဲလဲပြောပါ။
- အမေးခံရသူရဲ့ စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှုတွေအပေါ် အာရုံစိုက်ပါ။
- အမေးခံရသူအနေနဲ့ တွေ့ဆုံမေးမြန်းမှုကို ဘယ်အချိန်မှာဖြစ်ဖြစ် ရပ်လိုက်နိုင်တယ်ဆိုတာကို အသိပေး ပါ။
- ကိုယ်မေးနေတဲ့သူ မဖြေချင်တဲ့အဖြေတွေကိုဖြေဖို့ သူ့ကိုဖိအားမပေးပါနဲ့။
- တွေ့ဆုံမေးမြန်းမှုလုပ်နေတဲ့အချိန်မှာ ဒီလိုလုပ်တာက အမေးခံရသူကို ပိုပြီးထိခိုက်နစ်နာစေတယ်လို့ ခံစားရရင် ခဏနားလိုက်ပါ၊ ပြီးတော့ အဲ့ဒီ တွေ့ဆုံမေးမြန်းမှုကို အဆုံးသတ်လိုက်သင့်သလား ဆိုတာကို အမေးခံရသူနဲ့ ဆွေးနွေးကြည့်ပါ။

ဆွေးနွေးမှု

အောက်ပါမေးခွန်းတွေကို ဆွေးနွေးပါ။

၁။ လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုခံခဲ့ရတဲ့ အမျိုးသမီးတွေကို တွေ့ဆုံမေးမြန်းဖို့အတွက် ဘယ်လိုသူမျိုးက တွေ့ဆုံမေးမြန်းဖို့ ပိုပြီးသင့်တော်ပါသလဲ။

၂။ ဘယ်အချိန်မှာဖြစ်ဖြစ် လိုအပ်ရင် တွေ့ဆုံမေးမြန်းမှုကို ရပ်လိုက်နိုင်တယ်လို့ အမေးခံရသူကို အသိပေးဖို့ ဘာကြောင့်လိုတာလဲ။

၃။ လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုတွေအတွက် လျှို့ဝှက်ထားမှုဆိုင်ရာကိစ္စရပ်တွေဟာ အထူးအရေးကြီးတယ်လို့ ဘာကြောင့်ထင်ပါသလဲ။

အဖြေများ –

၁။ အမျိုးသမီးအချက်အလက်ရှာဖွေသူ။

၂။ တွေ့ဆုံမေးမြန်းမှုက အမေးခံရသူကို စိတ်မကောင်းဖြစ်စေတယ်၊ စိတ်ထိခိုက်စေတယ်ဆိုရင် အမေးခံရသူအနေနဲ့ မေးခွန်းတွေကို မဖြေချင်ရင်မဖြေဘဲနေလို့ရတယ်ဆိုတာ သိဖို့လိုတယ်။

၃။ အရပ်ထဲမှာ အရှက်ရစေလို့ဖြစ်တယ်။

**လေ့ကျင့်ခန်း**

သင်တန်းသားတွေအနေနဲ့ ဒီလေ့ကျင့်ခန်းကို အဖွဲ့ငယ်လေးတွေ ဖွဲ့ပြီးဖြစ်စေ အားလုံးပေါင်းပြီးဖြစ်စေ လုပ်နိုင်ပါ တယ်။ အောက်မှာဖော်ပြထားတဲ့အရာတွေကို ဘယ်လိုဆောင်ရွက်မလဲဆိုတာနဲ့ပတ်သက်ပြီး ဥပမာတွေ ပေးရမှာ ဖြစ်ပါတယ်။

- ထိလွယ်ရှလွယ်ဖြစ်တဲ့ အကြောင်းအရာတွေကို နူးညံ့သိမ်မွေ့တဲ့၊ အထိတ်တလန့်မဖြစ်စေတဲ့ နည်းလမ်း များနဲ့ ချဉ်းကပ်ခြင်း
- လျှို့ဝှက်မှုဆိုင်ရာကိစ္စရပ်တွေကို ထပ်တလဲလဲပြောပြခြင်း
- အမေးခံရသူရဲ့ စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှုတွေကို အာရုံစိုက်ခြင်း
- အမေးခံရသူအနေနဲ့ တွေ့ဆုံမေးမြန်းမှုကို ဘယ်အချိန်မှာဖြစ်ဖြစ် ရပ်လိုက်နိုင်တယ်ဆိုတာကို အသိပေး ပြောပြခြင်း
- အမေးခံရသူ မဖြေလိုတဲ့မေးခွန်းကို အဖြေပေးဖို့ ဖိအားပေးခြင်းမှရှောင်ကြဉ်ခြင်း

- တွေ့ဆုံမေးမြန်းမှုလုပ်ခြင်းက အမေးခံရသူကို ပိုပြီးထိခိုက်နစ်နာစေတယ်လို့ ခံစားမိရင် ခဏနားလိုက်ပါ၊ ပြီးတော့ တွေ့ဆုံမေးမြန်းမှုကို အဆုံးသတ်လိုက်သင့်သလားလို့ အမေးခံရသူနဲ့ ဆွေးနွေးကြည့်ခြင်း

သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း၊ စာစဉ် – ၁ ကို အသုံးပြုပါ။ အစက်ချထားတဲ့လိုင်းအတိုင်း ဖြတ်ပါ။
သင်တန်းသားတွေကို နှစ်ယောက်တစ်တွဲတွဲပြီး တစ်ခုစီ ဝေပေးပါ၊ စာစဉ် – ၂ ကိုလည်း အတွဲလိုက်ဝေပေးပါ။ သင်တန်းသားတွေအနေနဲ့ စာစဉ် – ၂ မှာပါတဲ့ ချိုးဖောက်မှုခံခဲ့ရသူကို တွေ့ဆုံမေးမြန်းမယ်လို့ စိတ်ကူးကြည့်ရမှာ ဖြစ်ပါတယ်။ ပြီးတဲ့အခါ လက်ထဲမှာရှိနေတဲ့ စာစဉ် – ၁ မှာပါတဲ့အကြောင်းအရာကို သရုပ်ပြနိုင်ဖို့အတွက် တွေ့ဆုံမေးမြန်းမှု အသေးစားလေးတွေ (စာကြောင်း လေးကြောင်း၊ ငါးကြောင်းဆိုရင် လုံလောက်တယ်) ကိုယ့်အတွဲနဲ့ကိုယ် လုပ်ဆောင်ပြရမှာဖြစ်ပါတယ်။

## လေ့ကျင့်ခန်း

အောက်ပါဇယားကွက်ကို ပို့က်ဘုတ်ပေါ်မှာ ရေးချပါ။ ဒီလေ့ကျင့်ခန်းကို အဖွဲ့ငယ်လေးတွေဖွဲ့ပြီး လုပ်ရမှာဖြစ်ပါတယ်။ တစ်ဖွဲ့ချင်းစီက သူတို့အတွေ့အကြုံနဲ့ စဉ်းစားချက်တွေအပေါ်မူတည်ပြီး အမေးခံရမယ့်သူအမျိုးအစားတစ်မျိုးနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ အတွက် အဖြေတွေကို ရေးဖြည့်ရမှာဖြစ်ပါတယ်။

သင်တန်းသားတွေ ဖြည့်ပြီးသွားတဲ့အခါမှာ သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း၊ စာစဉ် – ၃ ကို အစက်ချထားတဲ့ လိုင်းအတိုင်းဖြတ်ပြီး အကြောင်းအရာနဲ့သက်ဆိုင်တဲ့အဖွဲ့အလိုက် ဝေပေးပါ၊ ပြီးတော့ တစ်ခုချင်း ဖတ်ပြပါ။ သင်တန်း ဆရာက ဖတ်ပြနေတဲ့ အချိန်မှာ သင်တန်းသားတွေက ကိုယ်ရေးဖြည့်ခဲ့တာတွေနဲ့ တိုက်ကြည့်ရမှာ ဖြစ်ပါတယ်။
အချက် အလက်အားလုံးကို ဇယားကွက်ထဲမှာ ရေးဖြည့်ပါ၊ ပြီးတဲ့အခါ အားလုံးပေါင်းပြီး ဝိုင်းဝန်းဆွေးနွေးပါ။

| | ခေါင်းထဲမှာထည့်ထားဖို့လိုတဲ့ ထူးခြားတဲ့ အချက်အလက်တွေက ဘာတွေလဲ။ အထူး အလေးထားစရာကိစ္စတွေက ဘာတွေလဲ။ | ဒီလို အမေးခံရသူအမျိုးအစားအတွက် တွေ့ဆုံ မေးမြန်းမှုကို လိုက်လျောညီထွေ ဖြစ်အောင် ဘယ်လိုလုပ်နိုင်မလဲ။ |
|---|---|---|
| နှိပ်စက်ညှင်းပန်းမှုခံခဲ့ ကြရသူများ | | |
| ဒုက္ခသည်များ | | |
| ချိုးဖောက်မှုကျူးလွန်သူများ | | |
| အထိန်းသိမ်းခံရသူများ | | |

အဖြေများ

| | ခေါင်းထဲမှာထည့်ထားဖို့လိုတဲ့ ထူးခြားတဲ့ အချက်အလက်တွေက ဘာတွေလဲ။ အထူး အလေးထားစရာကိစ္စတွေက ဘာတွေလဲ။ | ဒီလို အမေးခံရသူအမျိုးအစားအတွက် တွေ့ဆုံ မေးမြန်းမှုကို လိုက်လျောညီထွေ ဖြစ်အောင် ဘယ်လိုလုပ်နိုင်မလဲ။ |
|---|---|---|
| နှိပ်စက်ညှင်းပန်းမှုခံခဲ့ ကြရသူများ | စိတ်ခံစားမှုပိုင်းမှာ ထိလွယ်ရှလွယ် ဖြစ်နေနိုင်တယ် ဒါမှမဟုတ် အချက်အလက်တွေ ပြောပြဖို့ အဆင်သင့်မဖြစ်သေးတာမျိုး ဖြစ်နေနိုင်တယ်။ | သူတို့ရဲ့ စိတ်ခံစားမှုနဲ့ပတ်သက်တာတွေကို အလေးထားပါ။ စိတ်ထိခိုက်စေတဲ့မေးခွန်းတွေကို ဖြေဖို့တွန်းအားမပေးပါနဲ့။ |
| ဒုက္ခသည်များ | အိမ်ရှင်နိုင်ငံထဲမှာရှိနေတဲ့ သူတို့ရဲ့အနေအထား (Status)။ | သူတို့ရဲ့အနေအထားနဲ့ အလွယ်တကူထိခိုက်နိုင်တယ်လို့ ခံစားနေရသလားဆိုတာကို မေး ပါ။ |
| ချိုးဖောက်မှုကျူးလွန်သူများ | ဒီလူတွေက အများအားဖြင့် အချက်အလက်ရှာဖွေသူတွေကို စကားပြောဖို့ ဝန်လေးတတ်ကြတယ်။ | ဓမ္မဓိဋ္ဌာန်ကျဖို့နဲ့ ဘက်လိုက်မှုမပြဖို့ ကြိုးစားပါ။ |
| အထိန်းသိမ်းခံရသူများ | လုံခြုံတဲ့ဝန်းကျင်မှာ မရှိကြဘူး။ ကြောက်ရွံ့နေမယ့် အလားအလာရှိတယ်။ | ကိုယ်ကဘယ်သူ့ကို ကိုယ်စားပြုတယ်ဆိုတာ အသေအချာ ရှင်းပြပါ။ |

**လေ့ကျင့်ခန်း**

သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း၊ စာစဉ် – ၄ ကို အသုံးပြုပါ။ အစက်ချထားတဲ့လိုင်းအတိုင်းဖြတ်ပါ။ သင်တန်းသားတွေကို အဖွဲ့ငယ်လေးတွေဖွဲ့ပြီး တစ်ခုစီ ဝေပေးပါ။ သင်တန်းသားတွေအနေနဲ့ ဖြစ်ရပ်ထဲမှာပါတဲ့သူဟာ ဇယားကွက်ထဲက ဘယ်အမျိုးအစားဖြစ်တယ်ဆိုတာကို ဖော်ထုတ်ရမှာဖြစ်ပါတယ်။

အဖြေများ – ၁။ အထိန်းသိမ်းခံရသူ ၂။ ဒုက္ခသည် ၃။ နှိပ်စက်ညှင်းပန်းခံရသူ ၄။ ချိုးဖောက်မှုကျူးလွန်ခဲ့တဲ့ အလားအလာရှိသူ

**လေ့ကျင့်ခန်း**

သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း၊ စာစဉ် – ၄ မှာပါတဲ့ ဖြစ်ရပ်တွေကို ခုနကဖွဲ့ထားတဲ့ အဖွဲ့ငယ်လေးတွေကြားမှာ အလဲအလှယ်လုပ်ခိုင်းပါ။ သင်တန်းသားတွေက ကိုယ့်အဖွဲ့ကိုရောက်လာတဲ့ ဖြစ်ရပ်နဲ့ပတ်သက်ပြီး တွေ့ဆုံမေးမြန်းမှုလုပ်ဖို့ မေးခွန်းတွေ ပြုစုရမှာဖြစ်ပါတယ်။ ပြီးရင် ကိုယ့်အဖွဲ့ထဲမှာပဲ တွေ့ဆုံမေးမြန်းမှုအသေးစားလေးတွေကို လေ့ကျင့်ရမှာဖြစ်ပါတယ်။ အဲဒါပြီးသွားတဲ့အခါ အားလုံးကို ပြန်တင်ပြပြီး ဆွေးနွေးရမှာဖြစ်ပါတယ်။

**ဆွေးနွေးမှု**

သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း၊ စာစဉ် – ၅ မှာပါတဲ့ တွေ့ဆုံမေးမြန်းမှုကိုဖတ်ပါ၊ အဲ့ဒီအထဲက မေးတဲ့သူအနေနဲ့ တွေ့ဆုံမေးမြန်းမှုကို ပိုကောင်းအောင် ဘာတွေလုပ်လိုက်နိုင်မလဲဆိုတာ ဆွေးနွေးပါ။

နမူနာအဖြေများ –

မှန်တယ်/မမှန်ဘူး၊ ဟုတ်တယ်/မဟုတ်ဘူး ဒါမှမဟုတ် ဦးတည်မေးခွန်းတွေမေးတာကို ရှောင်ပါ။

အမေးခံရသူအနေနဲ့ ဘယ်မေးခွန်းကိုဖြစ်ဖြစ် မဖြေချင်ရင် မဖြေဘဲနေလို့ရတယ်ဆိုတာကို ရှင်းပြပါ။

**သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း**
**စာစဉ် - ၁**

– ထိလွယ်ရှလွယ်ဖြစ်စေသောအကြောင်းအရာများကို နူးညံ့သိမ်မွေ့သော အားပေးသည့်နည်းလမ်းဖြင့် ချဉ်း ကပ်ပါ။
----------------------------------------------

– လျှို့ဝှက်မှုဆိုင်ရာကိစ္စရပ်များကို ထပ်တလဲလဲပြောပါ။
----------------------------------------------

– အမေးမြန်းခံရသူ၏ စိတ်ခံစားချက်အရတုံ့ပြန်မှုများကို အလေးထားအာရုံစိုက်ပါ။
----------------------------------------------

– တွေ့ဆုံမေးမြန်းမှုအား မည်သည့်အချိန်တွင်မဆို ရပ်တန့်နိုင်သည်ကို အမေးမြန်းခံရသူ အမျိုးသမီးအား အသိပေးပါ။
----------------------------------------------

– အမေးမြန်းခံရသူမဖြေချင်သောအဖြေကို အဖြေပေးရန် ဖိအားမပေးပါနှင့်။
----------------------------------------------

– တွေ့ဆုံမေးမြန်းနေစဉ်အတွင်း ဤကဲ့သို့မေးမြန်းမှုသည် အမေးမြန်းခံရသူကို ပို၍စိတ်ထိခိုက်စေသည်၊ ပို၍နစ်နာစေသည်ဟု နားလည်ခံစားမိပါက ခေတ္တအနားယူပါ။ တွေ့ဆုံမေးမြန်းမှုအား ရပ်ဆိုင်းရန်သင့်မသင့် ကိုအမေးခံရသူနှင့် ဆွေးနွေးကြည့်ပါ။
----------------------------------------------

**သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း**
**စာစဉ် - ၂**

ချင်းပြည်နယ်။ ----- မြို့နယ် မယကဥက္ကဋ္ဌ ဟာ သူ့ရဲ့လိင်ပိုင်းဆိုင်ရာသာယာမှုအတွက် ချင်းမိသားစုတစုကို ပြီးခဲ့တဲ့ ခြောက်လလုံးလုံး အသုံးချခဲ့တယ်လို့ ----- ရွာမှာနေထိုင်တဲ့ ရပ်မိရပ်ဖတဦးက ပြောပါတယ်။ မယက ဥက္ကဋ္ဌ ဦးကျော်သိန်းဟာ မိန်းကလေးတွေကို လိင်ဆက်ဆံပြီးအမြတ်ထုတ်ဖို့အတွက် မိန်းကလေးငယ် သုံးယောက် ရှိတဲ့ ချင်းမိသားစုဆီကို ပုံမှန်သွားလည်လေ့ရှိပါတယ်။ မိသားစုရဲ့ အိမ်ထောင်ဦးစီးဟာ ----- ရွာက ဖြစ်တယ်လို့ အဲ့ဒီ ရပ်မိရပ်ဖကဆိုပါတယ်။ ‘ဥက္ကဋ္ဌက ----- အိမ်ကို တပါတ်မှာ လေး–ငါး ကြိမ်လာပြီး ညနေ ခြောက်နာရီကနေ ည ဆယ်နာရီအထိ နေတယ်၊ သမီးတွေနဲ့ စကားပြောပြီး အခန်းထဲမှာ အတူနေလို့ရအောင် သူ့ကို အခန်းတစ်ခန်းပေးဖို့ လည်း ----- ကိုပြောတယ်’ လို့ ----- ရွာမှာနေထိုင်တဲ့ ရွာသားတစ်ဦးကပြောပါတယ်။ ဥက္ကဋ္ဌဟာ သမီးအငယ်ဆုံးဖြစ်သူကို သူတစ်ယောက်တည်းနေတဲ့ ကိုယ်ပိုင်အိမ်ဆီ မကြာခဏ ခေါ်သွားလေ့ရှိတယ် လို့လည်း ----- အရာရှိတစ်ဦးကဆိုပါတယ်။ အာဏာပိုင်တွေက ----- ရဲ့ပုဇွန်မွေးမြူရေးလုပ်ငန်းကို သိမ်းဖို့လုပ်တဲ့ အချိန်မှာ မယကဥက္ကဋ္ဌက ကူညီခဲ့ပါတယ်။ အဲ့ဒီနောက် မကြာခင်မှာပဲ သူတို့နှစ်ယောက် ပိုပြီးရင်းရင်းနှီးနှီး ဖြစ်သွားကြပါတယ်။ အဲ့ဒီလိုဖြစ်သွားတဲ့ အချိန်မှာ ဥက္ကဋ္ဌက ပထမဆုံးအကြိမ် ဆလိုင်းလျန်ရဲ့အိမ်ကို အလည်အပတ် သွားရောက်ပြီး သူ့သမီးတွေနဲ့ တွေ့ခဲ့တာလို့ ယူဆကြပါတယ်။

**သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း**
**စာစဉ် - ၃**

**နှိပ်စက်ညှဉ်းပန်းမှုခံခဲ့ရသူများနှင့် အခြားစိတ်ဒဏ်ရာရခဲ့ကြရသူများ**

နှိပ်စက်ညှဉ်းပန်းမှုခံခဲ့ရသူတွေနဲ့ စိတ်ဒဏ်ရာရခဲ့ကြရသူတွေကို တွေ့ဆုံမေးမြန်းရာမှာ နှိပ်စက်ညှဉ်းပန်းမှု၊ စိတ်ဒဏ်ရာရမှုတွေရဲ့ စိတ်ခံစားမှုဆိုင်ရာအကျိုးဆက်တွေကို နားလည်သဘောပေါက်ဖို့နဲ့ အဲ့ဒီအကျိုးဆက်တွေက

အမေးခံရသူပေးတဲ့ သတင်းအချက်အလက်တွေအပေါ်မှာ ဘယ်လိုအကျိုး သက်ရောက်မှုရှိနိုင်တယ်ဆိုတာကို နားလည်သဘောပေါက်ဖို့အရေးကြီးပါတယ်။

နှိပ်စက်ညှဉ်းပန်းမှုနဲ့ စိတ်ဒဏ်ရာရခဲ့ကြရသူတွေဟာ တခါတရံမှာ သူတို့ရဲ့အတွေ့အကြုံတွေကိုပြောပြဖို့ ဒါမှမဟုတ် အဲ့ဒီကိစ္စတွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တစုံတရာပေးဖို့ အခက်အခဲဖြစ်တတ်ပါတယ်။ ဒါကြောင့် တွေ့ဆုံမေးမြန်းသူအနေနဲ့ –

- မေးမြန်းမယ့်ကိစ္စရပ်အပေါ် အလေးဂရုပြုသင့်တဲ့အပြင် တွေ့ဆုံမေးမြန်းမှုဟာ စစ်ကြောရေးဝင်တာမျိုး မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ အားပေးအားမြှောက်မှုဖြစ်စေတဲ့ လုပ်ငန်းစဉ် (Empowering Process) တစ်ခုဖြစ်ရအောင် သေသေချာချာ ဆောင်ရွက်သင့်ပါတယ်။
- အမေးခံရတဲ့အမျိုးသမီးကို သူ့အတွေ့အကြုံနဲ့ပတ်သက်ပြီး ပြောနိုင်အောင် အားပေးသင့်ပါတယ်။ သူ့အနေနဲ့ သက်တောင့်သက်သာမဖြစ်တဲ့ ဒါမှမဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ မေးခွန်းတွေကိုဖြေဖို့ ဖိအားတွေပေးတာမျိုး မလုပ်သင့်ပါဘူး။
- အမေးမြန်းခံရသူအတွက် နားဖို့လိုအပ်တယ်လို့ခံစားမိတဲ့အခါတိုင်းမှာ ခဏတဖြုတ်နားသင့်ပါတယ်။ တွေ့ဆုံမေးမြန်းမှုလုပ်နေတုန်းမှာ အမေးမြန်းခံရသူက ဖြေနေတုန်းမှာ အတိတ်ကိုပြန်သတိရပြီး သောကတွေများလာရင်၊ ဆောက်တည်ရာမရဖြစ်လာခဲ့ရင်လည်း သူ့ကိုဖေးဖေးမမ ရှိသင့်ပါတယ်။

## ဒုက္ခသည်များနှင့် အခြား နေရပ်ရင်းမှအဓမ္မရွှေ့ပြောင်းခံရသူများ

ဒုက္ခသည်တွေ၊ ခိုလှုံခွင့်လျှောက်ထားသူတွေနဲ့ အခြားနေရပ်ရင်းကအဓမ္မရွှေ့ပြောင်းခံရသူတွေကို တွေ့ဆုံမေးမြန်းရာမှာ သူတို့အခြေအနေဟာ အလွန်အလွန် မတည်မငြိမ်ဖြစ်နေနိုင်တယ်ဆိုတာကို ခေါင်းထဲထည့်ထားဖို့ အရေးကြီးပါ တယ်။ သူတို့ဟာ လက်ရှိနေနေတဲ့နိုင်ငံထဲမှာလည်း သိပ်ကိုဒုက္ခရောက်နိုင်တဲ့အနေအထားမှာ ရှိနေနိုင်ပါတယ်။ (လဝက)က အရာရှိတွေ ရုတ်တရက်ဝင်စစ်တာ၊ အဖမ်းခံရတာ၊ အနှောင့်အယှက်ပေးခံရတာ၊ အချုပ်နှောင်ခံရတာနဲ့ ပြန်ပို့ခံရတာ စတဲ့ အန္တရာယ်တွေနဲ့ သူတို့တွေရင်ဆိုင်နေရနိုင်ပါတယ်၊ ဒါမှမဟုတ်လည်း တခြားပြဿနာတွေနဲ့ ကြုံတွေ့နေရနိုင်ပါသေးတယ်။ အဲ့ဒီစိတ်ဖိစီးမှုတွေ၊ သောကတွေအားလုံးက တွေ့ဆုံမေးမြန်းမှုဖြစ်စဉ်အပေါ် အကျိုးသက်ရောက်မှုတွေ ရှိနိုင်ပါတယ်။ အမေးခံရသူတွေအနေနဲ့ သူတို့ပြောတာတွေဟာ သူတို့အခြေအနေကို ထိခိုက်နိုင်တယ် ဒါမှမဟုတ် အထောက်အပံ့တွေရနေတာတွေကို ထိခိုက်နိုင်တယ်လို့ယူဆနိုင်တာမို့ တွေ့ဆုံမေးမြန်းမှုလုပ်နေတုန်းမှာ ပြည့်စုံတဲ့ ဒါမှမဟုတ် မှန်ကန်တိကျတဲ့ သတင်းအချက်အလက်တွေကိုပေးဖို့ ချီတုံချတုံဖြစ်နေနိုင်ပါတယ်။

ဒုက္ခသည်တွေ၊ ခိုလှုံခွင့်လျှောက်ထားသူတွေနဲ့ တခြားနေရပ်ရင်းကအဓမ္မရွှေ့ပြောင်းခံရသူတွေကို တွေ့ဆုံမေးမြန်းတဲ့အခါမှာ အမေးခံရသူရဲ့ လက်ရှိအနေအထားကိုသိအောင် ပထမဆုံးကြိုးစားပါ။ ဥပမာ – သူတို့အနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ထပ်ပြီးရင်ဆိုင်ရဦးမယ့် သူတို့နေရပ်ရင်းနိုင်ငံကို ပြန်ပို့ခံရနိုင်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရသလား။ သူတို့အနေနဲ့ လက်ရှိနေနေတဲ့နိုင်ငံထဲမှာ အလုပ်အကိုင်၊ အစားအသောက်နဲ့ လူမှုရေးဝန်ဆောင်မှု (Social Services) အခွင့်အလမ်းတွေမှာ အဆင်ပြေပြီး တည်တည်ငြိမ်ငြိမ်ရှိနေသလား။ သူတို့အနေနဲ့ သူတို့မိသားစု ကျန်းကျန်းမာမာပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ဖို့နဲ့ပတ်သက်လို့ လိုအပ်တာထက်ပိုပြီး စိုးရိမ်ပူပန်မှုတွေရှိနေသလား။ ဒီလိုကိစ္စတွေနဲ့ အလေးထားစရာတွေဟာ အမေးခံရသူကို စိတ်အနှောင့်အယှက်ဖြစ်တာမျိုး၊ ဝမ်းနည်းပူပန်မှုတွေဖြစ်စေတာမျိုး ဒါမှမဟုတ် ဖြေဖို့ဝန်လေးတာမျိုး ဖြစ်စေနိုင်ပါတယ်။

## အစိုးရအရာရှိများနှင့် ချိုးဖောက်မှုကျူးလွန်သူသည်ဟု သံသယရှိသူများ

လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မှတ်တမ်းတင်တဲ့နေရာမှာ ချိုးဖောက်မှုကျူးလွန်တယ်လို့ သံသယရှိသူတွေကို လည်း တခါတရံတွေ့ဆုံမေးမြန်းဖို့ လိုကောင်းလိုနိုင်ပါတယ်။ ပုံမှန်အားဖြင့်တော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေမှာ တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီးပါဝင်ပတ်သက်နေသူတွေအနေနဲ့ တွေ့ဆုံမေးမြန်းခံဖို့ သဘောတူမှာမဟုတ်ပါဘူး။ ဒါပေမယ့် တချို့အခြေအနေတွေမှာ အဲဒီသူတွေက အချက်အလက်ရှာဖွေသူနဲ့စကားပြောဖို့ ဆန္ဒရှိကောင်းရှိနိုင်ပါတယ်။ ဒါကြောင့် အချက်အလက်ရှာဖွေသူအနေနဲ့ မျှတပြီးထိရောက်မှုရှိတဲ့ တွေ့ဆုံမေးမြန်းမှုဖြစ်အောင် ကြိုတင်ပြင်ဆင်ရမှာ ဖြစ်ပါတယ်။

သံသယရှိတဲ့ချိုးဖောက်မှုကျူးလွန်သူတစ်ယောက်ကို တွေ့ဆုံမေးမြန်းတဲ့နေရာမှာ သေချာတိကျတဲ့ အစီအစဉ်ချမှတ်မှုတွေနဲ့ ဓမ္မဓိဋ္ဌာန်ကျမှုတွေ လိုအပ်ပါတယ်။ အချက်အလက်ရှာဖွေသူအနေနဲ့ ဘယ်အချိန်မှာ တွေ့ဆုံမေးမြန်းမယ်ဆိုတဲ့ အပေါ် ထိန်းချုပ်နိုင်လေ့မရှိပါဘူး၊ ဒါပေမယ့် သံသယရှိတဲ့ပြစ်မှုကျူးလွန်သူတစ်ယောက်ကို တွေ့ဆုံမေးမြန်းတဲ့နေရာ

မှာတော့ သူနဲ့ဆက်စပ်တဲ့ ချိုးဖောက်မှုနဲ့ပတ်သက်ပြီး အခြားသတင်းအချက်အလက်တွေကို စုဆောင်းနိုင်တဲ့အချိန် အထိစောင့်တာဟာ အကောင်းဆုံးဖြစ်ပါတယ်။ အဲ့ဒီလိုစောင့်မယ်ဆိုရင် အမေးခံရသူအနေနဲ့ ကိုယ်ရထားတဲ့ သက်သေအထောက်အထားတွေနဲ့ပတ်သတ်ပြီး တစုံတရာပြောဆိုနိုင်တဲ့ အခွင့်အလမ်းရှိလာမှာဖြစ်ပါတယ်။ တွေ့ဆုံ မေးမြန်းမှုရဲ့ ရည်ရွယ်ချက်ဟာ သတင်းအချက်အလက်စုဖို့ဆိုတာကို အမြဲအမှတ်ရပါ။ အမေးမြန်းခံရသူအနေနဲ့ 'သူ့ကိုမနှစ်မြို့ဘူး' လို့ ထင်သွားစေနိုင်တဲ့ ပုဂ္ဂိုလ်ရေးဘက်လိုက်မှု၊ ယူဆချက်တွေ၊ ကိုယ်ဟန်အနေအထား ဒါမှမဟုတ် မျက်နှာအမူအရာတွေကြောင့် တွေ့ဆုံမေးမြန်းမှုဖြစ်စဉ်ကို အနှောင့်အယှက်မဖြစ်ပါစေနဲ့။ အကျိုးရလာဒ်ကောင်းတဲ့ တွေ့ဆုံမေးမြန်းမှုဖြစ်အောင် ဆောင်ရွက်နိုင်ဖို့ ဓမ္မဓိဋ္ဌာန်အကျနိုင်ဆုံးဖြစ်အောင်ကြိုးစားပါ။

**အထိန်းသိမ်းခံရသူများ**

ထိန်းသိမ်းရေးစခန်းဟာ တွေ့ဆုံမေးမြန်းမှုအတွက် စိန်ခေါ်မှုတွေရှိရာအရပ်ဖြစ်ပါတယ်။ အချက်အလက်ရှာဖွေသူအနေနဲ့ အဲ့ဒီစခန်းထဲကအခြေအနေတွေကို ဘယ်လိုမှမထိန်းချုပ်နိုင်တဲ့အပြင် အမေးမြန်းခံရသူရဲ့ ကြောက်ရွံ့မှုကိုလည်း ပြေပျောက် အောင်အာမခံတာမျိုး ဒါမှမဟုတ် ဖြေသိမ့်တာမျိုး လုပ်ကောင်းလုပ်နိုင်မှာမဟုတ်ပါဘူး။ ထိန်းသိမ်းရေးစခန်းတွေမှာ လုံးဝလျှို့ဝှက်တဲ့ တွေ့ဆုံမေးမြန်းမှုတွေဆောင်ရွက်နိုင်ဖို့ လုံခြုံစိတ်ချရတဲ့ ဒါမှမဟုတ် သီးသန့်ဖြစ်တဲ့နေရာတွေ ရှိဖို့ခက်ခဲပါတယ်။ အဲ့ဒီလိုနေရာတွေရှိရင်တောင်မှပဲ အထိန်းသိမ်းခံရသူတွေဟာ အာဏာပိုင်တွေက လျှို့ဝှက်ပြီး စောင့်ကြည့်နေမှာကိုစိုးတဲ့အတွက် လုံခြုံတယ်လို့ ခံစားရချင်မှခံစားရမှာပါ။ သူတို့အနေနဲ့ အချက်အလက်ရှာဖွေသူ အပေါ် ယုံကြည်မှုရှိချင်မှလည်းရှိပါလိမ့်မယ်။ အချက်အလက်ရှာဖွေသူဟာ တကယ်တော့ သူတို့ဆီက သတင်းအချက်အလက်ရယူဖို့ လူ့အခွင့်အရေးမှတ်တမ်းသူ အဖြစ်အယောင်ဆောင်ထားတဲ့ အစိုးရအရာရှိတစ်ဦးဖြစ်တယ်လို့ သူတို့အနေနဲ့ စိုးရိမ်နေနိုင်ပါတယ်။ ဒါကြောင့်မို့ အချက်အလက်ရှာဖွေသူအနေနဲ့ အထူးသဖြင့် မိမိဘယ်သူဝါဆိုတာနဲ့ ဘယ်အဖွဲ့အစည်းမှာ အလုပ်လုပ်နေတယ်ဆိုတာတွေကို ရှင်းရှင်းလင်းလင်းသိအောင်ပြောပြဖို့ အရေးကြီးပါတယ်။ ဒါ့ပြင် မိမိတွေ့ဆုံမေးမြန်းမယ့် အထိန်းသိမ်းခံပုဂ္ဂိုလ်နဲ့ အပြန်အလှန်ယုံကြည်မှုတွေ၊ ခင်မင်ရင်နှီးမှုတွေ တည်ဆောက် နိုင်ဖို့ ဒီ့ထက်ပိုတဲ့ ကြိုးစားအားထုတ်မှုတွေလည်း လုပ်ကောင်းလုပ်ရပါလိမ့်မယ်။

အချက်အလက်ရှာဖွေသူအနေနဲ့ ဘယ်လိုမျိုးအခြေအနေတွေမှာ တွေ့ဆုံမေးမြန်းမှုလုပ်ရတယ်ဆိုတာ အလေးထားပြီး ဂရုပြုသင့်တဲ့အပြင် အထိန်းသိမ်းခံပုဂ္ဂိုလ်ရဲ့ပါဝင်မှုဟာလည်း သူ့ဆန္ဒအလျောက်ပါဝင်မှုဖြစ်ရအောင် အသေအချာဆောင်ရွက်သင့်ပါတယ်။ သူ့အနေနဲ့ ဆန္ဒမရှိရင် တွေ့ဆုံမေးမြန်းမှုမှာ မလုပ်ဘဲနေနိုင်တယ်ဆိုတာအပြင် လုပ်တဲ့ အတွက်လည်း အကျိုးခံစားခွင့်တစုံတရာ ရမှာမဟုတ်ဘူးဆိုတာကိုပါ ရှင်းရှင်းလင်းလင်းသိနေဖို့လိုအပ်ပါတယ်။

**သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း**
**စာစဉ် - ၄**

၁။ ဆန္ဒပြမှုတွေနဲ့ ဆက်နွယ်မှုရှိတာကြောင့်ကျွန်တော် အဖမ်းခံခဲ့ရပါတယ်။ အခုဆိုရင် ကျွန်တော်ထောင်ထဲမှာ ရှိနေတာ တစ်နှစ်ကျော်ပါပြီ။ အရမ်းကိုစစ်ဆေးမေးမြန်းခံနေရပါတယ်။ ဒီမှာရှိတဲ့ သူတွေထဲက ဘယ်သူကိုမှ ကျွန်တော်မယုံပါဘူး၊ သူတို့ကိုယ်သူတို့ ရဲမဟုတ်ဘူးလို့ ပြောရင်တောင်မှ ကျွန်တော်မယုံပါဘူး။

---

၂။ မရာရဲ့မိသားစုနေတဲ့အိမ်ဟာ သူတို့ရွာကိုလာတိုက်တဲ့ အစိုးရစစ်သားတွေရဲ့ မီးရှို့ဖျက်ဆီးတာကို ခံခဲ့ရပါတယ်။ မီးခိုးတွေထွက်လာတာတွေ့လိုက်တဲ့အချိန်က သူကလယ်ထဲမှာအလုပ်နေဆဲပါ။ ဒါနဲ့သူလည်း ရွာကိုအပြေး ပြန်ခဲ့ပါတယ်။ ရွာထဲရောက်တော့ သူ့အိမ်မီးလောင်နေတာကို တွေ့လိုက်ရပါတယ်။ အိမ်ထဲကိုရောက်အောင် ဝင်ပြေးနိုင်ခဲ့ပေမယ့် အထဲမှာဘယ်သူ့ကိုမှရှာမတွေ့ပါဘူး။ အဲ့ဒါနဲ့ မီးလောင်နေတဲ့အိမ်ထဲက ပြန်ထွက်လာပြီး တခြားရွာသားတချို့နဲ့အတူ တောထဲကိုထွက်ပြေးခဲ့ပါတယ်။ သူတို့တွေတောထဲမှာပုန်းနေကြပြီး မရာကတော့ သူ့မိသားစုကို ဆက်လက်ရှာဖွေခဲ့ပါတယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှ မတွေ့ပါဘူး။ နောက်ဆုံးမှာတော့ သူ့လမ်းသူထွင်ပြီး ထိုင်းနိုင်ငံကဒုက္ခသည်စခန်းဆီ ထွက်လာခဲ့ပါတော့တယ်။

---

၃။ မဝင်းတယောက် နိုင်ငံရေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေတဲ့အတွက် အဖမ်းခံခဲ့ရပါတယ်။ ဒါကတော့ ထောင်ထဲမှာ

သူဘာတွေဖြစ်ခဲ့သလဲဆိုတာပါ။ 'ထောက်လှမ်းရေးရုံးမှာ ကျွန်မလည်ပင်းကို သူတို့ကြိုးနဲ့တုပ် တယ်၊ အဲ့ဒီကြိုးနဲ့ပဲ လက်နှစ်ချောင်းကို နောက်ပြန်တုပ်တယ်။ ပြီးတော့ ခြေနှစ်ချောင်းကိုပါတုပ်တယ်။ အားလုံးတုပ်ပြီးတဲ့အခါ ကြိုးစကို စားပွဲနဲ့ချည်ထားလိုက်တယ်။ ကျွန်မမတ်တတ်ရပ်ထားပြီး လုံးဝလှုပ်လို့မရ ဘူး။ ကြိုးကကျွန်မလည်ပင်းမှာအစ်နေပြီး အသက်ကောင်းကောင်းရှူလို့မရဘူး။ ကြိုးကိုသူတို့ဆွဲလိုက်ရင် ကျွန်မခေါင်းကအနောက်ကိုလန်သွားတယ်။ အဲ့ဒီလို အနေအထားနဲ့ ကျွန်မခြောက်နာရီကြာအောင် မတ်တတ် ရပ်ခဲ့ရတယ်။ သူတို့က ကြိုးကိုမကြာမကြာဆွဲတယ်။ ကျွန်မထိုင်ဖို့ ကြိုးစားရင် ကြိုးကကျွန်မလည်ပင်းကို ဆွဲညစ်သလိုဖြစ်သွားတယ်။' မဝင်းဟာ အဲ့ဒီလို အလွန့်အလွန်ဆိုးဝါးလှတဲ့ အခြေအနေတချို့ကို ကြုံကြုံခံရင်း ထောင်ထဲမှာ လေး–ငါးနှစ်နေခဲ့ရပါတယ်။ မကြာခင်ကမှ သူပြန်လွတ်လာပါတယ်၊ ဒါပေမယ့် သူဟာကျန်းမာရေးမကောင်းတဲ့အပြင် စိတ်ခံစားမှုအပိုင်းမှာလည်း သိပ်တည်ငြိမ်မှုမရှိလှပါဘူး။

———————————————————————————————————

၄။ ရွာကိုကျွန်တော်တို့ ရောက်တဲ့အချိန်မှာ ညဥ့်နက်နေပါပြီ။ ပါလာတဲ့ရိက္ခာတွေကလည်း စောစောကတည်းက ကုန်သွားပြီမို့ ကျွန်တော်တို့ သိပ်မောလည်းမော၊ ဆာလည်းဆာနဲ့ ရောက်လာကြတာပါ။ ဒါနဲ့ကျွန်တော် တို့လည်း ရွာသားတချို့ကို ဟင်းချက်ဖို့အတွက် ကြက်နှစ်ကောင် သုံးကောင်ပေးဖို့ တောင်းပါတယ်။ ကျွန်တော်တို့အတွက် ဌာနချုပ် ကလာတဲ့အမိန့်က ဒီနေရာမှာ နိုင်ငံခြားကုမ္ပဏီတစ်ခုက လမ်းဖောက်မှာမို့ ရွာသားတွေအကုန်လုံး ရွာကနေထွက် သွား ရအောင် သေသေချာချာဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ရွာသားတွေ ကိုအသိပေးပြီးပြီ၊ ထွက်သွားဖို့သတိလည်းပေးပြီးပြီ လို့ ဌာနချုပ်ကကျွန်တော်တို့ကို ပြောပါတယ်။ ဒါပေမယ့် ရွာသားတွေကတော့ မဟုတ်ဘူးလို့ တောက်လျှောက် ငြင်းပါ တယ်။ ဒါနဲ့ကျွန်တော်တို့လည်းကျွန်တော်တို့မှာ အစိုးရပေးတဲ့ အမိန့်ရှိတာမို့ကျွန်တော်တို့ပြောတာနာခံရမယ်လို့ သူတို့ကို အမိန့်ထုတ်ရပါတယ်။

———————————————————————————————————

**သီးသန့်တွေ့ဆုံရမည့်သူများအပိုင်း**
**စာစဉ် - ၅**

အချက်အလက်ရှာဖွေသူ။ ရှင် မုဒိန်းကျင့်ခံရတယ်၊ ဟုတ်တယ်မဟုတ်လား။
နော်လောင်း။ ဟုတ်တယ်။ ဒီကိစ္စကို ပြောရတာခက်တယ်။ ကျွန်မသားအသတ်ခံရပြီး ကျွန်မယောကျာ်းလည်း အဖမ်း ခံရတယ်။ သူသေလားရှင်လား ကျွန်မလည်းမသိဘူး။ ကျွန်မသမီးကတော့ ဘာတွေဖြစ်ခဲ့သလဲဆိုတာ အခုထိနား မလည်သေးဘူး၊ ကျွန်မလည်းသူ့ကို ဘယ်လိုရှင်းပြ ရမလဲမသိဘူး။

အချက်အလက်ရှာဖွေသူ။ မုဒိမ်းကျင့်တုန်းက အတင်းချုပ်ထားသလား။
နော်လောင်း။ စစ်သားနှစ်ယောက်က ကျွန်မကို လှဲပြီးချုပ်ထားတယ်၊ တပ်မှူးကမုဒိမ်းကျင့်တယ်။ ရုန်းလို့ မရဘူး။

အချက်အလက်ရှာဖွေသူ။ အစိုးရတပ်ထဲက လူတစ်ယောက်ယောက်ကမုဒိန်းကျင့်တာခံရတာပေါ့၊ ဟုတ်လား။
နော်လောင်း။ ဟုတ်တယ်။

အချက်အလက်ရှာဖွေသူ။ ကရင်ဖြစ်လို့ မုဒိန်းကျင့်ခံရတယ်ထင်လား။
နော်လောင်း။ ဟုတ်တယ်။ အဲ့လိုပဲထင်တယ်။

အချက်အလက်ရှာဖွေသူ။ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး တစ်ယောက်ယောက်ကို တိုင်ခဲ့သေးသလား။
နော်လောင်း။ မတိုင်ဘူး။ တော်ပြီထင်တယ်၊ ဒီအကြောင်းတွေပြောရတာ သိပ်ခက်တာပဲ၊ နောက်မှပြော လို့မရဘူးလား။ အခု သိပ်စိတ်ထိခိုက်နေလို့ပါ။

အချက်အလက်ရှာဖွေသူ။ ဒါပေမယ့် အခုလောလောဆယ် ကျွန်မမေးနေတဲ့မေးခွန်းတွေအတွက် အဖြေတွေလိုနေ သေး တယ်။ ကျွန်မမေးနေတာ မပြီးသေးဘူးလေ။